# အရေးတော်ပုံ (၄) စောင်တွဲ

**၁၉၇၄ မေ–ဇွန် အလုပ်သမားအရေးတော်ပုံ**
**၁၉၇၄ ဒီဇင်ဘာ ဦးသန့်ဈာပနအရေးတော်ပုံ**
**၁၉၇၅ ဇွန် ရွှေတိဂုံအရေးတော်ပုံ**
**၁၉၇၆ မတ် မှိုင်းရာပြည့်အရေးတော်ပုံ**

မာတိကာ

# ၁၉၇၄ မေ–ဇွန်
# အလုပ်သမားအရေးအခင်း

ရဲဘော်ဝင်းထိန်

## ဆင်မလိုက်သင်္ဘောကျင်းတိုက်ပွဲ

သင်္ဘောကျင်းမှာ ကျနော်က အလုပ်သမားကောင်စီဝင်တဦးဖြစ်ပါတယ်။ အလုပ်သမားထုကရွေးချယ်ပြီး တင်မြှောက်လိုက်တဲ့ ကိုယ်စားလှယ်ပါ။ ကောင်စီကနေပြီး ကျနော့်ကို ထုတ်လုပ်ရေးအတွင်းရေးမှူး၊ စည်းကမ်းထိန်းသိမ်းရေးအတွင်းရေးမှူး၊ စံပြရွေးချယ်ရေးအတွင်းရေးမှူးဆိုပြီး တာဝန်သုံးခု ပေးပါတယ်။

အခု VOA မှာ လုပ်နေတဲ့ ဦးချစ်ဦး (၃၇) နှစ်ဆိုတာက ကျနော်တို့ ကောင်စီဥက္ကဋ္ဌပါ။ သူက စာရင်းကိုင်ချုပ်။ ကျနော်တို့ သင်္ဘောကျင်းမှာ လခ ကျပ် ၁၂၀၀ နဲ့ ဘားဆုံးနေပါတယ်။

ကောင်စီအစည်းအဝေးကို အပတ်တိုင်းထိုင်ရတယ်။ တက်ရောက်တဲ့သူတွေထဲမှာ ဦးချစ်ဦး၊ ဗိုလ်မှူးရဲညွန့်၊ ကောင်စီအထွေထွေအတွင်းရေးမှူး၊ နောက် ဌာနဆိုင်ရာ အလုပ်သမားကိုယ်စားလှယ်တွေ။

ဆင်မလိုက်သင်္ဘောကျင်းကို ယူဂိုစလပ်က အကူအညီပေးတာ၊ သိန်း ၆၅၀ ကုန်ကျတယ်။ ယူဂိုစလပ်အင်ဂျင်နီယာတွေနဲ့ အတူတူအလုပ်လုပ်ရတယ်။ လျှပ်စစ်နဲ့ပတ်သက်တဲ့ အနောက်ဂျာမနီ လျှပ်စစ်ဆီးမင်းကုမ္ပဏီ ရှိတယ်။ တပ်ဆင်ထားတဲ့စက်တွေက အရှေ့ဂျာမဏီကစက်တွေ။ စက်ရုံထဲမှာ သင်္ဘောလွှန်းလမ်းတွေ၊ သင်္ဘောကို တနေရာက တနေရာကူးပြောင်းပေးတဲ့ Transmitter ရေကန်ကြီးတွေ၊ သင်္ဘောတည်ဆောက်ရေးစက်ရုံ အလုပ်ရုံတွေပေါင်းစုံ၊ ဌာနပေါင်းစုံရှိပါတယ်။ အလုပ်သမားတွေဆိုတာကလည်း များသောအားဖြင့် ကိုးတန်း ဆယ်တန်းသမားတွေ အလုပ်သမားပေါင်း ၁၀၀၀ ခန့်ရှိတယ်။

ကျနော်တို့အနေနဲ့ တန်ချိန်သုံးထောင်ရှိတဲ့ မေယုသင်္ဘောကအစ ရန်မျိုးအောင်စစ်သင်္ဘောအထိ ကုန်းပေါ်တင်ကြရတယ်။ Five Stars က ပြည်တော်ညွန့်သင်္ဘောလည်း တင်ရတာပဲ။ လုပ်ရတဲ့အလုပ်က အတတ်ပညာမြင့်တယ်။ တချို့အလုပ်တွေက သိပ်ပင်ပန်းတယ်။ ဘာကြောင့်လဲဆိုတော့ စက်နဲ့လုပ်ရမယ့်ဟာတွေကို လူအားနဲ့လုပ်နေရလို့ဖြစ်တယ်။ ဥပမာ...ဆိုပါတော့၊ တန်ဝက်လောက်လေးတဲ့ဟာဆိုရင် ချိန်းဘလောက်နဲ့ မ,ရမှာဖြစ်ပေမယ့် လူ ၄–၅ ယောက်နဲ့မ,နေရတော့ လူတွေဟာ အကြောအခြင်တွေ ပြုတ်ထွက်ကုန်ပြီလား ခံစားရတယ်။ နောက် သင်္ဘောပန်ကာကြီးတွေ ဖြုတ်တဲ့အခါ ၁၂ ပေါင်တူကြီးနဲ့ တအားလွှဲ,လွှဲရိုက်ပြီး ဖြုတ်ကြရတာ၊ မေယုပန်ကာဆိုရင် ၂ တန် ၃ တန်လောက်လေးတယ်။ အဲဒါကြီးကို ချိန်းဘလောက်နဲ့ဖြုတ်၊ တူနဲ့ရိုက်ရတဲ့ အလုပ်သမားတွေဟာ တပေါင်း တန်ခူး နေပူကြီးထဲမှာ စဉ်းစားသာကြည့်ပါ။ သင်္ဘောဝမ်းထဲ လေးဖက်ထောက်ဝင်ပြီး ရပစ် (Rivet) ရိုက်ရတဲ့အခါမျိုးဆိုရင် သေချင်စော်နံတယ်။ ဒါပေမဲ့ ရတဲ့လခကျတော့ သိပ်နည်းတယ်။

ကျနော်တို့ကောင်စီက လူတွေဟာ ရန်ကုန်တိုင်းမှာရှိတဲ့ စက်ရုံအလုပ်ရုံတွေကို မကြာမကြာ လေ့လာခွင့်ရပါတယ်။ ဘီပီအိုင်၊ ဂုန်နီစက်ရုံ၊ သမိုင်းချည်မျှင်နဲ့ အထည်စက်ရုံ... စသည်ဖြင့်ရောက်ဖူးတယ်။ ဒီအပေါ်က ကျနော်တို့အလုပ်သမားတွေ နှိုင်းယှဉ်ပြီး ဆွေးနွေးခဲ့ကြတယ်။ အလုပ်သမားတွေရဲ့ နေထိုင်စားသောက်မှုဘဝ၊ အလုပ်ခွင်ကအခြေအနေ၊ လစာ၊ ထောက်ပံ့မှု၊ စောင့်ရှောက်မှု ... စသည် ထောင့်ပေါင်းစုံကကြည့်ပါတယ်။

ဥပမာ...ဘီပီအိုင် (ဆေးဝါးစက်ရုံ) မှာဆိုရင် ကလေးထိန်းဌာနရှိတယ်။ စည်းကမ်းသတ်မှတ်မှုမြင့်တယ်။ အခန်းထဲဝင်ရင် ဘိနပ်ချွတ်ဝင်၊ ပိုးသတ်ထားတဲ့ဝတ်စုံတွေ လဲပြီးမှဝင်ရတာမျိုး။

လေ့လာရေးက ပြန်လာရင် ကောင်စီအစည်းအဝေး ထိုင်ရတယ်။ ထုတ်လုပ်ရေး ဘယ်လိုတိုးအောင်လုပ်ရမလဲ ဆွေးနွေးကြတယ်။ ဒီနေရာမှာ မဆလခေတ်အရာရှိကြီးတွေနဲ့ သူတို့လည်ပတ်နေတဲ့ ယန္တရားကြီးအကြောင်းကို မိမိနဲ့ဆက်စပ်နေတဲ့အပိုင်းကနေပြီး ပြောချင်တယ်။

တယောက်က ဗိုလ်မှူးကြီးတင်စိုး၊ သယ်ယူပို့ဆောင်ရေးမှာ ဦးသာကျော်ပြီးရင် သူပဲ။ သူက ‘ဒီမှာ ကိုဝင်းထိန်၊ ခင်ဗျားသိတဲ့အတိုင်း ကျနော်ဟာ အစိုးရအကြီးတန်းအရာရှိဖြစ်တယ်။ ဒါပေမဲ့ ကျနော် ဘာမှလုပ်လို့မရဘူး’ တဲ့။

အဲဒီ ကောင်စီအစည်းအဝေးမှာပဲ ကျနော်က ‘ထုတ်လုပ်ရေးမှာ M ၆ လုံးလို့ ပြောကြတယ်။ man လူ၊ machine စက်ကရိယာ၊ market ဈေးကွက်၊ money ဆိုတဲ့ ပိုက်ဆံ၊ method နည်းပညာနဲ့ management ခေါ်တဲ့ စီမံခန့်ခွဲမှု။ ကျနော်တို့စက်ရုံမှာ ခေတ်မီဖို့ဆိုရင် ကျနော်တို့အလုပ်သမားအားလုံးကို အတတ်ပညာမြှင့်ရမယ်။ စက်ရုံကို ခေတ်မီဖို့ M ၆လုံး တပ်ဆင်ရမယ်။ ကျနော်တို့ သိပ်ပင်ပန်းနေတယ်။ လစာကနည်းတယ်၊ အာဟာရကမလိုက်နိုင်၊ ခွန်အားလည်းမရှိ၊ ခေတ်ကလည်းမမီတော့ ကရိန်းနဲ့လုပ်ရမယ့်ဟာကို လူတွေနဲ့ မ,နေရတယ်။ ဒါကြောင့် M ၆လုံး ကိစ္စ အမြန်စဉ်းစားပေးကြပါ’ လို့ပြောလိုက်တယ်။

ဒုဗိုလ်မှူးကြီးညွန့်အောင် ဆိုတာရှိတယ်။ အဲဒီတုန်းက သူက ရန်လုံးအောင်စစ်ရေယာဉ်ရဲ့ C.O ဖြစ်တယ်။ ဗိုလ်နေဝင်း စာတိုက်ကြီးစာရေးလုပ်နေစဉ်က သူ့ကိုထိန်းပေးရတာဆိုတော့ ဘယ်သူ့မှဂရုမစိုက်ဘူး။ သူ့အထက်က ဗိုလ်ချုပ်သောင်းတင်လာရင်လည်း salute မပေးဘူး။ မမြင်ချင်ယောင်ဆောင်နေတာ။ ကျနော်တို့ရဲ့ အထွေထွေမန်နေဂျာက ဦးမျိုးခင်ဆိုတဲ့ ရခိုင်ကုလားကြီး၊ သူက စက်

ရုံကို သိပ်ဖွံ့ဖြိုးစေချင်တယ်။ သိပ်တိုးတက်စေချင်တယ်။ အလုပ်သမားတွေရဲ့ဘဝကို ကောင်းစေချင်တယ်။ ဒါကိုသိတဲ့အခါ သူ့ အထက် အရာရှိဦးသာကျော်က 'ဟော့မျိုးခင်' ဆိုပြီး 'ငါ' နဲ့ကိုင်တုတ်တယ်။ ဦးသာကျော်ဟာ ရခိုင်တွေထဲမှာ ဘုရင်လို ဆက်ဆံရတာ၊ တော်တော်များများက သူ့ကို ဘုရားမထူးရရုံတမယ်ပဲ။

ရေတပ်ရဲ့အထာကတမျိုး။ ဗိုလ်တွေကိုထမင်းပို့ရတဲ့ AP တပ်သားတွေရှိသေးတယ်။ ထမင်းပို့တဲ့အခါ သူတို့မကြည်လို့ရှိရင် ထမင်းထဲ တံတွေးထွေးထည့်ပေးလိုက်တာ၊ မိသွားတဲ့အခါ ထိုးကြကြိတ်ကြ ဖြစ်ကြတယ်။ သူတို့နဲ့ ကျနော်တို့အလုပ်သမားတွေ ယေဘုယျအားဖြင့် ခင်ကြတယ်။ အရာရှိရော တပ်သားတွေပါ ခင်ကြတယ်။ ဘဝအရကို မခင်လို့မဖြစ်ဘူး။ လူ ၂၀၀-၃၀၀ လောက်စီးတဲ့၊ တန်ချိန် ၃၀၀၀ လောက်ရှိတဲ့စစ်သင်္ဘောကြီး ပင်လယ်ထဲသွားတဲ့အခါ အလုပ်သမားတွေ လုပ်ပေးလိုက်တာ မသေသပ်ရင် လိုရာမရောက် သေရွာရောက်သွားနိုင်တယ်။ သင်္ဘောပေါက်ဆင်းရင် ကျနော်လက်မှတ်ထိုးမှ ထွက်ခွင့်ရတာဆိုတော့ ကျနော့်ကိုအရေးပေးပါတယ်။

မေဒေးတို့၊ ပြည်ထောင်စုနေ့တို့ဆိုရင် ကျနော်တို့သင်္ဘောကျင်းအလုပ်သမားတွေပဲ ထမနဲထိုးပေးရတယ်။ လူထောင်သောင်းအတွက်ထိုးပေးရတာပါ။ ကျနော် အလုပ်သမားတွေနဲ့ အတူထိုး အတူစားနေခဲ့တယ်၊ သင်္ဘောကျင်းမှာ စာကြည့်တိုက်ဖွင့်တယ်၊ အတူဖတ်ကြ လေ့လာကြတယ်။ ဒီအလုပ်သမားတွေထဲမှာ ရုရှား၊ ပိုလန်၊ အရှေ့ဂျာမဏီ ... စတဲ့ ဆိုရှယ်လစ်နိုင်ငံတွေကိုသွားပြီး ပညာသင်ခဲ့ရသူတွေရှိတယ်။

ဒါကြောင့် ဆိုရှယ်လစ်စနစ်အပေါ် တိမ်းညွတ်မှုတွေရှိကြတယ်။

အထက်မှာ ပြောခဲ့တာတွေဟာ အရေးအခင်းမပေါ်မီ နောက်ခံအနေအထားတွေ ဖြစ်ပါတယ်။ အခု ကျနော်တို့ဌာနနဲ့ဆိုင်တဲ့ အရေးအခင်းအကြောင်း တင်ပြပါမယ်။

ဇွန်လ ၅ ရက်နေ့က စပါမယ်။ ကျနော်တို့ ဆင်မလိုက်သင်္ဘောကျင်းနဲ့ လှည်းတန်းမီးရထားလမ်းနဲ့က ကပ်နေတယ်။ ရန်ကုန်ဘက်က မီးရထားအလုပ်သမားတွေ အင်းစိန်ဘက် ချီတက်သွားကြပြီ ဆိုတဲ့သတင်းကြားနေကြရပြီ။

ဇွန် ၆ ရက်နေ့မှာ ထုံးစံအတိုင်း ဌာနကို အစောကြီးသွားတယ်။ သန့်ရှင်းရေးလုပ်၊ ရေနွေးတည်၊ စာကြည့်တိုက်ဖွင့်၊ စက်ရုံဖွင့်ပေးပြီး ကဲန်တင်းထဲသွားထိုင်စောင့်နေတုန်း အလုပ်သမားတွေ ဝင်လာတယ်။ 'ကိုဝင်းထိန်၊ ဟိုမှာ မီးရထားမှာတော့ ဆန္ဒပြမှုတွေဖြစ်နေပြီ။ ဘာလုပ်ကြမလဲ' လို့ အလုပ်သမားရဲဘော်ကိုဘာစိန်ကမေးတယ်။ 'သူတို့တောင်မှောက်ရင် ကျနော်တို့လည်းမှောက်ပေါ့ဗျာ။ ဒါကိစ္စကောင်းပဲ' ဆိုပြီး လက်မြှောက်ပြလိုက်တယ်။ အလုပ်သမားတွေကလည်း အားလုံးလက်မြှောက်ပြလိုက်ကြကာ 'ဒီလိုဆိုရင် ကျနော်တို့သပိတ်မှောက်ကြမယ်' လို့ညှိလိုက်ကြတယ်။ ကပျာကရာစားသောက်ပြီး ထွက်လာကြတယ်။ ဆိုင်ရှေ့မှာ ကျနော်က 'သပိတ် သပိတ်' တိုင်တာနဲ့ 'မှောက် မှောက်' ဆိုတဲ့အသံတွေ ဟိန်းထွက်ခဲ့တယ်။

အလုပ်သမားတွေကို ကျနော်က 'ရဲဘော်တို့၊ ခုအချိန်ကစပြီးတော့ သပိတ်မှောက်မယ်။ ဒို့အလုပ်သမားတွေရဲ့ အခွင့်အရေးတွေရဖို့အတွက် ဒို့သပိတ်မှောက်ကြမယ်။ ဆန္ဒပြကြမယ်။ ဒီအခွင့်အရေးတွေရရှိဖို့ စည်းစည်းလုံးလုံးနဲ့ တိုက်ပွဲဝင်ကြမယ်' လို့ လှုံ့ဆော်လိုက်တယ်။ အလုပ်သမားတွေ တဖြောဖြောရောက်ရှိလာချိန်မှာတော့ ကျနော်က စားပွဲတလုံးပေါ်တက်ရပ်လိုက်ပြီး 'သပိတ် သပိတ်' လို့တိုင်လိုက်တာနဲ့ 'မှောက် မှောက်' ဆိုတဲ့အသံကြီးက တုန်ဟီးထွက်ပေါ်လာတယ်။ နောက်တော့ တခြားစက်ရုံတွေဘက်ချီတက်ကြတယ်။ ဝယ်ဒါရှော့ (Weldershop) ဘက်ရောက်တော့ 'ရဲဘော်အလုပ်သမားအပေါင်းတို့၊ ဒို့ရဲ့အခွင့်အရေးတွေကိုရဖို့တိုက်ပွဲဝင်ကြမယ်။ ဒီအတွက် ဒို့ အလုပ်မလုပ်ကြတော့ဘူး။ စက်ရုံတွေပိတ်မယ်' လို့ ကြေညာလိုက်တယ်။ ရဲဘော်ဘန်ရွှေက 'အလုပ်သမားသပိတ် မှောက် မှောက်' လို့တိုင်ပေးတယ်။ နောက် ကျနော်က ဖိတင်ရှော့ကသော့နဲ့ ဝယ်ဒါရှော့ကသော့နှစ်ချောင်း သိမ်းထားလိုက်တယ်။

ရဲဘော်ဘန်ရွှေဦးဆောင်ပြီး အလုပ်သမားတွေက ဒေါက်ကာ (Docker) ဘက်ကိုထွက်သွားကြတယ်။ ရဲဘော်ဘန်ရွှေဟာ ကရိန်းပေါ်တက်လိုက်ပြီး 'အလုပ်သမားရဲဘော်အပေါင်းတို့၊ ခုအချိန်မှာ ကျနော်တို့အလုပ်သမားတွေရဲ့ အခွင့်အရေးကို တောင်းဆိုမယ်။ ရအောင်တောင်းဆိုမယ်။ နွားမွေးရင် မြက်ကျွေးရမယ်။ လူမွေးရင် ဆန်ပေးရမယ်' လို့ ဟောပြောတယ်။ အလုပ်သမားထုကြီးက 'ဒို့အရေး ဒို့ အရေး' လို့ ကြွေးကြော်ကြတယ်။

အဲဒီလိုနဲ့ ကျနော်တို့တတွေ အယ်လက်ထရီကယ်ရှော့၊ မရှင်းရှော့၊ ရှစ်ဘီလ်ဒင် (shipbulding)၊ နောက် ဝယ်ဒင်ရှော့၊ ကာပင်တာ (Carpenter)၊ ဘော်ဒီ (Body) ရှော့၊ အင်ဂျင်ရီပဲရားရှော့ (engine repair shop)၊ ဝန်ကြီးရုံး (TLC)၊ ဦးသာကျော်ရုံး (သင်္ဘောကျင်းထဲမှာပဲသုံးတယ်) တွေဘက် လှည့်လည်ကြတယ်။

အဲဒီနေ့က ဦးသာကျော်မလာဘူး။ သူက အလယ်ထပ်မှာနေတယ်။ ဝန်ကြီးရုံးမှာ အမျိုးသား အမျိုးသမီးဝန်ထမ်းတွေ ရှိတယ်။ သူတို့ကို ကျနော်ကပြောတယ်။ 'သင်္ဘောကျင်းတခုလုံးကို အလုပ်သမားတွေသိမ်းလိုက်ပြီ။ အဲဒီတော့ ခင်ဗျားတို့ အလုပ်သမားတွေနဲ့လက်တွဲပြီး သပိတ်မှောက်ပါ။ အတူတကွ ကျနော်တို့အခွင့်အရေးတွေကို တောင်းဆိုကြမယ်။ မရမချင်းတောင်းမှာဖြစ်တယ်။ ခင်ဗျားတို့ အလုပ်မဆင်းကြပါနဲ့' လို့။

သူတို့တုံ့ပြန်မှုက ကောင်းပါတယ်။ အလုပ်မဆင်းကြပါဘူး။ အဲဒီကနေ ဆေးခန်းထဲသွားတယ်။ ဒေါက်တာစီစီနဲ့ နာ့စ်မလေးတင်တင်မူ ရှိတယ်။ သူတို့နှစ်ယောက်လုံး အလုပ်သမားတွေနဲ့ခင်တယ်။ စေတနာလည်းကောင်းကြတယ်။ ဆေးပေးလည်း ရက်ရော

တယ်။ တက်ထရာဆိုက်ကလင်းဆို လက်တခုပ်ကြီးပေးတာ။ သူတို့က အိမ်ပြန်ဖို့ပြင်နေကြပြီ။ ကျနော်က အလုပ်သမားတွေကို ပစ်မသွားဖို့၊ အတူလက်တွဲတိုက်ဖို့ တောင်းပန်ပါတယ်။ သူတို့လည်း အလုပ်သမားတွေကို စာနာပြီး မျက်ရည်ဝိုင်းလာကြတယ်။ နောက်တော့ အတူလက်တွဲတိုက်ဖို့ သန္နိဋ္ဌာန်ချကြတယ်။

အလုပ်သမားရဲဘော်တွေက ကျနော့်ဆီ ရောက်လာကြတယ်။ 'ရဲဘော်ဝင်းထိန်၊ တချို့အရာရှိတွေ သပိတ်ကိုဖြိုခွဲဖို့ ကြိုးစားနေတယ်။ အဲဒီတော့ ကျနော်တို့ ဘာလုပ်မလဲ၊ ရိုက်ကြမှာလားလို့ ပြောတာနဲ့ 'ဟာ၊ မလုပ်ကြပါနဲ့၊ ထိန်းသိမ်းထားပါ။ ဒီမှာရုံးဖွင့်ထားတာပဲ၊ ဒီကိုခေါ်ခဲ့ပါ' ဆိုတော့၊ မကြာခင် ကောင်စီဥက္ကဋ္ဌဦးချစ်ဦး၊ ဒုဥက္ကဋ္ဌဦးအုန်းမောင်၊ နောက် အတွင်းရေးမှူးကိုလှမြင့်ပါလာတယ်။ သူတို့မျက်နှာတွေလည်း မကောင်းကြဘူး။ ကျနော်က 'ဦးမျိုးထွဋ်တို့၊ ဦးချစ်ဦးတို့ခင်ဗျား။ စိတ်မရှိပါနဲ့၊ လုံခြုံရေးအတွက် ခေါ်ရတာပါ။ ကျနော်တို့ကို ယုံစေချင်တယ်။ ခင်ဗျားတို့ကိုမသတ်ပါဘူး။ ခုလိုအပြင်မှာလုပ်နေတာကို အလုပ်သမားတွေက ခင်ဗျားတို့အပေါ် သံသယဖြစ်နေတယ်။ ဒါကြောင့် လုံခြုံရေးအခန်းမှာနေကြပါ' လို့ပြောပြီး ထိန်းထားလိုက်ရပါတယ်။ လုံခြုံရေးသော့တွေအပါ သော့အားလုံးကို ကျနော်ကိုင်ထားပါတယ်။

သပိတ်တိုက်ပွဲကို ၈ နာရီ ၉ နာရီမှာ စလိုက်ကြပြီမို့ အလုပ်သမားသပိတ်ကော်မတီလည်းဖွဲ့ကြရတယ်။ ဥက္ကဋ္ဌကျနော်၊ ဒုဥက္ကဋ္ဌ ကိုဘန်ရွှေ၊ အကြံပေးကိုတင်မြင့် စသည် တာဝန်ပေးကြတယ်။ ဥက္ကဋ္ဌအနေနဲ့ အုတ်တိုင်တတိုင်ပေါ်တက် မိုက်ကရိုဖုန်းကိုင်ပြီး မိန့်ခွန်းပြောရတယ်။

'ရဲဘော်အလုပ်သမားအပေါင်းတို့။

ခုအချိန်ကစပြီး ဒို့တွေ ဆင်မလိုက်သင်္ဘောကျင်းကိုသိမ်းလိုက်ပြီ၊ စက်ရုံတွေအားလုံးကို ဒို့သိမ်းပိုက်လိုက်ပြီ။ စက်ရုံတွေနဲ့အတူ စစ်သင်္ဘောကိုလည်း သိမ်းထားလိုက်ပြီ။ ဒါကြောင့် စက်ရုံတွေအားလုံး သင်္ဘောတွေအားလုံးဟာ ဒို့အလုပ်သမားတွေရဲ့ အာဏာအောက်မှာရှိတယ်။ ဒါကြောင့် ဒို့သိမ်းပိုက်ထားတဲ့ စက်ရုံတွေအတွက် ဒို့အလုပ်သမားတွေ ပြည်သူတွေရဲ့အကျိုးအတွက် ဒို့သပိတ်မှောက်ဆန္ဒပြမယ်။ တောင်းဆိုချက်တွေမရမချင်း ဆက်လက်တိုက်ပွဲဝင်သွားမယ်။ ဒို့ဟာ အညံ့မခံဘူး၊ အလျှော့မပေးဘူး။ ရဲဘော်အလုပ်သမားအပေါင်းတို့၊ စုစုစည်းစည်းနဲ့ တိုက်ပွဲဝင်ကြပါ' လို့လည်းတောင်းဆိုလိုက်ရော အလုပ်သမားတွေက 'ဒို့အရေး ဒို့အရေး' လို့ ကြွေးကြော်လိုက်ကြတယ်။

ကျနော်ကဆက်ပြီး ကောင်စီမှာ ကျနော်တင်ပြဆွေးနွေးထားတဲ့ M ၆ လုံးကိစ္စ ရှင်းပြပါတယ်။ နောက်မှ

'ဒီ M ၆ လုံး ပြည့်ပြည့်စုံစုံမရှိဘဲနဲ့ ဒီလောက်ခေတ်မီတဲ့သင်္ဘောကျင်းကြီး မလည်ပတ်နိုင်ဘူး။ ကရိန်းနဲ့မ,ရမယ့်ဟာကို လူတွေနဲ့မ,နေကြရတယ်။ ရဗစ်ရိုက်နေတဲ့ အလုပ်သမားတွေကို ကြည့်လိုက်ဦး။ စစ်ဖိနပ်က ကျွဲတဖက် နွားတဖက်၊ ကိုယ်ပေါ်မှာ စက်ဆီတွေပေ၊ တပေါင်း တန်ခူး၊ ဧပြီလကြီးထဲမှာ ခွေးတွေလို လေးဘက်ထောက် ရဗစ်ရိုက်နေကြရတယ်။ သံဂဟေဆော်တဲ့ အလုပ်သမားတွေ ခဏခဏ ဓာတ်လိုက်ခံရတာတို့ ဘာတို့ဖြစ်ကုန်တယ်။

ဆိုချင်တာက လုပ်ငန်းခွင်ဟာ အန္တရာယ်မကင်းဘူး။ အန္တရာယ်ကင်းအောင် ရဲဘော်တို့ တောင်းဆိုကြရလိမ့်မယ်။ နောက်တခု ရဲဘော်တို့ အလုပ်ဆင်းတဲ့အခါ ၇ နာရီခွဲ ရောက်လာနိုင်ဖို့ ၆ နာရီကတည်းက အိမ်ကထွက်ရတယ်။ မိုးချုပ်မှအိမ်ပြန်ရောက်တယ်။ အချိန်တွေ အများကြီးကုန်သွားပြီ။ တနေကုန် အလုပ်ထဲမှာပဲ နစ်နေကြရတယ်။ ရတဲ့လစာကသိပ်နည်းတယ်။ ဒါကြောင့် ဒီမှာ အခန်းရဖို့ လိုလာပြီ။ အိမ်ခန်းရဖို့ တောင်း ဆိုရမယ်။

အိုဗာတိုင်ကိစ္စလည်း ပြောရမယ်။ အိုဗာတိုင်ကို တလ ၂၇ နာရီပဲ လုပ်ခွင့်ရှိတယ်။ ဒို့ လက်တွေ့လုပ်ပေးကြရတာက နာရီ ၁၀၀ ကျော်တယ်။ နာရီကျော်တွေဟာ ဒေးအော့ဖ် (dayoff) နဲ့ပဲပြန်ရတယ်။ ဆိုချင်တာက အိုဗာတိုင်လုပ်ခ အပြည့်မရဘူး။ ရတဲ့လစာက သိပ်နည်း။ တချို့ကျ ဘားဆုံးနေပြီ။ ပရိုမိုးရှင်း တင်ပေးသင့်ပြီ။ ချုပ်လိုက်ရင် လုပ်ခတွေသိပ်နည်းတယ်။ အိုဗာတိုင် တအား လုပ်နေရတယ်။ လုပ်ငန်းခွင်ကလည်း အန္တရာယ်ကြီးမားတယ်။ ဒါကြောင့် ဒါတွေအတွက် ဒို့တိုက်ကြမယ်။ ဆန်လုံလောက်စွာရဖို့ တောင်းဆိုရမယ်။ လစာတိုးပေးဖို့၊ ရာထူးတိုးပေးဖို့၊ နေအိမ်ရရှိဖို့၊ ကုန်ဈေးနှုန်းကျဆင်းဖို့တွေလည်း တောင်းဆိုကြရမယ်။'

နောက်တော့ ကျနော်က ကြွေးကြော်သံ တိုင်ပေးလိုက်ပါတယ်။

ဆန်လုံလောက်စွာရရှိရေး (ဒို့အရေး၊ ဒို့အရေး)

ကုန်ဈေးနှုန်းကျဆင်းရေး ( ။ )

နေအိမ်ရရှိရေး ( ။ )

လုပ်ငန်းခွင်အန္တရာယ်ကင်းရေး( ။ )

လစာတိုးမြှင့်ရေး ( ။ )

နောက်တဆက်တည်း သင်္ဘောကျင်းမှာရှိတဲ့ ရေတပ်ကိုလည်း ထပ်ပြီးတော့ ပန်ကြားရတယ်။ ဒီအချိန်က ဒေါက်တင်ထားတဲ့ ရေတပ်သင်္ဘော ၅ စင်းရှိတယ်။

'ရန်လုံးအောင်၊ ရန်မျိုးအောင်၊ သုတေသီ၊ နဂါးကြေး၊ နဝရတ် သင်္ဘောပေါ်က တပ်မှူးတပ်သားအပေါင်းတို့၊ ရဲဘော်တို့ကို ကျနော်တို့ အိမ်ပြန်ခွင့်မပေးတော့ဘူးလို့' လည်းကြေညာလိုက်တယ်။ (ကျနော်က ကြားဖြတ်ပြီး ရဲဘော်တွေကိုမေးလိုက်တယ်။)

မေး။ ။ ဒေါက်တင်နေတဲ့အချိန် သင်္ဘောပေါ်မှာ စတင်းဘိုင် (standby) လား။

ဖြေ။ ။ သူတို့ဘာသာ လုပ်နေကြတာပဲ၊ ရိုးရိုးနေကြတာပေါ့။ အိမ်မှာနေသလိုနေကြတာပဲ။
မေး။ ။ သူတို့က သင်္ဘောကြီးထားခဲ့ပြီး ကမ်းပေါ်တက်တာရှိသလား။
ဖြေ။ ။ မရှိဘူးလေ။

ဒီနေရာမှာ ပြောဖို့လိုတာက သင်္ဘောတစီးမှာ တပ်ခွဲတခွဲရှိတယ်။ ၅ စီးဆို ၅ ခွဲရှိတယ်။ တစီး တစီးကို ဒုဗိုလ်မှူးကြီး (C.O) သို့မဟုတ် ဗိုလ်မှူးတယောက် အုပ်ချုပ်တယ်။

သုတေသီသင်္ဘောက အငြ္ဂုဏ္ဏဝါဆိုက်စမစ် (Seismic) ၊ ဒီကောင်က တန်ဖိုးသိပ်ကြီးတယ်။ အဲဒီခေတ်ငွေဈေးနဲ့ကို သိန်း ၅၀–၆၀ လောက်ပေးရတယ်။ ရန်မျိုးအောင်က စတီးသင်္ဘော၊ ဒုတိယကမ္ဘာစစ်တုန်းက မဟာရေယာဉ် (ဒုဗိုလ်မှူးကြီး အုပ်ချုပ်တယ်)၊ ရန်မျိုးအောင်မှာ အမြောက်ပါတယ်။ သုတေသီ၊ မေယုတို့မှာလည်း အမြောက်ပါတယ်။ တခြားလက်နက်မျိုးစုံ တပ်ဆင်ထားရာမှာ ဘော်ဖာ၊ ပွိုင့်ဖိုက် စသည်တို့ရှိကြတယ်။ နေဝင်းစတင်းကို ရိုးရိုးတပ်သားတွေ ကိုင်ကြရတယ်။ သင်္ဘောတိုင်းမှာ ရိက္ခာတွေရှိကြတယ်။ ပဲအိတ်၊ ဆန်အိတ်အပြင် အခြေခံရိက္ခာ ပြည့်ပြည့်စုံစုံ တင်ထားရတယ်။ သူတို့အတွက် ပြဿနာမရှိ။ ဒါနဲ့ 'သင်္ဘောပေါ်မှာရှိတဲ့ တပ်မှူး တပ်သားအပေါင်းတို့၊ ရဲဘော်တို့ အိမ်မပြန်ကြပါနဲ့။ ဒီအထဲမှာပဲနေကြပါ။ ကျနော်တို့နဲ့ တိုက်ပွဲအတူဝင်ကြပါ။ ကျနော်တို့ရဲ့တိုက်ပွဲကို ရဲဘော်တို့ထောက်ခံကြလိမ့်မယ်လို့ ယုံကြည်ပါတယ်' လို့ ဆက်ပန်ကြားလိုက်တယ်။

အဲဒီတော့ ရေတပ်ကရဲဘော်တွေ ကျနော်တို့နဲ့အတူ လာပြီးဆန္ဒပြတယ်။ သင်္ဘောပေါ်ရှိတဲ့သူတွေဟာ မြို့ထဲသွားချင်ရင် ကျနော်တို့ဂိတ်တွေဖြတ်မှရတယ်။ ရေလမ်းပေါက်က ထွက်မယ်ဆိုရင်လည်း သင်္ဘောတွေကို ကျနော်တို့က ကိုင်ထားလိုက်ပြီ။ ရှုပ်ထွေးမှုတွေ အများကြီးဖြစ်လာနိုင်တဲ့ အနေအထားပါ။ ရေတပ်အနေနဲ့ ပစ်မယ်ခတ်မယ်ဆိုရင် အချိန်မရွေးပစ်နိုင်ပါတယ်။

မကြာလိုက်ပါဘူး။ ရန်လုံးအောင်သင်္ဘောက ဗိုလ်မှူးစိုးလှိုင် ကျနော့်ဆီကိုရောက်လာတယ်။ ဝန်ကြီးရုံးမှာဆွေးနွေးတယ်။ သူက 'ဆရာဝင်းထိန်၊ ဘယ်လိုလဲ' တဲ့။

ကျနော်က 'ဗိုလ်မှူးစိုးလှိုင်၊ ကျနော့်တို့ကိုကူညီပါ။ ရိက္ခာတွေ လိုချင်တယ်။ ရမလား' ဆိုတော့ 'ယူပါ၊ ရပါတယ်' တဲ့။ ဆက်ပြီး သူက 'ခင်ဗျားတို့သပိတ် နိုင်ပါ့မလား' ပေါ့။ ကျနော်က နိုင်ပါတယ်၊ ကျနော်တို့ကို ဗိုလ်မှူးထောက်ခံစမ်းပါ။ ဗိုလ်မှူးတို့လုံခြုံရေးကို အာမခံပါတယ်' လို့ ပြောလိုက်တော့ နှုတ်ဆက်ပြီး ဗိုလ်မှူးစိုးလှိုင်ပြန်သွားတယ်။ ကျနော်လည်း ပင်ပန်းလွန်းတာနဲ့ နားနေစဉ် အလုပ်သမားရဲဘော်တယောက် လာသတင်းပို့တယ်။

'ဗိုလ်မှူးရဲညွန့် လာနှောင့်ယှက်နေတယ်။ အလုပ်သမားတွေ သပိတ်မမှောက်ရဘူးလို့ ပြောနေတယ်'။

ဗိုလ်မှူးရဲညွန့်ကို သွားအခေါ်ခိုင်းပေမဲ့ လိုက်မလာပါ။ သူက ညွှန်ကြားရေးမှူး၊ သူ့ရုံးခန်းကို ကျနော်လိုက်သွားပြီး 'ဗိုလ်မှူးခင်ဗျား၊ ကျနော်တို့နဲ့ လိုက်ခဲ့စေချင်တယ်' လို့ပြောတော့ ပထမ ငြင်းနေသေးတယ်။ ကျနော်က 'ခင်ဗျားရဲ့လုံခြုံရေး အန္တရာယ်ရှိတယ်နော၊ လိုက်ခဲ့ပါ' ဆိုတော့မှ လိုက်လာပါတယ်။ 'မောင်ရင် ကြည့်လည်းလုပ်ပေးပါ' လို့လည်းပြောတယ်။

'ဒါတွေ ထားလိုက်စမ်းပါ' ဆိုပြီး ခေါ်ထုတ်လာခဲ့တယ်။ ကျနော်တို့နှစ်ယောက် တွဲထွက်လာတာမြင်တော့ အလုပ်သမားတွေက လက်ခုပ်တီးကြိုကြပါတယ်။ 'ဒို့အရေး ဒို့အရေး၊ သပိတ် သပိတ် မှောက် မှောက်' 'ကုန်ဈေးနှုန်းကျဆင်းရေး ဒို့အရေး' ကြွေးကြော်သံတွေ ထွက်ပေါ်လာပါတယ်။

သပိတ်မှောက်အလုပ်သမားတွေအတွက် ရိက္ခာကိစ္စ စဉ်းစားရပြီ။ ဒါကြောင့် ကားတစီးကိုအလံထိုးပြီး ရဲဘော်တချို့ အင်းစိန်ဘက်ထွက် အလှူခံကြတယ်။ ပြန်လာကြတော့ ရိက္ခာတွေက ကားနဲ့အပြည့်ပဲ၊ ထမင်းထုပ်တွေ၊ လက်ဖက်သုပ်ထုပ်တွေလည်းပါလာတယ်။ ထမင်းထုပ်တွေထဲမှာ လက်ရေးလှလှနဲ့ 'အလုပ်သမားသပိတ်ကိုထောက်ခံတယ်' ဆိုတဲ့စာတွေတွေ့ပြီး အားတက်ကြတယ်။ တချို့အထုပ်တွေထဲမှာ ပိုက်ဆံတွေပါတယ်။ ပစ္စည်းတွေကတော့မျိုးစုံပဲ။ ရပ်ကွက်ထဲက အရပ်သူအရပ်သားတွေကလည်း ထမင်းအိုးကြီးတွေနဲ့ ရောက်လာကြတယ်။ ဟင်းတွေကလည်းမျိုးစုံပဲ။

ကျနော်တို့စက်ရုံမှာပဲ လက်ကမ်းစာစောင်တွေရိုက်တယ်။ တောင်းဆိုချက်တွေ ကြွေးကြော်သံတွေပါတယ်။ ကုန်ဈေးနှုန်းကျဆင်းရေး၊ ဆန်လုံလောက်စွာရရှိရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရေး၊ လစာတိုးမြှင့်ရေး စသည့်အပြင် ဆိုရှယ်လစ်ခေတ်ပြောင်း တော်လှန်ရေး အောင်ရမည် ဆိုတာလည်း ထည့်ရိုက်တယ်။ ကျနော်တို့အလုပ်သမားတွေက ဆိုရှယ်လစ်စနစ်ကို ဆန့်ကျင်တာမှမဟုတ်ဘဲ။ မဆလ လုပ်ချင်သလိုလုပ်နေတာကတပိုင်းပဲ။ ဂက်စတင်နာ (Gestener) နဲ့ရိုက်ပြီးဝေငှတယ်။

နောက် မိန်းခလုတ်ရှိရာ တယ်လီဖုန်းရုံးမှာ ကျနော်သွားထိုင်တယ်။ စက်ရုံအသီးသီးကို ဆက်သွယ်ကြည့်တယ်။ ကျနော်တို့စက်ရုံဘေးမှာတင်ရှိတဲ့ သုံးထပ်သားစက်ရုံမှာလည်း စတိုက်ပွဲဝင်နေပြီ။ သူတို့က ကိုယ်စားလှယ်လွှတ်လာတယ်။ ဘယ်လိုလုပ်ရမလဲပေါ့။ ကျနော်က 'သပိတ်ကတော့ ဆက်မှောက်ရမယ်။ ကျနော်တို့ကတော့ အညံ့မခံဘူး။ တောင်းဆိုချက်တွေရတဲ့အထိ တိုက်သွားမယ်' ပြောတာကို လက်ခံသွားတယ်။ နောက် အမှတ် ၁–၂ သစ်စက်တွေက ကိုယ်စားလှယ်တွေ ရောက်လာတယ်။ ဆွေးနွေးကြတယ်။ ဘဝတူအလုပ်သမား အချင်းချင်း သွေးစည်းကြတယ်။ ကျနော်တို့ကလည်း ဆက်သားကိုယ်စားလှယ် လွှတ်ဆွေးနွေးတာတွေရှိတယ်။ ဆက်လွှတ်ဖို့ ပြင်နေစဉ် စက်ရုံပေါင်းစုံက အလုပ်သမားတွေ ရောက်လာပြန်တယ်။ သူတို့ခံစားချက်တွေ ရင်ဖွင့်ကြတယ်။ သမိုင်းချည်မျှင်၊ ဂုန်နီစက်ရုံက အလုပ်သမားတွေ ရောက်လာပြီး ဟောပြောကြ၊ ရင်ဖွင့်ကြတိုင်း 'ဒို့အရေး ဒို့အရေး' ထောက်ခံသံတွေနဲ့ လက်ခုပ်သံတဖြောင်းဖြောင်းတီးကြတယ်။ ညနေပိုင်းလောက် ဗိုလ်မှူးစိုးလှိုင်နဲ့ထပ်တွေ့တော့ 'ဗိုလ်မှူးခင်ဗျား၊ ကျနော်တို့ကိုကူညီပါဦး'

ဆိုတော့ 'ဘာများလဲ၊ ကူညီတာပေါ့' လို့ပြောတယ်။ အဲဒီအချိန်က ကျနော်တို့ဌာနမှာ ရေတပ်ကလာတည်ပေးထားတဲ့ လျှပ်စစ်ဌာနရှိတယ်။ တချို့လျှပ်စစ်ပညာတွေကမြင့်တော့ ရေတပ်ကသင်ထားတဲ့လူတွေမှ လုပ်လို့ရတာရှိတယ်။ ရေတပ်က PO တွေအားလုံးကိုလည်း အရေးကြီးတဲ့ဌာနတွေကို အလုပ်သမားတွေနဲ့တွဲပြီး စောင့်ရှောက်ပေးဖို့ မေတ္တာရပ်ခံထားတယ်။

ညနေဘက်မှာ အလုပ်သမားရဲဘော်တချို့ကို အင်းစိန်ဘက်ထပ်လွှတ်တယ်။ ၆ နာရီလောက်ရှိမယ်ထင်တယ်။ သူတို့ပြန်လာပြီး သမိုင်းဘာတာရှေ့ သမိုင်းဈေးမှာ အလုပ်သမား အရပ်သားတွေ ပစ်သတ်ခံရတဲ့အကြောင်း ပြောပြကြတယ်။ ဒါနဲ့ ကျနော်က 'ရဲဘော်အလုပ်သမားအပေါင်းတို့၊ ဒို့ရဲ့တောင်းဆိုချက်တွေကတော့ တဖြည်းဖြည်းနဲ့ခက်လာပြီ။ ဒါပေမဲ့ ဒို့ဟာ ဒူးမထောက်ဘူး။ အညံ့မခံဘူး။ ဆက်လက်တိုက်ပွဲဝင်သွားမယ်။ အခု သမိုင်းဘာတာရှေ့မှာ တို့အလုပ်သမားရဲဘော်တွေ အသတ်ခံရတယ်။ ပစ်သတ်ခံရတယ်။ ဒါကြောင့် နောက်ဆုံး ဒို့ဟာ ဒူးမထောက်ဘဲနဲ့ အသေခံတိုက်ပွဲဝင်သွားမယ်။ ဒို့တောင်းဆိုချက်တွေမရမချင်း တောင်းဆိုတိုက်ပွဲဝင်သွားမယ်။ ဒို့ စုစုစည်းစည်းနဲ့ တိုက်ပွဲဝင်မယ်။ ရဲဘော်တို့ကို ကျနော်ကတိပေးတယ်။ ကျနော် ဘယ်တော့မှ သစ္စာမဖောက်ဘူး။ ရဲဘော်တို့နဲ့အတူ ကျနော်ရှိမယ်' လို့ မိန့်ခွန်းတိုပေးခဲ့တယ်။

နောက်တော့ တယ်လီဖုန်းနဲ့ ဂုန်နီစက်ရုံကို လှမ်းဆက်တယ်။ ကောင်စီအတွင်းရေးမှူးက ဖုန်းလက်ခံတယ်။ ကျနော်က သမိုင်းချည်မျှင်စက်ရုံရှေ့မှာ အလုပ်သမားတွေ ပစ်သတ်ခံရတဲ့အကြောင်း သတင်းပေးပြီး 'ကျနော်ကတော့ မလျှော့ဘူး၊ ဒူးမထောက်ဘူး။ ဆုံးခန်းတိုင်အောင် တိုက်ပွဲဝင်သွားမယ်၊ မရမချင်းတိုက်ပွဲဝင်သွားမယ်။ လိုအပ်တာရှိရင် အကြောင်းကြားမယ်။ ခင်ဗျားတို့ဘက်ကလည်း အကြောင်းကြားပါ' လို့ပြောတယ်။ သူတို့စက်ရုံကလည်း ဒီသဘောအတိုင်းရှိကြောင်း ပြန်ပြောတယ်။

အဲဒီအချိန် ဂုန်နီစက်ရုံမှာ ဗဟိုကော်မတီအသစ် ရွေးချယ်ပွဲစနေပြီ။

အဲဒီညနေမှာ မိုးတွေရွာချလာတယ်။ အခြေအနေက အရေးကြီးလာချိန်မို့ ဝန်ကြီးရုံးမှာ အိပ်စောင့်နေကြတဲ့ အမျိုးသမီးတွေကို ကျနော်ကပြောတယ်။ 'ခင်ဗျားတို့ ကျနော်နဲ့လိုက်ခဲ့ပါ။ ဒီတိုင်းနေလို့မဖြစ်ဘူး၊ လုပ်စရာရှိတာတွေ လုပ်ကြရမယ်။ အခြေအနေ သိပ်မကောင်းဘူး' ဆိုတော့ ကျနော့်နောက်လိုက်လာကြတယ်။

ဆက်သွယ်ရေးနဲ့ပတ်သက်ပြီး ရေတပ်ကအရာရှိတွေနဲ့ ကျနော်တို့အလုပ်သမားတွေ တွဲကိုင်ထားကြတယ်။ လုံခြုံရေးလည်း အလားတူပဲ။ တယ်လီဖုန်းရုံးကို ကျနော်တို့သွားကြတယ်။ ကက်ဆက်နဲ့ ကျနော့်အသံကိုသွင်းပြီး စပီကာနဲ့ 'ပြည်သူသို့ပန်ကြားချက်' ထုတ်လွှင့်လိုက်တယ်။ စက်ကြီးကသိပ်ကောင်းတော့ စက်ရုံတွေအားလုံးဆီ တပြိုင်တည်းရောက်ရှိသွားပါတော့တယ်။ 'မိဘပြည်သူအပေါင်းတို့ခင်ဗျား။ အစိုးရဟာ သမိုင်းဘာတာရှေ့မှာ ရိုးသားစွာဆန္ဒပြနေတဲ့ အလုပ်သမားတွေကို ပစ်သတ်ခဲ့ပါတယ်။ အဲဒီတော့ မိဘပြည်သူအပေါင်းတို့၊ ကျနော်တို့နဲ့လက်တွဲပါ။ စစ်အစိုးရက အခု အပြစ်မဲ့တဲ့ ကျနော်တို့အလုပ်သမားတွေကို ပစ်သတ်နေပါပြီ။ ကျနော်တို့ကို ကာကွယ်စောင့်ရှောက်ပါ' လို့ပန်ကြားပါတယ်။ ဒီအသံကို အသံချဲ့စက်ကနေ အမြဲဖွင့်ပေးထားပါတယ်။

ဒီအချိန်မှာ အစိုးရအလိုတော်ရိတယောက်က သပိတ်ကော်မတီ ပြင်ဖွဲ့ရမယ်။ သူလည်းပါမယ်ဆိုပြီး ရုတ်ရုတ်ရုတ်ရုတ် လုပ်လာတယ်။ အတွင်းပိုင်းကနေ သပိတ်ဖြိုခွဲဖို့ လုပ်လာတာမို့ ဖမ်းထိန်းသိမ်းလိုက်ရတာရှိတယ်။

မိုးကချုပ်သထက် ချုပ်လာပြီ။ ဒီအချိန် ဗိုလ်မှူးရဲညွန့်က ကျနော့်ကိုလှမ်းခေါ်ပြန်ရော။ 'ဘာလုပ်ချင်လို့လဲ' ဆိုတော့ 'မောင်ရင်တို့ကို စစ်တပ်ကပစ်တော့မယ်။ ကိုယ်လည်းအရာရှိပဲ၊ မောင်ရင် စေ့စပ်လိုက်စမ်းပါ' လို့ ပြောတယ်။ 'တော်စမ်းပါ၊ လုပ်မနေစမ်းပါနဲ့၊ ထားလိုက်စမ်းပါ' လို့ ကျနော်ကဟန့်လိုက်တော့ ဦးချစ်ဦးတို့ ဦးမျိုးထွဋ်တို့က ကျနော်ကိုကြည့်တယ်။ သူတို့ကိုတော့ စာနာပါတယ်ဆိုတဲ့ အမူအယာလောက်ပဲ ပြလိုက်မိတယ်။ သူတို့ကိုလည်း အချုပ်ထဲထည့်ထားရတယ်လေ။

ဒီလိုနဲ့ အချိန်တွေကုန်လိုက်လာတယ်။ ထမင်းလည်းမစားရ၊ ရေလည်းမသောက်မိတာ ဘယ်လောက်ကြာသွားပြီလည်းမသိ။ ဝန်ထမ်းအမျိုးသမီးတယောက်ပေးတဲ့ Lunch Box နဲ့ကိစ္စပြီးလိုက်ပြီး တယ်လီဖုန်းရုံးခန်းထဲရောက်နေချိန် ဦးမြဟန်ကြီး ရောက်လာတယ်။ မူလက PO ၊ ပင်စင်ယူပြီးတဲ့နောက် ကျနော်တို့ဆီ ဖစ်တာအဖြစ်နဲ့ ဝင်လုပ်နေသူပဲ။

သူက 'ကိုဝင်းထိန်၊ ကမ်းနားမှာ ကွန်မင်ဒိုသင်္ဘောကပ်နေပြီ။ သူတို့ပစ်လိမ့်မယ်' လို့ပြောတော့ 'ဦးမြဟန်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျနော် ဘာမှမဆွေးနွေးချင်ဘူး။ ထားလိုက်ပါ' လို့တားလိုက်တယ်။ သူထွက်လာပြီးမကြာခင် ကျော်ကြီးခင်နဲ့ ရောက်လာပြန်တယ်။ 'ရေလယ်မှာ ဗိုလ်မှူးသိန်းထွန်း စောင့်နေတယ်။ ခင်ဗျားနဲ့စကားပြောချင်လို့တဲ့' ဒီတော့ ကျနော်တွက်လိုက်မိပြီ။ 'ငါ့တော့ ဆွဲတော့မယ်။'

သူတို့ခေါ်တဲ့နေရာ လိုက်သွားပြီဆိုတာနဲ့ ဖမ်းပြီးလေ။ ဒီလိုဆိုရင် အလုပ်သမားတွေကို ညွှန်ကြားလို့မရတော့ဘူး။ လှုပ်ရှားမှုပြိုကွဲသွားတော့မယ်၊ မဖြစ်ဘူး။

'ကျနော် မလာနိုင်ဘူး။ တွေ့ချင်ရင် ဗိုလ်မှူးသိန်းထွန်း ကျနော့်ဆီလာပါစေ' လို့ ပြောလိုက်တယ်။ ဦးမြဟန်ပြန်ထွက်သွားတယ်။ ခဏနေတော့ တခေါက်ပြန်လာကြတယ်။ ကျော်ကြီးခင်က 'ကိုဝင်းထိန် သူတို့ တကယ်ပစ်တော့မယ်' တဲ့။ 'ပစ်ရင်လည်း ပစ်ပစေကွာ' လို့တုံ့ပြန်လိုက်တယ်။

စဉ်းစားရတာတွေကတော့ အများကြီး။ ရေတံခါးကြီးပျက်စီးသွားရင်၊ ပေါက်ကွဲသွားလို့ရှိရင် အားလုံးအထိနာမယ်။ စက်ရုံတွေပျက်စီးမယ်။ စက်ရုံထဲ ဝင်ပစ်ရင်လည်း သေကြကြေကြ အထိနာကြမယ်။ စက်ရုံရဲ့လုံခြုံရေး၊ အလုပ်သမားတွေရဲ့လုံခြုံရေး စဉ်းစား

လာရတယ်။ နောက်ထပ်ဆုံးရှုံးမှုကြီးတခုရှိသေးတယ်။ ခုလို တောင်းဆိုလာကြပြီးမှ တောင်းဆိုချက် ဘာမှမရဘဲနဲ့ ကျနော်တို့သပိတ်ကြီး ပျက်စီးသွားမှာ၊ ပြီးဆုံးသွားမှာပဲ။

ဒါကြောင့် ကျနော်ချက်ချင်းပဲ ဆုံးဖြတ်လိုက်တယ်။ မိုက်ကရိုဖုန်း ကောက်ကိုင်လိုက်ပြီး 'ရဲဘော်အလုပ်သမားအပေါင်းတို့၊ စက်ရုံရဲ့လုံခြုံရေးကို ဒို့အားလုံး တာဝန်ယူရမယ်။ နောက် ရေတံခါး၊ သင်္ဘောတွေရဲ့လုံခြုံမှုနဲ့ စက်ရုံတွေအားလုံးရဲ့လုံခြုံမှု၊ ဒို့အားလုံးရဲ့လုံခြုံမှုကို ဒို့ တာဝန်ယူရမယ်။ ဒီစက်ရုံဟာ ဒို့ရဲ့စက်ရုံဖြစ်တယ်။ ဒို့ဟာဒို့ တောင်းဆိုချက်တွေမရမချင်း ဆက်လက်တိုက်ပွဲဝင်သွားမယ်။ ဒို့အညံ့မခံဘူး။ ဒူးမထောက်ဘူး။ ရတဲ့အထိ တိုက်ပွဲဝင်သွားမယ်။

'အခုသပိတ်မှောက်မှုဟာ ဗမာတပြည်လုံးဖြစ်နေပြီ။ ဒို့ယုံကြည်စိတ်ချရတဲ့ ရန်ကုန်ဆိပ်ကမ်း ဆိုလို့ရှိရင်လည်း အခုသပိတ်မှောက်နေပြီ။ ရန်ကုန်ဆိပ်ကမ်းဆိုတာက ဒုပိုလ်မှူးကြီးလှမြင့်၊ ဘဲကြီးလှမြင့် (ဘဲလ်အဲယားလှမြင့်) ဆိုတာဟာ တက္ကသိုလ်ကျောင်းသားတွေကို ပါးရိုက်တဲ့ဘဲ။ ဒီကောင် သရဲ သရဲ။ အဲဒီမှာ သူက နာယကဖြစ်နေတာ။ ခု သူ့ဆိပ်ကမ်းမှာ အလုပ်သမားတွေ သပိတ်မှောက်နေပြီ။

'ပြီးတော့ ဒို့ရဲ့သပိတ်ဟာ တပြည်လုံးလက္ခဏာဆောင်တယ်။ ဒို့တောင်းဆိုချက်တွေရ,ရမယ်။ ဒို့တတွေ ရတဲ့အထိ တိုက်ပွဲဝင်သွားမယ်။ ရအောင်တိုက်မယ်။ ဒို့အညံ့မခံဘူး။ လျှော့လို့မရဘူး' လို့ပြောချလိုက်တယ်။

ဒါကိုကြားပြီး ချက်ချင်းပဲ သုံးထပ်သားစက်ရုံကလည်း ကျနော်တို့နဲ့တသဘောထဲရှိကြောင်း လုံးဝအညံ့မခံဘူး၊ ဆက်လက်တိုက်ပွဲဝင်သွားမယ်။ တောင်းဆိုချက်တွေ ရအောင်တိုက်မယ် ဆိုတဲ့အကြောင်း အကြောင်းကြားလာတယ်။ စစ်တပ်က နေဝင်ရင်ပစ်မယ်လို့ သတင်းတွေ ထွက်နေတာရှိတယ်။ ဒါကြောင့် သစ်စက်ကလာပြောတယ်။ ကျနော်တို့ သစ်တုံးတွေနဲ့ ကာထားတယ်။ စက်ရုံထဲဝင်ပစ်လို့မရအောင်ဖြစ်တယ်တဲ့။ ကွန်မင်ဒိုတွေဝင်ပစ်မှာကို တားဆီးတဲ့သဘောပဲ။ ကျနော်တို့ရဲ့အနောက်ဘက်မှာ အက်ဆစ်စက်ရုံရှိတယ်။ ကော့စတစ်စက်ရုံရှိတယ်။ အဲဒီကလည်းအတူတူပဲ။ ကျနော်တို့နဲ့အတူ တိုက်ပွဲဝင်မယ်တဲ့။

ဂုန်နီစက်ရုံ သမိုင်းချည်မျှင်စက်ရုံတို့ကိုလည်း စစ်တပ်က ဝင်ပစ်မယ့်အခြေအနေရှိတယ်။ ဘာပဲဖြစ်ဖြစ် ဒို့ရအောင် တိုက်ပွဲဝင်သွားမယ်။ မစေ့စပ်တော့ဘူး။ သပိတ်ကတော့ တပြည်လုံးဖြစ်နေပြီ။ ရန်ကုန်ဆိပ်ကမ်းသပိတ်ကြောင့် ကမ်းနားမှာ ကုန်တင်ကုန်ချလုပ်ငန်းတွေရပ်တော့မယ်။ ရပ်တာနဲ့ အစိုးရ အခက်အခဲရှိပြီ။ တပြည်လုံးအလုပ်သမားနဲ့ဆိုင်တဲ့ ကိစ္စဖြစ်တယ်။ ဒါကြောင့် တောင်းဆိုချက်တွေရအောင် တိုက်ပွဲဝင်သွားမယ်လို့ ဖုန်းနဲ့အကြောင်းကြားလိုက်တယ်။ နောက်တော့ အခန်းသော့ဖွင့်ပြီး ဗိုလ်မှူးရဲညွန့်ကို ခေါ်ထုတ်လာခဲ့တယ်။ ချက်ချင်းလိုပဲ ကျနော်တို့ရဲ့မိန်းဂိတ်ရှေ့မှာ စစ်ကားတွေရောက်လာတယ်။ ကွမ်းခြံဘက်ကလာတာဖြစ်တယ်။ ရေတပ်ကမဟုတ်ဘူး၊ လှည်းတန်းဘက်က။ ကျနော်တို့ခေါင်းဆောင်မှုအဖွဲ့ သပိတ်ကော်မတီဝင်တွေက အလုပ်သမားထုကြားမှာရှိနေတယ်။

တချို့ရဲဘော်တွေက ကျနော့်ကို ဒီနေရာကစွန့်ခွာဖို့ပြောနေပြီ။ ကျနော့်လက်ထဲမှာ စက်ရုံသော့အားလုံးရှိတယ်။ မာဇဒါဂျစ်ကားကို လိုရမယ်ရ အပြင်တနေရာမှာထားတာရှိတယ်။ ထွက်သွားရမလားလို့ အတွေးတချက်ပေါ်တယ်။ ဒါပေမဲ့ ကျနော် အလုပ်သမားရဲဘော်တွေကို သစ္စာမဖောက်နိုင်ဘူး။ ပေါက်ကွဲလုမတတ်ဖြစ်နေတဲ့ အခြေအနေကြီးကို စွန့်မသွားနိုင်ဘူး။ အဲဒီတော့ သေစရာရှိလို့ရှိရင် ရှေ့ကသေမယ်။ ခေါင်းဆောင်ဆိုတာ ဘယ်တော့မှ နောက်ကနေ မသေရဘူး။ ဘယ်တော့မှ နောက်မဆုတ်ရဘူး။ ငါသေပြီးမှ နောက်လူတွေသေရမယ်။ ဒီလိုစဉ်းစားပြီး ထုကြားထဲကတပ်ဦးကို ကျနော်တိုးထွက်လာတယ်။ ဗိုလ်မှူးရဲညွန့်ကိုတော့ ကိုင်ထားတယ်။ ဒီလိုနဲ့ မိန်းဂိတ်သံတံခါးကို ရောက်သွားပြီ။ တဖက်ကမြင်နိုင်တဲ့နေရာက ပစ်မယ်ဆိုလှမ်းပစ်လို့ရတဲ့နေရာ။ ပထမဆုံးထိမှာက ကျနော်နဲ့ ဗိုလ်မှူးရဲညွန့်ပဲ။ အဲဒီအချိန်မှာပဲ ရဲဘော်ဘီကျော်စိန်က တွန်းထိုးထွက်လာတယ်။ နောက် အုတ်ခုံပေါ်တက်လိုက်တယ်။ သင်္ဘောကျင်းတခုလုံး မီးတွေလင်းနေတယ်။ ဆလိုက်မီးတွေလည်း ထွန်းထားသေးတယ်။ BAA ဂရောင်းက ဆလိုက်ကြီးတွေလေ။ အားလုံးကို ရှင်းရှင်းလင်းလင်း မြင်နေရတယ်။

ရဲဘော်ဘီကျော်စိန်က စစ်တပ်ကို မင်းတို့ပြန်သွားပါ။ အလုပ်သမားတွေကို အန္တရာယ်မပေးနဲ့။ ဒို့အလုပ်သမားတွေ တောင်းဆိုနေတာက ကုန်ဈေးနှုန်းကျဆင်းရေး ဆန်လုံလောက်စွာ ရရှိရေးပဲ။ အလုပ်သမားတွေနဲ့ အစိုးရဟာ ရန်သူမဟုတ်ဘူး။ နောက်ကိုပြန်ဆုတ်ကြပါ။ အလုပ်သမားတွေဘက်ကို လှည့်ထားတဲ့ သေနတ်ပြောင်းတွေ တဖက်ကိုလှည့်လိုက်ပါလို့ ပြောတယ်။ စစ်တပ်ဘက်က လှုပ်ရှားမှုမပြတာနဲ့ ပြန်ဆင်းသွားတယ်။ ဒီတော့မှ ဆိုင်ထားတဲ့ဘက်က ဗိုလ်မှူးတယောက် စပီကာနဲ့ စကားပြောတယ်။ အလုပ်သမားတွေ၊ ခင်ဗျားတို့တောင်းဆိုချက်တွေကို ကောင်စီအဆင့်ဆင့်ကနေတောင်းပါ။ ခုဆန္ဒပြမှုကို ရပ်လိုက်ကြပါ။ ဗိုလ်မှူးရဲညွန့်ကို ကျနော်တို့လက်ထဲပြန်အပ်ပါ။ သပိတ်ကိုလူစုမခွဲဘူး။ ဗိုလ်မှူးရဲညွန့်ကို ပြန်မအပ်ဘူးဆိုရင် ရတဲ့နည်းနဲ့ ယူရပါလိမ့်မယ်တဲ့။ ပြောပြီးတာနဲ့ စစ်တပ်က ကျနော်တို့ကို သေနတ်တွေနဲ့ချိန်ထားလိုက်ကြတယ်။ ဒီအချိန်မှာ ကျနော်က ဗိုလ်မှူးရဲညွန့်လက်ကိုလိမ်လိုက်ပြီး 'ခင်ဗျားတို့တွေ့ချင်တဲ့ ဗိုလ်မှူးရဲညွန့်ဆိုတာ ဟောဒီမှာပဲ။ အဲဒီတော့ သူ့ကိုလိုချင်ရင် ကျနော်တို့တောင်းဆိုချက်တွေကို လိုက်လျောပါ။ ချက်ချင်းပြန်လွှတ်ပေးမယ်။ ကျနော်တို့တောင်းဆိုနေတာမှာ အလုပ်သမားတွေနဲ့ လုပ်သားပြည်သူတရပ်လုံးအတွက် ကုန်ဈေးနှုန်းကျဆင်းရေး၊ ဆန်လုံလောက်စွာရရှိရေး၊ လုပ်ငန်းခွင်ကိစ္စ၊ နေအိမ်ရရှိရေးတို့ဖြစ်တယ်။ အလုပ်သမားအခွင့်အရေးကို တောင်းဆိုနေတာသာ ဖြစ်တယ်။ ခင်ဗျားတို့ဆီက အာဏာကိုလုနေတာမဟုတ်ဘူး။ အဲဒီတော့ ကျနော်တို့ကိုတိုက်မယ့် သေနတ်ပြောင်းတွေကို တနေရာကို လှည့်လိုက်ပါ။

'စစ်တပ်ဘက်က အရာရှိကြီးအပေါင်းတို့၊ ကျနော်တို့ကို မတိုက်ပါနဲ့။ ခင်ဗျားတို့တိုက်ရမှာက တနေရာဖြစ်တယ်။ ကျနော်တို့ဟာ လုပ်သားပြည်သူတရပ်လုံးအတွက် တောင်းဆိုနေတာဖြစ်တယ်။ ကျနော်တို့ဟာ ဆိုရှယ်လစ်စနစ်ကို တည်ဆောက်နေတာဖြစ်တယ်။ အလုပ်သမားလူတန်းစားဟာ ဆိုရှယ်လစ်စနစ်ကို ဘယ်တော့မှသစ္စာမဖောက်ဘူး။ ဆိုရှယ်လစ်စနစ်အတွက် အလုပ်သမား လူတန်းစားက အခုတိုက်ပွဲဝင်နေတာဖြစ်တယ်။

(ဒီအချိန် နောက်ကနေ ထပ်ရိုက်လာတဲ့ ပန်းဖလက်တွေ လာပို့လို့ဖတ်ကြည့်လိုက်တော့ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေး အောင်ရမည်။ ဗိုလ်ချုပ်ကြီးတင်ဦး သက်တော်ရာကျော်ရှည်ပါစေ ဆိုတာတွေပါတယ်။ ထိပ်မြွေကိုက်ခံနေရချိန်မှာ ရောက်လာတာ ဖြစ်လို့ ဒီအတိုင်းထားလိုက်ပြီး)

'အဲဒီတော့ စစ်တပ်က တပ်မှူးတပ်သားအပေါင်းတို့၊ ခင်ဗျားတို့ တပ်ကိုပြန်သွားကြပါ။ ကျနော်တို့ဟာ ဆိုရှယ်လစ်စနစ်ကို တည်ဆောက်နေတဲ့အတွက် ဆိုရှယ်လစ်စနစ်ရဲ့ရန်သူမဟုတ်ဘူး။ နောက်ပြန်ဆုတ်ကြပါ။' ၆–ရက်ညတညလုံး အပြန်အလှန်ပြောလာလိုက်ကြတာ ၇–ရက် နံနက် ၄–နာရီထိုးတော့ မီးကျည်တလုံး ကောင်းကင်ကို ဖွေးကနဲထိုးတက်လာတယ်။ ကျနော်တို့မှာ ရည်ရွယ်ချက်တခုရှိတယ်။ တညလုံးအချိန်ဆွဲထားပြီး မိုးလင်းတာနဲ့ ရန်ကုန်တမြို့လုံးမှာရှိတဲ့စက်ရုံတွေ ထပ်ပြီးဆွေးနွေးဖို့လိုတယ်။ ဒါကြောင့် ကျနော်က ဗိုလ်မှူးရဲညွန့်ကို ခင်ဗျားတို့ဆီ ကျနော်ပြန်အပ်မယ်။ ခင်ဗျားတို့က သေနတ်ပြောင်းတွေ တနေရာလှည့်လိုက်ပါလို့ လှမ်းပြောလိုက်တယ်။ ဗိုလ်မှူးရဲညွန့်က ဖိုးဝင်းထိန်၊ စစ်တပ်ကတော့ တကယ်ပစ်တော့မယ်။ ကိုယ့်ကို မောင်ရင်တို့ အလျှော့ပေးလိုက်ပါလို့ ခပ်အုပ်အုပ်ပြောတယ်။ ဗိုလ်မှူးရဲညွန့်၊ ခင်ဗျားလည်းကျည်ဆံတတောင့် ကျနော်လည်းကျည်ဆံတတောင့်ပဲ။ သေရင်တော့ အတူသေကြမှာပဲ။ အဲဒါကြောင့် ခင်ဗျားအနေနဲ့ လုပ်သားပြည်သူတွေအပေါ်မှာ တကယ်သံယောဇဉ်ရှိရင်၊ တကယ်သစ္စာရှိရင် မပစ်ပါနဲ့လို့ စစ်တပ်ကို မိုက်ကရိုဖုန်းနဲ့ ပြောပေးပါဆိုပြီး မိုက်ကရိုဖုန်းထိုးပေးလိုက်တယ်။

သူက ဖိုးဝင်းထိန်၊ ကိုယ်က စစ်တပ်က တပ်မတော်အရာရှိဖြစ်တယ်။ တပ်မတော်ကို သစ္စာဖောက်လို့မဖြစ်ဘူး။ ဒါကြောင့် ကိုယ် မပြောဘူး တဲ့။ ဒီတော့ ကျနော်က ဗိုလ်မှူး၊ ခင်ဗျားကလည်း တပ်မတော်ကိုသစ္စာရှိတယ်။ ကျနော်ကလည်း အလုပ်သမားတွေအပေါ်မှာသစ္စာရှိတယ်၊ ပြည်သူပေါ်မှာသစ္စာရှိတယ်။ အဲဒီတော့ နှစ်ယောက်သေ,သေကြတာပေါ့။ တယောက်ကျည်ဆံတတောင့်စီနဲ့လို့ ပြောရင်းနဲ့ ပြန်ဆုတ်ခဲ့တယ်။ ဒီအချိန် ဦးမြဟန်နဲ့ ကိုကျော်ကြီးခင် လာပြောပြန်တယ်။ စစ်တပ်ကတက်လာပြီ။ ကမ်းခြေကနေတက်လာတာ ဖြစ်တယ်တဲ့။ တချို့ရဲဘော်တွေမလည်း ဘာလုပ်ရမလဲ လာမေးကြတယ်။ ဘာမှမလုပ်နဲ့၊ ဒီအတိုင်းတောင်းဆိုကြမယ်။ ဘာမှမလုပ်နဲ့၊ ဘာကိုမှမလုပ်နဲ့လို့ အမိန့်ပေးလိုက်တယ်။ ဒီအချိန် ဖျတ်ခနဲသတိရလိုက်တာရှိတယ်။ ဘယ်လိုတုံ့ပြန်မလဲ။ ကျနော့်လက်ထဲမှာ သဘော်ာကျင်းတခုလုံးက သော့တွေရှိတယ်။ ပါဝါစတေရှင်ကို ဖောက်ခွဲလို့ရတယ်။ သဘော်ာကျင်း ရေလုံကျင်းကရေတွေ ဖောက်ထုတ်လိုက်လို့ရှိရင် သဘော်ာတွေပျက်သွားနိုင်တယ်။ ဂျွမ်းထိုးမှောက်ခုံဖြစ်သွားမယ်။ ဒီမှာရေတပ်စစ်သဘော်ာတွေကလည်း ရှိနေတယ်။ သဘော်ာကျင်းပြာကျသွားအောင် လုပ်နိုင်တယ်။ ရပ်ကွက်ထဲမှာရှိတဲ့ပြည်သူတွေလည်း ပြာကျတဲ့အထဲပါသွားနိုင်တယ်။ ဒီအချိန် ကွမ်းခြံရပ်ကွက်တခုလုံး စစ်တပ်ကဝိုင်းထားပြီးပြီ၊ အခြေအနေတွေက အဲဒီလိုရှိတယ်။ ကိုကျော်ကြီးခင်က နောက်မှာ ကွန်မင်ဒိုတပ်တွေ ရောက်လာပြီလို့ သတိပေးတယ်။ ကဲဗိုလ်မှူးကြားတဲ့အတိုင်းပဲ။ ကျုပ်တို့ကတော့ အသေခံပြီးတိုက်ရတော့မယ်။ ဒီတော့ ဗိုလ်မှူးရဲညွန့်လက်ကိုလိမ်လိုက်ပြီး သူနဲ့အတူပြန်သွားခဲ့တယ်။ ကွန်မင်ဒိုတပ်လာမယ့်နေရာကို ဦးတည်လိုက်တယ်။ ရှေ့ရောက်သွားတာနဲ့ စပစ်ပြီ။ ဗိုလ်မှူးရဲညွန့်ကို ပေး ပေး လို့လည်း ပါးစပ်ကအော်တောင်းတယ်။ ဟေ့ အလုပ်သမားတွေ မင်းတို့ဆန်မရဘူး။ ဟောဒါပဲရမယ်ကွလို့ လည်းကြုံးဝါးတယ်။ ပြောပြောပစ်ပစ် လုပ်ကြတယ်။ ဘက်နက် (လှံစွပ်)တွေနဲ့ တက်ထိုးတယ်။ အလုပ်သမားရဲဘော်တွေဟာ အထွေးလိုက်လဲကျကုန်တယ်။ တချို့ရေကန်ထဲကျတယ်။ ဒီအချိန် ဗိုလ်မှူးရဲညွန့်က ရဲညွန့်ဆိုတာကျနော်ပဲ အော်ပြီးရုန်းတယ်။ ကျနော်ကလည်း လွှတ်ပေးလိုက်ပါတယ်။ လက်ထဲကပါသွားတဲ့အခါ ဟေ့ ရဲညွန့်ရပြီဟေ့ ပေါ့နော်။ မိုးကလင်းနေပါပြီ။ လမ်းပေါ်က သွေးတွေကတော့ စွေးစွေးနီနေပါတယ်။ သွေးခဲတွေ သွေးစီးကြောင်းတွေ။ ရဲဘော်တချို့ ဂျီသရီးကျည်ဆံ ဖောက်ထွက်သွားလို့ ခြေထောက်မှာ အပေါက်တွေနဲ့။ ရဲဘော်သန်းအောင်ဆိုရင် ပါးစပ်ကြီးပြတ်ထွက်သွားပြီး လျှာဟာ ကပ်ကျေးနဲ့ညှပ်ထားသလိုပဲ။ သယ်နိုင်သလောက် ရဲဘော်တွေကို ပွေ့ပွေ့ပြီးတော့ ဆေးခန်းထဲသွင်းရတယ်။

ဒေါက်တာစီစီကလည်း မျက်ရည်တွေနဲ့ ငိုနေရှာတယ်။ ဒေါက်တာစီစီနဲ့ တင်တင်မူတို့ တော်ရှာပါတယ်။ လူနာရဲဘော်တွေကို ဆေးထိုးပေး ပတ်တီးစီးပေးပါတယ်။ ဒဏ်ရာရရဲဘော်တွေဆိုတာ အများကြီး။ ကုတင်ပေါ်မှာမဆန့်လို့ ကြမ်းခင်းပေါ်မှာချထားရတယ်။ ရဲဘော်တင်မောင်၊ သူက စကားမပြောနိုင်တော့ဘူး။ သူကမီးသတ်စက်ကိုနိုးနေတုန်း နောက်ကနေ ဂျီသရီးနဲ့ပစ်လို့ စအိုထဲ ကျည်ဆံဝင်သွားတယ်။ သူ့နားသွားတော့ မရတော့ဘူးပေါ့နော်၊ လက်ခါပြတယ်။ အလားတူ ရဲဘော်သန်းအောင်ကလည်း ခေါင်းခါပြရှာတယ်။ ရဲဘော်ဘဖူးကတော့ နားထင်ကိုလှံစွပ်နဲ့ အထိုးခံထားရလို့ ပါးစပ်ကသွေးတွေ ဗွက်ကနဲ ဗွက်ကနဲ အန်ကျနေပါတယ်။ ဒီလိုလျှောက်ကြည့်အားပေးနေစဉ် ရဲဘော်တွေက ကျနော့်ကိုပြေးခိုင်းနေကြတယ်။

ကျနော်က ရဲဘော်တို့၊ ကျနော် ရဲဘော်တို့နဲ့အတူ အသေခံမယ်။ ပြဿနာတွေကို ကျနော်ရှင်းမယ်။ ဘယ်တော့မှ ရဲဘော်တို့ကို မစွန့်ခွာဘူး။ အဲဒီတော့ ရဲဘော်တို့နဲ့အတူ ကျနော်ရှိမယ်။ ကြိုးစင်ကို ကျနော်တက်သွားမယ်။ ရဲဘော်တို့အပေါ်မှာ ထာဝစဉ် သစ္စာရှိမယ်။ ရဲဘော်တို့ကို ဘယ်တော့မှ သစ္စာမဖောက်ဘူးလို့ ပြောနေချိန်မှာပဲ စစ်တပ်ကကပ္ပတိန်တယောက် အခန်းထဲရောက်လာပြီး ဟေ့၊ ဝင်းထိန် ဆိုပြီးတော့ ဂျီသရီးနဲ့လှမ်းထောက်ထားတယ်။ နောက်တော့ ကျနော့်ကိုလက်မြှောက်ခိုင်းပြီး အပြင်ကိုခေါ်ထုတ်သွားတယ်။

သပိတ်လမ်းမကြီးမှာ သွေးတွေ သွေးခဲတွေ အများကြီးပါပဲ။ အဲဒီလမ်းပေါ်မှာ ကွန်မင်ဒိုဗိုလ်ကြီးဖြစ်သူက ကျနော့်ကိုဆောင့်ကြောင့် ထိုင်ခိုင်းတယ်။ မင်းငါ့ကိုပစ်ချင်ပစ်လေ။ ငါကတော့ ထိုင်စရာမလိုဘူး။ ငါတရားခံမဟုတ်ဘူး။ မင်းတို့တရားခံပဲ။ ပစ်လိုက်စမ်းပါ ပြောမှ ဒီကောင်က ကျနော့်ကို ဦးချစ်ဦးတို့၊ ဦးအုန်းမောင်တို့၊ ဦးထွန်းရီတို့ကို ကျနော်ချုပ်ထားတဲ့အခန်းထဲ ပြန်ထည့်တယ်။ ဦးချစ်ဦးက ကျနော့်ဆီက သော့တွေတောင်းတယ်။ သူက ရဲဘော်တွေတော့ အတော်များများကျကုန်ပြီ၊ ကိုဝင်းထိန် လို့လည်းပြောတယ်။ သူ့ကို သော့အားလုံးပေးလိုက်ပါတယ်။

မိုးအတော်လင်းနေပြီ။ ကွန်မင်ဒိုတပ်သားတွေ လက်နက်မျိုးစုံ အီကွစ်မန့်မျိုးစုံနဲ့ ကမ်းနားကတက်လာပြီး သဘော်ာကျင်းလမ်းကြီး ကို ဖွင့်ချပစ်လိုက်တယ်။ နောက်မိန်းဂိတ်ကြီးကို ဖွင့်ပြန်တယ်။ ဒီအချိန် တိုင်းမှူး လို့ယူဆရသူတယောက် မာစီဒီးကားကြီးနဲ့ သဘော်ာ ကျင်းထဲ ဝင်ရောက်လာတယ်။ အလုပ်သမားတွေရဲ့ သွေးတွေပေါ်နင်းပြီး စစ်သားတွေက သွားလာနေကြတယ်။ ၇–နာရီလောက်မှာ အလုပ်သမားတိုက်ပွဲကြီး ပြီးဆုံးသွားပြီပေါ့။ ကျနော့်ကိုတော့ ဘားလမ်းကိုခေါ်သွားပါတယ်။ အဲဒီကမှ အင်းစိန်ထောင်။

ရဲဘော်ဝင်းထိန်

(ဗမာပြည်ကွန်မြူနစ်ပါတီ မော်ကွန်းတိုက်မှ ကျေးဇူးပြုသည်။)

## နောက်တနေ့

အောင်အတိတ် (စိတ်ပညာ)

၁၉၇၄ ဇွန် (၇) ရက် နံနက်ပိုင်း ၄း၂၀ လောက်မှာ ဆင်မလိုက်သဘော်ာကျင်းကို မဆလစစ်အစိုးရက ပစ်ခတ်ချေမှုန်းပြီးတဲ့ နောက်ပိုင်း နံနက် ၆း၀၀ နာရီလောက်မှာတော့ အသံများ တိတ်ဆိတ်သွားပါတော့သည်။

ကမာရွတ်၊ လှည်းတန်း၊ ကြည့်မြင်တိုင်ရပ်ကွက်များကတော့ ပိုပြီးတိတ်ဆိတ်နေပေလိမ့်မည်။ ကျနော်တို့နေသော ဝိဇ္ဇာ–သိပ္ပံ တက္ကသိုလ်ဝင်းကတော့ နဲနဲလှုပ်လှုပ်ရွရွလေးဖြစ်နေသေးသည်။ အလုပ်သမားသပိတ်ရဲ့ နောက်ဆုံးခံတပ်ဖြစ်သော ဤဆင်မလိုက် သဘော်ာကျင်းအတွင်းက သေနတ်သံများကြောင့်ပင်။

ကျနော်တို့နေသော ဒဂုံဆောင် (လူနေဆောင်) က အနီးဆုံးမို့ အတွဲလိုက်ပစ်ခတ်သံတွေရော၊ အခြားပေါက်ကွဲသံပါ ကြားလိုက်ရ သည်။ အဆောင်ရှိ ကျောင်းသားအားလုံး စိတ်ကောင်းကြမည်မဟုတ်ပါ။ ဒဂုံဆောင်နှင့်ကျောချင်းကပ် ရွှေဘိုဆောင်လည်း ကြားနိုင် ပေမည်။ သီရိ၊ မာလာ (မိန်းကလေးဆောင်) တို့မှာလည်း ကြားနိုင်ပေလိမ့်ဦးမည်။

… တက္ကသိုလ်ဝင်းကြီးတခုလုံး ခြောက်ကပ်ကပ်နိုင်လွန်းသည်ဟု ကျနော်ထင်မိသည်။… ဒီနေ့လည်း class ရှိသေးသည်။ တက်ဖို့ စိတ်မဝင်စားကြ။

သည်လိုနဲ့ပဲ၊ အတန်းတက်ဖြစ်သလိုလို၊ မတက်ဖြစ်သလိုလို ရင်ထဲကတော့ တခုခုခံစားနေရသည်။ တာဝန်ကြေသလိုလို၊ မကြေ သလိုလို။ ယခုလို အလုပ်သမားများအား ပစ်ခတ်နှိမ်နင်းခြင်းခံရတာတွေက မိမိတို့တက္ကသိုလ်က ကျောင်းသား၊ ကျောင်းသူတွေနဲ့ မဆိုင်လေရော့သလား။… မပတ်သက်ရော့သလား။… မိမိတို့နယ်ကတက်သော ကျောင်းသားများအတွက် ကိစ္စမရှိ။ အဲ့ဒီ ဆင်မလိုက် သဘော်ာကျင်းဘက်မှာနေတဲ့ ကျောင်းသားတွေရဲ့ မိဘဆွေမျိုးတွေရော မပါနိုင်တော့ဘူးလား။… သူတို့ပါနေရင်ကော… ဒို့က ဒီအတိုင်း ကြည့်နေရတော့မှာလား၊… လား၊… လား။ တခုခုတော့ တုံ့ပြန်သင့်တာပေါ့။… မိမိကတွေးရင်း ရာမညစာသင်ဆောင်ဘက်ကို ထွက်လာခဲ့သည်။

ဗီလိုဆိုဗီ ၄၀၁ သင်ခန်းစာက နံနက်ပိုင်း။ ဗဟိုနိုင်ငံရေးတက္ကသိုလ်က မိမိတို့ ဝိဇ္ဇာ–သိပ္ပံတက္ကသိုလ်မှာ RL တက်ရင်း မိမိတို့ကို ဆိုရှယ်လစ်သဘောတရားများ၊ သမိုင်းကြောင်းအချို့ကိုပို့ချနေသော ဆရာဦးတင်လှိုင် (လယ်တွင်းသားစောချစ်) ကို မေးလိုက်ချင် သည့် စိတ်ဝင်လာသည်။ "ဆရာတို့ရဲ့ မဆလလမ်းစဉ်နဲ့စနစ်မှာ ဒီလိုအလုပ်သမားကိစ္စတွေကို ဒီလိုပဲ ဖြေရှင်းတတ်သလားလို့။"

ဖြတ်လာခဲ့တဲ့ စာသင်ခန်းတွေက ခြောက်ကပ်ကပ်နှင့်။ ကော်ရစ်ဒါဒေါင့်မှာရှိနေတတ်တဲ့၊ တွေ့နေကျအတွဲလေးတွေတောင် မျက်နှာထားတည်တည်လေးတွေ ဖြစ်နေကြသည်။ တခုခုတော့ ထပ်ပြီးဖြစ်ဦးမည် ထင်ကြသည်။ ကျောင်းမပိတ်လျှင်တော့ သေချာပါပြီ ဟု ထပ်တွေးမိသည်။ နယ်ကကျောင်းလာတက်သည့် မိမိတို့လိုကျောင်းသားတွေ ကိုယ့်မြို့နယ်၊ ကိုယ့်ရွာကိုပြန်ရောက်ရင်တော့ ဒီအကြောင်းတွေ ပြောဖြစ်ဦးမည်ထင်ပါသည်။ နံနက်ဖန်လည်း ဘာဖြစ်ဦးမည်မသိ။

အဲ့ဒီနေ့ ညဘက် ၉း၃၀ ကျော်ကျော်လောက်မှာ။

ကမာရွတ်ဂိတ်ဘက်ကအဝင် ဦးချစ်လက်ဖက်ရည်ဆိုင်နားရောက်တော့ ကျောင်းသားတစုက ခွပ်ဒေါင်းအလံထုတ်ပြီး အော်လာ ကြသည်။ "ဒို့ကျောင်းသားတွေ ဒီလိုပဲကြည့်နေကြတော့မှာလား။ အလုပ်သမားတွေနဲ့ ပူးပေါင်းကြမယ်။" "မင်းတို့ အဆောင်တွေက ဆင်းခဲ့ကြပါ။" "မင်းတို့ ကြောက်နေပြီလား" ဆိုတဲ့ အသံတွေထွက်လာတယ်။ အော်ပြီးပြောကြတယ်။ စုစုပေါင်းကျောင်းသားအရွယ် (၃၀) လောက်ရှိမည်ထင်ပါသည်။ ကျနော်တို့က ဖိုင်နယ်ရီးယား နောက်ဆုံးနှစ်သမားတွေမို့ အပေါ်ဆုံးထပ်က အောက်ကိုငုံ့ကြည့် နေမိပါသည်။ အောက်ထပ်သို့ဆင်းလာတော့ လှေခါးထိပ်မှာရပ်နေကြတဲ့ ဆရာတွေ တွေ့ပါသည်။ ဆရာများ၏ မျက်နှာမှာတော့ စိုးရိမ် သည့်အရိပ်ကလေးများ တွေ့နေရသည်။ ကိုယ်ရှိန်သတ်လိုက်သည်။ အောက်ဆုံးလှေကားကို ငုံ့ကြည့်လိုက်တော့ ညစောင့် ကိုတင်ကြည်က အောက်ဆုံးလှေခါးထစ်နဲ့ကွယ်ပြီးရပ်နေသည်။ အဆောင်ဝတံခါးကြီးကိုတော့ သော့ခတ်ထားလိုက်ပြီဖြစ်ပါသည်။

သူတို့က သံဘာဂျာတံခါးကြီးကိုဆွဲဖွင့်ကြသည်။ ပြိုင်တူ လူအုပ်ကြီးအားနှင့်မို့ တံခါးကြီးပွင့်သွားသည်။ အဆောင်ထဲကို ကျောင်းသားတချို့ဝင်လာပြီး အော်ပြောကြသည်။ "မင်းတို့ ငါတို့နဲ့ လိုက်ခဲ့ကြပါ။" "ဒို့ အလုပ်သမားတွေ သေကုန်ပြီ။" "တိုက်ပွဲဝင်ကြမယ်။ လာ… လမ်းမပေါ်ထွက်ပြီး ကြွေးကြော်မယ်။" ကျနော်တို့က တုပ်တုပ်မျှမလှုပ်ဘဲ ကြည့်နေကြသည်။ ဆင်းလာလို့လည်း မရပါ။ ဆရာတချို့က ရပ်နေကြသည်။

"မင်းတို့ပြန်ကြပါ။ သူတို့မလိုက်ရင် မခေါ်ပါနဲ့။ အပေါ်ထပ်တက်ရင်တော့ မင်းတို့တာဝန်ပဲ" အပေါက်စောင့်တာဝန်ကျ ကိုတင်ကြည်ရဲ့စကားသံကို ကြားမိပါသည်။ "လာ၊ ဆင်းခဲ့ကြပါ။ တို့နဲ့အတူ တိုက်ပွဲဝင်ကြမယ်။" ကျနော်တို့ မလိုက်ဖြစ်ခဲ့ပါ။ မနက်တုန်းကပစ်ခတ်ခဲ့သည့် သေနတ်သံကိုတော့ နားထဲ မြင်ယောင်၊ ကြားယောင်နေကြသည်။ "မင်းတို့ သတ္တိမရှိလို့ မလိုက်ရဲရင်လည်း နေခဲ့ကြပါ။ ဟိုးအပေါ်ထပ်ဆုံးက ရဲဘော်ကျောင်းသားတွေ ခုန်ချခဲ့ပါ။ ကျုပ်တို့ အောက်ကနေပြီး ဖမ်းထားပါ့မယ်။ ခင်ဗျားတို့ ဘာမှ မဖြစ်စေရပါဘူး။" ကျနော်တို့ အပေါ်ဆုံးထပ်ကလည်း တုပ်တုပ်မှမလှုပ်။ ဆရာတချို့ကတော့ အပေါ်ကြည့်လိုက်၊ အောက်ကြည့်လိုက်၊ စိုးရိမ်စိတ်တွေနဲ့။ ခဏကြာတော့ စိတ်ပျက်ပြီး သံဘာဂျာတံခါးကြီးကို ဆောင့်ကန်သွားလေရဲ့။ တံခါးကြီးက ပျက်စီးနေပြီး ဟတတကြီး ကျန်ခဲ့သည်။

"သူရဲဘောကြောင်တဲ့ကောင်တွေ၊ မိန်းမတွေ၊ ဂန်ဒူးတွေ" တဲ့။ အော်ပြောသွားတဲ့အသံတွေက ကျနော်တို့ရင်ထဲ မြှားသွားတွေ အပြုံလိုက်စူးဝင်သွားသလိုပဲ ခံစားသွားရသည်။ ဆရာတွေက ပျက်စီးသွားတဲ့တံခါးကြီးကို ကြည့်နေစဉ်မှာပဲ မိမိနေတဲ့ အပေါ်ဆုံးထပ်က အခန်းကိုပြန်လာပါတယ်။ ကုတင်ပေါ်ပစ်လှဲပြီး မီးပိတ်လိုက်တယ်။ ရင်ထဲက တဒိတ်ဒိတ်နဲ့။ ကျိတ်မှိတ်ပြီးအိပ်တယ်။ မပျော်ပါဘူး။ တွေးရင်းနဲ့ တိုက်တိုက်ဆိုင်ဆိုင်၊ မိမိနေတဲ့အခန်းက ဖိုလ်အောင်ကျော်နေသွားတဲ့အခန်းတဲ့။ အခန်းအမှတ် (၁၀၀) လို့ပြောကြတယ်။ ဖိုလ်အောင်ကျော်သွေးနဲ့ မိမိသွေးက အီးနဲ့နံ့သာလိုပါပဲလို့ မိမိကိုယ်ကိုရှုံ့ချမိတယ်။ "ဘာပဲပြောပြောလေ၊ အမေ့ကိုလုပ်ကျွေးနိုင်တဲ့ သားကောင်းတယောက်အနေနဲ့တော့ ရှိနိုင်ပါသေးတယ်လို့။" အမေပြောဘူးပါတယ်။ "တိုင်းပြည်အုပ်ချုပ်မင်းလုပ်တာထက် မိဘနဲ့ မိဘအရွယ်တွေကို ပြုစုတာက ပိုပြီးမြင့်မြတ်တယ် ငါ့သား" တဲ့။ အင်း၊ အမေ့ စကားနားထောင်ပြီး မိဘကိုပဲလုပ်ကျွေးတော့မယ်။ အဘ (အဖေ) ဆုံးတာ ငါ ၁၂ နှစ်သားလောက်ထဲကဆိုတော့ အမေလဲအိုလှပြီ။ ၃ နာရီခွဲလောက်မှ အိပ်ပျော်သွားခဲ့သည်။

×××+++×××

သုံးဘီးကား၊ လေးဘီးကားသံတွေ၊ ပစ္စည်းတင်တဲ့အသံတွေနဲ့ မိဘအချို့ လာခေါ်တဲ့အသံတွေကြားတော့မှ အိပ်ရာက လန့်နိုးမိတယ်။ ကပျာကယာ မျက်နှာသစ်ပြီးတော့ သွက်သွက်လေး အလယ်ထပ်ကိုဆင်းလာမိပါတယ်။ ပေါ်တီကို ဆင်ဝင်ဝရဲ့လက်တန်း၊ အဆောင်နဲ့ကပ်နေတဲ့ ဝရန်တာခုံလေးမှာတော့ ကိုတင်စိုး (စိုးကြီး၊ တတိယနှစ်–စိတ်ပညာ၊ ရခိုင်ပြည်နယ် ရဟိုင်းကူးတို့ရွာ) က တယောကြိုးညှိနေတာတွေ့ရတယ်။

အဆောင်ကျောင်းသားအချို့က အထုပ်အပိုးတွေနဲ့ တရွေ့ရွေ့ထွက်သွားကြပါပြီ။ တချို့ကတော့ သုံးဘီး၊ လေးဘီးကားတွေကို စောင့်နေကြဟန်တူပါတယ်။ တချို့ကတော့ အဆောင်ကိုကျောခိုင်းပြီး …။

မိမိစိတ်ထဲမကျေမနပ်ဖြစ်နေမိသည်။ ဒီလူကြောင်နေပြီ။ ညကလည်း ဘယ်သူမှ အဆောင်ထဲကမလိုက်ဘဲနဲ့။ ခုလည်း ထွက်သွားတဲ့ကျောင်းသားတွေကို ကြည့်ပြီး တယောထိုးနေလိုက်တာ။ ရက်စရာကောင်းလိုက်တာလို့ တွေးမိပြီး "ဟေ့ကောင်၊ စိုးကြီး။ မင်းက မပြန်ဘဲနဲ့ တယောထိုးနေတာ ဘာသဘောလဲ" လို့ မိမိက အသံမာမာနဲ့မေးပြီး သူ့ကိုကြည့်လိုက်တယ်။ သူ့မျက်နှာမှာ မျက်ရည်စတွေနဲ့ပါလား။ မျက်တောင်တချက်အခတ်မှာ လိမ့်ကျသွားတဲ့ သူ့မျက်တောင် သူသတိမိထားမိဘဲ အောက်ကိုငေးကြည့်ရင်း … သူ သီချင်းတပုဒ်ကို ထိုးလိုက်တယ်။ တယောသံသက်သက်ပါပဲ။ "တတီတိ… တီတီ… … တိ တဲ့ တဲ့… တဲ့… တယ်… တီတဲ့… တယ်… တယ်" အော်၊ မိမိသိလိုက်ပါသည်။ စိုးကြီး ခံစားချက်တွေပေါက်ကွဲနေပါပြီ။ သူ့သံစဉ်ကို ကျနော်ဖတ်မိလိုက်သည်။ "… ငါတို့ ဗမာပြည်ဝယ်… မိဘတိုင်းကကွယ်… ဗိုလ်အောင်ဆန်းလို… သူရဲကောင်းတွေ မွေးရမယ်။"

သူ့ တယောသံကိုနစ်မျောရင်း ရင်ဆို့မျက်ရည်ကျမိသည်။ နှစ်ခါထပ်နားထောင်ပြီးတော့မှ "လာ၊ စိုးကြီး။ ပြန်မယ်ကွာ၊ ငါပဲခူးပြန်မယ်။ မင်းလိုက်ခဲ့ဦးမလား။" "ငါတော့ ရန်ကုန်က သူငယ်ချင်းအိမ်မှာပဲ နေခဲ့တော့မယ်။ မင်းတို့ ပြန်ကြတော့ကွာ… တောက်" တဲ့။

"ငါသိပါတယ်။ သတ္တိကြောင်တဲ့စာရင်းထဲမှာ ငါ့ကိုတို့ထားလိုက်ပါ။" တကွေ့ကွေ့တော့ကြုံရင်လေ ဟု မိမိစိတ်ထဲမှာပဲ တင်းထားခဲ့သည်။ ဆက်မပြောဘဲ အပေါ်ထပ်ပြန်တက်ခဲ့သည်။

ကျောင်းလည်း သုံးလလား၊ လေးလလား ပိတ်သွားပြီဟုသိရသည်။ အထုပ်တွေပြင်ပြီးတော့ အဆောင်ပေါ်က ခပ်သုတ်သုတ် ဆင်းလာခဲ့သည်။ ပျက်စီးသွားတဲ့ တံခါးကြီးလည်း လိမ်ကောက်နေလို့။ အဆောင်လည်း လှည့်မကြည့်တော့ပြီ။ တယောသံလည်း ဝေးဝေးကျန်ခဲ့ပြီ။ အဲဒီတုန်းက ဗိုလ်အောင်ကျော်နေခဲ့တဲ့အခန်းမှာနေခဲ့တဲ့ သတ္တိကြောင်တဲ့ စိတ်ပညာကျောင်းသားတယောက်လေ။

အောင်အတိတ် (စိတ်ပညာ)

# နှစ် (၃၀) ဆိုသည်မှာလည်း …

မောင်မောင်တိတ် (ABSDF)

သူပေးဖတ်သောမှတ်တမ်းကို ကြည့်မိရင်း တဦးချင်းတယောက်ချင်း၏ ပုံရိပ်များကို လှစ်ကနဲလှစ်ကနဲ ပြန်တွေးမိရင်းနှင့် ။

အို... ခဏလေးလိုပါလား။ မနေ့တနေ့ကလိုပါလား။ ဒါတွေဟာ အိပ်မက်တွေမဟုတ်၊ နိမိတ်ပုံတွေမဟုတ်။ ပကတိ။ ပီဘိ။

သူပြောသလို... သူကဒီနှစ်အတွင်းမှာပဲ ထွက်ခဲ့သလို၊ ဒီအလုပ်တွေကိုပဲ တက်ကြွထက်သန်စွာနဲ့ လုပ်နေဆဲမို့။

ဒို့ကျန်ခဲ့တဲ့ (၅၂) ဦးကို အတော်လေးစုထားရတယ်။ တချို့က နိုင်ငံခြားရောက်ကုန်ပြီ၊ တချို့ကပြည်တွင်းမှာ။ တချို့က တော်လှန်ရေးနယ်မြေထဲမှာ။ ရှားရှားပါးပါး၊ တိုက်တိုက်ဆိုင်ဆိုင်၊ တို့ (၃) ယောက်ကတော့ ဒီထဲမှာရှိနေကြလေရဲ့တဲ့။ အင်း ... တချို့ကတော့ ကွယ်လွန်သွားကြပြီ။

သူပြောသလိုပါပဲ။ သူဟာကျနော်တို့ထဲမှာ အသက်အငယ်ဆုံး။ ထောင်ကျကာစကဆိုရင် ကျနော်တို့ဘဝတွေကတဆစ်ချိုးမို့ မျက်နှာလေးတွေမကောင်းကြ။ တက္ကသိုလ်ဝင်းထဲက ချက်ခြင်းထောင်ထဲရောက် ထောင်ကျခဲ့ခြင်းဖြစ်သည်။ အဲ့ဒီတုန်းက သူက သီချင်းဆိုပြသည်။ အဆိုကောင်း၊ အကကောင်းပင်။ ဇာတ်ထဲလိုက်ဖို့ကောင်းကြောင်းလည်း ပြောဖြစ်ကြသည်။ သူကကျနော်တို့ကို ပြုံးတာရယ်တာ မြင်ချင်လို့တဲ့ ။

ယခု သူ အငယ်ဆုံးပင် အသက် (၅၀) ပြည့်တော့မည်။ တွေးမိရင်း ကျနော့်ရုပ်ကိုလည်း ပြန်မြင်မိသည်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ နားသယ်မွေးတို့ပင် ဖြူနေကြပြီ။ ခေါင်းမှာတော့ ကြာဆံချောင်းလေးများက ကွက်ကြားကြားရှိနေပြီ။

ဒီအဖြစ်အပျက်သမိုင်းကိုတော့ ပါဝင်ပတ်သက်သည့်သူများက ရေးကြပါမည်။ ဒီအဖြစ်အပျက်လုပ်ရှားများက ကြိုတင်ဆောင်ရွက်ထားကြသည်မဟုတ်ပါ။ ဒီလိုဖြစ်လာလိမ့်မည်ဟုလည်း ထင်ကြမည်မဟုတ်။

+++×××+++

အဲ...ဒီဇင်ဘာ (၁) ရက်နေ့ညဘက်မှာတော့ ကျနော်တို့ (၅) ဦးဆုံမိကြသည်။ အင်းလျားဆောင်ကအပြန် အင်းဝဆောင်ရှေ့မှာ ထိုင်ပြီးတော့ ပြောဖြစ်ကြသည်။ စိုးကြီး (ရဟိုင်းကူးတို့ရွာ– စိတ်ပညာတတိယနှစ်ကျောင်းသား) ကစပြီးပြောဖြစ်သည်။

ဒို့ဆီကို ဦးသန့်အလောင်းကြီးရောက်လာပြီ။ ဒို့တာဝန်လည်းဖြစ်တယ်။ ဒို့ဘာလုပ်ကြမလဲ၊ ဒါဟာ နိုင်ငံရေးအသွင်နဲ့တော့ ဆိုင်လှတာမဟုတ်ဘူး။

ကိုသောင်းအေး၊ စောလှငွေ၊ ကိုမြင့်ဟန်နဲ့ ကျနော်တို့က ငေးပြီးကြည့်နေပါသည်။ ဒူးယားစီးကရက်လေး မသောက်တတ်သောက်တတ်နဲ့ ဖွာနေရင်း ကျနော်က အင်းလျားဆောင်ဘက်က ဂစ်တာသံလေးများကြားရသလားလို့ နားစွင့်နေမိပါသည်။ အင်းလျားသူတို့ ဒီအချိန်အိပ်တော့မည်။ လိမ်ဖယ်လိမ်ဖယ်ဇာတ်လမ်းစထားသူများက ဂီတာလေးနှင့် လွမ်းပြနေကြပါသည်။ အဲဒီတုန်းက "မာမီရယ်ရှာပေးကွယ် ရည်းစားလိုချင်တယ်" ဆိုတဲ့ တက္ကသိုလ်ထွန်းနောင်သီချင်းက ခေတ်စားနေတုန်းလေ။ ဆံပင်ရှည်ကြီးတွေနှင့် "ဆံပင်ရှည်ထားတိုင်း လမ်းသရဲလား၊ ဂတုံးတုံးတိုင်း ဘုန်းကြီးလား" ဆိုတဲ့အမေးတွေနဲ့ မဆလခေတ်ပြောင်းတော်လှန်ရေးရဲ့ အတွေးတွေကို တတ်နိုင်သလို ချေပနေကြတဲ့အချိန်။ ဘာပဲပြောပြော ဆံပင်ရှည်နဲ့ရော အတိုနဲ့ရော ကျောင်းသားတွေက "စာမတတ်သူပပျောက်ရေးစီမံကိန်း" အတွက် လုပ်အားပေးခဲ့ကြသည်။

+++×××+++

ဒီဇင်ဘာ (၅) ရက်နေ့မြောက်မှာတော့ ကျိုက္ကဆံကွင်းထဲက ဦးသန့်အလောင်းကို (Convocation) ဘွဲ့နှင်းသဘင်ခမ်းမထဲသို့ သယ်ဆောင်လာကြပါသည်။ ကျနော်တို့အစီအစဉ်ထဲတွင်မပါပါ။ ကိုတင်မောင်ဦး၊ စီးပွားရေးတက္ကသိုလ်ကဆရာမသီဂီမြင့်နှင့် ကိုတင်စိုး (စိုးကြီး) တို့ဟောပြောပြီး အလောင်းကိုသိမ်းလိုက်ခြင်းဖြစ်သည်။ ဒီလိုဖြစ်လာအောင် သူတို့အစီအစဉ်တချို့ ရှိနိုင်ပါသည်။

ဒီဇင်ဘာ (၆) ရက်နေ့တွင်ကျနော်တို့ တကသဝင်းကိုရှင်း၊ ဖုန်းဆိုးတောကိုမီးရှို့၊ ဂူနေရာစဆောက်ကြသည်။ ၎င်းနေ့နံနက်ပိုင်းပင် မန္တလေးဆောင်အီးစီကို ကျနော်တို့ဖွဲ့သည်။ လက်ရှိကျောင်းတက်နေသော စိတ်ပညာကျောင်းသား (၅) ယောက်၊ မြန်မာစာတယောက်ပဲဖြစ်ပါသည်။ တချို့အလယ်တန်းကျောင်းသားများနှင့် အထက်တန်းကျောင်းသားများ၊ နေ့ကျောင်းသားများက သူတို့နိုင်တာကိုပဲလုပ်ကြမည်။ အီးစီတွင်မပါဝင်လိုကြ၊ ခိုင်းသမျှပူးပေါင်းလုပ်ကြမည်ဟု ဆိုပါသည်။ ခင်ဗျားတို့၊ အစ်ကိုကြီးတို့ကသာ ညွှန်ကြားပါ၊ အတတ်နိုင်ဆုံးဝိုင်းလုပ်မည်။ ဦးသန့်ဈာပနအလောင်းကာကွယ်ဖို့၊ လုံခြုံရေးယူဖို့၊ သတင်းထောက်လှမ်းဖို့၊ ရိက္ခာ၊ စားစရာ၊ ဆက်သွယ်ရေးများကို သူတို့ကတာဝန်ယူပေးမည်။ သတင်းထူးလျှင် လာပို့မည်။ အလယ်ထပ်ကို ပြန်ကြားရေးရုံးထားပါဟုဆိုသည်။ စီးပွားရေးတက္ကသိုလ် ကိုစိုးညွန့် (စတုတ္ထနှစ်–ပြောင်ကြီး) ကတော့ ဗဟို (ဘွဲ့နှင်းသဘင်ခမ်းမ) ရော၊ မန္တလေးဆောင်အီးစီအဖြစ်ရော သူတို့နားလည်ထားကြသည်။ ခေါင်းလေးတငြိမ့်ငြိမ့်နှင့် တော်တော်လေးလှုပ်ရှားသွက်လက်တဲ့ ကျောင်းသားတဦးပင်။ အဲ့ဒီတုန်းက အသက် (၂၄) နှစ်အောက်များဖြစ်ကြသကိုး။

ဒီဇင်ဘာ (၇) ရက်နေ့ညဘက် မဲခွဲဆုံးဖြတ်ကြသည်။ လှုပ်ရှားနေသောကျောင်းသားများကို မဖမ်းဖို့၊ ဦးသန့်အလောင်းနှင့် ထိုက်တန်သော နေရာတခုဖြစ်နိုင်သည့် ကန်တော်မင်ပန်းခြံပို့ဖို့။ နောက် ဒီ တကသဝင်းထဲမှာပဲမြှုပ်ဖို့။

ဒေါ်အေးအေးသန့်၊ ဦတင်မြင့်ဦး၊ ဦးခန့်၊ ဆစ်ဒနီခန့် (ဦးသန့်တူ) တို့က မန္တလေးဆောင်လာပြီး သူတို့သဘောထားကို ပြောကြသေးသည်။ အေးအေးချမ်းချမ်းပဲ ဖြစ်စေချင်သည်။ ဈာပနကိစ္စပြီးသွားလျှင် ဦးသန့်အထိမ်းအမှတ်လည်းဖြစ်၊ သူ၏ဆန္ဒလည်း ဖြစ်သည့် စာကြည့်တိုက်တခုဖြစ်စေချင်သည်။ ၎င်းတို့၏ဆန္ဒကို ကျနော်တို့နားထောင်သည်။

ကျနော်တို့ကတော့ ဒီတကသဝင်းထဲမှာပဲ မြှုပ်စေချင်သည်။ တကသဝင်းသည် အဓိပါယ်ရှိလွန်းသည်။ သမိုင်းအစဉ်အလာကြီးလွန်းသည်။ ဒီမှာတင် ငြိမ်းချမ်းရေးဖခင်ကြီးဟု ကျနော်တို့လေးစားသော ဦးသန့်အလောင်းကို မြှုပ်စေချင်သည်။ မဆလ အစိုးရက ခွင့်ပြုချင်မှ ခွင့်ပြုမည်။ ကျနော်တို့က တက္ကသိုလ်နယ်မြေသည် လွတ်လပ်သောနယ်မြေဖြစ်သည်။ တက္ကသိုလ်ကျောင်းတိုင်းသည် မည်သည့်အစိုးရနှင့်မျှမဆိုင်၊ အဲဒီတိုင်းပြည်ကပိုင်သည်။ ကျောင်းသားများတွင် အစိုးရမရှိ၊ သူပုန်မရှိ၊ အကြမ်းဖက်မှုမရှိ၊ ခွဲခြားမှုမရှိ၊ လူမျိုး ဘာသာ သာသနာကအစ လွတ်လပ်ခွင့်ရှိသည်။ အရောင်အဆင်း၊ အယူဆစွဲအစွန်းများလက်မခံ။ လွတ်လပ်သော အတွေးအခေါ်အယူအဆများဖြင့်သာ မိမိအနာဂတ်နှင့် တိုင်းပြည်၏တိုးတက်မှုအနာဂတ်များကို ဆက်စပ်နေသည်ဟု ထင်ခဲ့ကြသည်။ ကျောင်းကထွက်ရင်တော့ အရောင်တွေပြောင်း၊ ကောင်းမကောင်းက သမိုင်းကြောင်းတွေရှိမည်ဟု တွေးထင်ခံစားနေကြသည့် အချိန်လည်း ဖြစ်ခဲ့ပါသည်။

ဒီတော့အဓိပ္ပါယ်ရှိသောနေရာသည် တကသဝင်းပင်။ ဗိုလ်အောင်ကျော်ကျောက်တိုင်လေးကို ညဖက် ဖယောင်းတိုင်ထွန်းထားသည်လည်း တွေ့ရသည်မို့ ဒီနေရာကို ရွေးချယ်ဆုံးဖြတ်ကြခြင်းဖြစ်သည်။ မဆလအစိုးရကတော့ ကြိုက်မကြိုက်မသိ၊ ပြဿနာတော့ဖြစ်မည်ကို သိကြသည်။ နောက်ဆုံး (၆၂) ခုနှစ်နဲ့ လွန်ခဲ့တဲ့ ဇွန် (၆) ရက်ကလို ဖုံးခွဲပြီးပစ်သတ်နိုင်သည်ထိ တွေးကြသည်။ မတတ်နိုင်၊ နောက်မဆုတ်ချင်ကြ။ လာမဲ့ဘေး ပြေးကြမည်လား၊ ပြေးတွေ့ကြမည်လားဆိုတာတော့ အဲဒီအချိန်မှသိရပေတော့မည်ဟု ခပ်ပေ့ါပေ့ါပဲ တွေးထားမိကြသည်။

+++×××+++

အင်း...ဒီဇင်ဘာဆိုတော့ ဆောင်းရဲ့သတ္တိ အေးမြမြရာသီလေးကခံစားနေရပါပြီ။ ပီပြင်လှသောဆောင်းရာသီသဘင်ကို အမိတက္ကသိုလ်ကြီးမှာ အေးချမ်းလှပစွာဖြင့် ခံစားရတော့မည်တော့ မဟုတ်ပါချေ။ မစ်တမ်း **Mid-term** စာမေးပွဲက (၁၀) မှတ်ဖိုးမို့ စာကျက်ရတာလည်း ပျင်းပျင်း။ အားကစားရာသီကလည်းဖြစ်တော့ သူလေးတို့တသိုက် အပြေးလေ့ကျင့်ကြပေတော့မည်။ ကျနော်တို့ ဒဂုံဆောင်က ဂျပ်ဆင်လမ်းနဘေးတွင်ရှိတော့ အားလုံးကိုမြင်ရသည်။ ဆယ်ကျော်သက်တို့၏ သွက်လက်မြူးကြွ၊ လှပပုံနှင့် ရင်ခုန်စရာများကို တွေ့ထိခံစားရစမြဲ။ ကြွေရုပ်ကလေးလိုလှပသူများ၊ ယမင်းရုပ်လေးလိုလှပသူများ၊ ကာတွန်းထဲက ဇာတ်ကောင်တွေလို ရုပ်သွင်လေးများနဲ့ တခါတရံမနာလိုစရာကောင်းအောင် တွဲလျှောက်လာတတ်သော အတွဲလေးများကို ကြည့်ရင်းနဲ့ စိန်ပန်းပင်ကြီးများကို ခဲနှင့်ကောက်ပေါက်တတ်သော သူငယ်ချင်းတချို့ကို သတိရနေ မိပြန်ပါသေးသည်။

စိန်ပန်းပင်၊ ရေတမာပင်၊ ပိတောက်ပင်ကြီးများ၊ ကံ့ကော်တော၊ သစ်ပုတ်ပင်၊ တံတားဖြူ (ယခုတော့ နီသွားချေပြီ)၊ အင်းလျားကန်ဘောင်၊ အင်းလျားရေပြင်၊ လေ့လှော်ရွက်တိုက်အသင်း ...။ နှင်းငွေ့သက်သက်လေးများနဲ့ အင်းလျားရဲ့ နံနက်ခင်းရေငွေ့ဖြူဖြူလေးများက ကန်ရေပြင်ထက်တွင်ယှက်လိမ်နေကြမည်။ နှင်းငွေ့အေးအေး၊ ရေငွေ့နွေးနွေးလေးများကြားမှာ လမ်းလျှောက်လာတတ်ကြသော ခြေရာလေးများပိုင်ရှင်တို့ကား ...။ တခါတခါဝင်ဝင်လာတတ်သည့် စိန်ပန်းပင်ထက်က ဥဩသံမပီတပီကလည်း ...။

သာမန်ဆိုရင်တော့ ကံ့ကော်တောဟု မိမိတို့တင်စားထားသည့် ရန်ကုန်ဝိဇ္ဇာ–သိပ္ပံတက္ကသိုလ်ဝင်းနှင့် စီးပွားရေးတက္ကသိုလ်ဝင်းကြီးသည် ကြည်နူးစရာ၊ လွမ်းမောစရာများနှင့် ပြည့်နေတော့မည်။ ကံ့ကော်တစ္ဆေ အခြောက်ခံရပြီး အမြီးအမောက်မတည့်ဘဲ ရှိနေတတ်သောသူတို့လည်း တစုံတရာကိုမျှော်လင့်ရင်း ဝေးမောရင်းနှင့် ရင်ထဲဟာတာတာနှင့်ပင် ရှိနေချေတော့မည်။ ဒီဇင်ဘာကျောင်းပိတ်တို့တွင် မခွဲချင်ဘဲခွဲခွာရတော့မည်။ ကျနော်တို့က ဒီလိုပြောကြသည်။ လိမ်ဖယ်လိမ်ဖယ်ဇာတ်လမ်းလေးများနှင့် အတိအလင်းမကြေညာရဲသော အတွဲလေးများ၏ မျက်ဝန်းကိုတော့ ဖတ်မိပါသည်။

ကြင်နာကြလွန်းသူများအတွက်တော့ မခွဲရက်စရာ၊ မခွဲရက်စရာ ဒီဇင်ဘာပါပဲလေ။ ဒီကျောင်းပိတ်ရက်တွေကတော့ သူတို့အတွက် မဖြေစရာ... နွေကမ္ဘာလိုအပူတွေပဲပေ့ါ။ ဒီဇင်ဘာမှာ သူတို့မချမ်းကြပါဘူး။ လွမ်းတတ်ကြပါတယ်။ အဲဒါသူတို့အစား ခံစားကြည့်မိတာလေ။

ဒီလိုဒီဇင်ဘာမျိုး သုံးကြိမ်ဖြတ်ခဲ့ဖူးသော ကျနော်တို့လို စာကြမ်းပိုးစာတေလေများကတော့ အင်္ဂလိပ်လင်လေးများနဲ့ ဟိုတကွက်၊ ဒီတကွက် ရေးချင်စရာ ။

ဒီနှစ်ဒီဇင်ဘာမှာတော့ စာကြည့်တိုက် အသစ်ဆောက်လုပ်နေသဖြင့် ကံ့ကော်တောလေးကို တခြမ်းဖျက်လိုက်ရသည်။ မိမိအပါအဝင် ကျောင်းသားအချို့က ထိုသို့ဆောက်သည်ကို မကြိုက်လှ။ တခြားတနေရာဆောက်ရင်ရရဲ့သားနဲ့ ဟုတွေးမိသည်။ ကံ့ကော်ရွက်ကြွေတောလေးထဲ လမ်းလျှောက်ရသည်ကိုက အရသာပင်။ ထိုင်ခုံလေးမှာထိုင်ပြီး ကြင်နာစွာ ထမင်းခွံ့ကျွေးနေကြသော သူလေးများက တခါတရံ ရွက်ခြောက်တွေပေါ် ခြေလှမ်းကြဲကြီးများနှင့် လျှောက်လာနေကြသောအသံကြောင့် “သူခိုးလူမိသလို ရှက်ရွံ့ဟန်လေးများ၊” ပြီးတော့ အဲဒီခုံတန်းလေးတွေမှာပဲ တဦးတည်းထိုင်ပြီး ကဗျာစလေး စာစလေးတွေ ရခဲ့တာတို့များ မခံစားရလေရော့သလား၊ ဆောက်လုပ်ခွင့်ပေးလိုက်တဲ့ ကျောင်းကဆရာတို့–ကျောင်းအုပ်ချုပ်ရေးမှူးတို့ရယ်လို့ ဒေါမနဿ ထွက်မိကြသေးသည်။ ကံ့ကော်တောကို နှောင်းလူငယ်တွေ မြင်ကြရတော့မည်မဟုတ်၊ ရင်နာမိခဲ့ပြန်ပါသည်။

တကယ်တော့ ဒီကံ့ကော်တောသာမဟုတ်။ ဘွဲ့နှင်းသဘင်ခန်းမ၊ သစ်ပုပ်ပင်၊ အဓိပတိလမ်းမ၊ ဂျပ်ဆင်ဘုရားရှိခိုးကျောင်း၊ **RC** အပန်းဖြေခန်းမ၊ တကသအဆောက်အဦး (ယခုတော့ လွင်ပြင် ဖုန်းဆိုးနေရာ) တို့ဟာ များစွာသောကျောင်းသားများ၏ ဇာတ်လမ်းများ၊ သမိုင်းကြောင်းများကို စခဲ့ကြသည်ပင်။ ဂန္ထဝင်အချစ်ဇာတ်လမ်းများ၊ အနုပညာသည်များ။ နိုင်ငံရေးလှုပ်ရှားသူများ၊ ပြောင်

မြောက်သော သတ္တိသွေးနှင့် စွန့်လွှတ်သူများ၊ တော်လှန်ရေးသမိုင်းများနှင့် သက်ဆိုင်နေကြသည်ပင်။ တက္ကသိုလ်ရောက်ဖူး၊ ကြုံဖူးကြသော၊ တက်နေကြသောကျောင်းသား၊ ကျောင်းသူများ၏ နောက်ခံပန်းချီကားတချပ်ပင်။

ကျနော် လွမ်းမောနေမိပါသည်။ လွမ်းလည်းလွမ်းပါသည်။ မောလည်းမောပါသည်။ ကျနော်လည်း အမိတက္ကသိုလ်နယ်မြေကို ချစ်သော ကျောင်းသားတယောက်မို့ပါလေ။

+++×××+++

အဲဒီ ဒီဇင်ဘာ (၇) ရက်ည (၁၀) နာရီလောက်ကပါပဲ။ ကိုလတ်ကြီးတို့လူစုက လာပြောသွားသည်။ "ငါတို့တာဝန်ကျေပြီကွာ" တဲ့။ "မင်းတို့ EC တွေပဲဆက်လုပ်ကြတော့။ တို့ပင်ပင်ပန်းပန်းဆောက်လုပ်ခဲ့ရတဲ့ ဂူကြီးကိုတော့ ဦးသန့်အလောင်းကို ခဏလောက်ထည့်ထားစေချင်တယ်ကွာ။ မင်းတို့သဘောပါပဲ။ တို့ဒီမွန္တလေးဆောင် EC တွေဖက်က နှစ်မဲလား၊ သုံးမဲလား၊ ရပြီးတော့ ဟိုး ကွန်ဗိုကေးရှင်းဖက်က ဗဟိုကော်မတီတွေက ခြောက်မဲလား၊ ခုနစ်မဲလား ရတယ်လို့သိရတယ်။ ဒီမိုကရေစီအရဆိုရင်တော့ တို့ရှုံးသွားပြီ။ ဒါပေမဲ့ မင်းတို့တတ်နိုင်ရင်တော့ ကြံကြဦးပေါ့။ ငါတော့ထင်ပါတယ်။ တို့ကျောင်းသားအများစုက ဒီမှာတင် မြှုပ်ချင်ကြတာ။ ငါတို့ကတော့ (၆) ရက်နေ့ကတည်းက နေ့မအိပ် ညမအိပ်၊ နေ့မီး ညမီးနဲ့ လုပ်သွားတာ ပြီးသွားပြီ။ အခု အထက်တန်းကျောင်းသားလေးတွေက သူတို့အုပ်နဲ့သူတို့ ဂူကိုစောင့်နေကြတယ်။

"ငါတို့တော့ ဒီလောက်ပဲ တတ်နိုင်တယ်။ ပြန်အိပ်ကြဦးမယ်။ ပြီးရင် ပြန်လာချင်လည်း လာခဲ့မယ်။ တို့မြို့တွေလည်း တို့ပြန်သွားချင်သွားကြမယ်။ မင်းတို့ဆက်လုပ်ပေါ့။"

ကိုလတ်ကြီးတို့အဖွဲ့ အုတ်ဂူလုပ်ဖို့ တာဝန်ယူထားကြပါသည်။ သူက RIT (BE) ဘွဲ့ရပြီးသား။ သင်္ဘောသားလုပ်နေသည် ဟု သိရသည်။ ခပ်ထွားထွား၊ ခပ်တောင့်တောင့်။ သူ့ကို နည်းနည်းမော့ပြီးမှ ပြောလို့ရသည်။ ဒီဇင်ဘာ (၆) ရက်၊ တကသကွင်းကြီးရှင်းပြီးတော့ ဂူဆောက်ဖို့နေရာရွေးကြသည်။ မိမိနှင့် အခြားကျောင်းသား (၂) ဦးက ပန်းရံဆရာကိုသွားခေါ်ကြသည်။ တောင်ဂူဆောင်တံခါး တာဝန်ကျကျောင်းသားများက ဖွင့်မပေး၍ ကျော်တက်ပြီးသွားရသည်။ ကြံတောသုသာန်အနီးက နာနတ်တောရပ်ကွက်အစွန်မှာ ရှာတွေ့သည်။ ပန်းရံဆရာကြီးက မလိုက်ဖြစ်။ သူ့တပည့်တယောက်ကို ပစ္စည်းတချို့နှင့်ထည့်လိုက်သည်။ မိမိတို့မှာလည်း တောင်ဂူဆောင်ဂိတ်ကို ပြန်ကျော်ပြီး ဝင်ခဲ့ရသေးသည်။ အစောင့်ကျောင်းသားလေးများက မိမိတို့ကိုယ်ပေါ် ရှာကြသေးသည်။ အဖျက်ပစ္စည်း ပါမပါဆိုတာကို။

ရောက်တာနှင့် တခါတည်း မြေတူးကြသည်။ ပေါက်တူးကိုလုပြီး တူးကြသည်။ တက်ကြွလွန်းသည့် ကျောင်းသားငယ်များကို ကြည့်ရင်း ပီတိမျက်ရည်ဝဲမိသည်။

ညဖက် (၈) နာရီရောက်တော့ ကိုလတ်ကြီးတို့လူစု ပြန်လာကြသည်။ အာဇာနည်ကုန်း (ဗုံးခွဲမခံရမီ) က ဗိုလ်ချုပ်အောင်ဆန်း အုတ်ဂူအတိုင်း အတိအကျတိုင်းပြီး ယူလာခဲ့ခြင်းဖြစ်ပါသည်။ ၎င်းအတိုင်း အတိအကျဆောက်မည်ဟုပြောသည်။ ကျနော်တို့အားလုံး သဘောကျလက်ခံကြသည်။

"ခင်ဗျားတို့ထမင်းစားပြီးကြပြီလား။" "ဟာ... ဘယ်စားရဦးမှာလဲ။ ထမင်းကအရေးမကြီးဘူးလေ။" "အေးဗျာ။ ဟို ဂျင်မ် (အားကစားရုံ) ထဲမှာ ကိုတင်စိုး (ချူတေး၊ ရူပဗေဒနောက်ဆုံးနှစ်) နဲ့ ကိုစိုးညွှန့် (ပြောင်ကြီး၊ စီးပွားရေးနောက်ဆုံးနှစ်) တို့အဖွဲ့က ထမင်း ဒယ်ကြီးနှင့် ချက်ပြီးကျွေးနေကြတယ်။ နီးနီးလေးပဲ၊ သွားစားလိုက်ကြပါဦး။"

"အော်... ဒီမှာလဲ သိမ်ကြီးဈေးဖက်ကလှူထားတဲ့ တို့ဟူးကြော်တွေရှိတယ်။ ဒါက ဒဂုံဘိလပ်ရည်စက်ရုံကလှူလိုက်တဲ့ ကရင်ဆော်ဒါနဲ့ ဘိလပ်ရည်ရှိတယ်။ အချိုရည်တွေလေ၊ ယူသွားပါဦးလား"

ကျနော့်စကားမဆုံးခင် သူတို့က မွန္တလေးဆောင်အလယ်ထပ်ဆီ ဆင်းသွားတော့သည်။ နှစ်ရက်နှင့် အပြီးဆောက်မည်တဲ့။ အုတ် သဲဘိလပ်မြေ ဘယ်ကရမည်နည်း၊ ကျနော်တွေးမိသည်။ ဒါကသူတို့တာဝန်ပဲလေ။

အင်း... အပြင်ထွက် အလှူခံရင်တော့ အဖမ်းခံရမှာ သေချာတယ်။ စာကြည့်တိုက်အသစ်ကလည်းဆောက်နေတုန်း။ ကျနော် ဆက်စပ်တွေးမိလိုက်သည်။

+++×××+++

"ဟေ့ကောင်၊ ကိုလှငွေရေ၊ တို့ဘယ်လိုလုပ်ကြမလဲ။ ဦးသန့်အလောင်းကြီးကို သူတို့သယ်သွားကြတော့မယ်။ ငါ့အထင်တော့ အသံလွှင့်ရုံနားရောက်တာနဲ့ အမ်အိုင်တွေက ရန်ဖြစ်ဟန်ဆောင်ပြီး တို့လူအုပ်တန်းကြီးထဲမှာ ပြဿနာရှာမယ်။ အဲဒီအသံလွှင့်ရုံကို ခဲနဲ့ပေါက်မယ်။ မှန်တွေကွဲသွားရင် အထဲမှာရှိတဲ့အစောင့်တပ်က စစ်သားတွေက တို့ကိုပစ်ရင် ရုတ်ရုတ်သဲသဲဖြစ်ပြီး အခေါင်းကြီးနဲ့ အလောင်းကြီးက လမ်းပေါ်မှာ ကွဲထွက်သွားမယ်။ တို့ကျောင်းသားတွေ ပိုပြီးသိက္ခာကျရတော့မယ်။ အဖမ်းခံရတော့မယ်။ ထောင်ထဲ မရောက်တာတောင် လမ်းမပေါ်မှာပဲ အပစ်ခံရတော့မယ်။ အသေခံရတော့မယ်။"

ကျနော်က အချစ်ခင်ရဆုံးနှင့် အရင်းနီးဆုံး အတန်းတူ ဉာဏ်ကျယ်လေး စောလှငွေ (စတုတ္ထနှစ်စိတ်ပညာ) ကို ပြောမိပါသည်။ ကျနော်တို့စိတ်ပညာကျောင်းသား (၅) ဦးမှာ မွန္တလေးဆောင်ကိုသိမ်းထားပြီး အီးစီအဖြစ်တာဝန်ယူထားကြသူများဖြစ်ပါသည်။ စောလှငွေက ဗဟို သတင်းနှင့်ဆက်ဆံရေးကိုတာဝန်ယူ၊ ကျနော်က ဘဏ္ဍာရေးနှင့်လုံခြုံရေး၊ ကိုသောင်းအေးနှင့် ကိုမြင့်ဟန်တို့က ပြန်ကြားရေးနှင့် ထောက်လှမ်းရေးသတင်းတာဝန်ယူ၊ စိုးကြီးကတော့ စည်းရုံးဆက်ဆံရေးနှင့် အဆောင်လုံခြုံရေး၊ အတွင်းအပြင်ဆက်ဆံ

ရေးကို တာဝန်ယူနေကြသည်ဖြစ်ပါသည်။ တိတိကျကျ စနစ်တကျနှင့် လုပ်နေကြသည်တော့ မဟုတ်ပါ။ အသိတရားနှင့် တာဝန်ယူနေကြခြင်းဖြစ်ပါသည်။

မွန္တလေးဆောင်ရှေ့တွင် ကိုထွန်းကျော်ငြိမ်း၊ ကိုဘိုဘိုကျော်ငြိမ်း (ဖဆပလ ဦးကျော်ငြိမ်း၏သားနှစ်ဦး) တို့ဦးဆောင်ပြီး ယာယီဆေးပေးခန်းလေး ဖွင့်ထားသည်။ လုံခြုံရေးတချို့ကိုလည်း တာဝန်ပူးတွဲယူထားကြသည်။ ကိုအင်ဒရူး၊ ကိုတင်မောင်ဦး (ဗလကြီး)၊ ကိုရဲမြင့်နှင့် ကိုဥာဏ်ပေါ် (စာရေးဆရာမင်းလူ) တို့က သတင်းနှင့်ပြန်ကြားရေးဟု စာတမ်းလေးများတပ်ကာ ကျောင်းထိုင်ခုံလေးများမှာထိုင်ပြီး သရော်စာများ၊ ကာတွန်းပုံများ၊ ရထားသောသတင်းများကို ချက်ခြင်းပင် လက်ရေးစာလုံးနှင့်ရေးကြပြီး ကပ်ထားကြပါသည်။ ကိုယ်နိုင်သောတာဝန်များ ကိုယ့်ဖာသာယူပြီး တစိတ်တဝမ်းထဲ လုပ်နေကြသည်မှာ အံ့သြစရာပင်။

ဒီနေ့ရှစ်ရက်မှာ ဂူကြီးလည်းပြီးသွားပါပြီ။ ဂူနောက်ဖက်က ကိုမျိုးမြင့် (ပန်းချီ) တို့ရဲ့ တမဟုတ်ချင်းလက်ရာဖြစ်လာတဲ့ ဦးသန့်ပုံတူ ပန်းချီကားကြီးနောက်ခံတဲ့ စင်မြင့်ကြီးလည်း အနည်းငယ်အပြီးသတ်ဖို့ပဲ လိုပါတော့သည်။ မနေ့က (၇) ရက်ဒီဇင်ဘာနေ့က မဲခွဲဆုံးဖြတ်ခဲ့ကြသည့်အတိုင်း ဒီဂူကြီးကို ဒီလိုပဲထားပြီး ကန်တော်မင်ပန်းခြံထဲကို ဦးသန့်အလောင်း ပို့ရပါတော့မည်။ မကျေနပ်ကြပါ၊ မပို့ချင်ကြပါ၊ မတတ်နိုင်ပါလေ။ ဒီနံနက် ကိုးနာရီခွဲလောက်မှာ ကွန်ဗိုကေးရှင်း (ဘွဲ့နှင်းသဘင်ခန်းမ) ထဲက ဦးသန့်ရုပ်ကလာပ်အခေါင်းကို သယ်လာကြတော့မည်ဟု ကြေညာလိုက်ပါသည်။

အစီအစဉ်က ရှေ့ဆုံးကကျောင်းသားအချို့နှင့် ဘုန်းတော်ကြီးများ၊ ပြီးတော့ ပန်းခွေများ၊ ပြီးတော့ အခေါင်းကြီးကို ထမ်းလာကြမည်။ ၎င်းရှေ့တွင် ရုပ်ကလာပ်ဥက္ကဋ္ဌကိုကြည်ဝင်း (အင်အယ်လ်ဒီအမတ်၊ မင်္ဂလာဒုံ) က ကန်တော့ပွဲကို ခေါင်းပေါ်မှာရွက်ပြီးတော့ လိုက်ပါလာမည်။

လူတွေက ရှုပ်ရှက်ခတ်ပြီး အဓိပတိလမ်းပေါ်မှာပြည့်သွားသည်။ တရွေ့ရွေ့နှင့် လာနေကြသည်။ ကိုကြည်ဝင်း (စတုတ္ထနှစ်သချ်ာ) မှာ အပြုံးတွေ၊ ပီတိတွေ တွေ့ရသည်။ မျက်လုံးအစုံမှာ ဝမ်းသာမျက်ရည်စလေးများ လည်နေသည်ဟုထင်ရသည်။

စောလှငွေက အလောင်းရောက်လာသည်ဟုသိရတော့ အောက်ကိုဆင်းသွားသည်။ အားလုံးအောက်ကို လိုက်ဆင်းသွားကြသည်။ အဆောင်မှာရှိနေသော ဘုန်းတော်ကြီးများလည်း ပါသည်။ ကျနော် နောက်ဆုံးဆင်းဖြစ်သွားသည်။ အလောင်းက RC ကျော်ကျော်လောက်ပဲ ရှိသေးသည်ဟုသိရ၍ မွန္တလေးဆောင် အလယ်ထပ်သို့ ပြန်တက်လာခဲ့သည်။ ကျနော့်စိတ်ကူးက သည် အလောင်းသည်အခေါင်းကြီးကို ခေတ္တဂူထဲသို့သွင်းစေချင်သည်။ ဒါမှ ဂူဆောက်ထားသူများ၊ တကသဝင်းကို ရှင်းလင်းပေးခဲ့သူများ၊ လုံခြုံရေးကျောင်းသားငယ်များ၊ ရိက္ခာထမင်း လာချက်ပေးသူများ၊ လာရောက်အားပေးကြသောသူများ ကျေနပ်ကြပေမည်။ နို့မဟုတ်ရင်တော့ ပြဿနာတက်နိုင်သည်။

လှေခါးထစ်များကို အပြေးလေးတက်ခဲ့ပြီးနောက် အလယ်ထပ်ဆင်ဝင်ခမ်းမဘေးတွင် တပ်ဆင်ထားသော၊ စပီကာနှစ်လုံးနှင့် ဆက်သွယ်ထားသည့်မိုက်ကို ကိုင်လိုက်ပါသည်။ ဘယ်သူမှမရှိသောကြောင့် ပိုဝမ်းသာမိသွားသည်။ မိုက်တလုံးကို လည်ပင်းမှာ ပတ်ထားပြီး တလုံးကို ပါးစပ်နှင့်တေ့ထားလိုက်သည်။ မွန္တလေးဆောင်ရှေ့ရှိ အဓိပတိလမ်းမကြီးပေါ်မှာ လူတွေပြွတ်သိပ်နေသည်။ ကိုယ်လုံးတွေ မမြင်ရတော့၊ ခေါင်းတွေပဲ မြင်ရတော့သည်။ ကိုကြည်ဝင်းက ခေါင်းပေါ်ကကန်တော့ပွဲကို ကျ,မသွားအောင် ထိန်းထားပြီးတော့ လမ်းဖယ်ခိုင်းနေသည်။ စကားအပြန်အလှန်ပြောသံတွေက ဆူညံနေသည်။ ကျနော်သတိရလိုက်သည်။ မိုက်ကရိုဖုန်းတခုကို ကိုင်ပြီးတော့ ငိုင်နေရာမှ "ပြည်သူလူထုကြီးနဲ့ ကျောင်းသားများ ရဟန်းတော်များခင်ဗျား" သုံးခါတိတိအသံမြှင့်အော်တော့မှ အောက်က အသံများငြိမ်သွားသည်။ အလည်ထပ်မှ မိုက်ကရိုဖုန်းကိုင်ထားသောကျနော့်ကို ကြည့်နေကြသည်။

"ကျနော်တို့က ဦးသန့်ကို ဒီနေရာမှာမြှုပ်ပြီး ဂုဏ်ပြုဖို့ စည်းဝေးဆုံးဖြတ်ခဲ့ကြပေမဲ့ ကာယကံရှင်တွေဖြစ်တဲ့ ဦးခန့် (ဦးသန့်အစ်ကို)၊ ဆစ်ဒနီခန့်(ဦးသန့်တူ)၊ ဒေါ်အေးအေးသန့်တို့နဲ့ မဲခွဲဆုံးဖြတ်တဲ့အခါ ကန်တော်မင်ပန်းခြံကို ပို့ရမှာဖြစ်ပါတယ်။ တကယ်တော့ ဒီဦးသန့်အလောင်းဟာ ကျနော်တို့အားလုံးနဲ့လည်း သက်ဆိုင်ပါတယ်။ ဒီအလောင်းကြီး အပြင်မရောက်ခင် ဆုံးဖြတ်ချက်ပေးနိုင်ပါသေးတယ်"

"အေး... အေး... ဟုတ်တယ်၊ ဟုတ်တယ်" လက်ခုပ်တီးကြ၊အော်ပြောကြပါသည်။ "ဒီတော့ ဒီအလောင်းကြီးကို ဒီမှာတင်မြှုပ်တာကမှ သင့်တော်ပါဦးမယ်။" "ဟုတ်တယ်ဟေ့" အသံတွေကထွက်ပေါ်လာပါသည်။ တချို့က မွန္တလေးဆောင်ဝင်းထဲကို ပြေးဝင်လာကြပါသည်။ သူတို့က ကျနော်ရှိရာ အလယ်ထပ်ကို လာချင်ပုံပေါ်ပါသည်။ မရတော့ပါ။ ကျနော် သော့ခတ်ခဲ့ပြီးဖြစ်ပါသည်။ ဘာဂျာတခါးကို ဆွဲလှုပ်သွားပြီးနောက် ပြန်ထွက်သွားကြပါသည်။

"ဒီမှာမြှုပ်မဲ့သူနဲ့၊ ဟိုမှာမြှုပ်မဲ့သူတွေကို ကျနော် အသံနဲ့ဆုံးဖြတ်ပြီးတော့ မဲခွဲကြည့်ပါမယ်။ ဒါက ခင်ဗျားတို့ဆန္ဒအရပါ။ ကဲ... ဒီတော့ တကသလွင်ပြင်မှာ မြှုပ်မယ်ဆိုတဲ့သူများက လက်ခုပ်တီးကြပါ။"

လက်ခုပ်သံများ ဟီးထွက်လာပါသည်။ သုံးလေးမိနစ်ကြာမှ လက်ခုပ်သံများအတီးပြတ်သွားသည်။ နောက် ကန်တော်မင်ပန်းခြံမှာမြှုပ်ဖို့ ဆိုတဲ့သူများ လက်ခုပ်တီးပေးကြပါဦးဆိုတော့ လက်ခုပ်သံများက ဟိုတကွက်၊သည်တကွက်။

"ဟုတ်ကဲ့၊ ကြားတဲ့အတိုင်းပါပဲ။ ဒီမှာပဲ မြှုပ်မှာဖြစ်ပါတယ်ခင်ဗျား။" ဥက္ကဋ္ဌကိုကြည်ဝင်း စိတ်ပျက်သွားမည်ဟု ထင်လိုက်ပါသည်။ မတတ်နိုင်တော့ပါ။

ကိုလတ်ကြီးတို့ ဦးစီးဆောက်လုပ်ထားသော ဂူကြီးထဲသို့ ဈာပနခေါင်းကြီးကို ထည့်လိုက်ပါသည်။ အသံများတိတ်သွားကြပါသည်။ နောက်မှ အော်ပြောလိုက်သော အသံတသံကို ကြားလိုက်ရပါသည်။ "ကုလသမဂ္ဂအလံကြီးကိုလည်း ထည့်ပိတ်လိုက်ဟေ့" တဲ့။ ကဗျာကယာ မိုက်ကရိုဖုန်းဖြင့် အော်ဟစ်လိုက်ရပါသေးသည်။ "အလံကိုအပြင်ထုတ်ပါ။ ဂူထဲ မထည့်ရပါဘူး။" အသံများကားရောသွားချေပြီ။

ကျနော်မိုက် (၂) လုံးကို ဖျက်ဆီးပစ်လိုက်ပါသည်။ ကြိုးတချို့ကိုလည်း ဖျက်ဆီးဖြတ်တောက်လိုက်ပါသည်။ နောက် အဆောင်အောက်ထပ်ကို ဆင်းလာခဲ့ပါသည်။ အောက်ထပ်အဝင်တခါးမှာ ပွင့်နေပြီး ဘေးခန်းမတခု၏ တခါးဝအပေါ်ဖက်တွင် "မန္တလေးဆောင်ထိန်းသိမ်းရေးစခန်း" ဟုရေးထားကြောင်းတွေ့ရပါသည်။ ခုံတွေလည်း ရှင်းလင်းထားပါသည်။ အသက်ကြီးကြီး၊ နဖူးပြောင်ပြောင်နှင့် လူကြီးတယောက်ကိုတွေ့ရပါသည်။ မန္တလေးဆောင်အပေါက်ဝ ဘေးပေါက်ငယ်မှထွက်လာပြီး ဂူရှိရာကို လာခဲ့ပါသည်။ တိုးသွား၍မရတော့ပါ။ ရဟန်းပျိုများကပိတ်ထားပါသည်။ ရဟန်းပျို သုံးထပ်၊ လေးထပ်လောက် ပိတ်ထားကြောင်းတွေ့လိုက်ပါသည်။ အလောင်းကို လာရောက်ဖျက်ဆီးလုယက်မှာစိုးလို့ဟု သိရပါသည်။

"တပည့်တော် မန္တလေးဆောင်က အီးစီပါ ဘုရား။ တပည့်တော်ကိုသွားခွင့်ပြုပါ။ ကုလသမဂ္ဂအလံကြီးကိုထည့်ပြီး မြှုပ်မိမှာစိုးလို့ပါ ဘုရား။" ဘုန်းကြီးတပါးက လှည့်ကြည့်ပြီးတော့ "ဒကာလေး... ဒီလိုသွားလို့မရတော့ဘူး။ ဒို့လည်း လမ်းဖယ်ပေးလို့မရတော့ဘူး။ ကြပ်ညပ်နေပြီ။ မင်း ဒို့ပခုံးပေါ်ကလျှောက်သွားတော့။" "မဖြစ်နိုင်ပါဘူးဘုရား... နည်းနည်းဖယ်ပေးကြပါ။" "အို... ကြာတယ်ကွာ၊ ရော့၊ ဒကာလေး။ ကျုပ်ပခုံးပေါ်ကပဲသွားတော့။" ကျနော် စွေ့ကနဲပါသွားသည်။ ဖိနပ်တဖက်ကျန်ခဲ့သည်။ ကျန်တဖက်က ဘုန်းတော်ကြီး ပခုံးပေါ်ကျသွားသည်။ "ကိစ္စမရှိဘူး။ မင်း ဒို့ပခုံးပေါ်ကသာ လျှောက်သွားတော့။" ကျနော် မလျှောက်တတ်ပါ။ ကုန်းကုန်းကြီးလေးဘက်ထောက်ဖြစ်နေပါသည်။ ဟိုဖက်ကတွန်း ဒီဘက်ကရွေ့နှင့် ဂူနားရောက်သွားပါသည်။

ဂူရှေ့တွင် ခေါင်းစည်းအနီစည်းထားသော အထက်တန်းကျောင်းသားလေးများက တထပ်ခံထားသည်။ ဂူကိုလည်း ပန်းရံဆရာက စ,ပိတ်နေပြီဖြစ်သည်။ "ညီတို့၊ ငါ့ညီတို့... ကုလသမဂ္ဂအလံကြီးကို ဂူထဲထည့်မသွင်းဖို့ ပြောပေးပါ။ အလံကိုဂူပေါ်မှာပဲ လွှမ်းထားပါလို့။ ဒီအလံကြီးကို သွေးစွန်းအောင်လုပ်ရဲရင် လုပ်ကြပါစေ" လို့ပြောပြီး ပြန်ထွက်ခဲ့သည်။ အပြန်မှာလည်း ဘုန်းတော်ကြီးများရဲ့ ပခုံးထက်ကပြန်လာခဲ့ရသည်မို့ ရင်ထဲဆို့နင့်သွားခဲ့ပါသည်။

အလယ်ထပ်ပြန်ရောက်တော့ လူအတော်စုံနေပါပြီ။ မိမိတို့မန္တလေးဆောင်က အီးစီများကို အပြစ်ပြောတော့မည်ခံရတော့မည်ဟု ထင်မိပါသည်။ နောက်ဒီကိစ္စကလည်း ...

စောလှငွေနှင့် ကိုမြင့်ဟန်တို့မျက်နှာထားတွေက တည်ငြိမ်နေသည်။ ဆုံးဖြတ်ချက် ချထားဟန်လည်းတူသည်။ ကိုတင်စိုးကိုတော့ မတွေ့ရ၊ ကိုအုန်းမောင်ကြီးနှင့်လိုက်သွားဟန်တူ၏။ ကိုသောင်းအေးကတော့ ထုံးစံအတိုင်း ခေါင်းလေးခပ်မော့မော့နှင့် ကျနော့်ကို ကြည့်နေသည်။

"လာကိုတိတ်... မင်းကိုပြောဖို့ပဲ လိုတော့တယ်။ အဲဒါ ကိုစောလှငွေ ပြောလိမ့်မယ်။"

"ကဲ၊ ဒို့တာဝန်တော့ တစိတ်တပိုင်းပြီးသွားပြီ။ နောက်တပွဲဆက်ရတော့မယ်။ အဲဒါက... နိုင်ငံရေးအသွင်ဆောင်သွားပြီကွ။ ဒီဂုဗိမာန်ကြီးဆက်လုပ်ပြီးတိုက်ပွဲဖော်ရတော့မယ်။ ဒီဂူကြီးပြီးသွားတာနဲ့ မပြီးသေးဘူး၊ ကိုတိတ်... "

"မင်းတို့ ဘယ်လိုသဘောရသလဲ"

သူတို့က "ငါတို့ကတော့ ဆက်လုပ်ရမှာပဲ။ ဒီမှာပဲ ဒို့ရင်ဆိုင်ရတော့မယ်။ ဇွန်လ (၆) ရက်နေ့၊ လွန်ခဲ့တဲ့ (၆) လက အလုပ်သမားတွေကို နောက်ပိတ်ဆုံးပစ်သတ်ခဲ့တာ မင်းတို့အသိပဲ မဟုတ်လား။"

"ဒါဖြင့် ဒီဂူကြီးကိုဆက်ဆောက်၊ တရားဟော စည်းရုံးနေရင်းနဲ့ ဒို့ အလုပ်သမားတွေနဲ့ ပေါင်းမိအောင်စီစဥ်ကြမယ်။ အလုပ်သမားတချို့က ဒို့နဲ့ လာပူးပေါင်းပြီးထွက်လာရမှာ နည်းနည်းတွန့်နေကြတယ်။ ဒို့ကိုလည်း မယုံသေးဘူးလို့ထင်တယ်။"

"အလံထောင် မယ်ကွာ... ခွပ်ဒေါင်းအလံ၊ သာသနာ့အလံ၊ အလုပ်သမားအလံ။ ဒီသုံးလက်ထောင်မယ်။"

"အလုပ်သမားအလံကကော။"

"တူတံစဥ်အလံပဲပေါ့။"

**"ဟာ... ဒါဆိုရင် ဒို့ကို ကွန်မြူနစ်အလံထောင်တယ်လို့ ပြောကြမှာ။"**

**"သူတို့က ကြယ်နီပါတယ်။"**

**"ဒို့ကရော... "**

**"ကြယ်နီပါလည်းရတယ်၊ မပါလည်းရတယ်။"**

**"ဒို့ကို ကွန်မြူနစ်လို့ စွပ်စွဲရင်ကော... "**

**"နစ်... နစ်ကွာ၊ တိုက်ပွဲဝင်ဖို့ပဲ။"** ကိုသောင်းအေးက စိတ်မရှည်စွာနဲ့ ကျနော့်ကိုပြောပြီး စိုက်ကြည့်နေပါသည်။ ရင်ထဲမှာရှိတဲ့ အလုံးကြီးလည်း ကျသွားပါပြီ။

"ငါ အိပ်ရေးပျက်လွန်းလို့ အသံဝင်နေပြီ။ အပေါ်ဆုံးထပ်ကိုသွားပြီး နားဦးမယ်။"

"မင်း ဘာဖြစ်လို့ မိုက်ကရိုဖုန်းတွေ ဖျက်ဆီးလိုက်တာလဲ။"

"ဟာ... မင်းတို့လည်းသိသားပဲ။"

(၇၄) ဒီဇင်ဘာမှ ရဲဘော်များကိုဦးညွတ်လျက်
မောင်မောင်တိတ် (ABSDF)




## ဦးသန့်အရေးအခင်း

စက်မှုတက္ကသိုလ်စိုးဝင်း

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်သည် ၁၉၇၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့ အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ကွယ်လွန်ခဲ့ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ဦးသန့်၏ရုပ်ကလာပ်ကို ကြီးကျယ်ခမ်းနားစွာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်းစုံမှ ကိုယ်စားလှယ်များနှင့် နောက်ဆုံးဂါဝရပြုလုပ်၍ ဦးသန့်၏မိသားစုဆန္ဒအရ မိခင်တိုင်းပြည် မြန်မာနိုင်ငံတွင် ဦးသန့်ရုပ်ကလာပ်ကိုသဂြိုဟ်ရန် အစီစဉ်များကို ပြုလုပ်ပါသည်။

ဦးသန့်ကွယ်လွန်ကြောင်း သိလိုက်ရတဲ့အတွက် မျိုးချစ်စိတ်ရှိတဲ့ မြန်မာတမျိုးသားလုံး ယူကျုံးမရ ဝမ်းနည်းကြေကွဲခြင်း ဖြစ်ကြပါသည်။ ကမ္ဘာ့အလယ်မှာ မြန်မာ့ဂုဏ်ကိုဆောင်ခဲ့တဲ့ဦးသန့်၊ အာရှတိုက်သားဦးသန့်သည် ကမ္ဘာ၏အကြီးမားဆုံးသော တာဝန်ဝတ္တရားရှိသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် မြန်မာတဦးဖြစ်ပါသည်။

ထိုအချိန်က ကျနော်သည် ရန်ကုန်စက်မှုတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား၊ အင်ဂျင်နီယာဘွဲ့နှင့် လက်တကမ်းအလို နောက်ဆုံးနှစ်ဝက်တွင် ရောက်ရှိနေပါသည်။ မှားတဲ့နေရာနှင့် မှားတဲ့အချိန်မှာ ကျနော် ရောက်ရှိနေသည်ဟု ဆိုရပေမည်။

၁၉၇၄ ခုနှစ် ဒီဇင်ဘာလ (၁) ရက်နေ့ ဦးသန့်ရုပ်ကလာပ် မြန်မာနိုင်ငံသို့ ရောက်ရှိလာပါသည်။ နေဝင်းစစ်အစိုးရသည် ပြီးစလွယ်သဘောဖြင့် ဦးသန့်ရုပ်ကလာပ်ကို မြင်းပြိုင်ကွင်းဟောင်း ကျိုက္ကဆံကွင်းတနေရာတွင် မဏ္ဍပ်ငယ်တခုသာဆောက်ပေးပြီး ကြက်ခြေနီအသင်းဝင်လူငယ်များနှင့်သာ အစောင့်ချထားပါသည်။ ဒီဇင်ဘာလ ၅ ရက်နေ့၊ နေ့လည် (၁) နာရီတွင် ကြံတောသင်းချိုင်းသို့ ပို့ဆောင်သဂြိုဟ်မည်ဟု ပြည်သူလူထုကို ကြေညာခဲ့ပါသည်။

နိုင်ငံတော်ဈာပနအဖြစ် တခမ်းတနား ဂုဏ်ပြုသဂြိုဟ်လိမ့်မည်ဟု ယူဆနေသည့် ပြည်သူလူထုသည် နေဝင်းစစ်အစိုးရ၏ လျစ်လျူရှုခြင်း၊ ဦးသန့်၏ဂုဏ်သိက္ခာကိုမှမထောက်၊ လုပ်ရက်လေခြင်းရယ်လို့ ပြည်သူကြားဝယ် တဆင့်စကား ပြန့်နှံ့လို့ မကျေနပ်၊ ဝမ်းနည်းဒေါသများ ပေါက်ကွဲစေခဲ့ပါသည်။

တချိန်တည်းတွင် တက္ကသိုလ်ကျောင်းပေါင်းစုံမှ ကျောင်းသားတို့သည် ဈာပနကော်မတီများ ဖွဲ့စည်းပြီး ဈာပနလိုက်ပါပို့ဆောင်၊ နောက်ဆုံးဂါဝရပြုလုပ်ရန် စီစဉ်ကြပါသည်။ ပထမအစီစဉ်အရ ဘတ်စ်ကားများငှါးပြီး ကျိုက္ကဆံကွင်းမှာစုရုံးရန် ကျောင်းသားကိုယ်စားလှယ်များ ဘတ်စ်ကားများ သွားငှါးပါသည်။ ဘတ်စ်ကားအဖွဲ့အစည်းများကို သက်ဆိုင်ရာမှ ကျောင်းသားများကို မငှါးရဘူးလို့ တားမြစ်ထားပါသည်။ ဘတ်စ်ကားငှါးရမ်းလို့မရသောကြောင့် တက္ကသိုလ်ပေါင်းစုံမှ ကျောင်းသားများ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင်စုရုံးပြီး ကျိုက္ကဆံကွင်းသို့ ခြေလျင်ဖြင့်ချီတက်ဖို့ အစီစဉ်ပြောင်းလိုက်ရပါသည်။

ဈာပနအခန်းနားနေ့၊ ကျနော်တို့စက်မှုတက္ကသိုလ်ကျောင်းသားများသည် ရရာဒေါ့ဂျစ်ကားများကိုငှါးပြီး ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်စုရပ်သို့ သွားရောက်ကြပါသည်။ ကျနော်တို့ဒေါ့ဂျစ်ကားများ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်နယ်မြေကိုဝင်သည်နှင့် အရင်ရောက်နှင့်နေသည့် တက္ကသိုလ်ကျောင်းပေါင်းစုံမှ ကျောင်းသားတွေက လက်ခုပ်သံတဖြောင်းဖြောင်းနဲ့ ကြိုဆိုမှုဟာ ကျနော်တို့ရဲ့ရင်ထဲတွင် တမျိုးတမည်ခံစားရပါသည်။

နေဝင်းဦးဆောင်သော စစ်အစိုးရသည် ၁၉၆၂ ခုနှစ် ဇူလိုင်လ (၇) ရက်နေ့တွင် မြန်မာပြည်လွတ်လပ်ရေးမော်ကွန်းဝင် ကျောင်းသားသမဂ္ဂအဆောက်အဦးကြီးကို ဗုံးခွဲဖျက်ဆီးပြီး ရာပေါင်းများစွာသော ကျောင်းသားစုစည်းမှုကို လက်နက်အားကိုးဖြင့် သတ်ဖြတ်ချိုးနှိမ်ခဲ့သည့် (၁၂) နှစ်ကျော်ကာလ ဤနေ့ ဒီဇင်ဘာလ (၅) ရက်နေ့တွင် ပထမဦးဆုံး ထောင်ပေါင်းများစွာသော ကျောင်းသားများ ပြန်လည်သွေးစည်း ညီညွတ်စုရုံးမိကြခြင်းဖြစ်ပါသည်။

ယဉ်ကျေးသော ကျောင်းသူကျောင်းသားများဖြစ်ကြ၍ စည်းကမ်းရှိကြပါသည်။ သုံးယောက်တတွဲ တက္ကသိုလ်အလိုက် စီတန်းနေရာယူပြီး ရန်ကုန်စက်မှုတက္ကသိုလ်မှ ကားတစီး၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ ကားတစီး၊ အသံချဲ့စက်များနှင့် "ကျနော်တို့ကျောင်းသားထုသည် ငြိမ်းချမ်းရေးပိသုကာကြီးဦးသန့်၏ နောက်ဆုံးခရီးသို့ လိုက်ပါပို့ဆောင်ရန်နှင့် နောက်ဆုံးဂါဝရပြုလုပ်ရန် စည်းကမ်းတကျချီတက်လာကြောင်း ကြေညာပါသည်" လမ်းခရီးတလျောက်မှာလည်း ကျေနပ်ခြင်းအပြုံးနဲ့ လူအုပ်ကြီးများက ကြိုဆိုကြသည်သာမက သောက်ရေများ၊ ဖီးကြမ်းငှက်ပျောသီးများ ဝေငှပေးခြင်းဖြင့် ခြေလျင်လျှောက်လာသော ကျောင်းသားများကို အမောပြေစေပါသည်။

ဦးသန့်ရုပ်ကလာပ်ထားရှိသည့် ကျိုက္ကဆံကွင်းသည် ဦးသန့်ကို နောက်ဆုံးဂါဝရပြုရန်ရောက်ရှိနေသော လူအုပ်ကြီးနှင့် ပြည့်လျှံနေပါသည်။ ရုပ်ကလာပ်ထားရှိရာ မဏ္ဍပ်အတွင်းတွင်လည်း ဦးသန့်မိသားစု၊ ဆွေမျိုးမိတ်ဆွေများနှင့် သက်ဆိုင်ရာလူကြီးများက နေရာယူထားပါသည်။ မျိုးချစ်စိတ်ရှိသောလူငယ်များ၊ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုရမည်ဟု အသိရှိသည့် လူငယ်တက္ကသိုလ်ကျောင်းသားထုကြီး စနစ်တကျ၊ ကျိုက္ကဆံကွင်းအတွင်းသို့ ဝင်ရောက်သောအခါ မိဘပြည်သူလူထုတရပ်လုံး၏ လက်ခုပ်သံများသည် မိုးခြိမ်းသံကဲ့သို့ ကွင်းပြင်တခုလုံး ဖုံးလွှမ်းသွားပါတော့သည်။ ပွဲကြည့်စင်များတွင် မိဘပြည်သူတို့နှင့် ပြည့်လျှံနေ၍ ကျောင်းသားထုတရပ်လုံးသည် ဦးသန့်ရုပ်ကလာပ်ထားရှိရာမဏ္ဍပ်၏ အရှေ့ဘက်ကွင်းပြင်တွင် နေရာယူရလေသည်။

မွန်းလွဲချိန်ဖြစ်၍ ပူပြင်းလှသည့် အပူရှိန်အောက်တွင် "ဘာကြောင့်များ ဦးသန့်၏ဈာပနကို ပြီးစလွယ်စီစဉ်ရသနည်း" ဆိုသည့် မေးခွန်းသည် ပြည်သူကျောင်းသားတို့၏ ရင်ကိုပူလောင်စေခဲ့သည်သာမက မကျေနပ်ခြင်းဆိုသည့် ခံစားချက်ကို ကျောင်းသားပြည်သူတို့ရင်ထဲမှာ ခံစားလိုက်ရပါသည်။ ဤတွင် ကျောင်းသားထု၏လှုပ်ရှားမှုသည် စတင်လာပါတော့သည်။ လော်စပီကာကနေ ကျောင်းသားများကို လှုံ့ဆော်စည်းရုံးလာပါတော့သည်။ "ငြိမ်းချမ်းရေးဖခင်ကြီး ဦးသန့်အတွက် ဂုဗိမာန်ရရှိရေး၊ ဒို့အရေး၊ ဒို့အရေး" ဟူသည့် ကြွေးကြော်သံနှင့်အတူ ကျောင်းသားများ လှုပ်လှုပ်ရွရွဖြစ်လာပါတော့သည်။ ကျောင်းသားကိုယ်စားလှယ်များ အရေးပေါ်စည်းဝေးပြီး နောက်ဆုံးငြိမ်းချမ်းရေးဖခင်ကြီး ဦးသန့်အား ထိုက်သင့်သောဈာပနအခန်းနားဖြင့် သင်္ဂြိုလ်ရန်ဆုံးဖြတ်ပါသည်။ "ပြီးစလွယ်တည်ဆောက်ထားသောမဏ္ဍပ်" "မြင်းပြိုင်ကွင်းဟောင်း" "ကြံတောသုသာန်" ဤအချက်တို့သည် အရုပ်ဆိုးလှပေသည်။ ထို့ကြောင့် ကျောင်းသားထုတရပ်လုံးက တက္ကသိုလ်နယ်မြေသို့ ပြန်လည်သယ်ဆောင်၍ ထိုက်သင့်သော ဈာပနအခမ်းနားနှင့် ငြိမ်းချမ်းရေးဂုဗိမာန်ကြီး တည်ဆောက်မည်ဖြစ်ကြောင်း ကြွေးကြော်ကြလေသည်။ တဆက်တည်းမှာပဲ မဆိုင်သူများ မဏ္ဍပ်တွင်းမှ ဖယ်ရှားပေးရန် ကျောင်းသားထုက ကြေညာလိုက်ပါသည်။ လျှပ်တပျက်အတွင်း အခြေအနေများ ပြောင်းလဲသွားပါသည်။ မဏ္ဍပ်အတွင်းမှ ကြက်ခြေနီလူငယ်များ၊ ဦးသန့်ဆွေမျိုးနှင့်မိသားစုများ၊ သက်ဆိုင်ရာလူကြီးများ မဏ္ဍပ်အပြင်သို့ ထွက်ခွာသွားပါသည်။ မဏ္ဍပ်အတွင်းသို့ ကျောင်းသားများ ဝင်ရောက်နေရာယူထားလိုက်ပါသည်။

အသံချဲ့စက်မှ ကျောင်းသားကိုယ်စားလှယ်များက ၎င်းတို့သည် ဦးသန့်၏ ရုပ်ကလာပ်ကို တက္ကသိုလ်နယ်မြေသို့ ပြန်လည်သယ်ဆောင်ပြီး ထိုက်သင့်သော ဈာပနအခမ်းအနားဖြင့် သင်္ဂြိုလ်၍ ဂုဗိမာန်ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း၊ ၎င်းအတွက် ဦးသန့်၏ မိသားစုနှင့် ဆွေမျိုးမိတ်ဆွေများဆီမှ ခွင့်တောင်းပါသည်။ ဦးသန့်၏အစ်ကို ဦးခန့်ကို အသံချဲ့စက်ရှိရာသို့ ဖိတ်ခေါ်လိုက်ပါသည်။ အသံချဲ့စက် တပ်ဆင်ထားသည့် ဒေါ့ဂျစ်ကားအရှေ့တပိုင်း၊ ကားစက်ထားရှိရာနေရာသည် ကျောင်းသားတို့၏ ယာယီစင်မြင့်သဖွယ်ဖြစ်သွားပြီး ကျောင်းသားအပါအဝင် လူအုပ်ကြီး၏အာရုံသည် ထိုစင်မြင့်သို့ ရောက်နေကြသည်။ ဦးခန့် စင်မြင့်ပေါ်သို့တက်ရောက်ပြီး ကျောင်းသားတို့အား စိတ်လိုက်မာန်ပါ မပြုလုပ်ရန်၊ အစိုးရနှင့်ဆန့်ကျင်ပြီး မပြုလုပ်ရန်၊ နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်ဖို့ရန် တိုက်တွန်းပြောကြားသွားလေသည်။ အခြေအနေကိုစောင့်ကြည့်နေသော လူထုကြီးနှင့်ကျောင်းသားထုတို့သည် အမြန်ဆုံး တက္ကသိုလ်နယ်မြေသို့ ဦးသန့်ရုပ်ကလာပ်ကိုသယ်ဆောင်ရန် ကြွေးကြော်လာပါတော့သည်။

နောက်ဆုံး ကျောင်းသားကိုယ်စားလှယ်များ ဦးသန့်ရုပ်ကလာပ်ကို ပုခုံးပြောင်းသယ်ယူပြီး လွမ်းသူ့ပန်းခွေတင်ဆောင်ရာ တိုယို တာပစ်ကပ်ကား ခေါင်မိုးပေါ်သို့တင်ကြပါသည်။ ကျောင်းသားနှင့် သံဃာတော်များ ခြံရံလျက်၊ ထောင်ပေါင်းများစွာသော ကျောင်းသားထုကြီး၏ ချီတက်ရာလမ်းကြောင်းအတွင်းမှ ဦးသန့်ရုပ်ကလာပ်ကို လာရာလမ်းအတိုင်း တက္ကသိုလ်နယ်မြေသို့ ပြန်လည်သယ်ဆောင်သွားပါသည်။ လမ်းတလျှောက်လုံးတွင်လည်း လူအုပ်ကြီးတွေနှင့် ပြည့်ကျပ်နေပြီး ကျောင်းသားထုတို့၏ ကြွေးကြော်သံများသည် အရာရာကို ဖုံးလွှမ်းနေပါသည်။

တက္ကသိုလ်နယ်မြေ အဓိပတိလမ်းအတိုင်း ရုပ်ကလာပ်ကိုသယ်ဆောင်ပြီး ဘွဲ့နှင်းသဘင်အဆောက်အဦးရှေ့တွင် ယာယီစင်မြင့်ပြုလုပ်၍ ပြင်ဆင်ထားပါသည်။ တက္ကသိုလ်နယ်မြေတခုလုံးတွင် ကျောင်းသား၊ အရပ်သား၊ ရဟန်းသံဃာတော်များနှင့် ပြည့်လျှံနေပါသည်။ မကျေနပ်နိုင်သည့် ကျောင်းသားများ၏ကြွေးကြော်သံများ ဆက်တိုက်ထွက်ပေါ်လာပါသည်။

၁၉၆၂ ခုနှစ် ဇူလိုင်လ (၇) ရက်၊ ၁၂ နှစ်လုံး သွေးစည်းမှုမရှိခဲ့သောကျောင်းသားများ ဤနေ့တွင် ပြန်လည်စုရုံးမိ၍ နေဝင်းစစ်အစိုးရအား ကျောင်းသားထုက တန်ပြန်တိုက်ပွဲဝင်ရန် ဖန်တီးနေသည့် အသွင်ဆောင်နေပါသည်။ နိုင်ငံရေးခံယူချက်ရှိသည့် တက္ကသိုလ်ကျောင်းသားများ၏လှုပ်ရှားမှု တစခန်းထလာပါသည်။ ကျောင်းသားများကို နည်းအမျိုးမျိုးသုံးပြီး ဥပဒေအမျိုးမျိုးထုတ်၍ ထွက်ပေါက်မရှိအောင် နေဝင်းစစ်အစိုးရသည် ဖိနှိပ်ချုပ်ချယ်ခဲ့သည်သာမက၊ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးဆိုသည့် နားထောင်လို့ကောင်းသော ဝေါဟာရများနှင့် ကျောင်းသားတို့အား မှိုင်းတိုက်ခဲ့ပါသည်။ အဖိနှိပ်ခံရသော ပြည်သူလူထုနှင့်ကျောင်းသားများ ယခုလက်ငင်းကိစ္စတွင် ထွက်ရပ်ပေါက်ကို ရှာသည်မှာ သဘာဝကျလှပေသည်။ နိုင်ငံရေးကြွေးကြော်သံများ အုံးအုံးကြွက် ပေါက်ကွဲလာပါတော့သည်။

ဘွဲ့နှင်းသဘင်ခန်းမရှေ့တွင် ဦးသန့်ရုပ်ကလာပ်ကို အာလုံးကဂါဝရပြုကြပါသည်။ ထို့နောက် ဘွဲ့နှင်းသဘင်ခန်းမအတွင်းသို့ သံဃာတော်များခြံရံလျက် ဦးသန့်ရုပ်ကလာပ်ကို သယ်ဆောင်ပါသည်။ ဘွဲ့နှင်းသဘင်ခန်းမရှိ စင်မြင့်ပေါ်တွင် ဦးသန့်ရုပ်ကလာပ်ကို ထားပြီး အရေးပေါ်ဈာပနကော်မီတီဖွဲ့စည်းလိုက်ပါသည်။ ဘွဲ့နှင်းသဘင်ခန်းမအတွင်းနှင့် အနီးပတ်ဝန်းကျင် တက္ကသိုလ်နယ်မြေသည် လူအုပ်ကြီးဖြင့် ပြည့်လျှံနေပါသည်။ ဘွဲ့နှင်းသဘင်ခန်းမရှေ့မြက်ခင်းပြင်တွင် ကျောင်းသားများနေရာယူထားပြီး ကားခေါင်မိုးပေါ်မှနေ၍ လက်တဖက်တွင် မိုက်ကရိုဖုံးကိုင်လျက် လက်သီးလက်မောင်းတန်းပြီး ကျောင်းသားတဦးချင်း တက်ရောက်ရင်ဖွင့်ကြပါသည်။ ဘာကိုမှ ဂရုမစိုက်နိုင်ကြတော့ပါ။ ၁၂ နှစ် ကာလနီးပါး နှုတ်ပိတ်ရေငုံနေခဲ့ရသော ကျောင်းသားများသည် မိမိတို့ရင်တွင်းမှ နိုင်ငံရေးခံစားချက်များကို ဟစ်အော်ကြွေးကြော်ပါတော့သည်။

"ပြောတော့ ဆိုရှယ်လစ်ဒီမိုကရေစီ၊ လုပ်တော့ တပါတီကောင်းစားရေး၊" အငတ်ဘေးဆိုက်နေသည့် ပြည်သူလူထုကိုယ်စား ကျောင်းသားများက နေဝင်းစစ်အစိုးရကို "အောက်ကိုလည်း ပြန်ကြည့်ပါဦး၊ ကားဝယ်တိုက်ဆောက်နှင့်သာ အချိန်ဖြုန်းမနေပါနှင့်" ဟု တဖုံ၊ အမျိုးမျိုးသောစကားလုံးများနှင့် လျှောက်လဲနေကြလေသည်။ တက်ရောက်နားထောင်နေသော ကျောင်းသားထုနှင့် အရပ်သားတို့ လက်ခုပ်သံများ တဖျောင်းဖျောင်းနှင့် ထောက်ခံချီးမြှင့်နေကြလေသည်။

၁၉၇၄ ခုနှစ် ဒီဇင်ဘာလ (၆) ရက်။ ဦးသန့်ရုပ်ကလာပ် ဘွဲ့နှင်းသဘင်ခန်းမအတွင်း ထားရှိကြောင်း ကြားသိ၍ ရန်ကုန်ဆင်ခြေဖုံးမှ လူအများအပြား လာရောက်ဂါဝရပြုကြလေသည်။ ဘွဲ့နှင်းသဘင်စင်မြင့်ပေါ်ရှိ အသံချဲ့စက် စကားပြောခွက်နှင့် လွတ်လပ်စွာ စကားပြောဆိုခွင့်ရှိသည်ဆိုသည့် ဒီမိုကရေစီစစ်စစ်ကို ကျောင်းသားများက သရုပ်ဖော်နေပါသည်။ ကျောင်းသားများ ရဲရင့်ပြောင်မြောက်စွာ တဦးချင်း စင်မြင့်ပေါ်သို့ တက်ရောက်၍ မိမိတို့၏ခံစားချက်များကို ရင်ဖွင့်ကြပါတော့သည်။ ဘွဲ့နှင်းသဘင်ခန်းလုံးပြည့်ရှိ လူအုပ်ကြီး လက်ခုပ်သံများနှင့် ထောက်ခံအားပေးကြပါသည်။ ယာယီဈာပနကော်မီတီမှ ကြေညာချက်တရပ် ထွက်ပေါ်လာပါသည်။ "ဦးသန့်၏ဈာပနကို နေဝင်းစစ်အစိုးရအနေနှင့် နိုင်ငံတော်ဈာပနအဖြစ် ပြုလုပ်ပေးရန် တောင်းဆိုသောစာကို နိုင်ငံတော်ကောင်စီသို့ ပို့လိုက်ပြီဖြစ်ကြောင်း၊ အကယ်၍ ယနေ့ညနေ (၄) နာရီတိတိအထိ ပြန်ကြားချက်တစုံတရာမျှ မရရှိပါက၊ ကျောင်းသားများသည် ပြည်သူလူထု အကူအညီနှင့် မိမိတို့ဖာသာ ဈာပနအခမ်းအနားပြုလုပ်၍ ငြိမ်းချမ်းရေးအုတ်ဂူဗိမာန် တည်ဆောက်မည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။ တချိန်တည်းမှာပင် အုံးအုံးကြွက်ကြွက်လက်ခုပ်သံများနှင့် ဘွဲ့နှင်းသဘင်ခန်းမတခုလုံးကို မိုးချုန်းသကဲ့သို့ ဖုံးလွှမ်းသွားပါတော့သည်။

နာရီလက်သံတို့သည် တရွေ့ရွေ့လည်ပတ်နေပါသည်။ ကျောင်းသားနှင့် အရပ်သားကိုယ်စားလှယ်တို့ တဦးချင်းအလှည့်ကျ စင်မြင့်ပေါ်သို့ တက်ရောက်မိန့်ခွန်းပြောကြပါသည်။ နုနယ်သောနှလုံးသားပိုင်ရှင် မိန်းခလေးများပင် သူတို့၏ ရင်ထဲမှထွက်လာသော စကားလုံးများသည် မိန်းမသားများနှင့်မှ မကိုက်ညီဘဲ၊ မာကျောပြတ်သားလှပေသည်။

လူတိုင်း နာရီတကြည့်ကြည့်နှင့် (၄) နာရီကို စောင့်မျှော်နေကြပါသည်။ နောက်တော့ (၄) နာရီသာ ထိုးသွားသော်လည်း နိုင်ငံတော်ကောင်စီမှ လုံးဝတုန့်ပြန်ဖြေကြားခြင်းမရှိသည့်အတွက်၊ ကျောင်းသား၊ အရပ်သား၊ သံဃာတော်ကိုယ်စားလှယ်များ၏ သဘောတူညီချက်အရ ကျောင်းသားသမဂ္ဂအဆောက်အဦးဟောင်း (၁၉၆၂ ခုနှစ် ဇူလိုင်လ (၇) ရက်နေ့တွင်၊ ကျောင်းသားသမဂ္ဂအဆောက်အဦးကြီးသည် ကျောင်းသားများနှင့်အတူ နေဝင်းစစ်အစိုး၏ဗုံးဒဏ် ထိမှန်ပြိုကွဲဖျက်ဆီးခြင်းခံခဲ့ရပါသည်) နေရာကို ရှင်းလင်းပြီး ဦးသန့်အတွက် အုတ်ဂူတည်ဆောက် သင်္ဂြိုလ်မည်ဖြစ်ကြောင်း၊ ထိုတဆက်တည်းမှာပင် ငြိမ်းချမ်းရေးဂူဗိမာန်ကိုလည်း တည်ဆောက်မည်ဖြစ်ကြောင်း ဆုံးဖြတ်ကြပါသည်။

ဆုံးဖြတ်ချက်ချသည်နှင့် ကျောင်းသား၊ အရပ်သားများနှင့် သံဃာတော်များ သမဂ္ဂဟောင်းနေရာကို စတင်ရှင်းလင်း၍ ရန်ကုန်စက်မှုတက္ကသိုလ် ပိသုကာဌာနနှင့် မြို့ပြဌာနမှကျောင်းသားများ တာဝန်ယူပုံဆွဲပြီး ဦးသန့်အုတ်ဂူနှင့် ယာယီဂူဗိမာန်ကို ဆောက်လုပ်ပါသည်။ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ဆေးကျောင်းမှ တက္ကသိုလ်ကျောင်းသားများနှင့်အတူ အထက်တန်းနှင့် အလယ်တန်းကျောင်းပေါင်းစုံတို့မှ ကျောင်းသားများလည်း ပါဝင်လုပ်အားပေးကြပါသည်။

၁၉၇၄ ခုနှစ် ဒီဇင်ဘာလ (၇) ရက်၊ ည (၇) နာရီအချိန်တွင် ကျောင်းသား၊ သံဃာနှင့် ဦးသန့်မိသားစုတို့သည် အရေးပေါ်အစည်းအဝေးကို မန္တလေးဆောင်တွင် ပြုလုပ်ပါသည်။ ထိုအစည်းဝေးတွင် အဖွဲ့ဝင် (၁၁) ဦးပါဝင်ပါသည်။ ဦးသန့်၏ညီဦးသောင်းက ရန်ကုန်တိုင်း ပြည်သူ့ကောင်စီကထုတ်လိုက်သောစာကို ထုတ်ပြပါသည်။ ဦးသန့်ကိစ္စနှင့်ပတ်သက်၍ အုတ်ဂူတည်ဆောက်ရေးနှင့် ဂူဗိမာန်တည်ဆောက်ရန် ကန်တော်မင်ပန်းခြံတွင် နေရာပေးမည်ဖြစ်ကြောင်း၊ ကျောင်းသားများကိုလည်း အရေးယူဖမ်းဆီးမည် မဟုတ်ကြောင်း ပါရှိလေသည်။ ဦးသောင်းအနေနှင့် ဦးသန့်ရုပ်ကလာပ်ကို အမြန်ဆုံးသင်္ဂြိုလ်ချင်ပြီဖြစ်ကြောင်း၊ ဒီဇင်ဘာလ (၈) ရက်နေ့ (၁၂) နာရီအချိန်၌ သင်္ဂြိုလ်ရေးအစီစဉ်စတင်ရန် ကျောင်းသားကိုယ်စားလှယ်များအား ပြောကြားပါသည်။ ဒေါက်တာတင်မြင့်ဦး (ဦးသန့်၏သားမက်) ကလည်း၊ မိမိကိုယ်တိုင် ပုံစံရေးဆွဲထားသော ဦးသန့်၏အုတ်ဂူဗိမာန်ကို ကန်တော်မင်ပန်းခြံတွင် ဆောက်လုပ်ပြီး သင်္ဂြိုလ်ရန် ပြင်ဆင်ပြီးဖြစ်ကြောင်း၊ ကျောင်းသားနှင့် သံဃာတော်များအား အမြန်ဆုံးစီစဉ်ရန် ပန်ကြားသွားလေသည်။ ဦးသန့်ဈာပနကိစ္စနှင့်ပတ်သက်၍ ကျောင်းသားကိုယ်စားလှယ်များ၊ သံဃာတော်များ အပြန်အလှန်ဆွေးနွေးကြပြီး၊ အစည်းဝေး၏ဆုံးဖြတ်ချက်ကို အများသဘောတူညီချက်ဖြင့် ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ တဦးချင်းဆန္ဒယူမည်ဖြစ်ကြောင်း၊ ထိုအစည်းဝေးတက်ရောက်သူအားလုံး သဘောတူညီလေသည်။ ပထမဦးဆုံး ဦးသန့်ရုပ်ကလာပ်သင်္ဂြိုလ်ရေးအစီစဉ်ကို ဒီဇင်ဘာလ ၈ ရက်နေ့၊ ၁၂ နာရီတိတိတွင် စတင်ရန် သဘောတူညီကြလေသည်။ ဆက်လက်၍ အောက်ပါအချက်နှစ်ချက်ကိုဆွေးနွေးပြီး ဆုံးဖြတ်မဲခွဲရပါမည်။

(၁) ဦးသန့်၏ရုပ်ကလာပ်ကို ဘွဲ့နှင်းသဘင်ခန်းမမှ ကျောင်းသားသမဂ္ဂနေရာ၊ ကျောင်းသားများဆောက်လုပ်ထားသော ဦးသန့်အုတ်ဂူပေါ်တွင် တင်၍ ဦးသန့်မိသားစုများ၊ ပြည်သူလူထု၊ ကျောင်းသား၊ သံဃာတော်များ နောက်ဆုံးဂါဝရပြုပြီး ကန်တော်မင်ပန်းခြံသို့သယ်ဆောင်ရန်။

(၂) ဦးသန့်၏ရုပ်ကလာပ်ကို ကျောင်းသားနှင့်ပြည်သူတို့၏ ချွေးနှင့်တည်ဆောက်နေသည့် ဦးသန့်အုတ်ဂူတွင်သင်္ဂြိုလ်ပြီး ဦးသန့်ဂူဗိမာန်ကို ကျောင်းသားများ အသက်နှင့်သွေး စတေးခဲ့သည့် ကျောင်းသားသမဂ္ဂနေရာတွင်တည်ဆောက်ရန်။

တဦးချင်းဆန္ဒယူလိုက်သောအခါ (၇) မဲ (၄) မဲနှင့် ပထမအချက်ကို သဘောတူညီကြပါသည်။

(၇) မဲထဲမှာ ဦးသောင်း၊ ဒေါက်တာတင်မြင့်ဦး၊ သံဃာတော်နှစ်ပါးနှင့် ကျန်ကျောင်းသားကိုယ်စားလှယ်သုံးဦးပါဝင်ပါသည်။

(၄) မဲထဲမှာ ကျနော်တို့စက်မှုတက္ကသိုလ်မှ ကျောင်းသား (၃) ဦးနှင့် ဆေးတက္ကသိုလ်ကိုယ်စားပြု ဆေးကျောင်းသားတဦး အပါအဝင် ကျောင်းသား (၄) ဦးသည် ဒုတိယအချက်ကို မဲပေးပါသည်။

ဤတွင် ဦးသန့်ရုပ်ကလာပ်ကို (၇) မဲ (၄) မဲနှင့်ဆုံးဖြတ်ပြီး ကန်တော်မင်ပန်းခြံတွင် သင်္ဂြိုလ်မည်ဖြစ်ပါသည်။ မြန်မာ့အသံလွှင့်ရုံ ရေဒီယိုမှလည်း ၈–၁၂–၁၉၇၄ ရက် ၁၂ နာရီအချိန်တွင် ဈာပနအခမ်းအနားစတင်မည်ဟု ကြေညာပါသည်။

ကျောင်းသားနှင့်သံဃာတို့သည် ကျောင်းသားထုနှင့်ပြည်သူလူထုကိုကိုယ်စားပြု၍၊ ဤအစည်းအဝေးသို့ တက်ရောက်လာခြင်းဖြစ်ပါသည်။ မဲခွဲရာတွင် ကျောင်းသားနှင့်သံဃာတော်များ၏ဆန္ဒများ ကွဲပြားခြားနားနေပါသည်။

အခြေအနေဖြစ်ရပ်အားလုံးကို ပြန်လည်စီစစ်သောအခါ၊ နေဝင်းစစ်အစိုးရသည်၊ ပြီးစလွယ် ဦးသန့် (ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း) ရုပ်ကလာပ်ကို ကြံတောသင်းချိုင်းတွင်သင်္ဂြိုလ်ရန် အစီအစဉ်ပြုလုပ်ပါသည်။ ကျောင်းသားနှင့်ပြည်သူလူထုသည် မကျေနပ်နိုင်၍ လေးစားဂုဏ်ပြုထိုက်သောဦးသန့်အား နိုင်ငံတော်ဈာပနအခန်းနားပြုလုပ်ပေးရန် နေဝင်းစစ်အစိုးရအား တောင်းဆိုခဲ့ပါသည်။ ပြည်သူလူထုနှင့် ကျောင်းသားတို့၏ တောင်းဆိုမှုကို တုံ့ပြန်မှုမရှိ၍၊ နောက်ဆုံး ကျောင်းသားတို့ အသက်သွေးနဲ့စတေးခဲ့သည့် ကျောင်းသားသမဂ္ဂဟောင်းနေရာတွင် ဦးသန့်ရုပ်ကလာပ်ကိုသင်္ဂြိုလ်ပြီး အုတ်ဂူနှင့် ဂူဗိမာန်တည်ဆောက်ပါသည်။

သမဂ္ဂအဆောက်အဦးနေရာတွင် လုပ်အားပေးနေသော ပြည်သူ ကျောင်းသားများ၊ ဘွဲ့နှင်းသဘင်ခန်းမတွင်း ဦးသန့်ရုပ်ကလာပ်ကို စောင့်ရှောက်နေသော ပြည်သူကျောင်းသားများ၊ အဓိပတိလမ်းမပေါ်တွင် အလှူငွေကောက်ခံနေသော ပြည်သူကျောင်းသားများ၊ ဦးသန့်ရုပ်ကလပ်ကို နောက်ဆုံးလာရောက်ဂါဝရပြုကြသော ပြည်သူတရပ်လုံး၏လိုအင်ဆန္ဒသည် စာကြည့်တိုက်အဆောက်ဦးနေရာမှ အုတ်ချပ်များကို တယောက်တလက်နှင့် လက်ဆင့်ကမ်းသယ်ယူ တည်ဆောက်နေသည့်အုတ်ဂူတွင် ဦးသန့်ရုပ်ကလာပ်ကို သင်္ဂြိုလ်ပြီး ဆက်လက်၍ ဦးသန့်ဂူဗိမာန်ဆောက်တည်ရန်ဖြစ်ပါသည်။

"လူကလေးရယ်၊ အဖွားလည်း အုတ်တချပ်လောက် ဝင်သယ်ယူကုသိုလ်ပြုပါရစေ" ဆိုသည့် အဖွါးတို့၏ အသံနှင့်မျှသည့် လုပ်အားဖြင့် ဦးသန့်အုတ်ဂူဆောက်ရာတွင် အဖွားအိုလည်း ပါဝင်လုပ်အားပေးခဲ့ပါသည်။ အုတ်ဂူနှင့်ဂူဗိမာန်တည်ဆောက်ရာတွင် လုပ်အားပေးနေကြသည့် ပြည်သူ၊ ရဟန်းသံဃာနှင့် ကျောင်းသားတို့အတွက် ထမင်းထုပ်များကို ရပ်ကွက်များမှ လာရောက်လှူဒါန်းကြပါသည်။ ထမင်းထုတ်များတွင်လည်း "ငါ့ညီတို့၊ မင်းတို့ရဲ့မှန်ကန်တဲ့လုပ်ရပ်ကို ငါတို့အားပေးတယ်။ လုပ်ငန်းပြီးဆုံးသည်ထိ ဆက်လက်လုပ်ဆောင်ပါ" ဆိုသည့်စာရွက်ငယ်ကလေးများဖြင့် ပြည်သူလူထုဆန္ဒကို ပြောကြားနေပါသည်။ ထိုတွင်မက မကျေနပ်နိုင်

သည့် ဥက္ကလာပရပ်ကွက်ကပြည်သူတို့သည် ကျောင်းသားပြည်သူအများအတွက် ထမင်းထုပ်အလှူခံသည့်အဖွဲ့ကို တားမြစ်သည့် ရဲစခန်းကို မီးရှို့ဖျက်ဆီးလိုက်ပါသည်။

ဘွဲ့နှင်းသဘင်ခန်းမရှိ ဟစ်တိုင်မိုက်ကရိုဖုန်းမှလည်း ကျောင်းသူကလေးတဦး၏ ရင်ဖွင့်ချက်နိဂုံးချုပ်စကားလုံးများ ("ကျမ လက်ရှိ နေဝင်းစစ်အစိုးရ လုပ်ပုံကိုင်ပုံလေးတွေကို လွတ်လွတ်လပ်လပ်ဒီမိုကရေစီကျကျ ဝေဘန်ရတဲ့အတွက် များစွာမှအားရကျေနပ်လှပါ တယ်။ အခုလိုပြောလို့ ကျမကိုဖမ်းပြီး ထောင်ချရင်လည်း ကျမထောင်ထဲမှာနေရုံပါပဲ။ ဘာကြောင့်လည်းဆိုတော့ ထောင်ထဲမှာမှ ထမင်းလေးမှန်မှန်စားရမှာ") ဒီ နုနယ်သောကျောင်းသူကလေး ဖြစ်လင့်ကစား သူကလေး၏ခံစားရမှုတို့သည် ပြင်းထန်လှပါသည်။

ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်နယ်မြေတခုလုံးသည် ခြေချစရာမရှိ ပြည်သူလူထုကြီးနှင့် ပြည့်လျှံနေပါသည်။

မန္တလေးဆောင် (၁၁) ဦး ဈာပနကော်မီတီအစည်းဝေးပြီးသည်နှင့် ကျောင်းသားများ အုပ်စုကွဲသွားပါသည်။ စက်မှုတက္ကသိုလ်မှ ကျောင်းသားသုံးဦးသည် နောက်ထပ်ဆက်လက်၍ ဈာပနအစီစဉ်အစည်းအဝေးကို ကန့်ကွက်သည့်သဘောနှင့် ဆက်လက် မတက် ရောက်ကြတော့ဘဲ၊ အုတ်ဂူတည်ဆောက်ရာ ကျောင်းသားသမဂ္ဂအဆောက်အဦးဟောင်းနေရာကို စက်မှုတက္ကသိုလ်၏စုရပ်လို့ သတ် မှတ်လိုက်ပါသည်။ တယောက်တဆင့်၊ တယောက်နားဆိုသကဲ့သို့ ဦးသန့်၏ရုပ်ကလာပ်ကို ကျောင်းသားပြည်သူတို့ ချွေးနှင့်တည် ဆောက်သည့်အုတ်ဂူတွင် သင်္ဂြိုလ်ရန် ဆုံးဖြတ်လိုက်ပါသည်။ သမဂ္ဂဟောင်းဝန်းကျင်တခုလုံးကို စက်မှုတက္ကသိုလ်ကျောင်းသားများ နေရာယူစောင့်ကြပ်လိုက်ပါသည်။ ဦးသန့်ရုပ်ကလာပ်ကို အုတ်ဂူပေါ်တွင် နောက်ဆုံးဂါဝရ ပြုပြီးခြင်း ဂူပိတ်သင်္ဂြိုလ်ရန် ဘိလပ်မြေ (Concrete cement mixture) နှင့် ပရံဆရာ (Masonary) အဆင်သင့်ရှိရပါသည်။ တက်ညီလက်ညီ၊ တာဝန်ကိုယ်စီနှင့် ကျောင်းသားများညီညွတ်ကြပါသည်။

ဘွဲ့နှင်းသဘင်ခန်းမတွင်လည်း ဦးသန့်ရုပ်ကလာပ်ကို အသက်သွေးနှင့်ကာကွယ်စောင့်ရှောက်မည့် အသေခံ (၁၂) ဦး ကျောင်း သား ကျောင်းသူများ ခွတ်ဒေါင်းခေါင်းစီးနီများ ဦးထိတ်တွင်စီး၍ ခြံရံစောင့်ကြပ်နေကြပါသည်။

ဒီဇင်ဘာ (၈) ရက်၊ မွန်းတည့် ၁၂ နာရီ ၁၉၇၄ ခုနှစ်။

ဘွဲ့နှင်းသဘင်ခန်းမဝန်းကျင်တခုလုံး၊ တက္ကသိုလ်နယ်မြေ အဓိပတိလမ်းတလျောက်လုံးတွင် ဦးသန့်ရုပ်ကလာပ်ကို နောက်ဆုံး လာရောက် ဂါဝရဂုဏ်ပြုကြသော ပြည်သူများနှင့် ပြည့်လျှံနေပါသည်။ ကျောင်းသားသမဂ္ဂဟောင်း ပတ်ဝန်းကျင်တခုလုံးကို စက်မှု တက္ကသိုလ်ကျောင်းသား ကျောင်းသူများ လက်တွဲမပြတ်စောင့်ကြပ်ထားပါသည်။

ဦးသန့်ရုပ်ကလာပ်ကို ဘွဲ့နှင်းသဘင်ခန်းမမှ များပြားလှသည့် ကျောင်းသားထုကြားမှ ခဲရာခဲဆစ် ကျောင်းသားသမဂ္ဂနေရာ ဟောင်းသို့ သယ်ဆောင်လာရလေသည်။

သမဂ္ဂဟောင်းနေရာအုတ်ဂူနှင့် ယာယီဂူဗိမာန်တို့သည် တယောက်တလက်နဲ့ တည်ဆောက်ခဲ့ပါသည်။ ဦးသန့်ရုပ်ပုံပန်းချီကား ချပ်သည် ဂုဏ်ရှိလှပါသည်။ အလံတော်သုံးခု လွှင့်ထူထားပါသည်။ ဗုဒ္ဓဘာသာအလံတော်၊ ကုလသမဂ္ဂအလံတော်နှင့် ကျောင်းသား သမဂ္ဂ ခွတ်ဒေါင်းအလံတော်တို့သည် အောင်ရမည်ဆိုသည့်အသွင်ဆောင်လျက် ကောင်းကင်ယံတွင် တလူလူလွင့် အလံတော်များ တင့်တယ်ထယ်ဝါ ပျံ့မြူးနေကြပါသည်။ တချိန်ကဤနေရာသည် ကျောင်းသားများစုစည်းရာ ကျောင်းသားသမဂ္ဂအဆောက်အဦးကြီး တည်ရှိခဲ့ပါသည်။ ဆရာကြီးဦးသန့်သည် ကမ္ဘာတွင် မြန်မာပြည်သားတို့၏ဂုဏ်ကို ဆောင်ခဲ့သည်သာမက မိမိ၏နောက်ဆုံးခရီးမှာပင် နိုင်ငံခြားသံတမန်များ၊ နိုင်ငံခြားသတင်းထောက်များ နောက်ဆုံးမှတ်တမ်းတင်သတင်းယူရန် ရောက်ရှိနေကြရပါသည်။ ထို့ထက်မက တခါမှစုစည်းမှုမရှိခဲ့သော ဘုန်းတော်ကြီးများ အနယ်နယ်ရပ်ရပ်မှလာရောက်၍ ကျောင်းသားများနှင့် ပူးပေါင်းလက်တွဲလျက်နေသည် မှာ အံ့ဖွယ်ရာဖြစ်ပါသည်။

ဦးသန့်ရုပ်ကလာပ်ကို ကျောင်းသားတည်ဆောက်သော အုတ်ဂူရှေ့စားပွဲပေါ်တွင်တင်၍၊ သံဃာတော်များ၊ ဦးသန့်မိသားစုများ၊ နိုင်ငံခြားသံတမာန်များ၊ ပြည်သူကျောင်းသားများ နောက်ဆုံးဂါဝရပြုကြပါသည်။

အစီစဉ်အရ ဦးသန့်ရုပ်ကလာပ်ကို ကန်တော်မင်ပန်းခြံသို့ သယ်ယူမည်ဟု ကြေညာလိုက်သည်နှင့် "ဦးသန့်ရုပ်ကလာပ်ကို သမဂ္ဂဝင်းအတွင်းမှ ဘယ်ကိုမှမထုတ်ရဘူး" ဆိုသည့်ကြွေးကြော်သံများ တခဲနက်ဆူညံသွားပါတော့သည်။ သမဂ္ဂနေရာဟောင်းရှေ့ရှိ မန္တလေးဆောင်ခန်းမ အသံချဲ့စက်မှ ဦးခန့်အနေနှင့် ပြည်သူနှင့်ကျောင်းသားထုကို မေတ္တာရပ်ခံစကား အနည်းငယ်ပြောကြားသွားပါ သည်။ ဦးသန့်ရုပ်ကလာပ်ကို ကျောင်းသားများတည်ဆောက်ထားသော အုတ်ဂူတွင် ထာဝရသင်္ဂြိုလ်ရန် ကြွေးကြော်သံများ ဆူညံ သထက် ဆူညံလာပါသည်။ အခြေအနေမှာ သက်ဆိုင်ရာကျောင်းသားကိုယ်စားလှယ်များက တစုံတခုမှမပြုလုပ်ပါက၊ ကျန်ကျောင်း သားများက အတင်းဝင်ရောက်သင်္ဂြိုလ်မည့် အခြေအနေတွင်ရှိနေပါသည်။

နောက်ဆုံး ကျောင်းသားကိုယ်စားလှယ်များက ဦးသန့်ရုပ်ကလာပ်ကို ကျောင်းသားများတည်ဆောက်သော အုတ်ဂူတွင်သာ ထာဝရသင်္ဂြိုလ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည့်အချိန်မှသာ ကျောင်းသားထုနှင့်ပြည်သူများ လက်ခံကျေနပ်ကြလေသည်။ ကြေ ညာပြီးသည့်အတိုင်း ကျောင်းသားများ ဦးသန့်ရုပ်ကလာပ် ပုခုံးပြောင်းသယ်ယူပြီး အုတ်ဂူတွင် သင်္ဂြိုလ်လိုက်ပါသည်။ ဘိလပ်မြေ (concrete cement mixture) ကလည်း အဆင်သင့်ပြင်ထားသည့်အတွက်၊ ပရံဆရာ (Masonary) လက်စွမ်းနှင့် အုတ်ဂူကို ထာဝရပိတ်လိုက်ပါသည်။ "အောင်ပြီ" "အောင်ပြီ" "အောင်ပြီ" ဟူသောကြွေးကြော်သံများ မိုးကွဲလုမတတ် မြည်ဟိန်းသွားပါသည်။

သံဃာတော်များ ပရိတ်တရားနာပြီး အသေခံကျောင်းသားတပ်ဖွဲ့က ကမ္ဘာ့ကုလသမဂ္ဂအလံတော်နှင့် အုတ်ဂူကိုလက်ျာရစ်သုံးပတ်ပတ်ပြီး အလေးပြုပါသည်။ ထို့နောက် ကုလသမဂ္ဂအလံတော်ကို အုတ်ဂူထက်တွင် လွှမ်းခြုံလိုက်ပါသည်။

ငင်းနေ့ညဘက်တွင် နေဝင်းစစ်အစိုးရဘက်မှ မြန်မာ့အသံကတဆင့် ကျောင်းသားများက ဦးသန့်မိသားစု၏ဆန္ဒကိုငြင်းပယ်၍ ကျောင်းသားများတည်ဆောက်သည့်အုတ်ဂူတွင် ဦးသန့်ရုပ်ကလာပ်ကို သင်္ဂြိုလ်ကြောင်း၊ စာကြည့်တိုက်အဆောက်အဦးအတွက်ထားသော ဆောက်လုပ်ရေးပစ္စည်းများကို အလွဲသုံးစားပြုလုပ်ပြီး အုတ်ဂူဆောက်သည့်အတွက်၊ ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှုနှင့် အရေးယူပေးရန်၊ ရန်ကုန်တိုင်းဆောက်လုပ်ရေးကော်ပိုရေးရှင်းမှ စာပို့ကြောင်း ကြေညာပါသည်။

ကျောင်းသားများအနေနှင့် ဂူဗိမာန်ဆက်လက်တည်ဆောက်ရန်၊ အသေခံတပ်ဖွဲ့အမည်တပ်ကာ ငြိမ်းချမ်းရေးဖခင်ကြီးဦးသန့်အတွက် အသက်ကိုပဓာနမထားဘူး ဆိုသည့်ခံယူချက်နှင့် ဦးသန့်အုတ်ဂူကို စောင့်ရှောက်ထားပါသည်။ မကျေနပ်နိုင်သည့် ပြည်သူလူထုကြီးနှင့်ကျောင်းသားတို့သည် နေဝင်းစစ်အစိုးရ၏ တပါတီဝါဒကို ဆက်လက်ကန့်ကွက် ဆန္ဒပြနေကြပါသည်။

ကျောင်းသားများသည် ပိုမို၍စည်းလုံးညီညွတ်လာပါသည်။ တဦးကိုတဦး ညီအစ်ကိုမောင်နှမသဖွယ် စောင့်ရှောက်ကြပါသည်။ နေဝင်းစစ်အစိုးရ၏ သူလျှိုအမ်အိုင် (**Military Intelligence-MI**) များကို မျက်ခြေမပြတ်စစ်ဆေး၍ ဖမ်းမိသောအမ်အိုင်များကို ကျောင်းသားများက ရိုက်နှက်သတိပေးလိုက်ကြပါသည်။

တရက် နှစ်ရက် ကျောင်းသားများသည် ဆက်လက်၍ ဂူဗိမာန်ပြီးစီးရေးအတွက် ဆက်လက်လုပ်ကိုင်နေကြပါသည်။ သံဃာတော်များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူတို့သည် နေဝင်းစစ်အစိုးရ၏ သတင်းစာများနှင့်ရေဒီယိုတို့မှ အမျိုးမျိုးရှုတ်ချဝေဖန်မှုများကို ခံယူနေကြရပါသည်။

သုံးရက်မြောက်နေ့ ဒီဇင်ဘာ (၁၀) ရက်နေ့ ၁၉၇၄ ခုနှစ် နေဝင်းစစ်တပ်သည် ကျောင်းသားများကိုနှိမ်နင်းရန် တိတ်တဆိတ် စီမံပါသည်။စစ်တပ်သည် ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်နယ်မြေတခုလုံးကို သိမ်းပိုက်လိုက်ပါသည်။ နယ်မြေတခုလုံးအတွင်းသို့ အဝင်အထွက်ကို ပိတ်လိုက်ပါသည်။ ၁၁-၁၂-၇၄ မနက် ၂ နာရီတွင် ကျောင်းသားများနှင့်ဆန္ဒပြသူများ အများစုအိပ်မောကျချိန်လောက်တွင် အဓိပတိလမ်းရှိ အဓိကပင်မဝင်ပေါက်တံခါးကြီးအား ကရိန်းကြီးဖြင့်တွန်းလှန်ဖျက်ဆီး၍ ကျောင်းဝင်းအတွင်း ဝင်ရောက်ဖမ်းဆီးကြပါသည်။ ထိုသို့ဝင်ရောက်ရာတွင် ဘွဲ့နှင်းသဘင်ခန်းမနေရာကွက်လပ်အား မီးမောင်းများထိုးပြီး ရဲများက ဒိုင်းကာများ၊ လက်ကိုင်တုတ်များဖြင့် စတင်ဝင်ရောက်ပြီး မျက်ရည်ယိုဗုံးများ မြေကော်စက်များ၊ မော်တော်ကားများအသုံးပြုပြီး ဆန္ဒပြသူများအားလူစုခွဲကာ ဦးသန့်အုတ်ဂူအားလည်းဖြိုချ၍ ရုပ်ကလာပ်အား ပြန်လည်ဖော်ယူပြီး ရွှေတိဂုံဘုရားအနီး ကန်တော်မင်ပန်းခြံဘေးရှိ သခင်ကိုယ်တော်မှိုင်းအုတ်ဂူဘေးနေရာသို့ ညတွင်းပင်ပြောင်းရွှေ့မြှုပ်နှံပါသည်။ ထိုသို့ ကြမ်းတမ်းစွာဖျက်ဆီး ဖမ်းဆီးသည့်အတွက် ကျောင်းသားတချို့ သေဆုံးခဲ့ကြရပါသည်။ တချို့မှာတော့ စစ်ဖိနပ်စာထိ၍ အရိုးကျိုး တုတ်များ၏ရိုက်ချက်ဒဏ်ကြောင့် ခေါင်းကွဲပြီးလဲကျသူများလည်းရှိပါသည်။ လက်နက်မဲ့သော ပြည်သူ သံဃာတော်များ ကျောင်းသားများကို အချုပ်ကားပေါ်သို့ အတင်းအဓမ္မ ဖမ်းဆီးတင်ဆောင်၍ ညတွင်းချင်းပင် အင်းစိန်အကျဉ်းထောင်သို့ ပို့ပါသည်။ သယ်ဆောင်ရာစစ်ကား၏အနောက်ပိုင်း အမိုးအကာမဲ့တွင် အားလုံးကို ပဆစ်ဒူးတုတ်၊ လက်နှစ်ဖက်ကို ခေါင်းပေါ်တင်၊ ခေါင်းငုံ့ လှုပ်မရအောင်ထိုင်ခိုင်းပြီး၊ စစ်ကား၏နောက်ပိုင်း လေးဘက်ဒေါင့်တွင် စစ်သားလေးဦးသည်၊ ဂျီသရီးသေနတ်များနှင့် ချိန်ထားပါသည်။ စစ်ရုပ်ရှင်ကားများတွင် စစ်ပွဲမှအကျဉ်းသမားများကို ဖမ်းဆီးသကဲ့သို့ နေဝင်းစစ်အစိုးရသည် ကျောင်းသား ပြည်သူ ရဟန်းသံဃာတော်များကို မတရားဖမ်းဆီး ချုပ်နှောင်ခဲ့ပါသည်။ ညပိုင်းမှစတင်ဖမ်းဆီးပြီး အင်းစိန်ထောင်သို့ပို့ဆောင်သော နောက်ဆုံးစစ်ကားသည် နံနက် (၈) နာရီအချိန်ထိဖြစ်ပါသည်။ ဤမြင်ကွင်းသည် ပြည်သူလူထုတရပ်လုံးအတွက် ရင်နင့်ဖွယ်ရာ မတတ်သာလို့ လက်ပိုက်ကြည့်နေရသည့် အခြေအနေတွင် ရောက်ရှိနေပါသည်။

မြန်မာဗုဒ္ဓဘာသာထုံးစံကိုမှဂရုမစိုက်၊ အုတ်ဂူကိုဖောက်ခွဲပြီး သင်္ဂြိုလ်ပြီးသည့်ရုပ်ကလာပ်ကိုထုတ်ယူခြင်း၊ ပြည်သူ၊ သံဃာတော်နှင့် ကျောင်းသားကျောင်းသူများကို ရက်ရက်စက်စက်သတ်ဖြတ်ဖမ်းဆီးခြင်း ဆိုသည့်သတင်းကိုကြားသည့် ပြည်သူလူထုကြီးမှာ နေဝင်းစစ်အစိုးရ၏လုပ်ရပ်ကို လက်ခံနိုင်စွမ်းမရှိသည့်အဆုံး နံနက် ဂ း၃၀ အချိန်လောက်တွင် ရန်ကုန်မြို့တွင် အစိုးရနှင့်သက်ဆိုင်သည့် မြန်မာ့ဆိုရှယ်လစ်ပါတီ ယူနစ်ရုံးများ၊ ရဲစခန်းများ၊ ရုပ်ရှင်ရုံအချို့ကို မီးရှို့ဖျက်ဆီး တန်ပြန်အကြမ်းဖက်ဆန္ဒပြကြပါသည်။

"ငါတို့တပါတီကောင်းစားရေး ဆိုရှယ်လစ်ဝါဒကို ထိပါးလာရင်တော့ နေဝင်းစစ်အစိုးရသည် မည်သူကိုမှ အသက်ချမ်းသာပေးမည်မဟုတ်ကြောင်း" တရုပ်ပြည်မှ ကွန်မြူနစ်ခေါင်းဆောင်ကြီး မော်စီတုန်း၏စကားနှင့်နှိုင်း၍ "အာဏာသည် သေနတ်ပြောင်းဝတွင်ရှိကြောင်း" ပြည်သူလူထုကြီးအား လက်တွေ့သတ်ဖြတ်ပြပါသည်။

စစ်တပ်၏ပြောင်းဝကို ပြည်သူတို့အား ချိန်ရွယ်ပစ်ခတ်နှိမ်နင်းပါသည်။ ရန်ကုန်မြို့တွင်းတွင် သေနတ်သံများ ဖုံးလွှမ်းလျက်လူပေါင်းမြောက်မြားစွာ သွေးမြေကျခဲ့ရပါသည်။ ရန်ကုန်မြို့တွင်းဝယ် စစ်နယ်မြေသကဲ့သို့ တင့်ကားကြီးနှင့်လှည့်လည်လျက်၊ ဂျီသရီးသေနတ်ကြီးများနှင့် ပစ်ခတ်နေပါသည်။ ရန်ကုန်မြို့တွင်းကိုလည်း စစ်အုပ်ချုပ်ရေးဒေသအဖြစ်သတ်မှတ်ပြီး၊ ညမထွက်ရအမိန့်များထုတ်ပြန်ပါသည်။ ဖမ်းဆီးမိသည့်ပြည်သူများကို ပြည်သူပိုင်ပစ္စည်း ချိုးဖောက်ဖျက်ဆီးမှုဆိုသည့် မတရားပုဒ်မတပ်ခါ ထောင် (၃) နှစ်မှ ထောင် (၅) နှစ်ချကာ အစွမ်းပြနေပါသည်။ ဦးသန့်ဈာပနကိစ္စတွင်ပါဝင်သော ပြည်သူ သံဃာတော် ကျောင်းသားများကို နေဝင်း

စစ်ထောက်လှမ်းရေးအမ်အိုင် (MI) ပုဂ္ဂိုလ်များကိုအသုံးပြုလျက် နေအိမ်များမှ လိုက်လံဖမ်းဆီးပါသည်။ နုနယ်ငယ်ရွယ်လှသည့် ကျောင်းသားကလေးများပင်မချန် အင်းစိန်ထောင်ထဲသွင်းထားပါသည်။

ရာပေါင်းများစွာသော ကျောင်းသားနှင့်ပြည်သူ ရဟန်းသံဃာတော်များ အသက်ဆုံးရှုံးခဲ့ပါသည်။ ထောင်ပေါင်းများစွာသော ကျောင်းသား ပြည်သူတို့ကို ထောင်ချထားသည်။ ကျန်ကျောင်းသားများသည် အိုးပစ်အိမ်ပစ် ပညာရေးဆုံးရှုံးခံပြီး သူတို့၏ ဖမ်းဆီးမှုမှ ရှောင်တိမ်းနေရပါသည်။ ရှောင်တိမ်းနေရသော ကျောင်းသားတချို့သည် တောတွင်းတော်လှန်ရေးအဖွဲ့စည်းများသို့ တချို့ ရောက်ကြပါသည်။ တချို့လည်း နိုင်ငံခြားတိုင်းပြည်များသို့ ခိုးထွက်ပုံးလျှိုနေရပါသည်။ သူတို့၏ဘဝရှေ့ရေးသည် မည်ကဲ့သို့ဖန်တီး မည်ကိုကား မည်သူကမှမပြောနိုင်အောင်ဖြစ်ပါသည်။

ကောက်ခံရရှိသောရံပုံငွေ ၃၀၀,၀၀၀ ကျပ် မည်သူထံတွင်ရှိနေသည်ကို စာရေးသူအနေနှင့် သတင်းမှန်မသိရှိသော်လည်း စားရမဲ့ သောက်ရမဲ့ ဝတ်ရမဲ့အခြေအနေကြားမှ ဤမျှသောငွေပမာဏကို ဦးသန့်ဂုဗိမာန်တည်ဆောက်ရန် လှူဒါန်းကြသော လူထုကြီး၏ စေတနာကို သိရှိနိုင်ပါသည်။

ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုရမည်ဆိုသည်ကို သာမာန်အသိဉာဏ်ရှိသူတယောက်ပင် သိရှိပါသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးဖခင်ကြီး ဦးသန့်ကို အသိဉာဏ်ရှိသည့် လူသားအားလုံးက ထိုက်သင့်စွာသင်္ဂြိုလ်ရန် ကြိုးစားခဲ့သော်လည်း မမျှော်လင့်သည့် တုန့်ပြန်ချက်များ ကြောင့် မြင်မကောင်း ကြားမကောင်း အသက်များစွာစတေးပြီး သွေးမြေကျကာ ငြိမ်းချမ်းရေးဖခင်ကြီးရုပ်ကလာပ်အနားကို ပြီးဆုံး လိုက်ရပါသည်။

ရင်သွေးငယ်တိုင်း ယဉ်ကျေးလိမ္မာရမည်
ရင်သွေးငယ်တို့ကမ္ဘာ ငြိမ်းအေးသာယာရမည်
ရင်သွေးတို့ခေတ် ဆန်းသစ်ဝေဆာရမည်
☆☆☆ ဒေါက်တာမင်းတင်မွန် ☆☆☆

"အရေးကြီးဆုံးသော ငြိမ်းချမ်းရေးကို နိုင်ငံရေးသမားလက်ထဲတွင် မထားသင့်ပါ"
☆☆☆ဦးသန့် (ကမ္ဘာ့ကုလသမဂ္ဂ၊ အတွင်းရေးမှူးချုပ်ဟောင်း) ☆☆☆

"Peace is too important to be left exclusively to the politicians."
UThant (Former UN Secretary-General)

ပတ်မြို့ (Perth, W. Australia) ကျောင်းသားများ၏ တေးသီချင်း။
"ကမ္ဘာမကြေဘူး"
ကမ္ဘာမကြေဘူး ငါတို့သွေးနဲ့ရေးခဲ့ကြတဲ့ မော်ကွန်းတွေ
တော်လှန်ရေး ဒီမိုကရေစီတိုက်ပွဲအတွင်းမှာ ကျဆုံးသော
သြော် သူရဲကောင်းတို့ရေ***
အာဇာနည်တွေ နေတဲ့တိုင်းပြည် ရဲရဲတောက်ဒို့မြန်မာပြည်
ကိုယ်တော်မှိုင်း ရာဇဝင်တွေလည်း ရှိုင်းခဲ့ရပြီအဖိုးရေ***
သခင်အောင်ဆန်း နိုင်ငံတော်လည်း သွေးစွန်းခဲ့ပြီ အဖရေ***
သြော် လုပ်ရက်ကြပေ ပေတရာပေါ်မှာ ပြည်သူအလောင်းတွေ
အတုံးအရုံးနဲ့ လဲပြိုကာနေ***
ညီအစ်ကိုတို့**ပေတရာပေါ်မှာစီးတဲ့သွေးတွေ မခြောက်သေးဘူး
မတွေ့ဝေနဲ့***ဒီမိုကရေစီတိုက်ပွဲအတွင်းမှာကျဆုံးသော
သြော်***သူရဲကောင်းတို့တွေ အခိုင်အမာပီပြင် တော်လှန်ပစ်ပလေ**
ဒို့ချစ်တဲ့ ဒို့မြန်မာပြည်***
ဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂ

တချိန်က ဒီဇင်ဘာ ၁၉၇၄ ခုနှစ်၊ ကျနော်သည် ရန်ကုန်စက်မှုတက္ကသိုလ်တွင် မှားတဲ့အချိန်နဲ့ မှားတဲ့နေရာရောက်ခဲ့သည်ဟု ထင်ခဲ့ပါသည်။ ဤအချိန်သည် ကျနော့်အတွက် အမှန်ဆုံးအချိန်ဖြစ်ခဲ့သည်သာမက ကျနော်၏မှန်သောနေရာသည် ရန်ကုန်စက်မှု တက္ကသိုလ်ဖြစ်ခဲ့ပါသည်။ သို့မဟုတ်ပါက ကျနော်သည် ဤနေ့ဤနေရာကို ရောက်ရှိမည်မဟုတ်ပါ။

စက်မှုတက္ကသိုလ်စိုးဝင်း

[မေလ(၂၀)၂၀၀၂]

# နော်ကူးမ၏အမှတ်တရ

ဌေးဌေးဝင်း (၇၄)

၅၊၁၂၊၇၄ ရက်နေ့ည စာကြည့်စားပွဲပေါ်မှာ စာကိုစိတ်မဝင်စားဘဲ ဖတ်နေချိန် ည (၈) နာရီ မြန်မာ့အသံသတင်းကို နားထောင်နေသော မေမေ၏အစ်ကို ဖျာပုံမြို့နယ်အမတ် (ဖဆပလ) ဗိုလ်ဘတင့်က နေဝင်းကတော့လုပ်ချလိုက်ပြန်ပြီ ပြောတော့ ကျမက ဘာဖြစ်လို့လဲ ဘဘ မေးတဲ့အခါ ဦးသန့်ကို သူ့မိန်းမဒေါ်ခင်မေသန်းရဲ့ ဂူခြေရင်းမှာ ပေးလိုက်တယ်၊ ဦးသန့်လိုလူမျိုးကိုတော့ ဒီလိုလုပ်ဖို့မကောင်းဘူးလို့ပြောတယ်။

ကျမက ဘာမှမသိသေးတဲ့ အ–ထ–က (၄) တာမွေက (၇) တန်းကျောင်းသူဆိုတော့ ဦးသန့်ဆိုတာဘယ်သူလဲ လို့မေးလိုက်တယ်။ ဦးသန့်ဟာ (UN) မှာတတိယကမ္ဘာစစ်ကြီးမဖြစ်အောင် သူစွမ်းဆောင်ခဲ့လို့ ကမ္ဘာ့နိုင်ငံအသီးသီးက သိပ်တော်တဲ့ဦးသန့် ဘယ်ကလဲ မေးတော့မှ ဦးသန့်ဟာဗမာ၊ ဗမာဟာဘယ်မှာလဲဆိုမှ မြန်မာပြည်မြေပုံလေးကို ကမ္ဘာကသိအောင် အမျိုးဂုဏ်ဆောင်တဲ့ဦးသန့်ကို ထိုက်တန်တဲ့ဗိမာန်တခုတော့ လုပ်ပေးသင့်တယ်လို့ ဘဘကပြောတော့ ကျမတို့မြန်မာလူမျိုးထဲမှာ ဒီလောက်တော်တဲ့လူကို တအားဂုဏ်ပြုချင်တဲ့စိတ်တွေ ရရှိခဲ့တယ်။ ဒ့ါအပြင် နေဝင်းဟာ သခင်နုဆီကအာဏာကို မတရား ၁၉၆၂ ကစပြီး သိမ်းပိုက်ခဲ့လို့ နေဝင်းကိုအရမ်းမုန်းခဲ့တယ်။ သူအုပ်ချုပ်တဲ့အချိန်ကစပြီး ကျောင်းသားသမဂ္ဂအဆောက်အဦးကိုဖျက်ဆီး မြန်မာလူမျိုး မြန်မာကျောင်းသားများကို ဖျက်ဆီးသတ်ဖြတ်ခဲ့တာ လူတိုင်းအသိပါပဲ။

ဗိုလ်ချုပ်သေဆုံးသွားခြင်းဟာ မြန်မာလူမျိုးတွေ့ရဲ့ဘဝ သေဆုံးသွားသလို ဖြစ်ချင်ရာတွေဖြစ်ပျက်ကုန်တယ်ဆိုပြီး ဘဘက ကျမကို အမြဲတမ်း နားသွင်းခဲ့တယ်။ကျမအသက်အရွယ်နဲ့ ဒါတွေသိလာရခြင်းဟာ ကျမဘဘကြောင့်ပဲဖြစ်ပါတယ်။

နောက်တနေ့မနက် ကျောင်းသွားမယ်ဆိုပြီး သူငယ်ချင်းခင်သက်မာနဲ့နှစ်ယောက် ဦးသန့်ဈာပနရှိရာ တက္ကသိုလ်ကျောင်းဝင်းအတွင်းကို လမ်းလျှောက်ပြီးလာခဲ့ရာ ဓမ္မာရုံရှေ့ လှည်းတန်းမီးပွိုင့်ထိပ်ကို ရောက်လာခဲ့တော့ ညနေ ၃း၃၀ ရှိနေပြီ။ လူအုပ်ကိုတွေ့ပြီး သူငယ်ချင်းက သူမလိုက်တော့ဘူးဆိုတာနဲ့ ကျမဟာ ဘွဲ့နှင်းသဘင်ခန်းမရှေ့ကို ရောက်ရှိသွားပြီး အထဲမှာ ဦးသန့်ရဲ့အခေါင်းပေါ် ငြိမ်းချမ်းရေးအလံအုပ်ပြီး စင်မြင့်ပေါ်တင်ထားတာ ကျမတွေ့လိုက်ရတယ်။

ရဟန်းရှင်လူ ကျောင်းသားလူထုတွေ အလုပ်များနေကြတယ်။ ကျမက ကျောင်းသားအစ်ကိုတယောက်ကိုသွားပြီး ကျမ အထက (၄) တာမွေက (၇) တန်းကျောင်းသူပါ။ ဦးသန့်ဈာပနဖြစ်မြောက်ရေးအတွက် ပါဝင်ချင်လို့ပါသွားပြောတော့၊ သူကကျမကို ကလေးမလေး ဘာတွေလာပြောနေတာလဲ ဆိုတဲ့ပုံစံနဲ့ စိတ်ဝင်တစားခေါ်မယ့်သူမရှိတာကြောင့် ကျမ အပေါက်ဝ ပြန်ထွက်လာတဲ့အခါမှာ အပေါက်ဝစင်မြင့်ပေါ်မှာ ဘုန်းကြီးတပါးတရားဟောပြီးဆင်းအလာ ကျမကစင်မြင့်ပေါ်တက်ပြီး ကျမဟာ (၇) တန်းကျောင်းသူတယောက်ဖြစ်ကြောင်း၊ ဦးသန့်လိုပုဂ္ဂိုလ်တယောက်ဟာ ဂုဏ်ပြုထိုက်သူတယောက်ဖြစ်ကြောင်း၊ နေဝင်းဟာ သူ့ထက်သာလို့ မနာလိုဖြစ်ပြီး နေရာမပေးကြောင်း စတာတွေလို ကျမသိတာတွေကို တရားဟောပြောတဲ့အခါမှာ လူထုက တော်တော်လေး သဘောကျပါတယ်။ အဲဒါနဲ့ ကျမဟာ အဝတ်တထည်ကိုယ်တခုနဲ့ ကျောင်းဝင်းထဲမှာနေပြီး နေဝင်းအစိုးရမကောင်းကြောင်းတရားကို ရက်ဆက်ဟောနေတာ (၁၀) ရက်နေ့မှာ မေမေနဲ့အစ်မတွေက ကျမတို့ကို ဖမ်းတော့မယ်ဆိုတာသိလို့ လာခေါ်တယ်။ ဂိတ်မှာတာဝန်ကျတဲ့ အစ်ကိုတယောက်က ဌေးဌေး၊ နင့်အမေနဲ့အစ်မလို့ပြောတယ်၊ သွားတွေ့မလားလို့ လာခေါ်တယ်။ ကျမက အမေမရှိ၊ အစ်မမရှိ၊ ဘဘနဲ့ပဲနေတာ၊ ဒါ ထောက်လှမ်းရေးကလိမ်ပြီး ခေါ်ခိုင်းတာဖြစ်မယ်လို့ လိမ်လိုက်တယ်။ မိခင်နဲ့အစ်မကိုစော်ကားလိုက်လို့ ကျမ အဲဒီညမှာပဲအဖမ်းခံခဲ့ရပါတယ်။

ဦးသန့်ဂူဘေးမှာဝိုင်းပြီး ကျမတို့ကျောင်းသားများဟာ မျက်ရည်ယိုဗုံးဒဏ်ကြောင့် မေ့လဲသွားခဲ့တယ်။ သတိရတဲ့အချိန်မှာ တန်းစီပြီး ကားပေါ်တက်ဖို့ စောင့်နေရပါတယ်။ အဲဒီအချိန်မှာ ဂူကို ကရိန်းနဲ့ဆွဲတင်နေတာ တွေ့ရပါတယ်။ မနက် (၅း၅၀) နာရီမှာ အင်းစိန်ထောင်ကို ရောက်ရှိခဲ့ပါတယ်။

ကျမတို့နဲ့ဘဝတူ ကျောင်းသား/သူ၊ ပြည်သူ ဈေးရောင်းသူကအစ အမျိုးသမီး (၁၆၇) ယောက် အဖမ်းခံခဲ့ရတယ်။ (၁၂) ရက်နေ့မနက် (၉) နာရီလောက်မှာ ထောင်ပိုင်နဲ့စစ်ထောက်လှမ်းရေး (၄–၅) ဦးခန့်က ကျောင်းသူတွေထွက်ခဲ့လို့ပြောတော့ ကျမ အခန်းထဲကနေထချိန်မှာ အတူတူလုပ်ခဲ့တဲ့ စုစုမာ ငိုတယ်။ သူကြောက်တယ်တဲ့။ ကျမကိုမထွက်ပါနဲ့တဲ့။ ကျမက လုပ်ရဲတယ် ခံရဲတယ်။ ထွက်မယ်ဆိုပြီး ထွက်ခဲ့တော့ ကျောင်းသူ (၇) ယောက်လောက်ရှိမယ်၊ ကျမတို့ထွက်တဲ့လူတွေထဲမှာ ထောက်လှမ်းရေးတယောက်က နင်တို့ထဲမှာ နော်ကူးမဆိုတာ ဘယ်သူလဲ လို့မေးတဲ့အခါ ကျမကထပြီး ကျမပဲလို့ပြောလိုက်တော့ နောက်ကနေ ခြေထောက်ကို ဖြတ်ရိုက်လိုက်တာ ရှေ့ကိုလဲကျတော့ မျက်နှာကိုစောင်နဲ့အုပ်ပြီး စစ်ကြောရေးရုံးခန်းထဲမှာ ပုံစံအမျိုးမျိုးနဲ့ အစစ်ဆေးခံခဲ့ရပါတယ်။

ထောင်ဆိုတာ နိဗ္ဗာန်မဟုတ်မှန်းသိပေမဲ့ ကျမလုံးဝမကြောက်ခဲ့ပါဘူး။ အစကထဲက သူတို့တော်လှန်ရင် ဒီလိုဖြစ်မယ်ဆိုတာ ကျမရဲ့ဘဘက နမူနာရှိပြီးသားပဲ၊ မကြောက်လို့လုပ်ခဲ့တဲ့အတွက် သေသည့်အထိ ကျမနောင်တမရဘူး။

နာရီနဲ့နေ့ရက်တွေမှာ ကျမဘယ်မှာရှိတယ်။ ဘာတွေလုပ်တယ်၊ နေဝင်းမကောင်းကြောင်းတွေ ဟောခဲ့တယ်လို့ အစစ်ခံခဲ့တယ်။ ကျမ ဒီလိုတွေဟောပြောတာ ဘယ်သူမြှောက်ပေးလို့လဲတဲ့။ ကျမက ဘယ်သူမှမြှောက်ပေးတာ မဟုတ်ဘူး၊ ကျမစိတ်နဲ့ကျမ လုပ်တာလို့ပြောခဲ့တယ်။ ဒါအမှန်ပဲ။ ၁၉၇၅ ခုနှစ်ထဲမှာ ဘဘကို (၄) လ ခေါ်ဖမ်းခဲ့သေးတယ်။

၇-၄-၇၅ ခုနှစ် အင်းစိန်စစ်ခုံရုံး (၁) မှာ ဗိုလ်မှူးလှိုင်ဘွား (ရေတပ်) ကဦးစီးပြီး အလုပ်ကြမ်းနဲ့ထောင်ဒဏ် (၅) နှစ်ချခဲ့တယ်။ အမျိုးသမီး (၁၆၇) ယောက်ထဲမှာ (၁၆၆) ယောက်လွတ်ပြီး ကျမတယောက်ထဲ ထောင်ကျခဲ့တယ်။

ကျမတို့ကျောင်းသားခေါင်းဆောင် ကိုတင်မောင်ဦးကို ခြောက်လုံးပြူးတလက်နဲ့ လှည်းတန်းမှာ ဖမ်းဆီးခဲ့တယ်။ သူ့ကို လူသတ်လက်နက်ကိုင်ဆောင်မှုနဲ့ မသေမချင်းကြိုးကွင်းစွပ်၍သတ်စေ ဆိုပြီးကြိုးမိန့်ပေးခဲ့တယ်။ ()ရက် နေ့ မနက် (၅) နာရီမှာ ကျမတို့နောက်ဖက် လူသတ်စင်မှာ ကြေးစည်တီးပြီးခေါ်သွားတဲ့နေ့ဟာ ကျမထောင်ထဲမှာ အကြေကွဲဆုံးနေ့တနေ့ပါပဲ။

ထောင်ထဲမှာ (၃) နှစ် (၄) လနေခဲ့ပြီး (၇-၄-၇၈) ရက်နေ့မှာ ထောင်ကလွတ်ခဲ့ပါတယ်။ ထောင်ကထွက်တုန်းက ကျမ တိုက်ပိတ်ခံနေရတဲ့အခန်းက ထွက်ခဲ့ရပါတယ်။

ထောင်ကထွက်လို့ ကျောင်းအပ်ဖို့ ကျောင်းကိုရောက်တော့ ရာသက်ပန် ကျောင်းကထုတ်လိုက်ပြီတဲ့။ နေဝင်းအစိုးရ ကြေညာတဲ့ကျောင်းသား (၅၂) ယောက်မှာ ကျမတယောက်ပဲ မိန်းကလေး၊ အသက်အငယ်ဆုံး၊ နံပတ် (၅၂) ဖြစ်လို့ပါပဲ။

၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်လာတဲ့ အချိန်မှာ ကျမတို့ ၁၉၇၄ ဦးသန့်၊ ၁၉၇၅ ရွှေတိဂုံသပိတ်၊ ၁၉၇၆ သခင်ကိုယ်တော်မှိုင်းသပိတ်မှာ ပါဝင်ထောင်ကျခဲ့တဲ့ ကျောင်းသား/သူတွေဟာ တခန်းကဏ္ဍ ပါဝင်လှုပ်ရှားခဲ့ကြပါတယ်။ ခါးသီးတဲ့ထောင်ကျဘဝကို ရင်ဆိုင်ခဲ့ဖူးပေမဲ့ နောက်ဆုတ်မသွားပါဘူး။ ဘယ်လိုအခြေအနေတွေ အချိန်တွေပြောင်းပြောင်း စစ်အာဏာရှင်တွေကိုမုန်းတီးတဲ့ ကျမရဲ့စိတ်က ဒုတိယအကြိမ် သား (၃) ယောက်နဲ့အတူ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ရန်ကင်းမြို့နယ်၊ ကွမ်းခြံကုန်း၊ အမေရိကန်သံရုံးရှေ့၊ ရန်ကုန်မြို့အနှံ့ လိုက်လံတရားဟောခဲ့ပါတယ်။

ဒီတကြိမ်ပြောရတဲ့စကားတွေဟာ ကျမရဲ့ရင်တွင်းခံစားချက်တွေ အစစ်ပဲ။ နေဝင်းအစိုးရဟာ အာဏာနဲ့ပတ်သက်လာရင် ကျမလို ငယ်ရွယ်တဲ့မိန်းမသားတယောက်ကိုတောင် ရက်ရက်စက်စက်ထောင်ချခဲ့သလို ကျမတို့ကျောင်းသားခေါင်းဆောင် ကိုတင်မောင်ဦးကို ခြောက်လုံးပြူးသေနတ်တလက်နဲ့ လှည်းတန်းမှာဖမ်းမိတာကို လူသတ်လက်နက်ကိုင်ဆောင်မှုနဲ့ မသေမချင်း ကြိုးကွင်းစွပ်၍ သတ်စေ ဆိုတဲ့အမိန့်ကို ပေးခဲ့တယ်။ သေနတ်ကိုင်ဆောင်တဲ့လူတိုင်း ဒီလိုအသတ်ခံရင် ဒီနေ့ တိုင်းပြည်နဲ့လူမျိုးကို နည်းမျိုးစုံနဲ့ သတ်နေတဲ့နေဝင်းကို ကျမတို့ ဘယ်လိုအရေးယူကြမလဲလို့ ပြောဆိုတဲ့ကျမကို လူထုတွေက တအားသဘောကျခဲ့ပါတယ်။ ကိုဇာဂနာတို့ မိခင် ဒေါ်ကြည်ဦးနဲ့ ဘဘနန်းညွန့်ဆွေတို့နဲ့အတူ လှုပ်ရှားခဲ့တယ်။

အရေးအခင်းပြီးတဲ့အချိန်မှာ ကျမကိုလာဖမ်းဖို့ ည (၂) နာရီလောက် တံခါးလာခေါက်တယ်။ ဒီအချိန် လာခေါ်တဲ့သူဟာ မုန့်ကျွေးဖို့မဟုတ်ဘူးဆိုတာကိုသိလို့ ခပ်တည်တည်နဲ့ တံခါးဖွင့်ပေးလိုက်တယ်။ ဒေါ်ဌေးဌေးဝင်း တွေ့ချင်လို့တဲ့။ ကျမက သူပြန်မလာတာ (၃) ရက်ရှိပြီ၊ ဘာကိစ္စရှိလို့လဲ၊ လာရင်ဘာပြောရမလဲ မေးတော့ ဘယ်သွားလဲတဲ့။ ကျမမသိဘူး၊ ကျမနဲ့စကားမပြောတာ ကြာနေပြီ၊ ကျမကပြောတော့ ပြန်သွားကြတယ်။ ခင်ပွန်းဟာ ကျန်းမာရေးဝန်ကြီးဦးသန့်ဇင်ရဲ့ညီဖြစ်လို့ သူတို့အသိုင်းအဝိုင်းထဲမှာပဲ လှုပ်ရှားပြီး နေလိုက် ထွက်ပြေးပုန်းရှောင်လိုက်နဲ့ ကျမရပ်တည်ခဲ့ပါတယ်။

ဌေးဌေးဝင်း (၇၄)

# တခါတုန်းကအစလေးတစ

စောရောလှိုင်

### ××××ဦးသန့်စျာပနကော်မီတီ မွန္တလေးဆောင်××××

ဦးသန့်စျာပနကော်မီတီ မွန္တလေးဆောင်က ဘာတွေလုပ်သလဲ။ ဂိတ်ပေါက်အဝင်ထွက်စောင့်ကြပ်တယ်။ စျာပနကူငွေအလှူငွေကောက်တယ်။ စာရင်းနဲ့ပြုစုသိမ်းဆည်းတယ်။ ကျောင်းသားသမဂ္ဂအဆောက်အဦးဟောင်းနေရာ ကွက်လပ်ကွင်းပြင်မှာ ဦးသန့်အတွက် ဂူဆောက်တယ်။ သတင်းနဲ့ပြန်ကြားရေးလုပ်တယ်။ ပန်းချီအနုပညာရှင်အဖွဲ့နဲ့ပေါင်းပြီး ပိုစတာ နံရံကပ်စာတင်တယ်။ စာပေ ပန်းချီလွတ်လပ်မှုကို တနိုင်တပိုင်ဖော်ထုတ်ပြသတယ်။ စျာပနတခုလုံးနဲ့သက်ဆိုင်တဲ့ ကိစ္စရေးရာတွေမှာ စျာပနဗဟိုကော်မီတီနဲ့ ညှိနှိုင်းပူးပေါင်းလုပ်ဆောင်တယ်။ လွတ်လပ်စွာစာပေဟောပြော ဆွေးနွေးလိုသူတွေအတွက် စင်မြင့်တချို့လုပ်ပေးတယ်။ ××××

### ×××× မှတ်မိသမျှလေးတခု ××××

မွန္တလေးဆောင်ရဲ့ အဝင်ဝတံခါးမကြီးကို သော့ခတ်ပိတ်ထားပြီး ဘေးမလွယ်ပေါက် သံတံခါးလေးကနေ အဝင်အထွက်လုပ်တယ်။ အဲ့ဒီနေရာမှာ လူအမြဲစောင့်တယ်။ သတင်းလက်ခံတယ်။ ဝင်ခွင့်ပေးသင့်တဲ့ပုဂ္ဂိုလ်ကို စိစစ်ပြီးဝင်ခွင့်ပြုတယ်။ ကိစ္စပြီးရင်ပြန်ထုတ်တယ်။ စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသားစောထွန်းက အဲ့ဒီမှာ တာဝန်ယူပြီးကြီးကြပ်တယ်။ ပရိသတ်ကျတဲ့အချိန်မှာ သူမနိုင်မနင်းဖြစ်ရင် သူ့အပေါင်းအသင်း ရန်ကုန်တက္ကသိုလ် ကရင်တိုင်းရင်းသားများ စာပေနဲ့ယဉ်ကျေးမှုကော်မီတီဝင် ကရင်တက္ကသိုလ်ကျောင်းသားတွေကို ကူခိုင်းတယ်။ ရင်းနှီးတဲ့ တခြားရခိုင်၊ ချင်း၊ ရှမ်း စတဲ့ တိုင်းရင်းသား တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေ

လည်း အချိန်ပိုင်းဝင်ကူပေးကြတယ်။ ၁၉၈၂ ခု နှစ်ကုန်ပိုင်းလောက်မှာ ပဲခူးရိုးမပြန်ဆင်းရင်း တပ်ရင်းမှူးဗိုလ်မင်းသိန်းတို့နဲ့အတူ ကျဆုံးသွားတဲ့ ကေအဲန်အယ်အေတပ်က ဗိုလ်စောမောရစ် (အဲ့ဒီတုန်းက ပညာရေးတက္ကသိုလ် အီးမေဂျာက အဆောင်နေကျောင်းသားဖြစ်သူ) ဆိုရင် (၁၀) ရက်နေ့ကျမှ အပြင်မှာနေခဲ့ဖို့ လိုအပ်တဲ့အတွက် လုပ်ဖော်ကိုင်ဘက်တွေရဲ့ဆုံးဖြတ်ချက်နဲ့ ပြန်ထွက်သွားရတာဖြစ်တယ်။ ကျောင်းသားခေါင်းဆောင် ချင်းအမျိုးသားကိုတင်မောင်ဦး (ကြိုးပေးခံ) ကတော့ မန္တလေးဆောင်အဖွဲ့နဲ့ သိပ်မပူးဘူး။ သူ့အလုပ်တာဝန်နဲ့သူ ရှိပုံရတယ်။ ဒါပေမဲ့ ကော်မီတီဝင်တွေနဲ့ အနည်းဆုံးလေးကြိမ်ထက်မနည်း လာရောက်အမြင်ဖလှယ် သွားသေးတယ်လို့ ကျုပ်မှတ်မိနေတယ်။ ××××

## ×××× စျာပနအလောင်း အပြင်ထုတ်မထုတ် ××××

လူဆိုတဲ့သတ္တဝါ၊ အထူးသဖြင့် ကျုပ်တို့ခင်ဗျားတို့လို ပုထုဇဉ်တွေဟာ ရတာမလို၊ လိုတာမရတဲ့အခါ ဒေါသထွက်လွယ်မြဲ၊ ဒေါသထွက်တာနဲ့ အပြောအဆို အပြုအမူတွေကလည်း ကြမ်းတမ်းဟောဝ့ရမ်း လာတတ်စမြဲ။ ဒီကြားထဲ ဒေါသမီးကို ခတ်ဆီလောင်းလေပင့်ပေးခံလိုက်ရရင်များ ယမ်းပုံမီးကျ ပေါက်ကွဲတတ်တော့တာပဲ။ အကြမ်းဖက်တဲ့ဘက်ကို အလိုလိုကူးပြောင်းသွားကြလေ့ရှိတယ်။

အခုလည်းကြည့်လေ၊ တမနက်လုံးအကောင်းသား၊ လူအုပ်ကထောင်သောင်းမကပေမဲ့ စည်းကမ်းရှိရှိငြိမ်ငြိမ်သက်သက်ပဲ။ စျာပနကော်မီတီ ပြန်ကြားရေးဌာနတွေက ကြေညာပေးတဲ့အစီအစဉ်တွေအတိုင်း တရစ်ပြီးတရစ် နာခံလိုက်ပါ လှုပ်ရှားနေကြတာ။ ရုပ်ကလာပ်ကို ဆောက်လုပ်စဂုပေါ် ခေတ္တတင်ပေးထားတာ (၁၀) မိနစ်ခန့်ပဲရှိဦးမယ်။ ဘယ်သူကဘယ်လိုစပြီး သတင်းဖောက်လိုက်တယ်မသိ၊ လူအုပ်တွေထဲ မကျေမနပ်သံတွေက ပွစိပွစိနဲ့ဆူပွက်ထလာတယ်။

ဘာတဲ့–သူတို့ပြောနေကြတာလေ။ အလောင်းကိုအပြင်ထုတ်လို့ ဘယ်ဖြစ်မလဲ။ အကြမ်းဖက်အုပ်စုတွေပေါ်လာပြီး အလောင်းကိုဝင်လု ဖျက်ဆီးပစ်ရင် ဘယ်သူက တာဝန်ယူနိုင်မှာလဲ။ စျာပနကော်မီတီဝင်တွေ ဒီသတင်းကိုမရဘူးလား။ မဖြစ်ဘူး၊ မဖြစ်ဘူး။ အပြင်မထုတ်အောင် အချိန်မီတားနိုင်မှဖြစ်မယ်တဲ့။ တဒင်္ဂအတွင်းမှာ အသိန်းအသောင်းရှိတဲ့လူအုပ်က သူတို့ကိုယ်စားလှယ်တွေကိုဘယ်လိုရွေးလွှတ်လိုက်သလဲမသိ။ ဒီလူတွေ အခုမန္တလေးဆောင်ရှေ့က ဂိတ်တံခါးမကြီးဆီကို တိုးဝှေ့ဝင်လာကြပြီ။

ကနဦးအစမှာတော့ ဟိုဘက်ဒီဘက် သံတခါးခြားပြီး ပြေပြေလည်လည် နှစ်ဖက်သတင်းဖလှယ် အမြင်ဖလှယ်ကြတာပဲ။ တံခါးအပြင်ဘက် အဓိပတိလမ်းပေါ်ကတော့ လူအုပ်ကြီးဘက်ပေ့ါ။ တံခါးအတွင်းပိုင်းမှာတော့ သူ့အဖော်နှစ်ဦးသုံးဦးခန့်နဲ့ စောထွန်းက ဒိုင်ခံရှင်းလင်းပေ့ါ။ ××××

## —×××× အဆုံးအဖြတ်တခု ××××—

ပရိသတ်ကြီးခင်ဗျား။ ကျနော်တို့ ကြိုတင်ကြေညာ အသိပေးထားတဲ့ အစီအစဉ်များအတိုင်း နောက်မိနစ်အနည်းငယ်အကြာမှာ အလောင်းကို ကန်တော်မင်သချိုင်းဆီသို့ ဆက်လက်ပို့ဆောင်မှာဖြစ်လို့ အားလုံးအသင့်ပြင်ထားကြပါ။ တယောက်နဲ့တယောက်တွန်းထိုးခြင်းမပြုဘဲ ဖြေးဖြေးသက်သာ စည်းကမ်းတကျသွားကြပါလို့ ကြိုတင်မေတ္တာရပ်ခံပါတယ်။

အဲဒီကြေညာချက် ပေါ်လာတာနဲ့ လူအုပ်ကြီးရဲ့ဒေါသလည်း အခိုးငွေ့တလျှံလျှံတညီးညီး စထွက်တော့တာပါပဲ။ မန္တလေးဆောင်အပေါ်က ကိုယ်တော်ချောတွေကတော့ လူအုပ်ကြီးဆူပွက်နေတာကို စျာပနခရီးစထွက်ခါနီးမို့ သူတယောက်ကိုယ်တပေါက် ပြောကြဆိုကြပြင်ဆင်ကြတယ်လို့ ရိုးရိုးတွက်တယ်။ အပူအပင်မရှိ ဦးသန့်မိသားစုဝင်ညှိသည်တွေနဲ့ စကားစမြည်ပြောဆိုလို့ အရှိန်ကောင်းတုန်း။ ××××

××××—॥—××××

အဆောင်ဂိတ်ပေါက်နားကို ရောက်နှင့်ပြီးသား လူအုပ်ရဲ့အားက မနည်းဘူး။ ပုရွက်ဆိတ်တွေကျနေတာပဲ။ ဒါတောင် စိတ်မချနိုင်လို့။ နောက်မှာ ထပ်မံချဉ်းကပ်လာနေဆဲ ကိုယ်စားလှယ်တွေလည်း ကြိတ်ကြိတ်တိုးပါပဲ။ သူတို့ကဒေါသတကြီးနဲ့ သံတံခါးမကိုဆုပ်ကိုင်တွန်းထိုး လှုပ်ယမ်းလာကြတယ်။ သံတံခါးကြီးလည်း နတ်ကြမ်းဝင်ပူးခံရသလို သွက်သွက်ခါအောင် ယိမ်းထိုးလှုပ်ရှားနေတယ်။ တဝုန်းဝုန်းတချွင်ချွင်နဲ့ အသံတွေထွက်ပေါ်နေတယ်။ ဒီပုံအတိုင်းသာ သောင်းကျန်းနေရင်တော့ မကြာမီ တံခါးတိုင်တွေ သံဘောင်သံတန်းနဲ့သံပတ္တာတွေ ကျိုးပဲ့ပြီးပြုတ်ထွက်ကုန်တော့မှာ။

အသားဖြူဖြူ ပါဝါမျက်မှန်နဲ့ ဂိတ်တာဝန်ကျပုဂ္ဂိုလ်စောထွန်းဟာ သွေးအေးအေးဖွဲ့ကောင်းကောင်းနဲ့ ကော်မီတီရဲ့ဆုံးဖြတ်ချက်ကို ရပ်ခံရှင်းပြနေဆဲဖြစ်တယ်။ အစိုးရနဲ့ကျောင်းသား သဘောတူညီချက်ဟာ သတင်းစာ၊ ရေဒီယိုတွေကတဆင့် ကမ္ဘာသိကြေညာထားတဲ့ အစီအစဉ်ဖြစ်လို့ အားလုံးမှာတာဝန်ရှိတယ်။ ဒါကြောင့် လွယ်လွယ်နဲ့မဖျက်သင့်ကြောင်း၊ ကြေညာထားတဲ့အစီအစဉ်အတိုင်းပဲ ဆက်သွားကြဖို့ အထပ်ထပ်မေတ္တာရပ်ခံ ဖြောင်းဖျနေတာ ဆယ်မိနစ်ခန့်ရှိသွားပြီးမို့၊ အချိန်လင့်တာနဲ့အမျှ တင်းမာမှုက ပိုကြီးထွားလာတာပဲ အဖတ်တင်နေတော့တယ်။ လူထုတုံ့ပြန်ချက်တွေထဲက ကျနော်ကြားမိသလောက် အောက်ပါအတိုင်းဖြစ်တယ်။

"ဒီမှာဂိတ်မှူး၊ ကျုပ်တို့ကို ဘာညာကွိကွ လာပြောမနေနဲ့။ အချိန်နဲ့ဒီရေဟာ လူကိုမစောင့်ဘူးဆိုတာ ခင်ဗျားကြားဖူးတယ် မဟုတ်လား။ ကျုပ်တို့လိုချင်တာ ဘာလဲဆိုတာ အပေါ်ကမင်းတို့ဆရာကြီးတွေ ကြားအောင် သွားပြောပြပေးစမ်းပါ။ ဆင်းလာခဲ့ပါဦးလို့…" တယောက်ပြောတာမဆုံးသေးဘူး။ နောက်တယောက်က ဘေးကနေ ဒီလိုအင်န်းမရ အလုအယက်ဝင်ပြောပြန်တယ်။

"ဟေ့ဟေ့၊ ဒီမှာပြောနေတာ ကြာတယ်ကွာ။ လေကုန်မခံတော့နဲ့။ ခင်ဗျားတို့မန္တလေးဆောင်က အလောင်းကိုဒီမှာမြှုပ်ဖို့ မကြေညာရဲရင် ခုထွက်သွားလိုက်။ ဒို့ကိုတံခါးဖွင့်ပေး၊ ဒို့ဖာသာဒို့ဝင်ပြီး ကြေညာလိုက်မယ်။ ရှင်းတယ်မဟုတ်လား …"

××××—॥—××××

ကျုပ်တို့က ပြုတ်မန္တန်းဘွဲ့ပေးထားတဲ့၊ အငြင်းအခုံလုပ်တဲ့နေရာမှာ အပေးအယူစေ့စပ် ဈေးဆစ်တဲ့နေရာမှာ ပျော့ပျော့နဲ့ အလွန်ခေါင်းမာတဲ့၊ တော်ရုံတန်ရုံအလျှော့မပေးတတ်တဲ့ စောထွန်းတယောက် ဒီတချီတော့ သူ့ဘက်ကစပြီး လက်မြှောက်ရမဲ့ကိန်း ဆိုက်ချေပြီ။

သူဟာ နောက်ဘက်ကိုအနည်းငယ်ဆုတ်ပြီး သူအချီအချစကားပြောနေခဲ့တဲ့ လူအုပ်စုနဲ့ ခွါနေလိုက်တယ်။ ခုနလေးတင်က "အချိန်နဲ့ဒီရေဟာ လူကိုမစောင့်ဘူးလို့" သတိပေးပြောကြားလိုက်တဲ့လူဟာ သူ့ဘဝတလျှောက်မှာ စံထားပြီးခန့်ညားလေးစားခဲ့ရတဲ့ ဝါရင့်ကျောင်းဆရာကြီးတယောက်ရဲ့အသံနဲ့ တော်တော်လေးကိုဆင်နေတယ်လို့ နောင် သူပြန်ပြောပြခဲ့တယ်။

သူ့မှာ နာခံချင်စိတ်လေး နည်းနည်းဝင်လာတယ်ထင်ပါရဲ့။ လုံချည်ကိုတိုတိုပြန်ဝတ်လိုက်ပြီး မန္တလေးဆောင်အောက်ထပ် ဆင်ဝင်တံခါးမဆီ ပြေးထွက်သွားတယ်။ အဲ့ဒီမှာ သံဘာဂျာတံခါးကလည်း လူတကိုယ်ဝင်နိုင်လောက်အောင် ဟထားလျှက် အဆင်သင့်ဖြစ်နေဆိုတော့ လျှောလျှောလျူလျူနဲ့ သူအထဲကို ရောက်သွားတော့တယ်။ မြေညီထပ်ရဲ့ အလယ်လှေကားအတိုင်း သူ ခပ်သွက်သွက်တက်သွားလိုက်တယ်။

အဆောင်ရဲ့အလယ်ထပ် ရှေ့မျက်နှာစာစင်္ကြန်လမ်းရဲ့ ဒေါင့်ကွယ်တနေရာမှာ တစုံတယောက်သောပုဂ္ဂိုလ်ဟာ မတ်တပ်ရပ်ပြီး အောက်ကအခြေအနေတွေကို တချိန်လုံးအကဲခတ်နေတယ်။ အထူးသဖြင့် အဝင်ဝဂိတ်မှာ အခြေအတင်အချီအချ ပြောနေကြတာတွေကိုဖြစ်တယ်။ သူ့လူဟာ အပြင်ကပရိသတ်ထုရဲ့ ကိုယ်စားလှယ်အသစ်တွေကို သံတံခါးနားမှာ လက်မြှောက်အရှုံးပေးလိုက်ရပြီ ဆိုတာနဲ့ အလယ်ထပ်မှာရှိသမျှ ကော်မီတီဝင်ဆီကို သတင်းပို့တပ်လှန့် ထားလိုက်နိုင်တယ်။

လှေကားထစ်တွေကိုငုံ့ကြည့်ရင်း ခြေသံတဖြတ်ဖြတ်ပေး ချီတက်လာတဲ့ ရှေ့တန်းဂိတ်မှူးကြီး လှေကားထစ်အဆုံးကိုရောက်တာနဲ့ ခေါင်းကိုမော့လိုက်တယ်။

လှေကားခုံထိပ်မှာ ကိုမောင်တိတ်နဲ့ ကော်မီတီဝင်အတော်များများ အဆင်သင့် သူ့ကိုရပ်စောင့်နေတာ တွေ့လိုက်ရင်ပဲ အံ့သြခြင်းနဲ့အတူ ပြုံးပြလိုက်တယ်။ သဘောကတော့ ဒီကောင်တွေ သိပ်မလွယ်ဘူးကွ။ ငါတော့တပ်ခေါက်လာရပြီ ဆိုတဲ့အဓိပ္ပါယ်ပေါ့။

ကိုမောင်မောင်တိတ်ကပဲစပြီး "ကဲ… ကိုထွန်း၊ နောက်ဆုံးအခြေအနေကို ခင်ဗျား ဘယ်လိုအကဲဖြတ်မလဲ။ ဒါ လူထုဆန္ဒ အစစ်အမှန်ပဲ။ အင်မဟုတ်ဘူး။ အချိန်သိပ်မရဘူး။ မြန်မြန်လုပ်၊ ဂိတ်ဝကသံတံခါး ပွင့်ထွက်သွားရင် ဒို့ အမှုန့်ဖြစ်သွားနိုင်တယ်။" ကြက်သီးဖျန်းဖျန်းထသွားမိတယ်။ "ဒါပဲ။ ငါတော့ နေနေကျနေရာမှာပဲ ပြန်ပြီးစောင့်ထားလိုက်အုံးမယ်။" ပြောပြောဆိုဆို သူပြန်ဆင်းသွားတယ်။

မန္တလေးဆောင်ကော်မီတီဝင် အားလုံးမစုံပေမဲ့ ရှိတဲ့လူအများစုက စောထွန်းတင်ပြချက်ကို အကြွင်းမဲ့လက်ခံလိုက်ကြတယ်။ လုပ်သင့်တာကိုဆက်လုပ်ဖို့ ပြင်လိုက်ကြတယ်။

ဦးစွာ ဦးသန့်ရဲ့သမီး၊ သားမက်၊အစ်ကိုများဖြစ်တဲ့ ဦးခန့်၊ ဆစ္စနီခန့်၊ အေးအေးသန့်၊ ဒေါက်တာတင်မြင့်ဦးနဲ့ အခြားမိတ်ဆွေများအပါအဝင် ဧည့်သည်တွေကို လူရှင်းတဲ့ဂိတ်ပေါက်တခုကနေ ဘေးကင်းလုံခြုံစွာ အိမ်ပြန်သွားနိုင်ဖို့ လုံခြုံရေးကိုင်တဲ့ လူငယ်တွေနဲ့ အပ်ပေးလိုက်တယ်။ ကျောင်းသားကြီးတယောက်ကိုပါ ဦးစီးဖို့ ထည့်လွှတ်လိုက်တယ်။ မိနစ်အနည်းငယ်အတွင်းမှာ ယင်းကိစ္စ ပြီးပြတ်သွားတယ်။

××××—॥—××××

ပရိသတ်ဘက်ကိုလှည့်ထားတဲ့ ဓာတ်စက်အော်လံဆီက ကွိကနဲ့ကျွီကနဲ့မြည်သံ စူးစူးရှရှပေါ်လာရင်ပဲ အောက်ကစောင့်နေတဲ့ လူအုပ်ဆီက ဟေးကနဲ ညာသံပေးလိုက်ကြတယ်။ စကားပြောဖို့ပြင်ဆင်တဲ့အနေနဲ့ ဓာတ်စက်အမ်ပလီဖိုင်ယာ (Amplifier) ခလုတ်ကိုဖွင့်လိုက်လို့ ပေါ်လာတဲ့အသံပဲ မဟုတ်ပါလား။ ဒီရက်ပိုင်းများအတွင်းမှာ ဒီရှေ့ပြေးအသံနဲ့အတူ ကြေညာချက်တွေ၊ သတိပေးချက်တွေ ခဏခဏထုတ်ပြန်နေတာမို့ ဒီအထာကို ပရိသတ်က နောကျေအောင်သဘောပေါက်နေပါပြီ။

ခပ်သွက်သွက်ပဲ ကိုမောင်မောင်တိတ်တယောက် အလုပ်စပါတော့တယ်။ မိုက်ခရိုဖုန်းစကားပြောခွက်ကို သူကောက်ကိုင်လိုက်တယ်။ ပြီးတော့ ကျနော်ရှိရာဘက်ကို လက်ဆန့်တန်းပြီး ထိုးပေးလိုက်တယ်။ ပါးစပ်ကလဲ မင်းပြောတော့… တဲ့…

တီကောင်ဆားအတို့ခံရသလို ကျုပ်လည်းဆတ်ကနဲ တွန့်သွားမိတယ်။ ခေါင်းခါပြီး ချက်ချင်းပဲ "မင်းပြောလိုက်၊ ငါလည်ချောင်းနာပြီး အသံဝင်နေတယ်။ အသံပြာကြီးနဲ့ မပြောချင်ဘူး" လို့ငြင်းလိုက်တယ်။ မင်းရဲ့အထာ ငါပေါက်ပါတယ် ဆိုတဲ့သဘောနဲ့ ကျုပ်ကို

သူက မထီတရီတချက်စိုက်ကြည့်ပြီး “အေးလေ၊ မင်းတို့ကမပြောဘူးဆိုတော့ မင်းတို့ကိုယ်စား ငါပဲပြောတာပေါ့ကွာ” ဆိုပြီး မိုက်ခွက်ကို စကားပြောဖို့ အသင့်အနေအထားဖြစ်အောင် ပြင်လိုက်တယ်။

မွန္တလေးဆောင်အလယ်ထပ်ဆီက လှုပ်လှုပ်ရွရွဖြစ်နေတာကို စူးစိုက်ကြည့်နေကြတဲ့ ပရိသတ်အများစုကြီး သူ့ကိုမြင်သာအောင် ရှေ့နည်းနည်းပိုထွက်လိုက်တယ်။ အောင်မြင်ခန့်ညားတဲ့အသံနဲ့–“မြုပ်သင့်မသင့်” (၃) ခါတောင်းပြီးနောက် မာန်ပါပါ သူပြောလိုက်တာကတော့ “လေးစားအပ်ပါသော ပရိသတ်ကြီးခင်ဗျား။ ပြည်သူလူထုအပေါင်းရဲ့ ပြင်းပြတဲ့ဆန္ဒနဲ့အညီ ဦးသန့်ရုပ်ကလာပ်ကို သူ့အတွက် ကျနော်တို့တတွေ ရည်စူးဆောက်လုပ်ထားတဲ့ဂူမှာပဲ အခုချက်ချင်း ဂူသွင်းမြှုပ်နှံဖို့ မွန္တလေးဆောင်ဈာပနကော်မီတီအနေနဲ့ ဆုံးဖြတ်ခွင့်ပြုကြောင်း အသိပေးကြေညာအပ်ပါတယ်။”

××××—။—××××

အောင်ပြီ–အောင်ပြီ–အောင်ပြီ သုံးလားသုံးကြိမ်မြောက် လူထုပရိသတ်ကြီးရဲ့ ဝက်ဝက်ကွဲမျှ ကောင်းချီးပေးလိုက်သံဟာ အရပ်လေးမျက်နှာဆီသို့ တခဲနက် ထစ်ချုန်းနက် ပျံ့အုပ်သွားတယ်။ ဒါလည်း လှုပင်လယ်ကြီးဆီက ဟိန်းထွက်လာပြီး မိုးမြေသိမ့်သိမ့်တုန်စေခဲ့တာမို့ ပင်လယ်ဟီသံလို့ ပြောနိုင်တယ်။ ဒီမိုကရေစီမှတ်သုန်မိုးတွေ တဖြိုင်ဖြိုင်ရွာသွန်းဖြိုးခဲ့တာ ချောင်းတွေ ကန်တွေ၊ အိုးတွေ၊ ခွက်တွေလျှံလို့ တရာသီတာဝန် ကုန်ဆုံးပါပြီပကော။ ပင်လယ်ကလွှတ်၊ ပင်လယ်ကလာ အချိန်တန်တော့ ပင်လယ်ကိုပြန်သွား၊ ရေများရဲ့သံသရာ ဥပဒေအတိုင်းပါပဲလေ။

××××—။—××××

ဂူကိုပိတ်ပြီးသွားလို့ ဂူပိတ်ပွဲသွားကြည့်ကြတဲ့ တာဝန်ရှိသူတွေပြန်အလာမှာ ဈာပနဗဟိုကော်မီတီဝင်တွေလည်း လိုက်ပါလာတယ်။ ဥက္ကဋ္ဌကိုကြည်ဝင်း၊ အတွင်းရေးမှူးကိုသက်လှိုင်၊ စိုင်းသိုက်နန်း ... လူအတော်စုံသား၊ စောထွန်းက အားရဝမ်းသာစွာ ဆီးကြိုတံခါးဖွင့်ပေးတယ်။ ပန်းချီအင်ဒရူး၊ ကိုစံမင်းတို့တသိုက်လည်း ပြန်ဝင်လာတယ်။

××××—။—××××

ဦးသန့်ဈာပနပြီးဆုံးပြီမို့ ဈာပနကော်မီတီတွေလည်း အလိုလိုပျက်သွားပြီဖြစ်တယ်။ ဒါကြောင့် တာဝန်ကျကြောင်း အပြန်အလှန်အသိအမှတ်ပြု နှုတ်ဆက်ကြတယ်။ ဖက်လှဲတကင်း ပျော်ရွှင်ရင်းနှီးစွာပဲပေါ့။ နေ့ညပေါင်းများစွာ အိပ်ပျက်ခဲ့ကြတာမို့ လူတိုင်းမျက်တွင်းချောင်နေဖြစ်တယ်။ တယောက်နဲ့တယောက် စကားမပြောနိုင်ကြတော့ဘူး။ စင်္ကြံမှာတချို့၊ အခန်းထဲမှာတချို့၊ တယောက်တဒေါင့် တယောက်တနေရာ ကျောခင်းဖို့နေရာယူလိုက်ကြတယ်။ ခြေပစ်လက်ပစ် မေ့စက်အနားယူ အိပ်စက်နေကြပုံများ ခုထိမြင်ယောင်နေတုန်း၊ ကင်မရာမရှိတော့လည်း မှတ်တမ်းမတင်နိုင်ခဲ့။

××××—။—××××

ကျုပ်ကတော့ အိပ်လို့မရဘူး။ အတွေးတွေက ရှေ့မဆက်ဘဲ အနောက်ဆီပြန်သွားနေတယ်။ ကျုပ်အတွက် သိပ်အစာမကြေခဲ့တဲ့ အဖြစ်သနစ်တွေကို အလိုလိုစမြုံ့ပြန်နေမိတယ်။

* ၂၇–၁၂–၂၀၀၅ တောင်ငူဆောင်ရှေ့ အဆောင်နေဖော် အတန်းတက်ဖက် သူငယ်ချင်းတသိုက်နဲ့ မိုးချုပ်စညနေရီမှာ ဦးသန့်ရုပ်ကလာပ် ဗမာပြည်ရောက်ရင် ဒို့ဘာလုပ်သင့်သလဲ၊ ဘာလုပ်နိုင်သလဲ၊ အဆင်သင့်ဖြစ်ဖို့ တပ်လှန့်နိုးဆော်ခဲ့။ လုပ်စရာရှိတာလုပ်မယ်လို့ သံမိဋ္ဌာန်ချခဲ့ကြ။
* နောက်တနေ့ည (၉း၀၀) နာရီ ဒဂုံဆောင် ကိုမောင်မောင်တိတ်ရဲ့ အခန်းအမှတ် (၁၀၀) မှာ အဆောင်ပေါင်းစုံက ကျောင်းသားကိုယ်စားလှယ်တွေနဲ့ သဟာယဖွဲ့ပြီး ဦးသန့်ဈာပနကို တက္ကသိုလ်ပေါင်းစုံကိုယ်စားပြု ပန်းခွေတခုနဲ့အတူ သွားရောက်ဂါရဝပြုဖို့အတွက် စီစဉ်ကြရန်ဆုံးဖြတ်။
* ဈာပနပို့ဆောင်ရေး လိုအပ်တဲ့ကားများငှါးဖို့ လိုက်ပါမဲ့လူတွေကို တိတိကျကျစာရင်းယူပြီး စုရပ်သတ်မှတ် ချိန်းချက်ပေးဖို့။ နောက်တရက် အေအီး (၁၀) မှာ ထပ်မံတွေ့ဆုံညှိနှိုင်းကြရန် ဆုံးဖြတ်ခဲ့ကြ။
* ဝိဇ္ဇာခန်းမမှာကျင်းပတဲ့ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်နဲ့ အခြားတက္ကသိုလ်ပေါင်းစုံ နေ့ကျောင်းသားကိုယ်စားလှယ်များရဲ့ အစည်းအဝေးကြီးမှာ မိမိတို့အစီအစဉ်ကိုတင်ပြပြီး ပူးပေါင်းနိုင်တာတွေ ပူးပေါင်းဆောင်ရွက်မယ်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့။
* အချိန်တန်တော့ သတ်မှတ်ထားတဲ့အတိုင်း အဆောင်ကျောင်းသား ကျောင်းသူတချို့ ကားတွေနဲ့သွားခဲ့ကြပြီး တက္ကသိုလ် ပေါင်းစုံကိုယ်စားပြုပန်းခွေကို တက္ကသိုလ်ကျောင်းသားအုပ်စုများရဲ့ နောက်ဆုံးအသုတ်အနေနဲ့ ချထားဂါရဝပြုခဲ့။
* အလောင်းထားရှိရာ ကျိုက္ကဆံကွင်းအတွင်း အခြေအနေချက်ချင်းပြောင်းသွားပြီး အလောင်းကို တက္ကသိုလ်ပြန်ယူမယ့် ကိစ္စပေါ်တာနဲ့ ချောချောမောမော ပြေပြေပြစ်ပြစ်ဖြစ်အောင် အတတ်နိုင်ဆုံး ဝိုင်းဝန်းကြိုးကြပ်ပို့ဆောင်ခဲ့။
* ဦးသန့်ရုပ်ကလာပ်ကို တက္ကသိုလ်သမဂ္ဂအဆောက်အဦးနေရာတွင် ဂူဆောက်ပြီး သင်္ဂြိုလ်မယ့်ကိစ္စ လူထုသဘောထားရယူ၊ လူထုသဘောကျသဖြင့် ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြ။

* လုပ်ငန်းဆောင်ရွက် အကောင်အထည်ဖော်နိုင်ရေး အလုပ်ကော်မီတီဖွဲ့ (မန္တလေးဆောင်အီးစီအဖွဲ့)၊ ကန်တော်မင် ပို့ရေး မပို့ရေး မဲခွဲဆုံးဖြတ်ရာမှာ (၁၀) မဲ (၃) မဲဖြင့် မန္တလေးဆောင်အဖွဲ့ အဆိုရှုံးနိမ့်။ အများသဘောကို အနည်းက နာခံလိုက်နာရေးမူအရ ကိုယ်စားလှယ်အများသဘောအတိုင်း လိုက်လျောရန် ကတိပြုခဲ့။
* ဂူဖြစ်မြောက်ရေး လူအား၊ ငွေအားဖြင့် အအိပ်ပျက်၊ အစားပျက်၊ အပင်ပန်းခံလုပ်ကိုင်သူအားလုံး ပင်ပန်းရကျိုးနပ် စိတ်ချမ်းသာမှုရစေရန် ကန်တော်မင်သချိုင်းသို့ မထုတ်ဆောင်မီ ယခုလက်ရှိဆောက်ထားသောဂူပေါ်၌ စတိသဘော ခေတ္တယာယီချထား ဂုဏ်ပြုခံနားနေပေးရန် ညှိနှိုင်းနိုင်ခဲ့။
* ကန်တော်မင်သချိုင်းသို့ ဦးသန့်ရုပ်ကလာပ်ကို ထုတ်ဆောင်ရန်အချိန်ကျမှ လူထုပရိသတ်၏သဘောထား ပြောင်းလဲ သွားခြင်း၊ လူထု၏ အရေးပေါ် ပေါ်ထွက်လာသော ကိုယ်စားလှယ်တို့နှင့် မန္တလေးဆောင်ကော်မီတီဝင်များ အခြေ အတင် ညှိနှိုင်းကြရခြင်း။
* လူထု၏တိုက်ရိုက်ဒီမိုကရေစီနည်းဖြင့် ဆုံးဖြတ်တင်ပြချက်ကို အတိုင်းအတာဆောင်သည်၊ စစ်မှန်သည်ဟု မန္တလေး ဆောင်ကော်မီတီက ယုံကြည်လက်ခံ၍ လိုက်လျောခဲ့ခြင်း။

## ×××× မူလရည်မှန်းချက် တာဝန်ပြီးဆုံးခြင်း ××××

နိဂုံးချုပ်အရ ဦးသန့်အရေးခင်းမှာ ပုံသေကားကျ ခေါင်းဆောင်မရှိ၊ နောက်လိုက်မရှိ၊ အားလုံးရဲဘော်ရဲဘက်စိတ်ထားနဲ့ ပါဝင် ပူးပေါင်း လုပ်ကိုင်ခဲ့ကြတယ်။

လူထုကိုကိုယ်စားပြုဆော်သြဖို့ ကိုယ်စားလှယ်လိုလာတဲ့အခါ ဆန္ဒရှိသူတို့က ရှေ့ထွက်ရပ်ကြပြီး ကိုယ်စားလှယ်အဖြစ် ခံယူ ဆောင်ရွက်ကြတယ်။ လူထုကလည်း သူ့တို့ရဲ့ဆန္ဒအမှန်ကို ကိုယ်စားပြုပေးနိုင်ရင် ဘယ်ဆော်သြရေးအဖွဲ့ကိုမဆို ကိုယ်စားလှယ်အဖြစ် လုပ်ပိုင်ခွင့်နဲ့ အာဏာ အပ်နှင်းခဲ့ကြတယ်။

လူထုဟာ ဒီလိုကိုယ်စားလှယ်တွေကတဆင့် သူတို့သဘောထားဆန္ဒကို ဖွင့်ဟသလို ပုဂ္ဂိုလ်အရဖြစ်စေ၊ အုပ်စုအရဖြစ်စေ၊ အတိုင်းအတာဆောင်၍ဖြစ်စေ အလျဉ်းသင့်သလို တိုက်ရိုက်ဒီမိုကရေစီနည်းနဲ့လည်း လိုအပ်တဲ့အခါတိုင်း ဆန္ဒဖော်ထုတ်လေ့ရှိတယ်။ အဲဒီအခါမှာ ဆော်သြရေးကိုယ်စားလှယ် မလိုတော့ပါ။

ကိုယ်စားလှယ်အဖြစ် ယူဆခံရသူများက ကိုယ်စားလှယ်ပီသစွာ တာဝန်မထမ်းရွက်နိုင်တဲ့အခါ ကိုယ်စားလှယ်နေရာက ချက်ချင်း ဆင်းပေးဖို့ကိုလည်း မဆိုင်းမတွပြတ်သားစွာ တောင်းဆိုကြတယ်။

မန္တလေးဆောင်ဟာ ကိုယ်စားပြုနိုင်မှုသဘောသဘာဝရဲ့ ဝိရောဓိဖြစ်မှုနဲ့ အလှည့်အပြောင်းများကြားမှာ တခါတလေ ရှေ့မတိုး နောက်မဆုတ်သာ ကြားညှပ်ခံရတယ်။ ဘာပဲဖြစ်ဖြစ် လူထုရဲ့စစ်မှန်တဲ့ဆန္ဒသဘောထားကိုသာ ပထမတန်း ဦးထိပ်ပန်ဆင် ရွက် ဆောင်ဖို့ သံမိဋ္ဌာန်ခိုင်မာကြောင်း သက်သေပြနိုင်ခဲ့တယ်။

ဒါ့ကြောင့် အစ၊ အလယ်၊ အဆုံး လှုပ်ရှားဆောင်ရွက်စဉ်ကာလတလျှောက်လုံး လူထုနဲ့မကင်းကွာခဲ့။ အလွှာအသီးသီး၊ မတူညီ တဲ့အယူအဆရှိသူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနဲ့ တူတာတွဲလုပ်၊ မတူတာကြောင့် ရန်ဘက်မဖြစ်ရေးမူနဲ့ လှုပ်ရှားဆောင်ရွက်နိုင်ခဲ့ တယ်။ ငွေကြေး၊ စားရေရိက္ခာ၊ သတင်း၊ လုပ်အား၊ ကျွမ်းကျင်မှု၊ အကြံပေးဉာဏ်ပေး၊ အကူအညီများကိုလည်း အဲဒီတုံးကရခဲ့တယ်။

ဈာပနကိုခုတုံးလုပ်ပြီး နိုင်ငံရေးအလံနဲ့ ကြွေးကြော်သံမတင်ခဲ့သလို ဈာပနရဲ့ အမျိုးသားရေး၊ ဒီမိုကရေစီပေါ်ထွန်းရေး၊ စစ်အာ ဏာရှင်ဆန့်ကျင်ရေး စတဲ့အရေးတော်ပုံအသွင်ဆောင်နေမှု လူထုတိုက်ပွဲရုပ်ပုံလွှာကိုလည်း မှုံဝါးသေးသိမ်သွားအောင် ဘာတခုမှမလုပ် ခဲ့။

ပြည်သူလူထုအလွှာများအထဲ မဆလတပါတီအာဏာရှင်စနစ် (၁၂) နေဝင်းစစ်အုပ်စုက တိုက်ခွဲ၊ ရိုက်ခွဲ၊ အိုးမဲသုတ်၊ သပ်လျှိုသွေး ခွဲမှုတွေကြောင့်လည်းကောင်း၊ အမျိုးမျိုးသောအခွင့်အရေး လာဘ်လာဘများကတဖက်၊ အကြောက်တရားကတဖက်၊ မီးစတဖက် ရေမှုတ်တဖက် ဖိအားပေးချယ်လှယ်မှုကြောင့်လည်းကောင်း၊ အမျိုးသားစည်းလုံးညီညွတ်မှု ပြိုကွဲနေရတဲ့အဖြစ်ကို အဲဒီကာလမှာ တစုံတရာ ပြန်လည်ကုစား စေ့စပ်ပေးနိုင်ခဲ့တယ်။

ဒါ့ကြောင့် ဦးသန့်အရေးအခင်းဟာ White politics သန့်စင်တဲ့ နိုင်ငံရေးလှုပ်ရှားမှုဖြစ်တယ်။ ပင်လယ်ထဲက ဆုပ္ပက်ထကြွ လာတတ်တဲ့ နဂါးအသွင် ပြည်သူရဲ့ဒေါသရုပ်ပုံလွှာကို တစိတ်တဒေသ အတိတ်စိမ်းပေးလိုက်ခြင်းလို့ မှတ်ယူနိုင်တယ်။

## ×××× ညနေနေဝင်ရီတရော နွားရိုင်းသွင်းချိန် ××××

ကိုတင်စိုးက ကျယ်လောင်ကျယ်လောင်နဲ့ ငိုက်မြည်းမှေးစင်းနဲ့ ကျုပ်တို့တသိုက်ကြားလောက်အောင် သတိပြုမိလောက်အောင် အသံမြှင့်ပြီးမေးလိုက်ပုံက “ဟေး... ကိုယ့်လူတို့၊ ဘာဆက်လုပ်မလဲ။ ကြိုတင်စဉ်းစားထားကြနော်။ ဒီည (၈း၀၀) နာရီလောက်မှာ အစည်းအဝေးထိုင်ကြတာပေါ့။ အားလုံးတက်နော်...”

ကျုပ်တို့စဉ်းစားကြည့်တယ်။ ဘကြီးသန့်တယောက် အရပ်ကောင်းတဲ့အတွက် အလောင်းလှခဲ့ပြီ။ အသေဖြောင့်မဖြောင့်ကတော့ တမလွန်ကနေ ကြည့်နေမယ်ဆိုရင် ရင်နာစရာတွေပဲတွေ့မယ်။ တိုင်းပြည်အတွက် သူဖြစ်စေချင်တဲ့ ငြိမ်းချမ်းရေးအလားအလာကတော့

တယ်မကောင်းလှဘူး။ လတ်တလော မောင်နေဝင်းတို့က ဘာကြံနေလဲဆိုတာ ကျုပ်တို့လက်ထဲမှာ သက်သေသက္ခာယနဲ့ သတင်း အစုံအလင် ဆုပ်ကိုင်လျက်သား ဖြစ်နေလို့ပဲ။ ကိုတိတ်နဲ့ကိုသောင်းအေးတို့က ကျုပ်ကိုလက်ကုပ်ပြီး သွေးတိုးစမ်းမေးလိုက်ပုံက... "ဘယ့်နဲ့လဲ၊ ဒို့ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားအလံ (၃) လက်ဆက်ထောင်ပြီး တွယ်ရရင်မကောင်းဘူးလား"–

ကျုပ် ခေါင်းမငြိမ့်၊ ခေါင်းမခါဘဲ တအောင့်လောက်တွေပြီး စဉ်းစားနေမိတယ်။ ပြီးမှ "ငါ့စိတ်ကတော့ မင်းတို့လိုပဲထက်သန်တယ်။ ဒါပေမဲ့ ငါ့ရုပ်က စိတ်ရှိတိုင်း ကိုယ်မပါနိုင်တော့ဘူး ဖြစ်နေတယ်။ အခုငါ့ခေါင်းထဲမှာရှိနေတဲ့ တခုတည်းသောဆန္ဒဟာ ဝဝလင်လင် အိပ်ခွင့်ရဖို့ပဲ။ အခြေအနေတွေက ဒို့ဘက်မှာသိပ်မရှိဘူး။ အကန့်အသတ်တွေက တအားများပြီး လောလောဆယ် ထွက်လမ်းပိတ်နေတာ မင်းတို့လည်းအသိပဲ" လို့ကျနော်ပြန်ဖြေခဲ့မိတယ်။

### ×××× ပင်ပန်းနွမ်းလျခြင်းတွေနဲ့အတူ စိုးရိမ်သောကရိပ်တွေကို အနိုင်နိုင်ဖုံးဖိပြီး ×××× ပြုံးပြအားပေးနေပေမဲ့ အမေကိုချက်ချင်းဆာတော်လာမိတယ်

အမေ–

ရက်ပေါင်းများစွာလို့ထင်ရတဲ့ အရေးအခင်းရက်များအတွင်းမှာ သားတို့ပါဝင်ကပြခဲ့တယ်။ လှုပ်ရှားမှုတာစထွက်တာနဲ့ လမ်းခရီးက အကွေ့အလှည့်တွေ တအားများတာပဲ။ ခါတော်မှီပွဲလို့ပဲ ဆိုရမလားမသိဘူး။ ဇာတ်ညွှန်းကြိုတင်မဖတ်ရ၊ မဆိုရ၊ မလေ့ကျင့်ရ၊ ဇာတ်မတိုက်ရဘဲ ဘဝဇာတ်ဆရာအလိုကျ ဇာတ်ခုံပေါ်ရောက်မှ မီးစင်ကြည့်ကရတော့တာပဲ။ တခါလေတော့လည်း ကျုပ်တို့လုပ်ပုံတွေက ပုံမထိပေမဲ့ "အများညီ ဤကွဲဖတ်" ဖြစ်သွားရတာပေါ့အမေရယ်။ ပရိသတ်ဘက်ကတော့ ကျနော်တို့အပေါ် အရေးအခင်း ကာလတလျှောက်လုံး သဘောထားကြီးစွာနဲ့ နားလည်ပေးနိုင်ခဲ့ပါတယ်။ ဇာတ်မျောကြီးမဖြစ်သွားအောင် ကျနော်တို့ မနည်းကြီးကို ကြိုးစားလုပ်ခဲ့ရတယ်။ ဒီကြားထဲ ဒီမိုကရေစီမြိုင်ဟောဝန်ထဲမှာ မျက်စိလည်ပြီး ပဲလှော်ကြား ဆားညှပ်ရမလို ဖြစ်လိုက်ရသေး။ သားတို့ရဲ့ မတောက်တခေါက်ပညာလေးနဲ့ ထွင်းထားတဲ့ မခိုင့်တခိုင်ခနော်ခနဲ့ ဒီမိုကရေစီလှေကလေး၊ ဒေါထန်နေတဲ့ ပရိသတ်ပင်လယ်ကြောမှာ ဝုန်းကနဲမှောက်တော့မလို့။ လက်မတင်လေးပဲလိုတော့တယ်။ တော်သေးတာပေါ့၊ ဦးတိတ်ကြီးအလျှောက်ကောင်းလို့ အထောင်းလွတ်ခဲ့တယ်။ အမှိုက်ကားနဲ့ပါမသွားဘဲ သီသီကလေးလွတ်ခဲ့ပေမဲ့ မန္တလေးဆောင်ကော်မီတီဝင်တွေရဲ့ ကိုယ်ပေါ်မှာတော့ ဖုံနဲ့ အမှိုက်နဲ့ သင်းနေမလားပဲ။ အထူးသဖြင့် သားဆီမှာပေါ့။ သူငယ်ချင်းတွေက ဒီမှာတင်တစခန်းရပ်ပြီး ပတ်စာခွါဖျာမသိမ်းနိုင်ဘူးတဲ့။ ပွဲဆက်ကကြမယ်တဲ့ အမေရေ့။ သူတို့အမေတွေက သူတို့ကို သံမှို့စားပြီး မွေးလိုက်ကြတယ်နဲ့တူတယ်။ ဒေါင်းချီ၊ မောင်းချီ၊ မာရေကြောရေနဲ့ တချက်မှမတွန့်ကြ မရွံ့ကြဘူး။

အမေ့သားကတော့ မွေးလာကတည်းက ပေါင်မပြည့်၊ အာဟာရမပြည့်၊ သူငယ်နာအပြည့်နဲ့ဆိုတော့ သူတို့လို ဘာမထီတွေနဲ့ မယှဉ်နိုင်ဘူးလေ။ ဖြစ်နိုင်ရင် အခုချက်ချင်း အမေဆီ ကျနော်ပြန်လာချင်တယ်။ ဒါပေမဲ့ ဘဘကြီးဦးနေဝင်းတယောက် ကျောင်းဝင်း ထဲကကလေးတွေ (ကျနော်တို့လို ဘုန်းကြီးကျောင်းသားလေးတွေ) သူတို့ကို ခွေးနဲ့ရှူးတိုက်လိုက်ပြီး နှပ်နဲ့လှမ်းပစ်လိုက်တာ မှန်သွားလို့ အကြီးအကျယ် ဒေါသူပုန်ထနေရဲ့။ အမြောက်တွေနဲ့ပစ်မယ်၊ ဖုံးနဲ့ဖောက်ပြီး သံချပ်ကားနဲ့တက်ကြိတ်ပစ်မယ် လုပ်နေကြတယ်။ အမေ့သား ထွက်လို့မဖြစ်သေးဘူး။ အမေ့ဆီ ပြန်ရောက်ချင်မှလည်း ရောက်တော့မှာ...

ငယ်ငယ်တုန်းကလို အပူပင်ကင်းတဲ့ ခလေးလေးဘဝမျိုးနဲ့ အမေ့ရင်ခွင်မှာခေါင်းထိုးပြီး တရှိုက်မက်မက် သားအိပ်ခွင့်ရချင်တယ်။ တရေးလောက်ပဲ အိပ်ခွင့်ရရင် သားကျေနပ်ပါပြီအမေရယ်။ ငယ်ငယ်တုန်းက အမေနဲ့အတူ သားပွဲကြည့်ခဲ့တယ်လေ။ မျက်စိညောင်းလို့ ခေါင်းလေးလာရင် အမေ့ပေါင်ပေါ်မှာ အိပ်ခဲ့တယ်။ တရေးနိုးရင် တခါပြန်ကြည့်တယ်။ သားကြိုက်တတ်တဲ့ မင်းသားကဘီလူးကို နှိမ်နင်းတဲ့အခန်း၊ ဇာတ်လိုက်ကလူဆိုးကို တိုက်ခိုက်အောင်မြင်တဲ့အခန်း ရောက်ခါနီးကျရင် သားကြိုမှာတဲ့အတိုင်း အမေကနိုးပေးခဲ့တယ် မဟုတ်လား။

ဟိုတုန်းက သားပွဲကြည့်ခဲ့ပေမဲ့ အခုသားကိုယ်တိုင် ပွဲဝင်ကနေရတယ်။ ပွဲကြည့်ပရိသတ်တချို့ ဖျာနဲ့ကော်ဇောပေါ်မထိုင်ဘဲ ခဲလုံးတွေ၊ ပြောင်းဖူးရိုးတွေကို ဖင်ခုထိုင်ထားကြတယ်။ သူငယ်ချင်းတွေက ပွဲဆက်ကမယ်ပြောတယ်။ သားကတော့ သိပ်ပြီးမတက်ကြွဘူး။ ကိုယ့်ကိုယ်ကိုယ်သိပ်မယုံဘူး။ မန္တလေးဆောင်ရှေ့ကသံတံခါးကြီး နတ်ပူးတာလည်း မြင်ခဲ့ရတာ မျက်စိထဲပူပူနွေးနွေး လတ်လတ် ဆတ်ဆတ်ကြီး ရှိနေသေးတယ်။ သူတို့ပြောသလို ဟိုအလံ၊ ဒီအလံတွေ တလူလူလွှင့်ပြီးတော့ ပတ်မကြီး ဗေထိဆော်လိုက်ရင်တော့ ပရိသတ်ကစုလာကြမှာ သေချာတယ်။ ဒါပေမဲ့ ဒီနေ့ခင်းတုန်းက အတွေ့အကြုံအရ တွေဝေတယ်လို့ အသတ်မှတ်ခံရပြီး ပညာပေးခံရ ဖို့အတွက် အလားအလာရှိနေတော့ လက်ခုပ်သြဘာသံအစား ပရိသတ်ဆီက အုတ်ခဲကျိုးနဲ့ပြောင်းဖူးရိုးတွေပဲ ရလာလေအုံးမလား စဉ်းစားတွေးတောနေမိတယ်။

ဘာပဲဖြစ်ဖြစ်ပေါ့ အမေရယ်။ လောလောဆယ်တော့ သားကိုအမေလည်းမပိုင်ဘူး။ သားကိုယ်သားလည်းမပိုင်ဘူး။ ဒီညအစည်း အဝေးမှာ အပေါင်းအသင်းကောင်းတွေ တကယ်ညီတယ်ဆိုရင်တော့ အဝီစိကိုပဲသွားသွား သားလိုက်တော့မယ်လို့ ဆုံးဖြတ်ထားတယ်။ အမေ့သား သူတို့လိုအားမရှိပေမဲ့ တောင့်ထားပါတယ်။

### ×××× ဘေးကမှိဘိုင်းဖုန်း တပတ်ရစ်လေးရဲ့အသံက တိုးလိုက်ကျယ်လိုက် ××××

ကလင်... ကလင်၊ ကလင်... ကလင်၊ ဆတ်ကနဲ ခေါင်းထောင်ကြည့်လိုက်တယ်။ အော်... ဒါ မွန္တလေးဆောင်ရဲ့ အခန်းထဲမှာမှ မဟုတ်ဘဲ။ မဲဆောက်တိုက်ခန်းလေး တခန်းထဲမှာပါလား။ ခရီးကြုံ၊ လမ်းကြုံ၊ ကျီးလန့်စာစား၊ ခေတ္တတည်းခိုနေရတဲ့ငါပါလား။ အင်း... ဖုန်းကတော့ မကိုင်မချင်း ဆက်အော်နေမယ့်ပုံပဲ။ "ဟဲလို... အမိန့်ရှိပါ။ ကျနော်စောလှငွေပါ။ ဘာကိစ္စရှိပါသလဲ။" "ဟဲလို... ကျမ ဌေးဌေးဝင်း (၇၄) လေ အစ်ကို။ အသံမမှတ်မိဘူးလား။" "အော်... မိနော်လား။ ကဲ... ပြော ပြော၊ အစ်ကိုနားထောင်နေတယ်။" "ဒီလို အစ်ကိုရဲ့... ။ နှစ်ပတ်လည်ရက်နီးလာပြီလေ။ အစ်ကို့ဆီကစာမူတွေ အဆင်သင့်ဖြစ်ပြီလား။ အဲ့ဒါ လှမ်းသတိပေးတာ။ အစ်ကို က ခဏခဏမေ့တတ်တယ်ဆိုလို့လေ။"

"ကျေးဇူးပဲ ဌေးဌေးရေ။ အစ်ကိုလည်း စာရေးနေကျမဟုတ်တော့ဘူး။ ရေးပြီးပြန်ဖတ်၊ မကြိုက်ရင်ဆုတ်ဖြဲနဲ့ တခါမှမပြီးနိုင် တော့ဘူး။ ဘာပဲဖြစ်ဖြစ် တရက်နှစ်ရက်အတွင်း အစ်ကိုအပြီးသတ်နိုင်မှာပါ။ ကျေးဇူးပဲနော်။ ပြီးတာနဲ့ ကိုအေးအောင်ဆီ အမြန်ဆုံး ပို့ပေးလိုက်မယ်... ဘိုင်... ဘိုင်... ။"

စောရောလှိုင်

## ဦးသန့်အရေးအခင်း "မိမိကိုယ်တွေ့ဖြစ်စဉ်"

ကိုဒီ

အလယ်တန်းကျောင်းသားဘဝရောက်တော့ ပညာရေးအကြောင်း၊ ကျောင်းသားတယောက်ရဲ့ ဘဝရည်မှန်းချက်ဟာ ဘာလဲဆို တာတွေကို အတော်အသင့် သိလာခဲ့ရပါတယ်။ အထက်တန်းကျောင်းသားဘဝ ရောက်လာတော့ ကျောင်းသားဘဝနိုင်ငံရေးအသိ မိဘများရဲ့ တော်လှန်ရေးအတွေ့အကြုံများလည်း သိခဲ့ရတော့ ရှေ့ဆက်သွားရမည့် မိမိအနာဂါတ်ဘဝ မျှော်မှန်းချက်များလည်း ရှိခဲ့ပါ တယ်။

ကျနော့်မိဘများ ကွန်မြူနစ်ပါတီမှာ တာဝန်ထမ်းဆောင်ရင်း ပဲခူးရိုးမ ညောင်လေးပင်ခရိုင် ကျေးတောစုရွာမှာ ကျနော်နဲ့ ကျနော့် အကိုကို မွေးခဲ့တယ်လို့ အမေရဲ့ပြောပြချက်အရ သိခဲ့ရပါတယ်။ အဖေရဲ့အပေါင်းအသင်းမိတ်ဆွေများ အိမ်ကိုလာလည်တိုင်း သူတို့ ပြောပြကြတဲ့စကားတွေ၊ အဖေ့ရဲ့ဒိုင်ယာရီတွေ ဖတ်ခဲ့မိတဲ့အသိဟာ ကျနော့်ရဲ့ အထက်တန်းကျောင်းသားဘဝမှာ တက္ကသိုလ်ရောက် ပြီး ဘွဲ့တခုခုရအောင် ကြိုးစားမယ်။ ဘွဲ့ရပြီးရင် ဘာလုပ်မယ်ဆိုတာတွေ ကျနော့်အတွေးထဲမှာ အများကြီးရှိခဲ့ပါတယ်။

ကျနော့်အဖေရဲ့ ပြောနေကျစကားတခွန်း နားထဲမှာစွဲနေတယ်။ ယောကျ်ားပီသတဲ့ လူတယောက်ဟာ ...

(၁) ဘွဲ့တခုရရမယ်၊

(၂) ရဟန်းတက်ဖူးရမယ်၊

(၃) ထောင်ကျဖူးရမယ်၊

လို့ပြောခဲ့တယ်။ နံပါတ် (၁) နဲ့ (၂) ကိုတော့ အတွေးထဲမှာ ရှင်းတယ်။ (၃) အချက်ကိုတော့ စဉ်းစားစရာတွေအများကြီးနဲ့ အတွေး များခဲ့ရတယ်။

အဖေကကျနော့်ကို ပြောခဲ့တဲ့ အဓိကအချက်ရှိသေးတယ်။ မင်း ဝိဇ္ဇာဘွဲ့ယူရမယ်။ **(LLB)** ဘွဲ့ကိုပြောတာပါ။ အဖေ့ရည်ရွယ် ချက်က ကျနော့်ကို နိုင်ငံရေးလိုင်းဘက်ကို လှုပ်ရှားစေချင်တယ်လို့ ထင်ပါတယ်။ ကံအားလျော်စွာပဲ ကျနော်တို့ခေတ်မှာ (၈) တန်း အစိုးရစစ် ပထမဦးဆုံးနှစ်မှာပဲ ဝိဇ္ဇာနဲ့အောင်ခဲ့ပါတယ်။

တက္ကသိုလ်ရောက်ချင်ဇောနဲ့ စာကြိုးစားခဲ့ပါတယ်။ ကျနော်တို့ရွာဘုရားပျို့မှ ဝေါမြို့ကို ခြေလျင် (၄၅) မိနစ်၊ အဖော်များနဲ့ (၈) တန်းအောင်အထိ တက်ခဲ့ပါတယ်။ (၈) တန်းအောင်ပြီး (၉) တန်း (၁၀) တန်းကို ဝေါမြို့အထကနဲ့ ပဲခူးအမှတ် (၄) ဝိဇ္ဇာကျောင်းမှာ တက်ခဲ့တယ်။ ကျနော် တက္ကသိုလ်မရောက်ဖြစ်ခဲ့တဲ့အကြောင်း ဖြစ်လာခဲ့ပါတော့တယ်။

ကျနော့်ပင်ကိုယ်ဗီဇ မဟုတ်ရင်မခံချင်တဲ့စိတ် အပေါင်းအသင်းများအတွက်ဆိုရင် အမြဲတမ်း ခေါင်းမရှောင်ချင်တဲ့စိတ်ရှိတဲ့ကျနော် ပဲခူးအမှတ် (၃) သိပ္ပံကျောင်း နှစ် (၅၀) မြောက်ရွှေရတုသဘင် ညတညမှာ ကျနော် ပဲခူးဆံတော်တွင်းရပ်ကွက်နေပြီး ပွဲသွားကြည့် ခဲ့တယ်။ အဲ့ဒီညမှာပဲ အမှတ် (၄) ကျောင်းမှသူငယ်ချင်းများနဲ့ လမ်းသရဲများ ရိုက်ကြပါတယ်။

လိပ်ပြာကန်ဒေါင့်၊ မြဝတီပုံနှိပ်တိုက်နားမှာ ည (၁၁) ခွဲခန့်မှာ ကျနော်လည်းပါသွားပြီး ရန်ဖြစ်ကြပါတယ်။ ကျနော်တို့လူနည်းလို့ ပြေးခဲ့ရတယ်။ အမှတ် (၄) ကျောင်းရောက်တော့ လူစုပြီး နောက်နေ့အစီအစဉ်ဆွဲဖြစ်တယ်။ နောက်နေ့ ကျောင်းတက်ခါနီး ညက ရန်ဖြစ်တဲ့ထဲပါတဲ့ အခြားအုပ်စုမှ အမှတ် (၅) နဲ့ (၆) ကျောင်းမှ (၂) ယောက် ကျနော်တို့ကျောင်းရှေ့ စက်ဘီးနဲ့အလာ ကျနော်နဲ့စံသိန်း (ဘောလုံးသမား) (၂) ယောက် ကျောင်းရှေ့မှာထွက်ပြီးရိုက်လို့ အတွင်းလူနာအဖြစ် ဆေးရုံတင်လိုက်ရပြီး၊ ကျနော် တို့ (၂) ယောက် ကျောင်းထုတ်ခံလိုက်ရပါတယ်။

ရောက်ချင်လှတဲ့ တက္ကသိုလ်နဲ့လည်း ဝေးခဲ့ရပါတယ်။ (၂) ကြိမ် အပြင်မှဖြေတော့လည်း စီးပွားရေးလုပ်ငန်းထဲရောက်နေတော (၁၀) တန်းမအောင်ခဲ့ပါ။

ကျနော် စီးပွားရေးလောကထဲရောက်နေချိန် ဝေါမြို့အထကမှာ (၁၀) တန်း (ဘီ) နဲ့အောင်ခဲ့ကြတဲ့ထဲက သံချောင်းက လက်ထောက်မီးရထားရုံပိုင် လုပ်နေတယ်။ အုန်းကြည်က အင်းစိန်စီအိုင်ဒီမှာ ဒုရဲအုပ်ဖြစ်နေပါတယ်။

ဦးသန့် အမေရိကန်နယူးရောက်ဆေးရုံမှာ သေဆုံးသွားကြောင်းနဲ့ သူ့ရဲ့ရုပ်အလောင်းကို မြန်မာပြည်ပြန်ပို့ပြီး ဂူသွင်းသင်္ဂြိုလ်မယ်လို့သိရတော့ ဝမ်းသာမိတယ်။ ဂုဏ်ယူမိတယ်။

ဝမ်းသာရခြင်းက မြန်မာပြည်သားတယောက်ဖြစ်တဲ့ နိုင်ငံခေါင်းဆောင် (ကုလသမဂ္ဂအတွင်းရေးမှူးချုပ်) တဦးက သေသည့်တိုင်အောင် မိမိနိုင်ငံကိုပြန်ပြီး အရောက်လာချင်တဲ့သူ၊ မိမိတိုင်းပြည်ကိုချစ်တဲ့သူ၊ တန်ဖိုးထားတဲ့သူ၊ နိုင်ငံ့ဂုဏ်ကို ထိမ်းသိမ်းချင်တဲ့သူ တဦးပါလားလို့သိပြီး ဝမ်းသာရခြင်းပါ။

ဂုဏ်ယူမိတာက ကမ္ဘာ့ကုလသမဂ္ဂမှာ တိုင်းပြည်ကပေးလိုက်တဲ့တာဝန်ကို ဆထက်ထမ်းပိုး အလုပ်တာဝန်ကျေပွန်အောင် လုပ်နိုင်ခဲ့တဲ့သူ၊ ကမ္ဘာတခုလုံးရှိပြည်သူများ၊ ခေါင်းဆောင်များ၊ အဖွဲ့အစည်းများမှ ဂုဏ်ပြုမှတ်တမ်းတင်လောက်အောင် လုပ်နိုင်ခဲ့တဲ့သူ မြန်မာပြည်သားတယောက်ပါလားလို့ ဂုဏ်ယူမိခဲ့ရခြင်းဖြစ်ပါတယ်။

ကျနော်ကိုယ်တိုင် တက္ကသိုလ်ကျောင်းသားတဦး မဖြစ်ခဲ့ပေမဲ့ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၂)၊ စက်မှုတက္ကသိုလ် (သမိုင်းဆောင်များ)၊ ကျနော့်အကိုတက်ခဲ့တဲ့ အင်းစိန် (ဂျီတီအိုင်) စက်မှုသိပ္ပံကျောင်းများကို ကျနော့်အစ်ကိုနဲ့ရောက်ခဲ့ဘူးပါတယ်။

ဦးသန့်အလောင်း ရန်ကုန်ရောက်တာနဲ့ သွားချင်ခဲ့ပါတယ်။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် (၁၀) ရက်နေ့ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ဝင်းအား စစ်အုပ်စုမှဝင်ရောက်မဖမ်းခင် နေ့တနေ့မှ သွားဖြစ်ပါတယ်။

ကျနော်နဲ့ကျနော့်သူငယ်ချင်း လက်ထောက်ရုံပိုင်သံချောင်းတို့နှစ်ဦး ရန်ကုန်သွားမယ်။ တက္ကသိုလ်ဝင်းထဲသွားမယ်လို့ ဆုံးဖြတ်ပြီး လာခဲ့ကြပါတယ်၊

ရန်ကုန်ရောက်ရင် ဝေါမြို့အထကမှ (အေ) ဖြင့်အောင်ခဲ့သူ သူငယ်ချင်းရွှေလှ (စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား) နဲ့သွားတွေ့မယ်။ သူငယ်ချင်းတယောက်ဖြစ်တဲ့ အင်းစိန်စီအိုင်ဒီဝင်းထဲ မိသားစုနဲ့နေတဲ့ ဒုရဲအုပ်သူငယ်ချင်းအုန်းကြည်အိမ်မှာ တည်းမယ်ဆိုပြီး သူငယ်ချင်းနှစ်ယောက် ဝေါမှစထွက်ခဲ့ကြပါတယ်။

နံနက် (၇) နာရီစထွက်တဲ့ကားနဲ့ ရန်ကုန်ကိုလာခဲ့ကြပါတယ်။ ရန်ကုန်ဝင်ခါနီး ထောက်ကြံ့ရာဘာတောထဲရှိ လှည်းလမ်း (မြေနီလမ်း) ကြားကို ကျနော်တို့နှစ်ယောက် လှမ်းကြည့်မိတယ်။ မြင်ရတဲ့မြင်ကွင်းက ရန်ကုန်အဝင်ဘယ်ဘက်မှာပါ။ **TE 11** ကားများ တန်းစီပြီးရပ်ထားတာ တွေ့ရပါတယ်။ နေ့လည် ၁၀ ခွဲလောက်မှာပါ။ ကျနော်စိတ်ဝင်စားမိတယ်။ ကျနော့်သူငယ်ချင်းကိုလည်း ပြောပြီး ဟော့ကောင်၊ ဟိုမှာစစ်ကားတွေ အများကြီးတန်းစီပြီး ရပ်ထားတာတွေ တွေ့လား။ ရဲဘော်တွေလည်း လက်နက်အပြည့်အစုံနဲ့ တင်ထားတယ်ကွလို့ နှစ်ယောက်ကြည့်ရင်းနဲ့ လမ်းမှာပြောဖြစ်ခဲ့ပါတယ်။ ဘာရယ်လို့တော့ မပြောပြနိုင်တဲ့ အတွေးတွေနဲ့လာခဲ့ရင်း အင်းစိန်စီအိုင်ဒီနားရောက်တော့ ဘတ်စ်ကားပေါ်မှဆင်းပြီး ကျနော်တို့သူငယ်ချင်း ဒုရဲအုပ်အုန်းကြည်ရဲ့အိမ်ကို လိုက်မေးပြီး ရောက်ခဲ့ကြပါတယ်။

အုန်းကြည်အိမ်ကိုရောက်တော့ ကျနော့်သူငယ်ချင်းက လာကွ သူငယ်ချင်းတို့၊ ထိုင်ကြဦး။ ဘာလာလုပ်လဲ။ ဘယ်မှာတည်းမလဲ။ ဘယ်သွားမလို့လဲ။ မေးခွန်းများမေးပြီး ငါတော့ အလုပ်တွေရှုပ်နေတယ်လို့ ပြောပါတယ်။ သူ့အမျိုးသမီးက ရေနွေးကြမ်းအိုးနဲ့ စားစရာယူပြီး လာချပေးတယ်။ ကျနော်တို့လည်း စားရင်း၊ သောက်ရင်း၊ ကျနော်တို့နှစ်ယောက် လာရင်းကိစ္စကို ပြောပြပါတယ်။

အုန်းကြည်၊ ငါတို့ ရန်ကုန်တက္ကသိုလ်ဝင်းထဲမှာရှိတဲ့ ဦးသန့်အလောင်းကို သွားကြည့်ချင်တယ်။ နောက်ပြီး ရွှေလှ အထဲမှာရှိတယ်လို့ သိရတယ်။ သူ့ဆီလည်း သွားတွေ့ချင်လို့ပြောပြပါတယ်။

ကျနော့်သူငယ်ချင်းအုန်းကြည်က ကျောင်းမှာထဲက ပန်းချီပညာကို ကျွမ်းကျင်သူဖြစ်ပါတယ်။ ဟော့ကောင်တွေ၊ မင်းတို့ သတိထားပြီး သွားကြည့်ကြ။ ငါဘာလုပ်နေတယ်လို့ မင်းတို့ထင်သလဲလို့ မေးပါတယ်။ သူက ပွင့်ပွင့်လင်းလင်းပဲပြောပါတယ်။ တမြို့ထဲသား အချစ်ဆုံးသူငယ်ချင်းတွေဖြစ်ကြပါတယ်။

သူလုပ်နေတာတွေ ပြောပြတယ်။ ငါ စီအိုင်ဒီမှာရှိတဲ့ ဆိုင်ကယ်နဲ့ကားနံပါတ်တွေအားလုံး အသစ်ပြန်ရေးနေတယ်လို့ ပြောပြပါတယ်။ ဟုတ်ပါတယ်။ သူ ကက်ဆေးနဲ့ နံပါတ်ပြားအများကြီးကို ပြန်ရေးတာဖြစ်ပါတယ်။

မင်းတို့ ဘယ်မှာအိပ်ကြမလဲ။ ငါ့အိမ်မှာပဲ ပြန်လာအိပ်ကြကွာ။ ငါထမင်းချက်ထားမယ် လို့ပြောပါတယ်။ ကျနော်တို့ကလည်း တက္ကသိုလ်ဝင်းထဲ ရောက်ချင်နေပြီ။ သူငယ်ချင်းလှရွှေနှင့်လည်း တွေ့ချင်နေပြီဆိုတော့ သူနဲ့ ခဏစကားပြောပြီး ငါတို့ဒီမှာပဲ ပြန်လာအိပ်မယ်။ သွားအုံးမယ်ကွာ လို့ပြောပြီး ရန်ကုန်တက္ကသိုလ်ဝင်းထဲကို ထွက်လာခဲ့ကြပါတယ်။

တက္ကသိုလ်ဝင်းကို လှမ်းကြည့်လိုက်တော့ အရပ်သားတွေ၊ ကျောင်းသားတွေ အများကြီး အဝင်အထွက်လုပ်နေတာ တွေ့ရပါတယ်။ ဝင်းနားရောက်တော့ ကျနော်တို့ကို အရပ်ဝတ်နဲ့လူတချို့ တကိုယ်လုံးကိုနှံ့အောင် ရှာဖွေစစ်ဆေးခြင်းခံရပါတယ်။ စစ်ဆေးခံပြီး အဓိပတိလမ်း အဝင်ပေါက်ရောက်တော့ အလှူခံတဲ့ ငွေဖလားကိုင်ကျောင်းသူများ၊ နဖူးမှာ အရောင်အမျိုးမျိုးစည်းထားတဲ့ ကျောင်းသားများကို တွေ့ရပါတယ်။ တချို့ အဝင်ကတံခါးတိုင်ထိပ်မှာ ထိုင်နေတာလည်း တွေ့ရပါတယ်။

အဝင်ကအလှူခံကျောင်းသူများဖလားထဲကို တယောက် (၂၅) ကျပ်တန်တရွက်စီထည့်ပြီး ဝင်ခဲ့ကြပါတယ်။ ဦးသန့်အုတ်ဂူနဲ့ ဦးသန့်ပန်းချီကားကြီးကလည်း အုတ်ဂူရဲ့နောက်မှာ ထောင်ဆွဲထားတာတွေ တွေ့ရပါတယ်။ ဖလားထဲ ပိုက်ဆံအလှူငွေထည့်ပြီးတာနဲ့

တခု သတိသွားရလိုက်ပါတယ်။ သံချောင်းရေ၊ တို့တွေ့ခဲ့တဲ့ လမ်းကစစ်ကားတွေ ရပ်ထားတဲ့အကြောင်း သတင်းပို့ပေးရင်ကောင်းမယ် လို့လည်းပြောမိတယ်။ သံချောင်းကလည်း အေး၊ ကောင်းတယ်။ ဘယ်သူ့ပြောရမလဲ လို့မေးတယ်။ ဒါနဲ့ ကျနော်တို့လည်း နဖူးစည်း စည်းထားတဲ့ ကျောင်းသားတယောက်ကို ကျနော်တို့ ဝေါကနေ လာတဲ့ကျောင်းသားတွေပါ။ လမ်းမှာတွေ့ခဲ့တာ ပြောပြမလို့။ ဘယ်သူ့ ကိုပြောပြရမလဲ လို့မေးပါတယ်။ အဲ့ဒီကျောင်းသားကလည်း သတင်းပေးလို့ရမယ့် ကျောင်းသားများကို ပြပေးပါတယ်။ ကျနော်တို့ လည်း မြင်တွေ့သမျှအားလုံး ပြောပြပါတယ်။ တကယ်ဟုတ်မဟုတ်လည်း ကျနော်တို့ကို မေးပါတယ်။ ကျနော်တို့နှစ်ယောက်လည်း သတင်းပေးပြီးတာနဲ့ စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား ရွှေလှနဲ့တွေ့ချင်ကြောင်း၊ ဝေါမှလာတဲ့ ကျောင်းသားများ ဖြစ်ကြောင်း၊ သူနဲ့ကျောင်းနေဘက်တွေဖြစ်ကြောင်း ပြောပြပြီး၊ နဖူးစည်းကျောင်းသားများမှတဆင့် မေးမြန်းခဲ့ပါတယ်။ ပထမတော့ ရှိတယ်လို့ ပြန်သိခဲ့ရပါတယ်။ ဘာတာဝန်ယူနေတယ် ပြောပြခဲ့ပါတယ်။

နောက်တော့ မတွေ့စေချင်လို့လား၊ ကျနော်တို့ကို စိတ်မချလို့လား တော့မသိပါ၊ မရှိဘူးလို့ အဖြေရခဲ့ပါတယ်။ ဒါနဲ့ ကျနော် တို့နှစ်ယောက်လည်း သမဂ္ဂအဆောက်အဦးမှာလုပ်နေတဲ့ ဟောပြောပွဲမှာ သွားထိုင်ပြီးကြည့်ခဲ့ပါတယ်။

သေသေချာချာကြည့်မိတာကတော့ ဦးသန့်အုတ်ဂူနဲ့ ပန်းချီဆွဲထားတဲ့ပိတ်ကားပါပဲ။ ဂူကိုထိုင်ခုံရှည်များ တလုံးလှန်၊ တလုံး မှောက်ဆင်ပြီး ဝိုင်းပတ်ထားပါတယ်။ အတွင်းနဲ့နံဘေးမှာ နဖူးစည်းအနီစည်းထားတဲ့ ကျောင်းသားများ တာဝန်ယူပြီး စောင့်ကြတာ တွေ့ပါတယ်။ အုတ်ဂူနဲ့ပန်းချီကားအနီးမှာ ဝင်ပေါက်တခုပိတ်ထားပြီး အာမခံသေ့ကြိုးများနဲ့ သံကြိုးများခတ်ထားတာ တွေ့ရပါတယ်။

ဒါတွေကိုကြည့်ရင်း အုတ်ဂူရဲ့ညာဘက် နောက်ဘက်မှာ အုတ်ပုံများရှိပါတယ်။ အုတ်ပုံပေါ်မှာ စကားပြောတဲ့နေရာလုပ်ထားပြီး ကျောင်းသား၊ ကျောင်းသူများ တလှည့်စီစကားပြောကြ၊ ပြန်ကြားရေးဌာနကလည်း ထောက်လှမ်းရေးဘယ်နှစ်ယောက်ကိုမိထားတယ်၊ စကားပြောစင်မြင့်ရဲ့ဘယ်ဘက် အနောက်ဘက်တိုက်အမြင့် ပြတင်းပေါက်တွေကနေ ကင်မရာများနဲ့ ခိုးရိုက်နေတယ် စသည်များ နား ထောင်ခဲ့ရပါတယ်။ မိန့်ခွန်းပြောကြတဲ့ ကျောင်းသားကျောင်းသူများ၊ ပြီးတော့ ရဟန်းသံဃာ (၂၀၀) လောက်က ပရိတ်တရားများ ရွတ်ဖတ်ကြတာလည်း တွေ့ရပါတယ်။

ပြန်ကြားရေးဌာနက မှတ်တမ်းတင်ပြောကြားတဲ့ အချက်တခုကို အမှတ်ရပါတယ်။ အလာလမ်းမှာ ရိက္ခာဖြတ်ခံနေရစဉ်မှာ ငါးခြောက်တပြားကို ချွေးခံအင်္ကျီအတွင်းထဲ ဝှက်ယူလာတဲ့ကျောင်းသူတဦးကို မှတ်တမ်းတင်ကြောင်း ကြားလိုက်ရပါတယ်။ နောက် ကျောင်းသူတဦး ပြောတဲ့အထဲမှာ အမှတ်ရမိတာကတော့ ဦးသန့်အလောင်းကို တက္ကသိုလ်ဝင်းထဲ သယ်လာစမှာ သူအရေးအခင်းထဲ မပါဘဲ အိမ်ကိုပြန်သွားခဲ့တယ်။ အိမ်ရောက်တော့ အိပ်ရာထဲလှဲရင်း ပြန်စဉ်းစားကြည့်မိခဲ့တယ်။ ငါကတော့ တယောက်ထဲပြန်ခဲ့တယ်။ ငါ့သူငယ်ချင်းတွေ ဘာတွေဖြစ်နေကြလဲ၊ ဘယ်လိုဖြစ်နေမလဲ၊ ငါ တကိုယ်ကောင်းဆန်သလို ဖြစ်နေပါလား၊ ငါပြန်သွားမယ်လို့ စဉ်းစား ပြီး ဝမ်းနည်းစွာနဲ့ပြောပြသံကို အမှတ်ထားလိုက်မိပါတယ်။

မြင်ကွင်းကတော့ စုံလှပါတယ်။ ကျနော်တို့လည်း သူငယ်ချင်းရွှေလှကို တွေ့ရနိုးနဲ့စောင့်ပြီး ဟောပြောပွဲထဲ နစ်မျောနေခဲ့ကြ ပါတယ်။ အိမ်ပြန်ချင်စိတ်များလည်း ပျောက်ကုန်ပါတယ်။ မခံချင်တဲ့စိတ်၊ ဝမ်းနည်းကြေကွဲမှုများ၊ လှုပ်ရှားနေကြတဲ့ ကျောင်းသားများရဲ့ ခံစားချက်များနဲ့ မျက်နှာများကိုကြည့်ရင်း မချိတင်ကဲ ဝမ်းနည်းဝမ်းသာခံစားခဲ့ရပါတယ်။

သူငယ်ချင်းရွှေလှနှင့်သာ ဆုံခဲ့ကြပါက ကျနော်တို့နှစ်ယောက် မပြန်ဖို့ဆုံးဖြတ်လိုက်ပါတယ်။ ဒီလိုနဲ့ ညနေစောင်းတော့ ကျနော် တို့နှစ်ယောက် မပြန်ချင်ပေမဲ့ အသိမရှိဘဲ၊ ဘာလုပ်ရမှန်းမသိနဲ့ သူငယ်ချင်းအုန်းကြည်အိမ်ကို ပြန်ဖို့ဆုံးဖြတ်ပြီး တက္ကသိုလ်ဝင်းထဲမှ ပြန်ထွက်ခဲ့ကြပါတယ်။ အဓိပတိလမ်းမှ အပြင်ကိုရောက်ဖို့ လူအုပ်ကြားထဲ တနာရီခန့်ကြာ တဖြေးဖြေး တရွေ့ရွေ့၊ ကျောင်းသားများရဲ့ လက်ဆွဲထားတဲ့အသုတ်လိုက် လွှတ်ပေးတဲ့လမ်းကြောင်းအတိုင်း ပြန်ထွက်ခဲ့ကြပါတယ်။

သူငယ်ချင်းအိမ်ရောက်တော့ မိုးချုပ်ပါပြီ။ သူငယ်ချင်းကိုရွှေလှနဲ့ မတွေ့ခဲ့ရတဲ့အကြောင်း၊ လမ်းမှာအရှာခံရတဲ့အကြောင်း၊ မြင်ကွင်းများအကြောင်း ပြောပြခဲ့ပါတယ်။ သူကပြောတယ်။ ငါပြောသားပဲ၊ မင်းတို့သတိနဲ့သွားလို့ ဟုပြောပါတယ်။ လမ်းမှာရှာနေတာ သူသိနေပုံရပါတယ်။ အိမ်ပြန်ရောက်ပြီး ထမင်းစားချင်စိတ်လဲမရှိ၊ စိတ်ထဲမှာမခံချင်စိတ်၊ ဝမ်းနည်းဝမ်းသာစိတ်နဲ့ မဖော်ပြနိုင်တဲ့ဝေဒနာကို ခံစားနေရသလိုပဲ။ အဲဒီည သူ့အိမ်မှာပဲ သူကျွေးတဲ့ထမင်းစားပြီး၊ မနက်ဝေါပြန်မယ် ဆုံးဖြတ်ပြီး အိပ်ရာဝင် ခဲ့ကြပါတယ်။ ကျနော့်စိတ်ထဲ ကျောင်းဝင်းထဲမှာတော့ တခုခုတော့ဖြစ်တော့မှာပဲ လို့စဉ်းစားနေမိတယ်။

ကျနော်တို့တွေ့ခဲ့တဲ့ လမ်းကရပ်ထားတဲ့စစ်ကားတွေနဲ့ စစ်သားတွေရဲ့မြင်ကွင်းရယ်၊ သူငယ်ချင်းအိမ်ရောက်တော့ သူလုပ်နေတဲ့ ကားနံပါတ်တွေ ပြောင်းရေးနေတဲ့မြင်ကွင်း (၂) ခုကိုစဉ်းစားပြီး ဘာများဖြစ်လာအုံမလဲလို့ ထင်ခဲ့ပါတယ်။

ကျနော်တို့နှစ်ယောက် ကားမီဖို့ စောစောအိပ်ရာမှထပြီး သွားတော့မယ် သူငယ်ချင်းလို့ နှုတ်ဆက်ပြီး ကားဂိတ်ကိုထွက်ခဲ့ကြ ပါတယ်။ ငါလည်းအလုပ်ရှိတယ်ကွ လို့ပြောပြီး နောက်မှအေးအေးဆေးဆေး လာလည်ကြပါဦးကွာ လို့ပြောပြီး ကျန်ခဲ့ပါတယ်။

ကားဂိတ်မှာ အစောကြီး မုန့်ဟင်းခါးထိုင်စားနေတုံးမှာပဲ စစ်ကားများတစီးပြီးတစီး မောင်းလာတာတွေ့ရပါတယ်။ ကားပေါ် လှမ်းကြည့်လိုက်တော့ မြင်ကွင်းက ကျောင်းသားများ၊ ရဟန်းများ အားလုံးငုတ်တုတ်ထိုင်၊ ခေါင်းပေါ်လက်နှစ်ဘက်တင်ထားပြီး၊ ကား နောက်မှာ သေနတ်ကိုင်ထားတဲ့ စစ်သားလေး–ငါးယောက် လိုက်ပါသွားကြတာ တွေ့ရပါတယ်။ ကားတန်းရဲ့မြင်ကွင်းကတော့ မဆုံးပါ။ ကားဂိတ်နားမှာ ကြားလိုက်ရတဲ့သတင်းကတော့ အင်းစိန်ထောင်မဆန့်လို့၊ ကုန်သွယ်ရေးဂိုဒေါင်တွေထဲမှာလည်း ပို့နေတယ်ဆိုတဲ့ သတင်းပါ။

သူငယ်ချင်းနဲ့အပြန်လမ်းမှာ ငါတို့တွေ့ခဲ့တာတွေ မှန်တယ်နော်။ သူတို့ ပြင်ဆင်ချိန်တော့ ရလောက်ကောင်းပါရဲ့လို့ပေါ့။

ကျနော်စဉ်းစားနေတဲ့ အဖေပြောတဲ့တတိယအချက်က ကျနော့်အဖေ "ဆင်ဖြူတော်" စစ်ဆင်ရေးနဲ့ ထောင် (၃) နှစ် အင်းစိန်အဆောင် (၃) မှာနေပြီး ပြန်ထွက်လာတော့ ကျနော်တို့မိသားစု သွားအကြိုမှာ၊ ဝင်သွားတော့ အသားအရည် ကောင်းကောင်းနဲ့ ပြန်ထွက်လာတော့ တွဲပြီးထွက်လာခဲ့တဲ့ အဖေရဲ့ထောင်တွင်းအတွေ့အကြုံများမှ ကျနော်သိခဲ့ရပါတယ်။

ထောင်ထဲမှာ ပညာတတ်သူများ၊ နိုင်ငံရေးသမားများ၊ အတွေ့အကြုံရင့်ကျက်သူများ၊ တော်လှန်ရေးသမားများရဲ့ အတွေ့အကြုံ ဖလှယ်မှုရလာဒ်များ၊ လူ့ဘဝရဲ့ ခါးသီးတဲ့အတွေ့အကြုံများ၊ ဘဝမှာရပ်တည်သွားဖို့ တည်ငြိမ်ရင့်ကျက်မှုများဟာ လူ့လောကကြီးမှာ ယောကျ်ားကောင်းတွေ ရောက်ရမယ့် ဘဝတက္ကသိုလ်ကြီးကို ဆိုလိုပါလားလို့ အဖေ့ရဲ့ဆိုစကားကို အသိအမှတ်ပြုရင်း ၁၉၇၄ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ဦးသန့်အရေးကို တက်ရောက်ခဲ့၊ မြင်ခဲ့ရတဲ့၊ တက္ကသိုလ်မရောက်ခဲ့တဲ့ နယ်ကျောင်းသားတယောက်ရဲ့ ကိုယ်တွေ့အတွေ့အကြုံကို မျှဝေခံစားပေးလိုက်ပါတယ်။

ကိုဒီ
ကျောင်းဝင်နံပါတ် ၂၁၆၈
ဝေါမြို့ အထက်တန်းကျောင်း

## တရောင်ထဲအား

စောရောလှိုင်

"ဒီမှာ... သူငယ်ချင်း... မင်းလုပ်ပုံက ဒို့အပေါ် မင်း တမင်သက်သက် လူပါးဝလိုက်သလိုပဲ။ ဒီလောက်အရေးကြီးတဲ့ သတင်းတွေကို ကိုယ်တိုင်ကိုယ်ကျ ဒို့မဖတ်ရဘဲ မင်းပြန်ပြောပြသလောက်ပဲ သိရ လက်ခံရမယ်ဆိုတာ တရားနည်းလမ်းကျမကျ မင်းဟာမင်း ပြန်စဉ်းစားကြည့်ပါအုံး..."

ဒေါ်မောနဲ့စကားပြောနေသူရဲ့ ဒီဂရီမျက်မှန်ဟာ ဖြာကျနေတဲ့ မီးချောင်းအလင်းရောင်ကြောင့် သူ့ခေါင်း အလှုပ်အလှဲ့ဖြစ်တိုင်းမှာ ဖြတ်ကနဲဝင်းကနဲ အရောင်ပြက်နေတယ်။ တကယ်ဆိုရင် သူ့မျက်လုံးထဲက ဒေါသမီး ထွက်ချင်လည်းထွက်လာနိုင်တာပဲ။ ထွက်သင့်တယ်လို့လည်း ကျနော်ထင်ပါတယ်လေ။

ကိုယ့်ဝမ်းနာကိုယ်သာသိ လို့ပဲပြောလိုက်ရမလား။ ကိုယ့်အကြောင်းနဲ့ကိုယ်မို့ မကောင်းသာတာပဲလားမသိ၊ ကျနော် ဘာမှပြန်မပြော၊ စောဒကတက်မနေတော့။ စာအုပ်ပုံကြားမှာ သက်တောင့်သက်သာ ကျနော်လှဲလျောင်းနေမိတဲ့ အနေအထားအတိုင်း ဆက်ငြိမ်နေလိုက်တယ်။ ကျနော့်မျက်ခွံတွေ ပိုလေးလာသလို သူ့စကားသံတွေလည်း ကျနော်နားထဲမှာ ဗလုံးဗထွေးဖြစ်ပြီး တဖြည်းဖြည်းတိုးညှင်းလာတယ်။ ဒီနောက် ကျနော်အိပ်ပျော်သွားခဲ့တယ်။ သူဘယ်အချိန်ပြန်သွားသလဲ၊ ဘာတွေပြောသေးသလဲ ကျနော်မသိ။

### *၆–၁၂–၁၉၇၄ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမရှေ့

ဒေါ်လာဒေါ်ညာ–ဘုန်းကြီးနဲ့ ဦးနေဝင်းဇနီးဒေါ်ခင်မေသန်းကို အားရပါးရကလော်တုတ်နေတဲ့ အာဂမလေးတယောက် ပထမညရဲ့ဟောပြောပွဲကို ပွဲစလိုက်ပြီး မှောင်ရီပျိုးတာနဲ့ တက္ကသိုလ်ဝင်းထဲကို တရားနာပရိသတ်တွေ တဖွဲဖွဲဝင်လာမစဲဖြစ်နေတယ်။ ညဉ့်နက်လာလေ အအေးကပိုလာလေ။ အမှိုက်တွေ၊ ဒုတ်တိုဒုတ်စတွေ၊ သစ်ကိုင်းခြောက်သစ်ရွက်ခြောက်တွေ၊ ကိုယ်နဲ့လက်တကမ်း မှီရာမှဆွဲစုပြီး မီးပုံသေးသေးလေးတွေဖိုကြတယ်။ လက်ဖျားခြေဖျားတွေ အငွေ့ခုတ်ရအောင် မီးကင်နေကြတာလည်း တချို့အဖွဲ့တွေကျတော့ တယောက်နဲ့တယောက် တိုးဓှေပူးကပ်ထိုင်ကြရင်း အအေးဓာတ်ကို အံတုဆန့်ကျင်နေကြတယ်။ ပြောဟောနေသူတွေရဲ့ ပိုင်နိုင်ကျွမ်းကျင်မှုနဲ့ ချက်ကျလက်ကျဖြစ်မှုအပေါ် မူတည်ပြီး တဝေါဝေါပွဲကျရယ်မောသံ၊ လက်ခုပ်သံတဖြောင်းဖြောင်းနဲ့ သြဘာပေးသံတွေကိုလည်း ပြတ်တောင်းပြတ်တောင်းကြားနိုင်တယ် ...

ဘွဲ့နှင်းသဘင်တဝိုက် အဓိပတိလမ်းမရဲ့ တဖက်တချက် တချို့နေရာတွေဟာ ပန်းခြုံတွေနဲ့ ကုံကော်ပင်ရိပ် မိုးနေတာကြောင့် မှောင်ရိပ်ခိုလို့ကောင်းတဲ့နေရာ ချောင်ကျတဲ့နေရာလေးတွေ ဖြစ်နေတယ်။ အဲ့ဒီနေရာတွေမှာလည်း လှုပ်လှုပ်ရှရှ သူ့ပရိသတ်အုပ်စုနဲ့သူ နေရာယူထားကြတယ်။

သိပ်မကြာပါဘူး။ အဲ့ဒီမှောင်ရိပ်တွေဆီမှာ ထိုးကြိတ်ရိုက်နှက်သံ၊ တွန်းသံ၊ ဆွဲသံ၊ ပြေးလွှားသံတွေ ကြားလိုက်ရတယ်။ ဟောပြောပွဲကိုအာရုံစိုက်နေတဲ့ လူအုပ်ကြီးနဲ့ အလှမ်းနည်းနည်းဝေးတဲ့နေရာမှာ ဖြစ်တဲ့အတွက် ရုတ်ရုတ်သဲသဲ ဘာတစုံတခုမှမဖြစ်ဘဲ ပြီးသွားတယ်။

ဘာဖြစ်တာလဲ... ဘာဖြစ်တာလဲ... တယောက်နဲ့တယောက်လိုက်မေးကြ၊ စပ်စုကြပြန်တယ်။ တချို့က မြေခွေးတွေ၊ ခွေးအတွေ လူအုပ်ထဲဝင်လာရောနေတယ်၊ သတိထားနော်။ တချို့ကလည်း ဘာမှမဖြစ်လောက်ပါဘူး၊ မြူနီစပယ်က ခွေးလေခွေးလွင့်တွေ လိုက်ရှင်းထုတ်နေတာပါတဲ့...

×××××ǁǁǁ×××××

အခုလိုအခင်းဖြစ်ပွားပြီးနောက် တက္ကသိုလ်ကျောင်းသားကြီးတချို့နဲ့ အလယ်တန်း၊ အထက်တန်းကျောင်းသားတွေတွဲပြီး လုံခြုံရေးကင်းလှည့်ကြတယ်။ လုံခြုံရေးအဖွဲ့သာဆိုတယ်။ သူတို့လက်ထဲမှာ ဓါး၊ လှံ၊ လေး၊ မြား၊ ရိုင်ဖယ်၊ G-3၊ G-4 ကိုင်ထားတာ မတွေ့ရပါဘူး။ ဒါပေမဲ့ သူတို့မှာ ပွဲထိန်းနိုင်လောက်တဲ့ ညီညွတ်မှု၊ သွက်လက်မှုနဲ့ တိုက်ခိုက်ရေးမှာ ရန်ပွဲရိုက်ပွဲအမျိုးမျိုး ပွဲတိုးထားဖူးသူတွေ ပါဝင်နေတယ်။ ကိုလတ်ဆိုတဲ့ လူငယ်လေးဆိုရင် အတော်ကလေးကို သွက်လက်ချက်ချာပြီး အားကိုးရတဲ့ လူငယ်ခေါင်းဆောင်များထဲက တယောက်ပေါ့။ သူ့ကို လူသိလည်းများပါတယ်။

မန္တလေးဆောင်မှာဖွင့်ထားတဲ့ ပြန်ကြားရေးဌာနကို သတင်းတွေ အဆက်မပြတ်လိုမ့်ဝင်လာတယ်။ သတင်းလည်းပါ၊ အတင်းလည်းပါ၊ တိုင်စာ၊ ပစ်စာ၊ လူပျောက်ရှာခိုင်းတာ အစုံပါပဲ။ တချို့သတင်းတွေကျတော့ လူကိုယ်တိုင်နှုတ်နဲ့ပေးတယ်။ စာနဲ့ ရေးရင်နောက်တနေ့ သက်သေခံဖြစ်ပြီး ထောင်ကျမှာစိုးလို့တဲ့... တချို့သတင်းကျတော့ ခပ်တည်တည်နဲ့ တံဆိပ်တုံး ရိုက်ထားတယ်။ တံဆိပ်အစစ်လား၊ အတုလား၊ သူများတံဆိပ်တုံးခိုးယူပြီး ရိုက်လွှတ်လိုက်သလား၊ ပြောမတတ်တော့။ သတင်းရဲ့ခိုင်လုံမှုနဲ့ သတင်းရဲ့တန်ဖိုးကိုတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ကိုယ် အကဲဖြတ်ရ၊ စီစစ်ရတာပေါ့။ တတ်တဲ့ပညာမနေသာဆိုသလို သက်ဆိုင်ရာကျွမ်းကျင်သူတွေကလည်း လမ်းညွှန်အကြံပေး နည်းပေးကြလေရဲ့။ ဒီအချိန်မှာတော့ ဘာလိုသလဲ၊ ဘာသိချင်သလဲ၊ ရေကန်အသင့်ကြာအသင့်ပဲ။ ကိုယ်ဘာလိုအပ်နေသလဲဆိုတာ သိနေတဲ့လူတွေက ချဉ်းကပ်ဝိုင်းရံကူညီလိုက်ကြတာများ နတ်မျက်စိ၊ နတ်နား ရထားတာကျနေတာပဲ။ ဒါကြောင့်လည်း တက္ကသိုလ်ဝင်းအတွင်းကိုစိမ့်ဝင်ပြီး လူထုပရိသတ်ကြားထဲမှာ ရန်ပွဲရိုက်ပွဲဖန်တီးမဲ့အကြံအစည်၊ ကျောင်းဝင်းအတွင်း ပရိသတ်တချို့ကို အလံရှူးလုပ်၊ မဟုတ်မမှန်သတင်းလွှင့်၊ သွေးဆူအောင်လှုံ့ဆော်ပြီး ကျောင်းဝင်းအပြင်ကို ဆွဲဆောင်ခေါ်ထုတ်ကာ လမ်းမများ၊ လူနေရပ်ကွက်များ၊ အရောင်းဆိုင်ခန်းများရှိရာ၌ လုယက်မီးရှို့ကြဖို့ စီမံဖန်တီးမှုတွေကို မိမိတို့မှအချိန်မီကြိုတင်ရှင်းလင်းတားဆီးနိုင်ခဲ့တယ်။ ဒါ့အပြင် စစ်ထောက်လှမ်းရေးအပါအဝင် ထောက်လှမ်းရေးယန္တရား အစိတ်အပိုင်းအသီးသီးကဝန်ထမ်းတွေ၊ တချို့တာဝန်နဲ့၊ တချို့တာဝန်ပြင်ပအားလပ်ချိန် လာရောက်ကြည့်ရှုလေ့လာတာ၊ ပါတီကောင်စီ လမ်းစဉ်လူငယ်အမာခံတွေ တာဝန်နဲ့ဝင်ရောက်လာတာတွေ အများအပြားကိုလည်း သိရှိဖော်ထုတ်နိုင်ပြီး မိမိတို့နဲ့ပရိသတ်လုံခြုံရေးအတွက် လိုအပ်တဲ့ အကာအကွယ် အစီအမံတွေ ချမှတ်အကောင်အထည်ဖော်နိုင်ခဲ့တယ်။

အဲဒီပုဂ္ဂိုလ်တွေနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေဟာ သက်ဆိုင်ရာအမည်နာမ၊ ရာထူးတာဝန်၊ ရုပ်ရည်ပုံပန်းသဏ္ဍာန်ဘယ်လိုရှိမယ်တွေကိုပါ အသေးစိတ်သတင်းပေးပို့ကြတာဖြစ်တယ်။ အာဏာရအစိုးရအနေနဲ့ အဖျက်လုပ်ငန်းတွေကို တခုပြီးတခုနည်းအစုံစုံပြောင်းလဲပြီး ကြိုးစားခဲ့ကြပေမဲ့လည်း မိမိတို့က သတင်းထူး၊ သတင်းမှန်တွေကို ကြိုကြိုတင်တင်၊ ဦးဦးဖျားဖျား ရရှိနေမြဲဖြစ်တဲ့အတွက် အောင်မြင်စွာတန်ပြန်နိုင်ခဲ့ကြတယ်။ ဒီလိုမျိုး တပါတီအာဏာရှင်အစိုးရနဲ့ ဆိုင်တဲ့သတင်းတွေကိုပြည့်ပြည့်စုံစုံရနိုင်ခြေက ကိုယ့်ရဲ့အတွင်းပိုင်း (ဝါ) တက္ကသိုလ်ဝင်းအတွင်း ဂိတ်များနဲ့ လုပ်ဖော်ကိုင်ဖက်တွေရှိရာမှာ ဖြစ်ပေါ်လာတဲ့အားနည်းချက်များ၊ လွဲမှားမှုများကိုမူ ထောင့်စိအောင် မကြီးကြပ်နိုင်ခဲ့၊ အခုခေတ်စကားနဲ့ပြောရရင် လူ့အခွင့်အရေးထိပါးမှုကိစ္စ တချို့နဲ့ ငွေကြေးအလွဲသုံးစားလုပ်မှုများ မဆိုစလောက် ပေါ်ပေါက်ခဲ့ရတာဖြစ်တယ်။ ဒါကို အစိုးရပိုင်းက နောင်မှာပုံကြီးချဲ့ပြီး အရေးခင်းကိုသိက္ခာချနိုင်အောင် ကြိုးစားဝါဒဖြန့်ခဲ့သေးတယ်။

၁၉၆၂ နဲ့ အဲဒီကာလမတိုင်ခင်က တက္ကသိုလ်ကျောင်းသားဟောင်း အစ်ကိုအရွယ်၊ ဦးလေးအရွယ်ပုဂ္ဂိုလ်တချို့အပြောကို ပြန်ဖော်ပြရရင်... ပိုင်ပိုင်နိုင်နိုင်ကြိုတင် စီစဉ်ဇာတ်တိုက်မှုနဲ့ အမိန့်ပေးဌာန ခိုင်ခိုင်မာမာထားရှိပြီး မထိန်းချုပ်နိုင်တဲ့ ဒီလိုမျိုး လူထုအုံကြွမှုဆိုတာ မီးစင်ကြည့်ကရတဲ့ပွဲနဲ့တူတယ်။ အဓိကအခန်းက ကပြနေတဲ့သူတွေ၊ ဝါမရင့် သဘာမရင့်ရင်၊ အကင်းပါးမှုမရှိရင် ဇာတ်ကြောရှည်တတ်ပြီး မိုးစင်းစင်းလင်းတာတောင် ဇာတ်မသိမ်းနိုင်၊ ဒါမှမဟုတ် ဇာတ်သိမ်းမကောင်းတာတွေ ဖြစ်နိုင်တယ်ဆိုတာပါပဲ။

## ဈာပနကော်မီတီ (၂) ရပ် အတွေးအမြင်မတူမှုကို ပြန်လည်သတိရခြင်း...

ဦးသန့်ရုပ်ကလာပ်ကို ကန်တော်မင်ပန်းခြံဆီပို့မလား၊ တက္ကသိုလ်ဝင်းထဲ တည်ဆောက်နေတဲ့ဂူမှာပဲ ထည့်သွင်းသင်္ဂြိုဟ်မလားဆိုတဲ့အပေါ် အမည်မတူအသံတွေထွက်ပြီးနောက် ကော်မီတီနှစ်ရပ် တွေ့ဆုံညှိနှိုင်းဖို့ အကြောင်းဖန်လာတယ်။ မန္တလေးဆောင် ကော်မီတီဝင်တွေက တချိန်မှာ ကျုပ်ကို အခုလိုခေါ်ပြောတယ်။... “ကိုစောလှငွေ၊ ဒီည ဘွဲ့နှင်းသဘင်ခန်းမဆောင်ထဲမှာ အစည်းအဝေးရှိမယ်။ ကျုပ်တို့ဆီက ကိုယ်စားလှယ်တောင်းထားတယ်။ ဘယ်ကကိုယ်စားလှယ်တွေ ဘယ်လိုအချိုးကျ ပါဝင်ကြမလဲတော့မသိဘူး။ ကျုပ်တို့ကော်မီတီအတွက်တော့ ကိုယ်စားလှယ်တယောက် လွှတ်ပေးဖို့ ခွဲတမ်းချထားပြီဖြစ်တယ်။ ဒို့အားလုံးက မင်းကိုသွားဖို့ ရွေးတယ်။ အဲ့ဒါ မင်း မပျက်မကွက်သွားတက်လိုက်ပါ။ ဒို့သဘောထားကတော့ မင်းသိထားတဲ့အတိုင်း တက္ကသိုလ်ဝင်းထဲမှာ မြှုပ်ရေးပဲ။”

ကျုပ် ဘွဲ့နှင်းသဘင်ခန်းမကို ရောက်သွားတဲ့အချိန်မှာ လူမစုံသေးဘူးဆိုလို့ ခဏထိုင်စောင့်ခဲ့ရသေးတယ်။ ဘိုဘိုနဲ့ကိုထွန်းတို့ညီအစ်ကိုနှစ်ယောက် ကျုပ်ထိုင်နေတဲ့နေရာကို ရောက်လာပြီး မန္တလေးဆောင်ကော်မီတီ သဘောထားအပြောင်းအလဲရှိမရှိ တီးခေါက်ကြတယ်။ မနေ့ညက မန္တလေးဆောင်ထဲမှာ သူတို့ညီအစ်ကိုနဲ့ ကျုပ်တို့အဖွဲ့ အတော်ကလေးစကားပြောဖြစ်ခဲ့ကြတယ်။ ဒါကြောင့်အချင်းချင်းမျက်မှန်းတန်းပြီး အနည်းငယ်ရင်းနှီးမှုရှိထားတယ်... ဈာပနဇာတိုကော်မီတီထဲက တယောက်က အစည်းအဝေးစတော့မယ်ဆိုပြီး လာခေါ်တာနဲ့ ကျုပ်တို့သုံးယောက် ထပ်လိုက်သွားကြတယ်။ အစည်းအဝေးစားပွဲဝိုင်းမှာ ကိုယ်စားလှယ် (၁၀) ဦးကျော်

လောက်ရှိမယ်။ စကားများများ မပြောဖြစ်လိုက်ကြဘဲ မဲခွဲမဲ့အစီအစဉ်ဆီ ရောက်လာတယ်။ နောက်ဆုံး မန္တလေးဆောင်ရဲ့ တဦးတည်းသောကိုယ်စားလှယ် ကျနော်နဲ့အတူ ကန်တော်မင်ပို့ဆောင်ရေးကိစ္စ ကန့်ကွက်မဲ့သူဆိုလို့ ဘိုဘိုကျော်ငြိမ်းနဲ့ ကိုထွန်းကျော်ငြိမ်းတို့ပဲ ရှိတာတွေ့ရတယ်။ ဒါကြောင့် ကျုပ်တို့ (၁၀) မဲ (၃) မဲနဲ့အဆိုရှုံးနိမ့်ခဲ့ရတယ်။ ထိုစဉ်က ဘိုဘိုတို့ညီအစ်ကို ဘယ်အဖွဲ့၊ ဘယ်အုပ်စုကို ကိုယ်စားပြုတက်ခဲ့သလဲ ကျုပ်မသိလိုက်။ သေချာတာကတော့ သူတို့ဟာ အစည်းအဝေးတက်ခွင့်ရတဲ့ တရားဝင်ဖိတ်ကြားခံပုဂ္ဂိုလ်တွေဖြစ်ပြီး ကျောင်းသားအများစုကတော့ ကျုပ်လိုပဲ မန္တလေးဆောင်ကို ကိုယ်စားပြုပြီးလာတယ်လို့ မှတ်ယူနားလည်ကြပုံရတယ်။

ကျုပ် မန္တလေးဆောင်ပြန်ရောက်တာနဲ့ အားလုံးက ကျုပ်ကိုဝိုင်းထားလိုက်တယ်။ လူတိုင်းရဲ့မျက်နှာမှာ သိချင်ဇောတွေနဲ့ပေါ့။ ကျုပ်ကတော့ အဆိုရှုံးခဲ့လို့ စိတ်ပျက်နေတယ်။ စကားပြန်မပြောချင်လောက်အောင်ပဲ ခြေကုန်လက်ပမ်းကျနေတယ်။ ကိုသောင်းအေးနဲ့ ကိုတင်စိုးတို့နှစ်ယောက် ကျုပ်အပြောကို မစောင့်နိုင်တော့ဘူးထင်ပါရဲ့… "ဘယ်လိုလဲစောလှငွေ၊ ကိုယ်စားလှယ်အားလုံးနီးပါး ကိုယ်တို့နဲ့ တသဘောတည်းပဲ မဟုတ်လား…" ကျုပ်ခေါင်းခါပြတယ်။ ပြီးမှ အခြေအနေကို အတိုချုပ်ရှင်းပြပြီး (၃) မဲ (၁၀) မဲကျော်နဲ့ သူတို့ဘက်က အများစုအသာရသွားကြောင်း အသိပေးလိုက်တယ်။ ဒီမှာတင်ပဲ ကိုသောင်းအေးတယောက် ရတ်ချည်းဒေါသူပုန်ထပြီး စားပွဲခုံကို လက်သီးနဲ့ထထိုးပစ်လိုက်တယ်။ လူအများကတော့ ဒီကောင်တော့ ထုံးစံအတိုင်းလုပ်ပြန်ပြီ ဆိုတဲ့သဘောနဲ့ နားလည်သဘောပေါက်စွာ ငြိမ်ကြည့်နေကြတယ်။ ကျနော်တို့အုပ်စုထဲမှ တချို့လူတွေက သူ့ကို "ရွှေဘ" လို့ ကင်ပွန်းတပ်ထားကြသေး မဟုတ်ပါလား။ "ဂွ" ကိုတင်စိုးကတော့ "ဒါဆိုလည်း ဘယ်တတ်နိုင်မလဲ။ ကြိုတင်သဘောတူထားခဲ့တဲ့အတိုင်း အများဆုံးဖြတ်ချက်ကို လိုက်လျောရုံပဲရှိတာပေါ့။" ဒီမှာတင် ကိစ္စက တစခန်းရပ်သွားတာမဟုတ်။ ကျုပ်တို့ဘေးမှာရပ်ပြီး အခြေအနေကို အကဲခတ်နားထောင်နေတဲ့ အင်ဂျင်နီယာကိုလတ်ကြီးကဝင်လာပြီး "ကျုပ်တို့ဆောက်လုပ်ရေးအဖွဲ့ကရော ဘာဆက်လုပ်ရအုံးမှာလဲ။ ကန်တော်မင်ပို့မယ်လို့ ခင်ဗျားတို့အားလုံးနီးပါးက ဆုံးဖြတ်ပြီဆိုမှတော့ ကျုပ်တို့ ကိုယ့်အိမ်ကိုယ် ပြန်ကြရုံပဲရှိတာပေါ့။" ပန်းရံဆရာ ကုလားရာမင်းဆိုသူကလည်း "ဒါဟုတ်တာပေါ့" လို့ သူ့ဆရာအင်ဂျင်နီယာကြီးရဲ့ သဘောထားမှတ်ချက်ကို ချက်ချင်းထောက်ခံလိုက်တယ်။ အခြားကျောင်းသားတွေလည်း ကိုယ့်ခံစားချက်နဲ့ကိုယ် ကိုယ်စီကိုယ်စီ စိတ်ပျက်အားလျှော့စွာနဲ့ ထွက်ပေါ်လာကြတယ်။ အခြေအနေကတော့ ပွဲမပြီးခင် စောစောစီးစီး တပ်ခေါက်ကြရတော့မဲ့ပုံ ဖြစ်နေတယ်။ အခြေအနေဟန်ပုံမပေါက်တာကို အကဲခတ်မိတဲ့အလျှောက် ကိုမြင့်ဟန်က အခုလို အချိန်မီဝင်ထိန်းလိုက်ပြန်တယ်။ "အားလုံးနားထောင်ကြ။ မင်းတို့ကလည်း အ,ရန်ကော၊ သူလည်း သူ့အကြံနဲ့သူ။ ကိုယ်တို့လည်း ကိုယ့်အကြံနဲ့ကိုယ်ပေါ့ …စရင်တော့ဆုံးတဲ့အထိ တာဝန်ယူလုပ်ရမှာပဲ။ လူထုက နားကပ်တွေ၊ လက်စွပ်တွေ၊ ငွေစက္ကူအထပ်လိုက်တွေ ပုံအောပြီး ထည့်ဝင်လှူဒါန်းထားတာနဲ့ ဒို့အလျင်ဦးဆုံးပြုထားတဲ့ဂတိကို လွယ်လွယ်နဲ့ချိုးဖောက်တဲ့ အဖြစ်တော့ အရောက်မခံနိုင်ဘူး…"

"ဘာဘဲဖြစ်ဖြစ် အနိမ့်ဆုံး …အလောင်းကို ကန်တော်မင်ဆီ ထုတ်ဆောင်မသွားခင် ဒို့အခုဆောက်နေတဲ့ဂူပေါ်မှာ ခေတ္တခဏလောက်တော့ ချပြီးနားခိုင်းမယ်။ ဒါမှ ဒီဂူဖြစ်မြောက်ရေး လုံးပမ်းကြတဲ့ သက်ဆိုင်သူအားလုံး ပင်ပန်းရကျိုးနပ်ပြီး ကျေနပ်နိုင်ကြမယ်။ ဒီကိစ္စ ဈာပနကော်မီတီဗဟိုက ဥက္ကဋ္ဌကိုကြည်ဝင်း၊ အတွင်းရေးမှူးကိုသက်လှိုင်တို့အဖွဲ့နဲ့ ဒို့မန္တလေးဆောင်ကော်မီတီက ရအောင်ညှိနှိုင်းဖို့ တာဝန်ယူမယ် …မကောင်းဘူးလား …"

ကိုမြင့်ဟန်ရဲ့ တင်ပြချက်အဆုံးမှာတော့ အားလုံးခေါင်းတညိတ်ညိတ်နဲ့ ပြုံးလာနိုင်ကြတယ်။ ဆွေးနွေးပွဲစကားဝိုင်းရဲ့ ရာသီဥတု ကြည်လင်လာတဲ့အလျောက် လူတိုင်း ကိုယ့်ဒေါင့်နဲ့ကိုယ် တာဝန်အသီးသီးကို ဆက်လက်ဆောင်ရွက်နိုင်ဖို့ လူခွဲလိုက်ကြတယ်။ ကျုပ်စိတ်ထဲမှာတော့ ဘယ်ဝေ့ညာဝိုက်နဲ့ တာထွက်စကတည်းက အဖြောင့်မရှိ အကွေ့တွေချည်း လျှော်နေရတယ်။ အခုလည်း ဝဲပြန်တကွေ့ ဖြတ်ရပေဦးမယ်။ အသက်တိုချင်လည်းတိုတော့၊ မတတ်နိုင်ဘူး။ ရင်မောစွာနဲ့ ပင့်သက်မရှည်ကြီးတချက်ကိုတော့ လေးလေးပင်ပင် ချလိုက်ရတော့မှာပဲ …

×××××||||||×××××

မန္တလေးဆောင်ပြန်ကြားရေးအနေနဲ့ ရရှိတဲ့သတင်းတွေအနက်က အတည်ပြုရအခက်ခဲဆုံး သတင်းကတော့ (၈) ရက်နေ့ညမှာ ဝင်လာတဲ့ သတင်းတခုပါပဲ။ အဲ့ဒါကတော့ ဦးသန့်ရုပ်ကလာပ်ကို ကန်တော်မင်မပို့နဲ့၊ ပို့ရင်လည်း ကန်တော်မင်ရောက်မှာမဟုတ်ဘူး။ လမ်းမှာပဲ အစဖျောက်ခံရလိမ့်မယ် ဆိုတဲ့သတင်းပါပဲ။ ဒီသတင်းနဲ့ပတ်သက်ပြီး မန္တလေးဆောင်ကော်မီတီနဲ့ သက်ဆိုင်ရာအသိုင်းအဝိုင်းက ဖြစ်နိုင်ခြေရှိတယ်လို့ နားလည်ခဲ့ပေမဲ့ မန္တလေးဆောင်ကော်မီတီအပေါ် အမှုပတ်နိုင်တဲ့အတွက် လုံးဝရေငုံနှုတ်ပိတ်နေခဲ့တယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး အချိန်တန်မှ လူထုဘာသာလူထု ကြိုက်သလိုဆုံးဖြတ်ပါစေဆိုပြီး စောင့်ကြည့်ခဲ့တယ်။ တကယ်လို့ ကန်တော်မင်ကို သွားပို့ရမယ်ဆိုရင်လည်း အလောင်းကို အသက်နဲ့လဲပြီး ကာကွယ်ကြဖို့ ကိုယ့်ဖာသာကိုယ် ကြိုတ်စီစဉ်ထားလိုက်တယ်။

×××××||||||×××××

### အလောင်းကို တက္ကသိုလ်ဝင်းအတွင်းမှာပဲ မြှုပ်လိုက်တဲ့နေ့

ညဘက် ကောင်းကောင်းလေး အိပ်စက်ရတယ်။ ဂိတ်တွေမှာတော့ လုံခြုံရေးပိုစည်းကြပ်ထားတယ်။ ရတဲ့သတင်းတွေအရ စီစစ်ပြီး ဖမ်းမိတဲ့ ထောက်လှမ်းရေးသုံးအသံဖမ်းစက်၊ ကင်မရာအသေးစားနဲ့ အခြားမသင်္ကာဖွယ်ရာပစ္စည်းဆိုတာတွေကို လုံခြုံရေးဂိတ်တွေက မိမိတို့ကော်မီတီညွှန်ကြားချက်နဲ့အညီ မိတဲ့နေရာ လူထုရှေ့မှောက်မှာ ထုချေဖျက်ဆီးခဲ့ကြတာဖြစ်တယ်။

## (၁၀) ရက်နေ့နံနက် (၁၀း၀၀) နာရီသတင်း

အမိကာသတင်းရင်းမြစ် လေးခုကနေလာတဲ့ သတင်းဖြစ်ပြီး လေးခုစလုံးကိုပေါင်းစပ်ယူမှ တခုလုံးပုံပေါ်လာတယ်။ နေ့လည် (၂း၀၀) နာရီသတင်းမှာတော့ ပေါင်းစပ်ထားတဲ့သတင်းအတိုင်း အလားတူကိုက်ညီနေတဲ့ စီမံချက်တခုလုံးကို သတင်းလာပို့ပေးတာ ဖြစ်တယ်။ ရန်ကုန်တိုင်းစစ်ဌာနချုပ် အသိုင်းအဝိုင်းထဲက သော့ချက်ပုဂ္ဂိုလ်တဦးရဲ့ ကိုယ်ရေးအရာရှိထံက လာတာဖြစ်ပြီး သူ့တူမလို့ ဆိုတဲ့ တက္ကသိုလ်ကျောင်းသူမှတဆင့် ပို့ပေးခြင်းဖြစ်တယ်လို့ မှတ်မိနေသေးတယ်။ ဒီသတင်းတွေကိုလည်း နောက်ဆုံးဝင်ရှင်းတဲ့အထိ လူသိရှင်ကြား ထုတ်ပြန်ခြင်းမပြုခဲ့ပါ။

လက်ဦးမှုရှိရှိ လိုအပ်သလို ကြိုတင်စီမံဆောင်ရွက်ရမည်များကိုမူ အချိန်အခါနှင့်အခြေအနေ အခွင့်အခါပေါ်မူတည်ပြီး ဆောင်ရွက်စီမံ တုံ့ပြန်နိုင်ခဲ့ကြပါတယ်။

## ၁၀–၁၂–၇၄ ညသန်းခေါင်ကျော် (၂း၀၀) နာရီ

ကော်မီတီဝင်အပေါင်းသင်းတယောက် ကျုပ်ကိုလှုပ်နိုးတယ်။ "စောလှငွေ၊ နောက်နာရီအနည်းငယ်လောက်ဆို စစ်ဘီလူးတွေ ဝင်လာတော့မယ်။ မလွတ်မကင်းဖြစ်နိုင်တဲ့ စာရွက်စာတမ်းတွေ ဘာရှိသေးလဲ။ အပြီးရှင်းပစ်တော့..." အိပ်မှုန်စုံမွှားနဲ့ ကျနော်ထပြီး အသင့်ထုပ်ထားတဲ့ စာထပ်ကြီးကို ပေးလိုက်တယ်။ သူ သေသေချာချာစစ်ဆေး မီးရှို့ပစ်လိုက်တယ်။ ပြီးတော့ နှစ်ယောက်သား ဂိုရှယ် (ခေါ်) လှအောင် (RIT) လုပ်ထားတဲ့ ငွေစာရင်းပါရှိတဲ့ ငွေထုပ်ကို အဆောင်တွင်း ချောင်ကျလုံခြုံတဲ့တနေရာမှာ သွားဖွက်ထားလိုက်ကြတယ်။ တခြားသိသင့်တဲ့လူတွေလည်း ငွေထားတဲ့နေရာပြပေးခဲ့တယ်။

အခြေအနေကတော့ လာမယ့်ဘေး ပြေးတွေ့မဟုတ်ဘဲ၊ လာမယ့်ဘေးကို သွေးအေးအေးနဲ့ စောင့်နေတာပါပဲ။ ဖဲသမားစကားနဲ့ ပြောရရင်တော့ သပိတ်ဝင်အိတ်ဝင် အနိုင်ပိုင်းထားပြီးသားဖြစ်နေလို့ပဲ။ နေခဲ့သင့်သူတွေ နေခဲ့ကြ၊ အပြင်ထွက်သင့်သူတွေ ထွက်သွားနိုင်ကြအောင် နားလည်မှုအပြည့်နဲ့ စီစဉ်ဆောင်ရွက်ခဲ့ကြတယ်။

## နံနက် (၃း၀၀) နာရီခွဲခန့်

"ဟေ့ကောင် ...ထတော့၊ မင်းတယောက်ပဲ ကျန်တော့တယ်။ အောက်ဆင်းကြမယ်။ စစ်တပ်တွေ၊ ရဲတွေ ကျောင်းထဲကို ဝင်လာနေပြီ။ မြန်မြန်လုပ်..." ကျုပ်ကိုလာခေါ်တဲ့သူဟာ ချက်ချင်းပဲ ပြန်ပြေးထွက်သွားတယ်။ ကျုပ်လည်း သူ့နောက်က ထပ်ချပ်မကွာလိုက်သွားတယ်။

အဓိပတိလမ်းမထိပ် အဝင်ဝကို ကြည့်လိုက်တယ်။ တံခါးမကြီးတံခါးနှစ်ချပ်ကို ကရိန်းနဲ့ဆွဲထုတ်ပစ်လိုက်တယ်။ စစ်သားတွေ၊ လုံထိန်းတွေ အလုံးအရင်းနဲ့ဝင်လာတယ်။ ကျောင်းဝင်းအပြင်မှာ သံချပ်ကာကား၊ အားမတ်ကားတွေ ဝန်းရံထားတယ်။ တက္ကသိုလ်ဓမ္မာရုံဘက်က စက်အမြောက်တွေကိုလည်း အသင့်အနေအထားနဲ့ ချိန်ထားကြတယ်။

သံခမောက်တဝင်းဝင်း၊ လုံ့စွပ်တလက်လက်နဲ့ စစ်သားတွေ ဟိုမှဒီမှပြေးလွှားပြီး လူအုပ်ကြီးကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ခွဲထုတ်နေတယ်။ သေနတ်သံ၊ မျက်ရည်ယိုဗုံးပေါက်သံ၊ ညာသံပေးပြီး ဝင်ရောက်ရိုက်နှက်သံ၊ ဒဏ်ရာအနာတရနဲ့ နာကျင်စူးရှစွာ အော်သံတွေ၊ ပွက်လောညံနေတယ်။ တကယ့်စစ်မြေပြင်မြင်ကွင်းပဲ။ ဆလိုက်မီးမောင်းကြီးတွေကို လက်ယှက်ထိုးထားတဲ့အတွက် နေခင်းကြောင်တောင်လိုပဲ လင်းနေတယ်။ ဒုံးကျည်မီးပန်းလည်း ဖောက်လိုက်သေးတယ်။

စစ်တပ်နဲ့လုံထိန်းတွေက အုပ်စုတွေခွဲပြီး ဝိုင်းဖမ်းလို့ရတဲ့သူတွေကို သုံ့ပန်းလို ခေါင်းပေါ်လက်တင် နေထားခိုင်းတယ်။ နောက်ဆုံး အဓိပတိလမ်းမပေါ်မှာ အတန်းလိုက်စီ ထိုင်ထားခိုင်းတယ်။ နှင်းမှုံနဲ့ မျက်ရည်ယိုဗုံးမီးခိုးတွေ ရောနေတယ်။ တက္ကသိုလ်မှာဝေတဲ့နှင်း၊ ကံ့ကော်နံ့မသင်းပါဘူး။ သွေးညီနံ့နဲ့ယမ်းနံ့ပဲ သင်းနေတယ်။ "နှင်းလေးတွေမှဟုတ်ရဲ့လား" လို့ဆိုတဲ့ သီချင်းအဓိပ္ပါယ်က ဒီမှာ ပြည့်စုံသွားတယ်။

"ဟိုကောင် ...မင်းခေါင်းပေါ်တင်ခိုင်းထားတဲ့လက်ကို ဘယ်ပထွေးအမိန့်ရလို့ ဖြုတ်တာလဲ။" စစ်သားတယောက်ရဲ့ စကားအဆုံးမှာ လုံထိန်းနှစ်ယောက်က ဝင်ကြုံးလိုက်တာနဲ့ စိုင်းသိုက်နန်းလို့ထင်ရတဲ့လူဟာ ကျုပ်ဘေးကနေ ဒလိမ့်ခေါက်ကွေးနဲ့ လွင့်ထွက်သွားတယ်။ ကျုပ်နဲ့ခပ်စောင်းစောင်းလောက်မှာ စောထွန်းတယောက် ပါဝါမျက်မှန်မရှိတော့ဘဲ မျက်စိကသွေးယိုစီးကျနေတာ စောင်းစောင်းအနေအထားနဲ့ ကြည့်မြင်လိုက်ရတယ်။

လူတယောက် ဝင်လာတယ်။ အနားမှဝိုင်းပတ်စောင့်ကြပ်နေတဲ့ စစ်သားနဲ့လုံထိန်းတွေ ဘေးကိုရှဲထွက်သွားတယ်။ အကောင်ကြီးထဲကပဲ ဖြစ်လိမ့်မယ်။ စစ်သိုးမွှေးဆွယ်တာဝတ်ထားတော့ ပခုံးပေါ်မှာ ဘယ်နှစ်ပွင့်လဲ၊ ကရောင်းလား ဘာလား မသိနိုင်ဘူး။ စစ်ရောင်သိုးမွှေးခေါင်းစွပ်လည်း စွပ်ထားတယ်။

ကျုပ်အနားကိုရောက်တော့ သူက... *"ငါညီတို့လုပ်တာ မှန်တယ်၊ ငါညီတို့အားမငယ်နဲ့၊ မကြောက်နဲ့။ မင်းတို့နောက်မှာ အစ်ကိုတို့ အမြဲတမ်းရှိနေမယ်"* တဲ့...

စကားသံဟာ သိတ်တိုးတိုးမဟုတ်ဘူး။ ကျုပ်တို့ ခေါင်းပေါ်လက်တင်ပြီး စုထိုင်နေတဲ့ အနားတဝိုက်က လူတိုင်း ကောင်းကောင်းကြားနိုင်လောက်တယ်လို့ ကျုပ်ထင်တယ်။ ဒီပြောစကားနဲ့ပတ်သက်ပြီး ကျုပ် အမှန်တကယ်သံသယဖြစ်ခဲ့တယ်။ *ဗိုလ်ကြီးအုန်းကျော်မြင့်တို့ရဲ့ နိုင်ငံတော်လုပ်ကြံမှုကြီး မပေါ်လာခင်အထိဆိုပါစို့။*

ဗုဒ္ဓဘာသာအပါအဝင် ယဉ်ကျေးတဲ့ဘာသာတိုင်း၊ လူမျိုးတိုင်းဟာ မသာတခေါက်၊ ကျောင်းဆယ်ခေါက်ဆိုပြီး သာရေးထက် နာရေးမှာ ပိုလို့ လူမှုဝတ္တရား ကျေပွန်တတ်ကြတယ်။ သူတို့ရဲ့ မြင့်မြတ်တဲ့စိတ်နေသဘောထား၊ ယဉ်ကျေးမှုအဆင့်အတန်းကို ဒီကိစ္စတွေမှာ မှတ်ကျောက်အတင်ခံကြတာလည်းဖြစ်တယ်။

ယဉ်ကျေးတဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေဟာ ၇၄ ဦးသန့်အရေးအခင်းမှာ တိုင်းပြည်ဂုဏ်မညှိုးရအောင် တယောက်တလက် တတပ်တအား ပါဝင်လှုပ်ရှားခဲ့ကြတယ်။ အသွင်သဏ္ဍာန်အားဖြင့် လူမှုရေးသက်သက် သဘောဆောင်ပေမဲ့ အနှစ်သာရပိုင်းမှာ နိုင်ငံရေးအဓိပ္ပါယ်လည်း အလေးနက်ပါဝင်တယ်လို့ မိမိနားလည်ခံစားမိတယ်။

ဦးနေဝင်းတို့ကြောင့် တက္ကသိုလ်ကောလိပ်တို့ရဲ့မူလဘူတ ပင်မတက္ကသိုလ်ကနေ ဦးသန့်ကို သူများနိုင်ငံတွေလို ဂုဏ်ထူးဆောင် ဘွဲ့မပေးနိုင်ခဲ့ပေမဲ့ ကျနော်တို့ကျောင်းသား/သူတွေက ပြည်သူလူထုအကူအညီနဲ့ ဘွဲ့နှင်းသဘင်ခန်းမထဲမှာ သူ့ရုပ်ကလာပ်ကို ထည့်ထားပြီး ပန်းတွေနဲ့ဝေအောင် အလှဆင်လျက် ထိုက်ထိုက်တန်တန်ဂါရဝပြုခဲ့ကြတယ်။ ဘူမိနက်သံ သမဂ္ဂရင်ပြင်မှာ အုတ်ဂူလုပ်ပြီး တော့ မြှုပ်နှံသင်္ဂြိုလ်ပေးလိုက်တယ်။

အလောင်းမြှုပ်ပြီးတဲ့ညက ကိုထွန်းကျော်ငြိမ်းနဲ့ဘိုဘိုကျော်ငြိမ်းတို့ အရေးတကြီးသုတ်သီးသုတ်ပြာနဲ့ လာကြတယ်။ ကိုမောင်မောင်တိတ်ကြီးနဲ့ စကားပြောနေကြတာ သူတို့မျက်နှာမှာ စိုးရိမ်ပူပင်မှုတွေ အထင်းသားပေါ်နေခဲ့တယ်။ "ခင်ဗျားတို့ ဒီည ထွက်သွားကြတော့။ ခင်ဗျားတို့သွားချင်တဲ့ လက်နက်ကိုင်အဖွဲ့အစည်း တခုခုဆီကိုပေ့ါ။ ဒီ လှူထားတဲ့ ငွေနဲ့လက်ဝတ် ရွှေ၊ ငွေပစ္စည်းတွေဟာ ခင်ဗျားတို့ထင်သလို ဦးသန့်ဈာပနအတွက် သက်သက်လည်း ဟုတ်ချင်မှဟုတ်မှာ၊ တော်လှန်ရေးခရီးအတွက် ဖြစ်ကောင်းဖြစ်မှာ ...အခု MC-2 ဝပ် (Ward) တွေကို ရှင်းထားတယ်လို့ သိရတယ်။ ဒါက အလောင်းတွေထည့်ဖို့ ပြင်ထားတာပဲ။ ဒါကြောင့် ခင်ဗျားတို့ ဆုံးဖြတ်ကြပါ။ ဒီသတင်းဟာ အတိအကျပဲ။ ကျနော်တို့ကတော့ အိမ်ကနေပဲ အဖမ်းခံလိုက်တော့မယ်..." သူတို့ အခုလိုပြောဆိုနေကြချိန်မှာ ကျနော်အနားမှာရှိနေပေမဲ့ တစုံတရာ ဝင်ရောက်စွက်ဖက်ခြင်း မပြုခဲ့ပါဘူး။ ကိုမောင်မောင်တိတ်ကတော့ ကျနော်တို့ အုပ်စုသဘောထားကို ထင်ဟပ်တဲ့စကားလုံးတွေနဲ့ အခုလိုတုန့်ပြန်ခဲ့တယ်...

"ကျနော်တို့ကတော့ မသွားတော့ဘူးဗျာ။ ကျနော်တို့ ကျောင်းသားပြည်သူများနဲ့အတူ ဒီမှာပဲနေပြီး ရင်ဆိုင်လိုက်တော့မယ်။ ခင်ဗျားတို့ညီအစ်ကိုရဲ့ စေတနာနဲ့ တာဝန်သိမှု၊ လုပ်ဖော်ကိုင်ဖက်တွေအပေါ်ထားတဲ့ သံယောဇဉ်တွေကိုတော့ ကျုပ်တို့နားလည်ပါတယ်..."

တကယ်ဆိုတော့ ဒီသတင်းတွေကိုလည်း ကျနော်တို့ ရရှိထားပြီးဖြစ်ပါတယ်။ ဒါကြောင့်လည်း အမာခံလုပ်ဖော်ကိုင်ဖက်တွေထဲက အခြေအနေနဲ့ဆန္ဒအရ ထွက်မဲ့သူတွေကို နားလည်ပေးခဲ့တာပေ့ါ။

လုံခြုံရေးနဲ့ညှိနှိုင်းပြီး ရာသီဥတုကလည်း အအေးများလာတဲ့အတွက် ခလေးငယ်အချို့နဲ့မိခင်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များကို အချိန်မှီပြန်ထွက်သွားအောင် အချိန်လုစီစဉ်ခဲ့ကြရပါတယ်။ ဒီလိုပြန်ထွက်ဖို့ ကျုပ်တို့က တိုက်တွန်းစီစဉ်တဲ့အတွက် တချို့မိခင်တွေရဲ့ မျက်နှာပေါ်က ဒေါသရိပ်တွေကိုတော့ အားနာစွာနဲ့ မျက်နှာလွှဲခဲ့ကြရပါတယ်။ နောက်ဆုံးဂိတ်တံခါးများပိတ်ချိန်ဟာ (၁၀း၀၀) နာရီမို့ပါ။ ဒီလိုနဲ့ပဲ လူတသောင်းနီးပါးကနေ ငါးထောင်ကျော်လောက်ပဲ တက္ကသိုလ်ဝင်းထဲမှာ ရှိတော့တယ်။ ထပ်ထုတ်ရင် ထွက်သွားမဲ့ပရိသတ် လမ်းမှာအန္တရာယ်ရှိနိုင်သလို မထွက်သွားချင်တဲ့အတွက် အမျက်ဒေါသနဲ့ မိမိတို့ကို တုန့်ပြန်လာမယ့် အခြေအနေမှာလည်း ရှိနေတယ်။

ဦးသန့်အရေးအခင်းကို အစဉ်သဖြင့် ရှေ့ဆီကိုတူရှုလည်နေတဲ့ ဘီးတဘီးအနေနဲ့ ပုံခိုင်းရရင် အလယ်ဝင်ရိုးဟာ ကျောင်းသားထုရဲ့ စိတ်ဓာတ်နဲ့သိက္ခာပါပဲ။ (မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်အထိထုကြီးပါပဲ)

"ကြည့်စမ်း ...ဘာလိုလိုနဲ့ နှစ်ပေါင်း (၃၀) ကျော်ခဲ့ပြီ။ ပြည်တွင်းစစ်မီးကြီးလည်း တဟုန်းဟုန်းတောက်လောင်ကောင်းနေဆဲ။ အမျိုးသားစည်းလုံးညီညွတ်မှု ပြိုကွဲနေပုံကလည်း ဘယ်တုန်းကနဲ့မတူ၊ တိုင်းပြည်ကြီးကလည်း နာသထက်နာ၊ နစ်သထက်နစ်..."

"ဒီလိုပုံစံနဲ့ မိုးကြီးချုပ်လျှင်တော့..."

သေချင်တဲ့ကျားကတော့ တောပြောင်းနေပြီဆိုတာ ...အစ်ကိုတို့အသိဆုံး၊ ဒီတချီ အစ်ကိုတို့နဲ့ညီတို့ ပြန်ဆုံကြမဲ့ပွဲမှာတော့ မိုးမချုပ်ခင် အိပ်ပြန်ရောက်နိုင်ကြရအောင်..."

စောရောလှိုင်



ဦးသန့်ကျွန်း ဟု ဂုဏ်ပြုအမည်ပေးထားသော
နယူးယောက်မြို့မှ ကျွန်းကလေး

# သိပ်သည်းဆခြင်း ဘယ်တူပါ့မလဲ

မောင်လူပျို (မိသားစုဝိုင်း)

ကျနော် ရန်ကုန်ရောက်သည့်နှစ် ၁၉၆၉–ခုနှစ်ကစလို့ ခွပ်ဒေါင်းအလံကို ပြန်လည်စတင် မြင်လာရသည်မှာ မင်္ဂလာကြီးတပါးဟု ဆိုရပါမည်။ လမ်းမတော် အ–ထ–က (၁) ရန်ကုန်၊ ဆယ်တန်းကျောင်းသားဘဝရောက်မှပင် ခွပ်ဒေါင်းအလံကို စတင်မြင်ဖူး၏။ သမီးလေးစို့စို့မှာတော့ မူကြိုဘဝကပင် ဖုန်းမော်အရေးအခင်းကစလို့ ခွပ်ဒေါင်းအလံကို မြင်ဖူးနေသည်။ ကွာခြားမှုကြီးသည်ကို ဘဝနှင့် ချိန်စက်ပြီး ခံစားရပါသည်။

ကျွန်းဆွယ်အားကစားပွဲ ကျင်းပသည့် သမိုင်းကျောင်းဝင်းအတွင်းမှ စတင်ပေါ်ထွက်လာသည့် ကျောင်းသားထု၏လှုပ်ရှားမှု။ အဲဒီတုန်းက ကိုအောင်သန်း၊ ကိုကျော်တင့်တို့ ပါဝင်ခဲ့သည်ကိုသိရ၏။ ၁၉၇၀–ခုနှစ်တွင် ကျနော် တက္ကသိုလ်သို့ရောက်ပြီ။ တက္ကသိုလ်ရွှေရတုသဘင်နှင့် ပက်ပင်းတိုးသည်။ မော်လမြိုင်ကောလိပ်မှ ကျောင်းသားလှုပ်ရှားမှု စတင်လိုက်ပြီဖြစ်၍ ကျင်းပဆဲရွှေရတုကို ပိတ်လိုက်၏။ ၎င်းနေ့ညဉ့်ပင် ကျနော်တို့ထိုင်နေကျ ကမာရွတ်အဝိုင်းကြီးကို စဖျက်ဆီးလိုက်သည်။ ကျောင်းပိတ် အိမ်ပြန်ခိုင်းသည့်နည်းသည် မဆလအာဏာပိုင်များ၏ လူစုခွဲသည့်နည်းဖြစ်သည်။

ဒုတိယနှစ်၊ တတိယနှစ်ကာလများ။ ရခိုင်ကျောင်းသားတဦး ဓါးထိုးခံရမှုနှင့် လှိုင်ဂတ်တဲဝိုင်းသည့်အရေးအခင်း၊ ကမာရွတ်ဂတ်တဲမီးရှို့သည့်အရေးအခင်းများ နှစ်ခုကို ပွဲဦးထွက်ဆင်နွှဲဖူးနေ၏။ ကိုယ့်လက်နှင့် ကိုယ်တိုင်ကိုယ်ကျ စပယ်ရှယ်မီးရှို့လိုက်ရသည့် ဥပဒေကျောင်းသားတဦး၏အရသာကို ဘယ်ဘဲ့နှင့်မှမလဲနိုင်ပါ။ ဥပဒေသစ်ကို ရေးဆွဲမည့်လက်သည် ဥပဒေဟောင်းကို မုချဖျက်ဆီးရမည်–အသဲခိုက်အောင် ယုံကြည်၏။

ဥပဒေကျောင်းသား ကိုနော်ရိန်း၊ ကိုတင်မြင့်တို့ အဖမ်းခံရပြီး ထောင်ကျသွား၏။ တရွာတည်းသား ကိုတင်ဖေလည်း ထောင်ကျသွား၏။ သူငယ်ချင်းအစား ငါ့ကိုဖမ်းလျှင် ကောင်းလေရဲ့လို့ သူငယ်ချင်းများကို ပြောဖြစ်၏။ ကိုတင်ဖေ ထောင်ကထွက်လာသည့်အခါ မိသားစုဝိုင်း (တောင်ကုတ်–သံတွဲ–ဂွ) ပညာသင်ထောက်ပံ့ရေးအသင်းမှ ထောက်ပံ့ကြေးချီးမြှင့်နိုင်ခဲ့၍ အသင်းကိုယ်စားဂုဏ်ယူမိ၏။

ဂတ်တဲမီးရှို့ပြီးနောက် ၁၉၇၄–ခုနှစ်တွင် ဇွန်လ (၆) ရက်အလုပ်သမားသပိတ်ကြီး ပေါ်ပေါက်လာ၏။ တခုခုတော့ လိုအပ်နေပြီဆိုသည်ကို အသဲနှလုံးမှသိနေ၏။ အောင်သံခြိမ့်ခြိမ့်၊ အကျည်းတန်,နေ–စသည့် သူငယ်ချင်းရဲဘော်များစုထုတ်သည့် ကဗျာစာအုပ်လေးတွေ ထွက်နေ၏။ ထိုစဉ်က စီးပွားရေးတက္ကသိုလ်မှနံရံကပ်စာစောင် "လူမှုစီးပွား" မှာ နာမည်ကြီးဖြစ်သည်။ ကျနော်တို့ဌာနချုပ်က ဥပဒေဌာနဘေးရှိ ကိုအောင်ရင်လှက်ရည်ဆိုင်။ ကုက္ကိုရွက်ကြွေတွေ၊ ကျီးကန်းချီးတွေ ခုံပေါ်မှာ ရှုပ်ပွပေကျံနေပါစေ ကျနော်တို့က အထိုင်မပျက်။ ထိုစဉ်က "မိုးရိပ်လေရိပ်" (ဆရာစွမ်း၊ ဆရာမိုးတို့ပါဝင်ရေးသား)၊ ရိုးမရိပ်ခြေ၊ စက်တင်ဘာမီးတောက်၊ အောက်တိုဘာလမ်းကြောင်း၊ ဓါးမြှောင်နီ စသည့် အသွေးအသားနှင့်ရင်းပြီး ရေးသားထားသည့် ကဗျာစာအုပ်များ တဖွဲဖွဲထွက်နေ၏။ စာပေသည် တော်လှန်ရေးကို မောင်းတင်နေသည်။ စာပေသမားများနှင့် အကျွမ်းဝင်ခွင့်ရ၏။ ကိုနီဟိန်း၊ ကိုထက်မြက်၊ ကိုဝင်းတင့်ထွန်း၊ ကိုနိုင်ဝင်းဆွေ၊ ကိုဘသင်း၊ ကိုကျော်၊ ကိုအောင်၊ မမလှ။ ကျနော်တို့မှာ ပေါက်စလေးများသာဖြစ်၏။ ပန်းဆိုးတန်းလမ်းဘေး ခရေပင်တွေအောက်တွင် ကိုဘသင်းနှင့် စာအုပ်အရောင်းထွက်၏။ တမူးတမတ် ပိုက်ဆံလေးများရလျှင် ကိုကြည်လဘက်ရည်ဆိုင် ပြေးကြရသည်။ ယခုထိ မျက်စိထဲကမထွက်နိုင်သေး။ အစ်ကိုကြီးများကို လွမ်းဆွတ်တသမိပါသည်။ ထိုကာလမှာပင် ဇွန် (၆) အလုပ်သမား

သပိတ်တိုက်ပွဲကြီးကို တွေ့မြင်ကြုံကြိုက် ဖြတ်သန်းလိုက်ရ၏။ ကျောင်းသားအသိမှတဆင့် တိုးတက်ပြီး အလုပ်သမားအသိတခုကို ရရှိလိုက်၏။ အဘယ်မှာ ပျောက်ပျက်နိုင်ပါအံ့နည်း။

အလုပ်သမားသပိတ်ကြီးအပြီး ၆–လလောက်အကြာတွင် ဦးသန့်စျာပနအရေးအခင်းကြီး ပေါ်ပေါက်လာပါသည်။ ဦးသန့်၏ အခေါင်းကြီး မင်္ဂလာဒုံလေဆိပ်သို့ ဆိုက်ရောက်လာပါသည်။ ကျောင်းသားများ ထိုနေ့က လှုပ်လှုပ်ရွရွဖြစ်နေကြ၏။ ကျနော်တို့၏ ဗဟိုဌာနချုပ်ကြီးကား ဦးချစ်ဆိုင်ဖြစ်၏။ ဘယ်ကိစ္စဖြစ်ဖြစ် ထိုနေရာမှစတင် လှုပ်ရှားကြ၍ဖြစ်သည်။ ဦးသန့်၏ခေါင်းကြီးကို ကျိုက္ကစံကွင်းမှ ရန်ကုန်တက္ကသိုလ် ကျောင်းဝင်းအတွင်းသို့ရောက်အောင် လူအုပ်ကြီးဖြင့် စီတန်းသယ်ဆောင်ကြ၏။ အဓိပတိလမ်းမကြီးအတိုင်း ချီတက်ကာ ဘွဲ့နှင်းသဘင်ခန်းမကြီးထဲသို့ သွင်းလိုက်ကြသည်။ ဘွဲ့ယူမည့်စင်မြင့်တွင် ဦးသန့်၏မဟော်ဂနီခေါင်းကြီးကို သပ်ယပ်ခန့်ညားစွာ ထားလိုက်ကြ၏။ ဦးသန့်ကိုကြိုဆိုဂုဏ်ပြု သင်္ဂြိုဟ်သမှုပြုခဲ့ကြသူများသည် ယခုအခါ နိုင်ငံအနှံ့ရောက်နေကြသည်။ ဦးသန့်ကို ကမ္ဘာကသိသလို ၈–၄ လုံးရဲဘော်များကို ကမ္ဘာကသိနေ၏။ ကောင်းမှုပြုခဲ့ကြသည့် ခေါင်းဆောင်များနှင့် နိုင်ငံ၏ကျေးဇူးသစ္စာကို ကျနော်တို့ တနေ့တရက်မျှ မမေ့သင့်။ နိုင်ငံခြားရောက်နေကြသူများ ရေကြည်သောက်လျှင် ရေတွင်းတူးခဲ့သူများ၏ ကျေးဇူးသစ္စာကို သိတတ်ကြဖို့လိုပါသည်။ ဤကား တော်လှန်ရေးသစ္စာဖြစ်၏။

ဦးသန့်စျာပနအရေးအခင်းကြီးကို အစ်ကိုတော်များဖြစ်သည့် ကိုတင်စိုး၊ ကိုမြင့်ဟန်၊ ကိုတိတ်၊ ကိုသောင်းအေး၊ ကိုလှငွေတို့နှင့် လက်တွဲ၍ ပါဝင်ဆင်နွှဲခဲ့၏။ သူတို့မှာ မန္တလေးဆောင်ရှေ့တွင် စျာပနကော်မတီဖြစ်၍ အလုပ်များနေကြ၏။ ဦးသန့်အုတ်ဂူ တည်ဆောက်ရန် ရခိုင်သူငယ်ချင်းများနှင့်အတူ အုတ်သယ်ကြ၏။ ချွေးများစိုရွှဲနေပြီး အုတ်မှုန့်တွေပေကျံနေသည့်လက်ဖြင့် ရေခွက်ကိုင်၍ မသင့်။ ကျောင်းသူလေးများက ပါးစပ်ထဲအရောက် ရေခွံ့တိုက်၏။ ရဲဘော်ရဲဘက်စိတ်ဓာတ်ကို ဖော်ပြကြသည်။ ရန်ကုန်တမြို့လုံး တက္ကသိုလ်ကျောင်းဝင်းထဲ ရောက်နေသလား ထင်ရသည်။ လမ်းလျှောက်လို့ မရနိုင်လောက်အောင် စည်ကားသည်။ ဤမျှကြီးမားသည့် လူထုပရိသတ်ကို မတွေ့ကြုံဖူး။

ဤအတောအတွင်း အိမ်ပြန်ကြမည့်သူများကို ပညာသင်ထောက်ပံ့ရေးအသင်း (မိသားစုဝိုင်း) ရံပုံငွေမှ ငွေထုတ်ပေးရသည်။ မိမိကိုယ်တိုင်လည်း အိမ်ပြန်ခဲ့သည်။ စောစောစီးစီး ဘာလို့အိမ်ပြန်ခဲ့တာလဲ–ကြောက်လို့လား–ဒါမျိုးမကြောက်ရဘူး။ ကျနော့်မေမေသည် သားကို ယခုကဲ့သို့ တရံတခါမျှ မတိုက်တွန်းခဲ့ဖူး။ ဦးသန့်ဟာ တကယ့်ဘုရားဒကာကြီးပါ တဲ့။ အမေ၏ ပထမဆုံးသောတပ်လှန့်သံ။ မေမေ့တေးသံကို ကြားယောင်နေမိသည်။ အိမ်ရောက်ပြီး နောက်တနေ့ ကျောင်းဝင်းထဲဝင်သိမ်းပြီး ကျောင်းသားတွေကို ဖမ်းဆီးသွားကြောင်းသိရ၏။

ကျောင်းပြန်တက်တော့ ကိုတင်စိုးတို့ပါသွားကြပြီ။ ကျောင်းနေမပျော်တော့။ ပညာသင်ထောက်ပံ့ရေးအသင်းမှ ကိုစိုးဝင်း၊ ကိုစိုးအေးတို့နှင့်သာ ဆုံဖြစ်ကြသည်။ ပြက္ခဒိန်ထုတ်၍ ရံပုံငွေရှာကြရ၏။ သောင်းနှင့်ချီ၍ ရံပုံငွေရထား၏။ မဂ္ဂဇင်းထုတ်ရန် စိုင်းပြင်းကြသည်။ မိသားစုဝိုင်းမဂ္ဂဇင်း။ ရခိုင်တန်ဆောင်မဂ္ဂဇင်း ရံပုံငွေထဲမှ ယာယီထုတ်သုံးပြီး ပြန်ဆပ်ရန်ဖြစ်သည်။ ရခိုင်သူငယ်ချင်းများနှင့် ဝိုင်းဝန်းလှုပ်ရှားခဲ့ကြသည်။ ရက်တွေ လတွေ သိပ်များမကြာလိုက်။

၁၉၇၅–ခုနှစ် ဇွန် (၆) ရက် အလုပ်သမားသပိတ် နှစ်ပတ်လည်တော့မည်။ အသင်းရံပုံငွေကို ဘဏ္ဍာရေးမှူးထံ ကြိုတင်အပ်ထားလိုက်၏။ ခြေစုံပစ်ဝင်တော့မည်။ သမိုင်းကျောင်းဆောင်တွင်စာဝေရန် ဖန်ချောင်းလိမ့်၏။ စတင်လှုပ်ရှားကြပြီ။ မြို့ထဲထွက်ပြီး ရုံးတွေတက်ကာ လျှို့ဝှက်စာဝေကြသည်။ ဇွန် (၆) နှစ်ပတ်လည်သပိတ်ကြီး အောင်မြင်စွာပေါ်ထွက်လာသည်။ မြို့ထဲစီတန်းလှည့်လည်ကာ ကြေညာချက်တွေ ပလူပျံအောင် ထုတ်ဝေကြ၏။ ရက်ကြာသွားပြီ။ နောက်ဆုံး ရွှေတိဂုံဘုရားတွင် စခန်းချကြရ၏။ ဇွန်လ ၁၁–ရက် နံနက် ၄–နာရီ၌ ရွှေတိဂုံရင်ပြင်မှ အင်းစိန်ထောင်သို့ တန်းပို့သည်။

၂–လမျှ စစ်ကြောရေးဝင်ပြီးနောက် တိုက်မှအဆောင်သို့ပို့သည်။ တွေ့ပါလေပြီ။ "ဟေ–မင်းပါလာသလား" အဆောင်အပေါ်ထပ်မှ ကိုတင်စိုး၏အသံ။ သူက ကျနော်လွတ်ပြီး တနေရာရောက်သွားစေချင်သည်။ ဘဝတက္ကသိုလ်တွင် ကျောင်းသားနှင့် အလုပ်သမား ပေါင်းစည်းမိကြလေပြီ။ ထောင်ထဲနေစဉ် ကျနော့်အသဲနှလုံးကို မျှားသုံးစင်း အပစ်ခံရ၏။ ကိုတင်မောင်ဦးကို ကြိုးပေးသတ်လိုက်သည့်နေ့။ ဘဝမှတ်တမ်းဖြစ်သည်။ နောက်တစင်း–မိဘထက်ပင်ချစ်သည့်အဖွား ဆုံးသည့်နေ့။ နောက်ဆုံးတစင်း၊ အစ်ကိုကြီး ကိုသန်းရွှေ (သြဂုတ်သွေး) အင်းစိန်ထောင်တွင်းမှာပင် ရန်သူသတ်လို့သေသွားကြောင်း သိလိုက်ရသည့်နံနက်ခင်း။ ဆောင်းတွင်း။ မျက်ရည်ပူတွေ စီးဆင်းနေ၏။ အပြင်ကမျက်ရည်နှင့် ထောင်ထဲကမျက်ရည် သိပ်သည်းဆခြင်း ဘယ်တူပါ့မလဲ။

မောင်လူပျို (မိသားစုဝိုင်း)
၁၆–၁၂–၂၀၀၅

# မြတ်နိုးဖွယ်ရာ ရတနာပေမို့...

ရဲထွဋ်

၁၉၇၄ ဒီဇင်ဘာလ ဦးသန့်အရေးအခင်းစဖြစ်တော့ စီးပွားရေးတက္ကသိုလ် ဒုတိယနှစ်စာသင်ခန်းများမှာ ကျနော်တက်နေဆဲဖြစ်သည်။ နေ့ကျောင်းသားမို့ ဆူးလေကားဂိတ်က အမှတ် (၉) လင်းလေးကားကြီးများကို ဆယ့်ငါးပြားပေးစီးက အင်းလျားကန်စောင်းနှင့် လမ်းသွယ်လေးသာခြားသည့် ကျနော်တို့ကျောင်းရှေ့မှတ်တိုင်သို့ ရောက်ပါသည်။ အဲဒီနေ့နံနက်က မှတ်မှတ်ရရ အမှတ် (၉) ကားပေါ်

ကဆင်းဆင်းချင်း ပြည်လမ်းပေါ်မှနေ၍ စီးပွားရေးတက္ကသိုလ်ဝင်လမ်းအတိုင်း ဘွဲ့နှင်းသဘင်ရှေ့ကို ဦးတည်ထားသော အဓိပတိလမ်း တလျှောက် ဒေ့ါဂျစ်ကားများ စီတန်းထားသည်ကို မျက်စေ့တဆုံး တွေ့လိုက်ရသည်။ ဘာဖြစ်နေကြသည်ကို စုံစမ်းနေစရာမလို။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ရုပ်ကလာပ်ပနကို ကျိုက္ကဆံကွင်းသို့ လိုက်ပို့ကြဖို့ ကျောင်းသားထုစုရုံးနေကြခြင်း ဖြစ်သည်ကို သိလိုက်ရသည်။ စာသင်ခန်းတွင်းသို့ ခြေဦးမလှည့်မိတော့။ ကြုံရာကားတစီးပေါ်တက်၍ ကျိုက္ကဆံကွင်းသို့ လိုက်ခဲ့တော့ သည်။ လှုပ်ရှားတက်ကြွနေသော ကျောင်းသားထု၏အားမာန်ကို ကြည့်ရင်းကြည့်ရင်း ...တခါမှမရရှိဖူးသော အင်အားတရပ် ရင်တွင်း၌ ဖြစ်ပေါ်လာသည်။ ယင်းအင်အားနှင့်မိမိ၊ မိမိနှင့်ယင်းအင်အား ခွဲခြားမရတော့။ နောင်နှစ်ပေါင်းများစွာအထိ မိမိသည် ယင်းအင်အား၏ အစိတ်အပိုင်းတရပ် ဖြစ်နေတော့မည်ဆိုသည်ကို ထိုစဉ်က စိုးစဉ်းမျှမရိပ်စားမိခဲ့။

ဦးသန့်ရုပ်အလောင်းကို တက္ကသိုလ်ဝင်းအတွင်းသို့ မဆလအာဏာပိုင်တို့၏ လိုအင်ဆန္ဒကို ဆန့်ကျင်၍ ရဟန်းသံဃာနှင့် ကျောင်းသားပြည်သူ ပေါင်းစု၍သယ်လာခဲ့ကြသည်။

အဘယ်ကြောင့်ပါနည်း။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သက်တမ်း (၂) ကြိမ်တိုင်တိုင် ထမ်းဆောင်ခဲ့ရသည့် ဦးသန့်ကို ကျောင်း သားပြည်သူအပေါင်းက မြန်မာ့ဂုဏ်ဆောင် သားကောင်းရတနာဟု မှတ်ယူကြသည်။ ထိုက်ထိုက်တန်တန် ဂုဏ်ပြုလိုကြသည်၊ နိုင်ငံ တော်ဈာပနအဖြစ် သတ်မှတ်၍ ခမ်းခမ်းနားနား သင်္ဂြိုလ်လိုကြသည်။ ဗိုလ်နေဝင်းကား ပြည်သူ့အမြင်ကိုနားမလည်၊ ပြည်သူ့သဘော ထားကိုမရယူ၊ ပြည်သူချစ်သည့်ဦးသန့်အပေါ် ဝန်တိုမစ္ဆရိယထားရှိသည်။ ပုဂ္ဂိုလ်ရေးအာဃာတကြီးမားစွာဖြင့် ကြံတောသုသာန်ရှိ သူ့ဇနီး ဒေါ်ခင်မေသန်းဂူခြေရင်းတွင် သင်္ဂြိုလ်စေသည်။ ဤအချက်က အထွေထွေမကျေနပ်မှုဖြင့် လောင်မြိုက်နေသော ကျောင်းသား ပြည်သူတို့အား မီးလောင်ရာလေပင့်သကဲ့သို့ ဖြစ်စေခဲ့သည်။ ဦးသန့်ဈာပနမီးပွားလေးကား သမိုင်းဝင် မဆလဆန့်ကျင်ရေးအုံကြွမှု လူထုအရေးတော်ပုံကြီးကို ဖြစ်ပွားလာစေတော့သည်။ ထိုညက ရန်ပုံငွေရှာဖွေရေးအတွက် တာဝန်ယူရသော ကျောင်းသားအုပ်စုနှင့် အတူ ကျနော်ရောပါသွားသည်။ မှတ်မှတ်ရရ အင်းယားဆောင်အဆောင်ထဲအထိ ညီမငယ်တို့ခွင့်ပြု၍ ဝင်ရောက်အလှူခံကြရသည်။ အရေးကြုံ၍ သက်လုံကောင်းကြသည့် ညီအစ်ကိုမောင်နှမတို့၏ သွေးစည်းညီညွတ်မှုကို ပြန်တွေးကြည့်တော့ ယနေ့တိုင် ကြက်သီးမွေး ညှင်းထရစမြဲဖြစ်သည်။ ရွှင်ပြုံးတက်ကြွစွာ လက်ကောက်၊ လက်စွပ်၊ ဆွဲကြိုးကအစ ချွတ်လှူနေသော ညီမငယ်များကြောင့် သိမ်မွေ့နူးညံ့ ပြီး ကြည်လင်သန့်ရှင်းသည့်ခံစားမှုများ ဖြစ်ပေါ်လာရသည်။ တက္ကသိုလ်ဂိတ်၏ တံခါးအသီးသီးတွင် နဖူးစည်းအနီလေးတွေစည်းကာ အစ်ကိုတော်များနေရာချပေးသည့် လုံခြုံရေးတာဝန်ကို ချမ်းအေးလှသည့် ဆောင်းညများကိုရင်ဆိုင်အန်တုရင်း မညည်းမညူ တာဝန်ယူ နေကြသည့် အထက်တန်းကျောင်းမှညီငယ်များ၏ ရုပ်ပုံလွှာက ဤအရေးအခင်းကို စွန့်ခွာသွားရန် တိုက်တွန်းနှိုးဆော်နေသည့် အတ္တ မာရ်နတ်ကို ရင်ဆိုင်အန်တုရာတွင် အကြီးမားဆုံးအင်အားများဖြစ်လာရသည်။

လှူဒါန်းလိုက်ကြသည့် ထမင်းထုပ်များ အစားအသောက်များကား စား၍မကုန်။ ဘွဲ့နှင်းသဘင်ခန်းမထောင့်တနေရာတွင် စုပုံနေ သည်။ စင်မြင့်ပေါ်ရှိ ဦးသန့်ရုပ်ကလာပ်ကို လာရောက်ဂါရဝပြုနေသည့် လူထုကား နေ့ညမစဲ။ ဘွဲ့နှင်းသဘင်အပြင်ဘက်ရှိ ကျောင်း သားထုရဲ့ ရင်ဖွင့်ပွဲက ကျောင်းသားအရေး တောင်းဆိုရေးမှသည် စစ်အုပ်စုဖြုတ်ချရေး ကြွေးကြော်သံအထိ ညံလာသည်။ ရုပ်ကလာပ် ကို ယခင်တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အဦးဟောင်းနေရာတွင် မြှုပ်နှံဖို့ဆုံးဖြတ်ချက်က အမြော်အမြင်ရှိပြီး နိုင်ငံရေး အဓိပ္ပါယ် ပြည့်ဝလှသည်။ စစ်အုပ်စုအပေါ် ကျောင်းသားနှင့်ရဟန်းပြည်သူတို့၏ အကြီးအကျယ်ထိုးနှက်ချက်ဖြစ်သည်။ ဆောက်လက် စ တက္ကသိုလ်စာကြည့်တိုက်မှ အုတ်ခဲများကို မန္တလေးဆောင်ရှေ့ ယခင်သမဂ္ဂအဆောက်အဦးနေရာသို့ လက်ဆင့်ကမ်း သယ်ဆောင် နေကြသည့် ကျောင်းသူကျောင်းသားများကို မြင်ရသည့်မြင်ကွင်းက ကမ္ဘာ့အလှပဆုံးရှုခင်းများအနက် တခုအပါအဝင်ဖြစ်သည်။ ကြည့် ၍မဝ။

ကျောင်းသားယောင်ဆောင်၍ လာရောက်ထောက်လှမ်းကြသော မဆလအန္တယ်များကလည်း မသေးလှ။ ကျောင်းဝင်းအတွင်း ဖော်ထုတ်ရသည်နှင့် ဘွဲ့နှင်းသဘင်အထက်ထပ် အခန်းငယ်တခုသို့ ခေါ်ထုတ်၍စစ်မေးရသည်။ တချို့မထိန်းနိုင်၍ ရိုက်မိနှက်မိသည့် အဆင့်ရှိပေမဲ့ အလွန်အကျွံမဖြစ်ကြ။ ဟောပြောပြီး ပြန်လွှတ်လိုက်တာပဲဖြစ်သည်။

ဦးသန့်ရုပ်အလောင်းကို မြေမြှုပ်သည့်နေ့ကတော့ စိတ်အလှုပ်ရှားရဆုံးဖြစ်သည်။ ပြန်ကြားရေးကိစ္စရပ်များတွင် တာဝန်ကျနေ၍ မန္တလေးဆောင်ပေါ်မှာ ရှိနေရသည်။ မန္တလေးဆောင်ပေါ်တီကိုပေါ်မှ ဦးသန့်ညီဦးခန့်က ပရိသတ်ကြီးကိုမိန့်ခွန်းပြောတော့ သူ့အနားမှာ ကျနော်ရပ်နေမိသည်။ သက်ကြီးရွယ်အိုတယောက် ရှိုက်ကြီးတငင်ငိုကြွေးနေသည့်မြင်ကွင်းက ကျနော့်ရင်တွင်းမှာ မေးခွန်းပေါင်းများစွာ ပေါက်ဖွားစေသည်။ ဤမေးခွန်းများကို ယနေ့တိုင် ကျနော်ဖြေကြားနေရဦးမည်ဆိုတာ ထိုစဉ်က ရေးရေးမျှကျနော်မတွေးဆနိုင်ခဲ့။ ဦးသန့်အရေးအခင်းတွင် ရာပေါင်းများစွာသော ကျောင်းသားများ၊ ရဟန်းပြည်သူများ အဖမ်းခံခဲ့ရသည်။ ဒီအလှည့်တွင် ကျနော် ရှောင်တိမ်းနိုင်ခဲ့ပေမဲ့ နောက်တလှည့်ဖြစ်သည့် (၇၅) ဇွန် (၆) အရေးတော်ပုံတွင်တော့ ကျနော်မရှောင်သာတော့။ ကျနော်လည်း အဖမ်းခံရ၍ အင်းစိန်ထောင်ရောက်ခဲ့ရသည်။

(၇၅) ဇွန် (၆) အရေးအခင်းသည် (၁၉၇၄) ဇွန်လ အလုပ်သမားအရေးအခင်း တနှစ်ပြည့်အရေးတော်ပုံအထိမ်းအမှတ်အဖြစ် ကျောင်းသားနှင့်အလုပ်သမား ပူးတွဲဆန္ဒပြသပိတ်မှောက်သည့် ထူးခြားလှသည့်အရေးတော်ပုံဖြစ်သည်။ ကျောင်းသားအရေးကို မတောင်းဆိုတော့။ စစ်အုပ်စုဖျက်သိမ်းရေးကြွေးကြော်သံကို တိုက်ရိုက်တင်သည့် နိုင်ငံရေးအနှစ်သာရပြည့်ဝသော တိုက်ပွဲဖြစ်သည်။ နေဝင်း–စန်းယုစစ်အုပ်စုအား ဖော်ထုတ်တိုက်ပွဲဝင်ခဲ့သည့် ပြောင်စိန်ခေါ်တိုက်သောတိုက်ပွဲဖြစ်သည်။ ဤရက်မတိုင်ခင်ကပင် ကျောင်း

သားထုနှင့်အာဏာပိုင်တို့ အားစမ်းနေကြပြီဖြစ်သည်။ ပညာရေးတက္ကသိုလ်စာမေးပွဲများက စ စစ်နေပြီ။ ကျောင်းသားတွေက မဆလကိုအလုပ်အကြွေးပြုရမည့် ပညာရေးကို စိတ်မဝင်စားတော့။ ကျောင်းသားတချို့ မြေနီကုန်းညစျေးကအပြန် ဝင်ဒါမီယာ အစောင့်ဂိတ်တဲမှ အစောင့်စစ်သားတချို့နှင့် ရန်ဖြစ်ကြသည်။ အဲ့သည်ထဲမှာ ကျနော့်သူငယ်ချင်း ပညာရေးတက္ကသိုလ်က ဒွေးမောင်ကြည် (တောင်သာ) နှင့်ကိုကို (မလှိုင်) တို့ပါသည်။ အဆောင်ပြန်လာ၍ ကျန်ကျောင်းသားများကိုစုစည်းပြီး ယင်းအစောင့်ဂိတ်တဲကို ဖြိုပစ်လိုက်သည်။ အာဏာပိုင်တို့က မတုံ့ပြန်သေး။ တရားခံအစစ် ဘယ်သူလဲဆိုတာ ရှာနေဆဲဖြစ်သည်။

ပွဲစတာကတော့ ဇွန်လ (၆) ရက်။ ကျနော်တို့စာမေးပွဲတွေက သိပ်နီးနေပြီ။ အဲသည့်နေ့ ကျောင်းရောက်တော့ ဘယ်လိုက ဘယ်လို စလိုက်သည်မသိ၊ ကျောင်းသားတွေကို ထွက်ကြထွက်ကြဟု စာသင်ခန်းပြင်ပကို အတင်းထွက်စေကြသည်။ ဆရာ တွေက လည်းမတား။ အလျှိုအလျှိုထွက်သွားကြသည်။ မည်သည့်အင်အားတွေက နှိုးဆော်လိုက်သည်မသိ။ စာသင်ခန်းတွေမှာ လူမရှိတော့။ စာသင်ခန်းတွေမှာ ပိုစတာလိုက်ကပ်နေကြသည့်လူစုထဲ ကျနော်ရောပါသွားသည်။ နောက်တော့ ကျနော်တို့လူစု ပညာရေး တက္ကသိုလ်ရှေ့ ပြည်လမ်းပေါ်မှာ ရောက်သွားကြသည်။ စာမေးပွဲဖြေနေသော ကျောင်းသားတွေကို စာမေးပွဲမဖြေဖို့စည်းရုံးရင်း လမ်းပေါ်ခေါ်လာကြသည်။ ဆေးတက္ကသိုလ်ဖက်ကလူတစု ပေါက်ချလာသည်။ ကျနော်တို့ပေါင်းမိသွားပြီး ပြည်လမ်းအတိုင်း အမိ တက္ကသိုလ်ဆီ ချီတက်လာကြသည်။ ဘယ်သူတွေ ဘယ်တုန်းကတည်းက စီစဉ်ထားသည်မသိ။ ခွပ်ဒေါင်းအလံတွေ တလူလူတက်လာ ကြသည်။ အသံချဲ့စက်တွေ ကားပေါ်တင်ကြပြီ။ ကျနော်တို့တဦးချင်းကား မှုလောက်သောအင်အားမဟုတ်။ သို့သော် ကျနော်တို့ ပေါင်းစုမှုက မကုန်မခမ်းနိုင်သော အင်အားကြီးလှသည့် စွမ်းပကားစုကြီး ဖြစ်သွားလေပြီ။ ဘယ်အရာမှ ကျနော်တို့ကို မဟန့်တား နိုင်တော့။ ယင်းအင်အားလှိုင်းလုံးကြီးသည် ပြည်လမ်းမကြီးအတိုင်း တရွေ့ရွေ့ချီတက်နေသည်။ ရည်မှန်းရာနေရာကား ၁၉၇၄ ခုနှစ်က အဖမ်းခံထားရသည့် ကျောင်းသား၊ ညီအစ်ကိုတော်များရှိနေရာ အင်းစိန်ထောင်ကြီးဆီသို့ဖြစ်သည်။ လမ်းတလျှောက်လုံးတွင် ကြွေးကြော်သံများ တိုင်လာကြသည်။

"အဖမ်းခံကျောင်းသား လွတ်မြောက်ရေး–ဒို့အရေး၊ ဒို့အရေး။
အဖမ်းခံအလုပ်သမား လွတ်မြောက်ရေး–ဒို့အရေး၊ ဒို့အရေး။
နေဝင်း–စန်းယုစစ်အုပ်စု အလိုမရှိ၊ အလိုမရှိ။
စစ်အာဏာရှင်စနစ် ကျဆုံးပါစေ။
အရေးတော်ပုံ အောင်ရမည်။"

ကျနော်တို့၏ သောင်းဂဏန်းမျှသောအင်အားစုကို မည်သူမျှမဟန့်တားရဲကြ။ ရန်သူမဆလတို့ အငိုက်မိသွားပုံရသည်။ ပြင်ဆင် မှုမဲ့ပုံရသည်။ လမ်းတလျှောက် ပြည်သူတို့အားပေးမှုကြောင့် ကျနော်တို့ ပိုတက်ကြွလာသည်။ အင်းစိန်ထောင်ကို ကျနော်တို့ ဝိုင်း လိုက်ကြပြီ။

"အင်းစိန်ထောင်ကြီး ဘယ့်နှယ်ဝိုင်းမယ်။
သည့်နှယ်ဝိုင်းမယ်။"
"မီးဒုတ် မီးဒုတ် ရှို့ ရှို့။
အရေးတော်ပုံ အောင်ရမည်။"

ကျနော်တို့ကား အသံဝင်နေအောင် အော်ကြသည်။ အတွင်းထဲက ညီအစ်ကိုများ၏ အသံကိုကြားရတိုင်း လူအုပ်ကြီးက တခဲနက်သြဘာပေးကြသည်။

ကျောင်းဝင်းထဲကို ကျနော်တို့ပြန်ရောက်လာပြီး ဘွဲ့နှင်းသဘင်ခန်းမကို သိမ်းလိုက်ကြသည်။ ကိုမျိုးနိုင် (ပြည်–ရူပဗေဒ ဒုတိယနှစ်) ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော ဘွဲ့နှင်းသဘင်သပိတ်ကော်မတီကို ဖွဲ့လိုက်ကြသည်။ ကျနော်က ယင်းကော်မတီဝင်တဦး အနေဖြင့် ပြန်ကြားရေးကို တာဝန်ယူရသည်။ အဲသည်နေ့က အင်းစိန်ထောင်ဝိုင်းပြီးအပြန် အဓိပတိလမ်းအတိုင်း ကျနော်တို့ ကျောင်း ဝင်းထဲဝင်လာစဉ်မှာပဲ ကျောင်းပိတ်လိုက်ကြောင်း အစိုးရကကြေညာသည်။ ကျနော်ကား ဆုံးဖြတ်ပြီးပြီ။ အမေက သားကြီးဖြစ်သူ ကျနော့်ကို ဘွဲ့တခု အင်မတန်ရစေချင်သည်။ ပြီးခဲ့တဲ့ အလုပ်သမားအရေးအခင်းတုန်းကလည်း နေ့ကျောင်းသားမို့၊ အလုပ်သမား အရေးအခင်းအဆက်အသွယ် ပြတ်တောက်နေသောသားထံကို ချက်ခြင်း ကြေးနန်းစာတစောင် ရေးပို့လာသည်။ သားကြီး–အမေ နေမကောင်း၊ ချက်ခြင်းပြန်လာပါ တဲ့။

အခုတော့ ဘာမှဂရုမစိုက်နိုင်တော့။ ဘွဲ့မရမည့်အရေး၊ အဖမ်းခံရတော့မယ့်အရေး တွေးမပူနိုင်တော့။ ကြောင်ကိုခြူဆွဲမိပြီ။ ဘာဖြစ်လာတော့မည်၊ ဘာတွေလာတော့မည်ကို မတွေးနိုင်တော့။ ကိုမျိုးနိုင်တို့နှင့် လက်ချင်းချိတ်၍ လုပ်နိုင်သလောက်၊ လုပ်တတ် သလောက် လုပ်ခဲ့ကြသည်။ အထူးသဖြင့် ဘီပီအိုင်အုပ်စု၊ သမိုင်းချည်မျှင်အုပ်စုတို့ကား တက်တက်ကြွကြွရှိလှသည်။ သို့သော် ...။

ဘာပဲဖြစ်ဖြစ်၊ (၇၃–၇၄–၇၅) သုံးနှစ်တာ တက္ကသိုလ်မှာ နေခဲ့ရသည့်ဘဝသည် ကျနော့်ဘဝအား တဆစ်ချိုးအလှည့်အပြောင်း ဖြစ်စေခဲ့သည်။ ဘွဲ့မရခဲ့ပေမဲ့ ယင်းဘွဲ့ထက် အဆပေါင်းများစွာ တန်ဖိုးကြီးမားသော အတွေ့အကြုံတို့ကို တက္ကသိုလ်က သင်ကြား ပေးလိုက်သည်။ စီးပွားရေးပညာ မတတ်ပေမဲ့ နိုင်ငံရေးပညာ အထိုက်အလျောက် ရခဲ့သည်။ လူပင်ပန်းပေမဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည် မှုအပြည့်ဖြင့် ရှင်လန်းနေခဲ့သည်။ ဓမ္မနှင့်အဓမ္မကို ခွဲခြားသိခဲ့သည်။ ကျနော်တို့ တက္ကသိုလ်ကျောင်းသားဘဝသည် နိုင်ငံရေးတိုက်ပွဲ

များနှင့် ပြည့်လျှမ်းနေသော ကာလဖြစ်သည်။ ပြည်သူတို့၏ ဒီမိုကရေစီအခွင့်အရေးကို အပြီးတိုင်မြေမြှုပ်သင်္ဂြိုလ်လိုက်သည့် (၁၉၇၄) အခြေခံဥပဒေအား အတည်ပြုလိုက်သည့် ကာလဖြစ်သည်။ ပြည်သူတို့၏ အထွေထွေမကျေနပ်မှုကို ဤကာလ၏ ပြင်းထန်သော နိုင်ငံရေးတိုက်ပွဲများက ရောင်ပြန်ဟပ်ဖော်ပြခဲ့သည်။ စစ်ကျွန်အဖြစ် နှံနှစ်မခံ ဟူသောစိတ်ဓာတ်ဖြင့် အုတ်နံရံကို ခေါင်းနှင့်တိုက်ပြီး ဖြိုခဲ့သည့်ကာလဖြစ်သည်။ ပဲခူးရိုးမမှ စစ်အုပ်စုဆန့်ကျင်ရေးတပ်ဖွဲ့များ ဆုတ်ခွာနေရချိန်ဖြစ်သည်။ ပြည်သူတို့အဖို့ ကိုယ့်အားကိုယ်ကိုးရန်မှတပါး အခြားမရှိဟူသော စိတ်ဓာတ်အမြင် ပွင့်လင်းလာသည့်အချိန်ဖြစ်သည်။ ဤလိုကာလမျိုးတွင် တက္ကသိုလ်သို့ ရောက်ရှိခဲ့ရပြီး လူထုလှုပ်ရှားမှုများတွင် ပါဝင်ခွင့်ရရှိခဲ့ရခြင်းမှာ ကျနော့်အတွက် တန်ဖိုးမဖြတ်နိုင်သည့် အခွင့်အရေးတခုဖြစ်သည်။ ဤကာလပုံရိပ်များအား မြတ်နိုးဖွယ်ရာရတနာများအဖြစ် ကျနော့်နှလုံးသားဝယ် ထာဝစဉ်တည်ရှိနေမည်ဖြစ်သည်။

ရဲထွန်း

၂၀၁၀၊၂၀၅

# ၁၉၇၅ ဇွန် နှစ်ပတ်လည်လှုပ်ရှားမှု

ကျော်မြင့် (စက်မှု)

## လှုပ်ရှားမှု အီကကာလ

ဦးသန့်အရေးအခင်းဖြစ်လို့ ကျောင်းရက်ရှည်ပိတ်ထားရာကနေ ၁၉၇၅ မေလလောက်မှာ ကျောင်းတွေပြန်ဖွင့်လိုက်ပါတယ်။ သူငယ်ချင်းတွေပြန်ဆုံကြလို့ တဖက်ကဝမ်းသာရပေမဲ့ ကျောင်းကိုပြန်မရောက်လာနိုင်တဲ့သူတွေအတွက် စိတ်မကောင်းဖြစ်ရပါတယ်။ အချင်းချင်းစုပြီးတော့လည်း ဦးသန့်အရေးအခင်းအကြောင်း ပြန်ပြောင်းစကားလက်ဆုံ ပြောဖြစ်ကြပါတယ်။ အထူးသဖြင့် စစ်အစိုးရက အကြမ်းဖက်နှိမ်နင်းတဲ့အကြောင်းတွေ ပြောဖြစ်ကြရင် စိတ်ထဲမှာ နာကျည်းမှုတွေ တဖွားဖွားဖြစ်ကြရပါတယ်။

စစ်အစိုးရတက်လာပြီးကတည်းက တိုင်းပြည်ဟာ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ စာပေယဉ်ကျေးမှု စတဲ့ဘက်ပေါင်းစုံမှာ ဆုတ်ယုတ်ကျဆင်းလာတာတွေကိုလည်း ပြောဖြစ်ကြပါတယ်။ စီးပွားရေးကျဆင်းပြီး ကုန်ဈေးနှုန်းတွေတက်တဲ့ဒဏ်ကို မိဘပြည်သူတွေနဲ့အတူ ကျနော်တို့ ကျောင်းသားတွေလည်း ခံကြရပါတယ်။ စစ်အစိုးရတက်လာကတည်းက အမျိုးမျိုးလက်တည့်စမ်းခဲ့တဲ့ ပညာရေးစနစ်သစ် ဆိုတာတွေရဲ့ဒဏ်ကိုတော့ ကျနော်တို့ကျောင်းသားတွေပဲ ခါးစည်းခံခဲ့ကြရတာ ဖြစ်ပါတယ်။ လောလောဆယ်မှာလည်း စာသင်ဆောင်နဲ့ လူနေဆောင်တွေ မလုံလောက်မှု၊ ပညာသင်ကြားရေး အထောက်အကူပစ္စည်းတွေ မလုံလောက်မှု၊ ဖယ်ရီကားမလုံလောက်မှု၊ အစားအသောက် ပိုပိုညံ့လာမှုနဲ့ အဆိုးဆုံးကတော့ ဘွဲ့ရပြီးရင်လည်း ဘဝအာမခံချက်ကင်းမဲ့မှု စတာတွေကို ခံစားနေကြရတာ ဖြစ်ပါတယ်။

ဒီမကျေနပ်မှုတွေဟာ ကျောင်းသားတွေကြားမှာ တဖြည်းဖြည်းနဲ့ ပြန့်နှံ့နေပါတယ်။ ဒီမကျေနပ်မှုတွေကိုထင်ဟပ်တဲ့ ပေါက်ကွဲမှုလေးတွေလည်း ပေါ်ပေါက်လာနေပါတယ်။ သမိုင်းကျောင်းဆောင်ဝင်းမှာ တညမီးပျက်သွားတော့ ကျောင်းသားတွေ အဆောင်အောက်ဆင်းလာပြီး ဆူကြအော်ကြပါတယ်။ သမိုင်းကျောင်းဆောင်ဝင်းထဲ မောင်းလာတဲ့ကားတွေကိုလည်း မီးပိတ်ခိုင်းပါတယ်။ နောင်မှာတော့ မီးမပျက်လည်း မိန်းဆွစ်ချပြီး ဆူတာတွေ လုပ်ကြပါတော့တယ်။

## မှန်းချက်နဲ့နှမ်းထွက်

ကျောင်းသားတွေ အုံကြပေါက်ကွဲတော့မယ်ဆိုတာကို ရိပ်မိလာတဲ့စစ်အစိုးရဟာ ဥဏ်နီဥဏ်နက်တွေ ထုတ်ပါတော့တယ်။ အဲဒီအချိန်က နိုင်ငံတော်ကောင်စီဖြစ်တဲ့ ဒေါက်တာလှဟန်နဲ့ ပညာရေးဝန်ကြီး (ဒေါက်တာညီညီလား၊ ဒေါက်တာခင်မောင်ဝင်းလား မမှတ်မိ) တို့ဦးစီးတဲ့ မဆလထိပ်သီးတစုဟာ ကျောင်းတွေလှည့်ပြီး ကျောင်းသားတွေနဲ့ တွေ့ဆုံဆွေးနွေးမယ်ဆိုပြီး လုပ်လာပါတယ်။ အဲဒီလိုတွေ့ဆုံတဲ့အခါမှာ ကျောင်းသားတွေရဲ့ တင်ပြချက်တွေ နားထောင်မယ်၊ နောက်ပြီး သူတို့က ပြန်လည်ရှင်းလင်း ဖြေကြားမယ် ဆိုတဲ့သဘောပေ့ါ။ တကယ်က သူတို့မွေးထားတဲ့ လမ်းစဉ်လူငယ်တွေနဲ့ ကတင်လက်ဝါးရိုက်ပြီး အပေါ်ယံကြောကိစ္စလေးတွေ အနည်းအပါးတက်ပြော၊ သူတို့ကပြန်ဖြေ စသဖြင့် လုပ်ကြဖို့ဖြစ်ပါတယ်။ ဒီနည်းနဲ့ ကျောင်းသားတွေရဲ့ မကျေနပ်ချက်တွေလည်း တစုံတရာ လျော့သွားပြီး အထွေထွေပေါက်ကွဲမှုကြီးကို ရှောင်နိုင်လိမ့်မယ်လို့ တွက်ကြဟန်တူပါတယ်။

အဲဒီလိုတွေ့ဆုံပွဲလုပ်ဖို့ ၁၉၇၅ ဇွန်လဆန်းရက်တရက်မှာ ဒေါက်တာလှဟန်ဦးစီးတဲ့အဖွဲ့ဟာ ရန်ကုန်စက်မှုတက္ကသိုလ်ကို ရောက်လာကြပါတယ်။ မာဇဒါဆီဒင်ကား ၂၃၂ အနက်လေးတွေနဲ့ပါ။ သူတို့ဝန်ကြီးတွေအတွက်ပဲ ကန့်သတ်တင်သွင်းပြီး စီးကြတာ ဖြစ်တဲ့ အတွက် ပြည်သူတွေက ဝန်ကြီးကားလို့ပဲ အခေါ်များကြပါတယ်။ ကျနော်တို့သူငယ်ချင်းတစုကတော့ လုပ်ပွဲကြီးပဲ ဖြစ်မှာပဲဆိုပြီး စိတ်မဝင်စားတာနဲ့ ကျောင်းကဲန်တင်းမှာ သွားထိုင်နေကြပါတယ်။

ဒါပေမဲ့ မကြာခင်မှာပဲ ကျောင်းစည်းဝေးခန်းမဘက်က လက်ခုပ်လက်ဝါးတီး ဩဘာပေးသံတွေ တဝေါဝေါထွက်လာတာကို ကြားရပါတော့တယ်။ ဒါဆိုရင်တော့ တခုခုဖြစ်နေပြီဆိုပြီး ကျနော်တို့လည်း စည်းဝေးခန်းမဘက်ကို အမြန်ပြေးတက်သွားကြပါတယ်။ စည်းဝေးခန်းထဲမှာ ကျောင်းသားတွေ ပြည့်လျှံနေ့မကာ၊ အပြင်ဝရန်တာမှာပါ မိုးတိုးမတ်တတ်နဲ့ အုံဖွဲ့နေတာကို တွေ့ရပါတယ်။

စင်မြင့်ပေါ်မှာ မဆလထိပ်သီးတွေနဲ့ ကျောင်းကပါမောက္ခနဲ့တကွ ဆရာတချို့ ထိုင်နေကြပြီး၊ မိုက်ခွက်ရှေ့မှာ ကျောင်းသား တယောက် စကားပြောနေတာ တွေ့ရပါတယ်။ ဒီလိုနဲ့ ကျောင်းသားကျောင်းသူတွေ တယောက်ပြီးတယောက် တက်စကားပြောကြ ပါတယ်။ မိမိတို့ခံစားနေရတာတွေကို ပွင့်ပွင့်လင်းလင်းပြောကြတယ်။ အစားအသောက်ညံ့တာ၊ ကားမလုံလောက်တာ၊ ကုန်ဈေးနှုန်း ကြီးတာတွေလည်းပါတယ်။ အလုပ်သမားအရေးအခင်းနဲ့ ဦးသန့်အရေးအခင်းမှာ စစ်အစိုးရက ရက်ရက်စက်စက်နှိမ်နင်းတာ၊ သွေး မြေကျရတာကို မကျေနပ်ကြောင်း၊ သားသမီးချင်း မစာနာဘူးလားလို့ ကျောင်းသူတဦးက မေးပါတယ်။ ဖမ်းထားတဲ့ ကျောင်းသား၊ အလုပ်သမားတွေကို ပြန်လွှတ်ပေးဖို့လည်း အရေးဆိုတယ်။

တယောက်ကတော့ ၁၉၇၄ ရွေးကောက်ပွဲမှာ မဲလိမ်တာကိုဖွင့်ချတယ်။ 'ခင်ဗျားတို့က မဲရာနှုန်းပြည့်နီးပါး ရတယ်သာပြောတယ်။ ခင်ဗျားတို့ကိုထောက်ခံတဲ့လူ တယောက်မှ ကျနော်မတွေ့ဖူးဘူး။ အခု ဒီအစည်းအဝေးခန်းထဲမှာ ရှိနေတဲ့သူတွေထဲက ထောက်ခံတဲ့လူ ပါရင် မတ်တပ်ရပ်ပြပါ' လို့ ကျောင်းသားတယောက်က ပြောလိုက်တဲ့အခါမှာ နေရာမရလို့ မတ်တပ်ရပ်နားထောင်နေကြတဲ့ ကျောင်း သားတွေအားလုံးလည်း အလုအယက် ထိုင်လိုက်ကြပါတယ်။ ဇောချွေးပြန်နေကြတဲ့ မဆလထိပ်သီးကြီးများခမျာလည်း ထိုင်ရာက ထရမလိုလိုနဲ့ ခွတီးခွကျဖြစ်ကုန်ကြ ပါတော့တယ်။ 'ခင်ဗျားတို့ကိုယ်တိုင်တောင် မထောက်ခံဘူးမဟုတ်လား' လို့ကျောင်းသားတချို့ က အော်ကြပါတယ်။

ကျောင်းသားတွေအနေနဲ့ ကျောင်းသားတွေရဲ့ အခွင့်အရေးတွေ ကာကွယ်ဖို့၊ ဆုံးရှုံးနေတဲ့အခွင့်အရေးတွေကို ပြန်လည်တောင်း ဆိုနိုင်ဖို့အတွက် ကျောင်းသားထုကို အမှန်ကိုယ်စားပြုတဲ့ အဖွဲ့အစည်းတရပ် အမြဲတမ်းရှိနေဖို့လိုကြောင်း၊ အရင်ကျောင်းသား သမဂ္ဂတွေ ရှိခဲ့ပေမဲ့ အခုမရှိတော့ကြောင်း၊ ပြန်လည်ဖွဲ့စည်းခွင့်ပေးဖို့လိုကြောင်း၊ ကျောင်းသားသမဂ္ဂဆိုတဲ့အမည်ကို မပေးနိုင်ဘူး ဆိုလျှင်လည်း အခြားအမည်ဖြင့် ဖွဲ့ခွင့်ပေးဖို့ ကျောင်းသားတယောက်က တောင်းဆိုပါတယ်။ ဒီအခါမှာ အောက်မှာရှိနေတဲ့ ကျောင်းသားတွေက 'ဟေ့၊ ကျောင်းသားသမဂ္ဂဟာ ကျောင်းသားသမဂ္ဂပဲဖြစ်ရမယ်ကွ၊ တခြား ဘာနာမည်မှ မလိုချင်ဘူး' လို့အော် ကြပါတယ်။ အဲဒီကျောင်းသားကလည်း 'ကဲ၊ ခင်ဗျားတို့ ကြားတဲ့အတိုင်းပဲ၊ ကျောင်းသားသမဂ္ဂပဲတဲ့' လို့ဆက်ပြောလိုက်ပါတယ်။

ဒီလိုနဲ့ ၃–၄ နာရီလောက် ကြာသွားတဲ့အခါမှာတော့ မဆလထိပ်သီးတွေက လေပြေထိုးပြီး ပွဲသိမ်းဖို့ ကြံစည်ပါတော့တယ်။ 'အခု ကျောင်းသားတွေ တင်ပြတဲ့အချက်တွေကို သက်ဆိုင်ရာတွေနဲ့ညှိနှိုင်းပြီး ဖြေရှင်းပေးပါ့မယ်။ ပြောတာတွေလည်း များတဲ့အပြင် အကြောင်းအရာတွေက ထပ်နေပြီ။ နောက်ပြီး သူတို့အနေနဲ့ နေ့လည်ပိုင်း သမိုင်းကျောင်းဝင်းအတွင်းမှာ ဆွေးနွေးပွဲလုပ်ဖို့ ရှိသေးတဲ့ အတွက် အချိန်မရတော့လို့ ဒီဆွေးနွေးပွဲကိုရပ်ဆိုင်းဖို့...' ပြောလာပါတယ်။ ဒါပေမဲ့ ကျောင်းသားတွေက ပြောစရာတွေ ကျန်သေးတယ်ဆိုပြီး အော်ကြပါတယ်။ တချို့ကလည်း ထမင်းစားချိန်ရောက်ပြီဆိုတော့ ဂုဏ်တုန်း အဆောင်ထမင်းဟင်းတွေ ဝင်စား သွားပါ။ ဒါမှ ကျနော်တို့ ဘယ်လိုစားနေရတယ်ဆိုတာ ခင်ဗျားတို့ လက်တွေ့သိသွားရအောင်ပါ လို့ပြောပါတယ်။ မဆလကြီး တွေကတော့ မျက်စေ့မျက်နှာတွေ ပျက်နေကြပါတယ်။

နောက်ဆုံးမှာတော့ စက်မှုတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဦးအောင်ကြီးက ကျောင်းသားတွေကို ဝင်ထိန်းပါတယ်။ ကိုယ့်လို လားချက်တွေလည်း တင်ပြပြီးပြီမို့ လူကြီးတွေကို အေးအေးဆေးဆေး ပြန်ခွင့်ပေးဖို့ ပြောလာပါတယ်။ ဆရာ့ကို ကျောင်းသားတွေ အားလုံးက လေးစားချစ်ခင်ကြတဲ့အတွက် ဆရာ့စကားကိုနားထောင်ပြီး ကျောင်းသားတွေ နဲနဲရှဲသွားပါတယ်။ ဆရာကပဲ ရှေ့ကနေထွက်ပြီး မဆလကြီးတွေက နောက်ကလိုက်ကြရပါတယ်။ တချို့ကျောင်းသားတွေက ထိပ်သီးကြီးတွေရဲ့ ကားဘောနက်ပေါ် တက်ထိုင်ကြတယ်။ ခင်ဗျားတို့ကားတွေ မစီးဖူး မထိဖူးလို့ပါဆိုပြီး ကားတွေကို ဝိုင်းလှုပ်ရမ်းကြနဲ့ ရုန်းရင်းဆန်ခတ် ဖြစ်နေပါတော့ တယ်။ ဆရာဒေါက်တာအောင်ကြီး မနဲထိန်းပြီး မဆလကြီးတွေကို ကားပေါ်ရောက်အောင် တင်ပေးလိုက်ရပါတယ်။ သူတို့လည်း ကားပေါ်ရောက်တာနဲ့ ဒရောသောပါး အမြန်မောင်းထွက်သွားကြပါတယ်။

ကျနော်တို့လည်း သမိုင်းကျောင်းဝင်းထဲ ဆက်လိုက်ကြမယ်ဆိုပြီး ဘတ်စ်ကားထွက်စီးကြပါတယ်။ သမိုင်းကျောင်းဝင်း အားကစားရုံထဲရောက်တော့ ကျောင်းသားတစုက ဆွေးနွေးပွဲအခမ်းအနားအတွက် ပြင်ဆင်ထားတဲ့ အသံချဲ့စက်၊ မိုက်ခွက် စတာတွေ ကို သိမ်းထားတာ တွေ့ရပါတယ်။ မဆလကြီးတွေတော့ ပေါ်မလာတော့ပါ။ အဲဒီမှာ ကျောင်းသားတွေက မိန့်ခွန်းတွေပြောကြပါတယ်။ နောက်ဆုံး ညနေထမင်းစားပြီးချိန် လူပြန်စုကြဖို့ ချိန်းပါတယ်။ ကျနော်တို့လည်း ဧကုန်းကျောင်းဆောင်ရှိရာ ပြန်လာခဲ့ကြပါတယ်။

## တိုက်ပွဲစပြီ

ညနေထမင်းစားပြီးတာနဲ့ ကျနော်တို့လည်း သမိုင်းဝင်းကို အမြန်ထွက်ခဲ့ကြပါတယ်။ ဒါပေမဲ့ ကျနော်တို့ရောက်သွားတော့ ကျောင်းသားတွေ မရှိကြတော့ပါဘူး။ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကို ချီတက်သွားကြပြီ ဆိုတဲ့အတွက် အဲဒီကို ဆက်လိုက်ကြပါတယ်။ ဘွဲ့နှင်းသဘင်ခန်းမမှာတော့ သပိတ်စခန်း ဖွင့်ထားပြီဖြစ်တာကို တွေ့ရပါတယ်။ ခွပ်ဒေါင်းအလံ ချိတ်ဆွဲထားတယ်။ စင်မြင့်ပေါ်မှာ ကျောင်းသားတွေ ဝင်လိုက်ထွက်လိုက်နဲ့ အလုပ်တွေ့ရှုပ်နေကြပါတယ်။ ကြေညာချက်တွေလည်း ဝေနေပါတယ်။ တိုက်ပွဲဦးစီးကော်မတီ ဖွဲ့ပြီးကြောင်းလည်း သိရပါတယ်။ ကျနော်တို့အားလုံးလည်း စိတ်တွေလှုပ်ရှားနေကြသလို အားရတက်ကြွလည်း ဖြစ်နေကြပါတယ်။ အတော်လေးမိုးချုပ်တော့မှ ကျနော်တို့ အဆောင်ကိုပြန်ခဲ့ကြတယ်။

နောက်ရက်တွေမှာတော့ မြို့ထဲပန္နုလပန်းခြံ ချီတက်တဲ့အခါချီတက်၊ တခြားတက္ကသိုလ်ကျောင်းတွေဘက် ချီတက်တဲ့အခါချီတက် လုပ်ကြပါတယ်။ ပန္နုလပန်းခြံမှာ နေဝင်းနဲ့စန်းယုတို့ရဲ့ ႔ပ်အလောင်းတွေကို မီးရှို့ကြတယ်။ ဘွဲ့နှင်းသဘင်ခန်းမကို အခြေပြုပြီးတော့ ရက်တချို့လောက် လှုပ်ရှားနေကြတယ်။ တရက်မှာတော့ ကျနော်တို့စက်မှုတက္ကသိုလ်ကျောင်းဘက် ချီတက်ကြတယ်။ ကျောင်းရှေ့မှာခနရပ်ပြီး တရားဟော၊ ဆောင်ကြော်သံတွေ အော်ပြီး လှည့်ပြန်သွားပါတယ်။ နေ့ခင်းထမင်းစားချိန်ဖြစ်နေတဲ့အတွက် ကျောင်းသားတွေ ထွက်မလိုက်ဖြစ်ကြပါ။ ဘွဲ့နှင်းသဘင်ကနေ အတူချီတက် လိုက်လာတဲ့ စက်မှုကျောင်းသားတချို့လည်း ကျန်နေရစ်ခဲ့ပါတယ်။

ဒါကို နောက်နေ့ထုတ် သတင်းစာတွေမှာ ရန်ကုန်တက္ကသိုလ်မှ ဆူပူလိုသူကျောင်းသားတစုက ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားတွေကို လာရောက်စည်းရုံးတယ်၊ ဒါကို စက်မှုကျောင်းသားတွေက လက်မခံဘဲ ငြင်းလိုက်ကြတယ် ဆိုပြီးပါလာပါတယ်။ ဒါကို ကျနော်တို့ကျောင်းသားတွေ အတော်မကျေမနပ်ဖြစ်ကြပါတယ်။ ဒါနဲ့ ကျောင်းသားတယောက်က ကြော်ငြာသင်ပုန်းမှာ အဲဒီသတင်းကို ဖြတ်ပြီးကပ်တယ်။ အဲဒီဖြတ်ပိုင်းနဲ့အတူ ဒီမမှန်သတင်းကိစ္စ ဖြေရှင်းရေးအတွက် ညနေစုရုံးကြဖို့ လှုံ့ဆော်တဲ့စာကိုပါ ကပ်ပါတယ်။ ဒီနေရာမှာ တခုပြောစရာရှိတာက သပိတ်တိုက်ပွဲစတဲ့အချိန်ကစပြီး ဒီကြော်ငြာသင်ပုန်းတွေဟာ ကျောင်းသားတွေရဲ့ တိုက်ပွဲဝင်စာတွေ ကပ်တဲ့နေရာဖြစ်နေပါပြီ။ သပိတ်စခန်းကထုတ်တဲ့ ကြေညာချက်တွေကပ်တယ်။ ကျောင်းသားတဦးချင်းရဲ့စာတွေ၊ ကဗျာတွေ ကပ်ကြတယ်။ ကျောင်းသားထုရဲ့ ဒီမိုကရေစီနံရံကပ်စာစောင်အဖြစ် အသွင်ပြောင်းနေပြီဖြစ်ပါတယ်။

## သတင်းစာတိုက်ကို ချီတက်ပြီ

ညနေပိုင်းမှာ ဓိ က.ကုန်း 'က' ဆောင် (အောဘလောက်) ဘေး မြက်ခင်းပြင်မှာ ချိန်းထားတဲ့အတိုင်း ကျောင်းသားနှစ်ဆယ်၊ သုံးဆယ်ခန့် စုမိကြပါတယ်။ အဲဒီမှာ ဒီမမှန်သတင်းကိစ္စကို ဘယ်လိုဖြေရှင်းကြမလဲဆိုတာ ဆွေးနွေးကြပါတယ်။ သတင်းစာတိုက်တွေဆီ ချီတက်ပြီး ဒီသတင်းမမှန်ကြောင်း ဖြေရှင်းချက်ထုတ်ပေးဖို့ အရေးဆိုကြမယ်လို့ ဆုံးဖြတ်ကြပါတယ်။ ဆောင်ကြော်သံတွေ စုပြီး ရေးကြတယ်။ 'မမှန်သတင်းအလိုမရှိ' 'သတင်းမှန်ဖော်ထုတ်ရေး တို့အရေး' 'အရေးတော်ပုံ အောင်ရမည်' စသဖြင့် ရွေးလိုက်ကြပါတယ်။ တိုက်ပွဲစဉ်ကြီးထဲမှာ ပေါ်ပေါက်လာတဲ့ တိုက်ပွဲငယ်တခုအတွက် ဦးတည်ပြီး ဆောင်ကြော်သံတွေကို ရွေးတာဖြစ်ပါတယ်။ အဲဒီနောက် 'က' ဆောင်ကနေ 'င' ဆောင်အထိ အဆောင်ရှေ့လမ်းတလျှောက် ဆောင်ကြော်သံတွေအော်ပြီး ချီတက်သွားကြပါတယ်။ အဆောင်ပေါ်ဝရံတာတွေက ထွက်ကြည့်နေတဲ့ ကျောင်းသားတွေကိုလည်း အတူချီတက်ကြဖို့ အော်ခေါ်ကြ ပါတယ်။

အဆောင်ပေါ်ကကျောင်းသားတွေလည်း တဖြေးဖြေးဆင်းလာကြပါတယ်။ ဒီနောက် ကျနော်တို့ ရန်ကုန်–အင်းစိန်လမ်းမကြီးဘက် ထွက်ခဲ့ကြတယ်။ လမ်းပေါ်မှာဖြတ်လာတဲ့ ဘတ်စ်ကားတွေကို တားကြပါတယ်။ ကားပေါ်ကခရီးသည်တွေကို အကျိုးအကြောင်းရှင်းပြပြီး ဆင်းပေးကြဖို့ မေတ္တာရပ်ခံပါတယ်။ ကားဆယ်စီးလောက် ရတဲ့အခါ ရန်ကုန်မြို့ဘက်ကို ဦးတည်ပြီး ဆောင်ကြော်သံများ အော်ကာ မောင်းထွက်ခဲ့ကြပါတယ်။ ရန်ကုန်မြို့ထဲကို မဟာပန္နုလလမ်းအတိုင်း ဝင်ခဲ့ကြတယ်။ တနေရာအရောက်မှာတော့ စစ်သားတွေက လမ်းကိုပိတ်ဆို့ထားတာကို တွေ့ရပါတယ်။ သတင်းစာတိုက်အထိ သွားခွင့်မပေးနိုင်ကြောင်း၊ သတင်းစာတိုက်မှ တာဝန်ရှိသူများနဲ့ ဒီနေရာမှာပဲ တွေ့ဆွေးနွေးကြပါလို့ ဆိုလာပါတယ်။ ကျောင်းသားကိုယ်စားလှယ်တွေရွေးပြီး သွားဆွေးနွေးကြပါတယ်။ အဲဒီအခါမှာ သတင်းစာတိုက်မှ တာဝန်ခံဆိုသူတွေက ဒီနေ့ပါတဲ့သတင်းနဲ့ပတ်သက်ပြီး ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားများက မဟုတ်မှန်ကြောင်း လာရောက်ဖြေရှင်းသွားတယ်ဆိုတာကို နောက်နေ့ထုတ်သတင်းစာရဲ့ မျက်နှာဖုံးမှာ ၆ လိုင်းစာလုံးမည်းနဲ့ ထည့်ပေးမယ်လို့ အာမခံကြပါတယ်။ ကျနော်တို့ကျောင်းသားတွေလည်း ဒါကိုလက်ခံသဘောတူပြီး လှည့်ပြန်ခဲ့ကြတယ်။ အပြန်လမ်းတလျှောက်မှာ အရေးတော်ပုံအောင်ပြီလို့ ဆောင်ကြော်ခဲ့ကြတယ်။

နောက် ရန်ကုန်ဘွဲ့နှင်းသဘင်သို့ ဦးတည်ခဲ့ကြပါတယ်။ ဘွဲ့နှင်းသဘင်ခန်းမထဲသို့ ဆောင်ကြော်သံတွေ အော်ဟစ်ပြီး ဝင်သွားကြတဲ့အခါ အထဲမှာရှိနေတဲ့ ကျောင်းသားတွေကလည်း လက်ခုပ်တီးကြိုဆိုကြပါတယ်။ စစ်အစိုးရက ကျနော်တို့ကျောင်းသားတွေကို နည်းမျိုးစုံနဲ့ သွေးခွဲပေမဲ့ ခန်းမထဲရှိခွပ်ဒေါင်းအလံကိုကြည့်ပြီး ဒီသမဂ္ဂအလံတော်အောက်မှာ တို့ကျောင်းသားတွေအားလုံး စုစည်းညီညွတ်နေကြပါလား လို့တွေးမိပါတယ်။

နောက်နေ့ထုတ်သတင်းစာမှာ ကျနော်တို့ကျောင်းသားများ လာဖြေရှင်းသွားတဲ့အကြောင်းကို ထည့်ပေးပါတယ်။ ဒါပေမဲ့ နောက်ကြောစာမျက်နှာမှာ တကော်လံကွက်သေးလေးနဲ့ပဲ ဖော်ပြပေးတာပါ။ ကတိပေးထားသလိုတော့ မဟုတ်ပါဘူး။

## အင်းစိန်ထောင်ကိုဝိုင်းခြင်း

တရက်မှာတော့ (ဇွန်လ ၉ ရက်နေ့ဟုထင်) ကျနော်တို့ကျောင်းသားတွေ အင်းစိန်ထောင်သို့ ချီတက်ပြီးဆန္ဒပြကြပါတယ်။ အဲဒီနေ့မှာ ရန်ကုန်တက္ကသိုလ်ဘက်က ချီတက်လာကြမယ့် ကျောင်းသားတွေကို ကျနော်တို့သူငယ်ချင်းတစုကတော့ ကျောင်းကနေပဲ စောင့်နေလိုက်ပါတယ်။ နံနက် ၁၀ နာရီပတ်ဝန်းကျင်လောက်မှာ အင်းစိန်လမ်းမတလျှောက် ချီတက်လာတဲ့ ကျောင်းသားတွေကို စမြင်ရပါတယ်။ မျက်စေ့တဆုံး ကျောင်းသားတန်းကြီးဟာ မကုန်နိုင်ပါ။ ကျနော်တို့လည်း ကျောင်းသားတန်းကြီးထဲ ဝင်ရောက်ပူးပေါင်းလိုက်ပါတယ်။ ဆောင်ကြော်သံတွေကိုလည်း အားပါးတရအော်ဟစ်ကြပါတော့တယ်။

'အဖမ်းခံအလုပ်သမား လွတ်မြောက်ရေး (တို့အရေး)၂'
'အဖမ်းခံကျောင်းသား လွတ်မြောက်ရေး (တို့အရေး)၂'
'ကျောင်းသားသမဂ္ဂ ပေါ်ပေါက်ရေး (တို့အရေး)၂'
'အမေကမွေး ထောင်ကကျွေးဟေ့ ... အင်းစိန်ထောင်ကြီး (ထပ်ချဲ့)၂ ... ရေကြည်အိုင်လည်း (ထပ်ချဲ့)၂'
'နေဝင်း ... နေဝင်း ... အို့ အို့'
'စန်းယု ... စန်းယု ... အို့ အို့'
'အရေးတော်ပုံ (အောင်ရမည်)၂'

အင်းစိန်ထောင်ကိုရောက်တဲ့အခါ ထောင်ကိုပတ်ပြီး ကြွေးကြော်သံများအော်ကြပါတယ်။ အဲဒီအချိန်မှာတော့ အသံတွေက အမြင့်မားဆုံးဖြစ်ပြီး မိုးလုံးညံနေပါတော့တယ်။ တနေရာမှာတော့ ကြွေးကြော်သံတွေအော်ဟစ်တာကို ခေတ္တရပ်ပြီး ထောင်ထဲက အသံကို နားစွင့်ကြည့်ကြပါတယ်။ အထဲကလည်း ပြန်ပြီးအော်တဲ့အသံကို သဲ့သဲ့ကြားရပါတယ်။ အကျဉ်းကျခံနေရတဲ့ ကျနော်တို့ ညီအစ်ကို အလုပ်သမား၊ ကျောင်းသားတွေရဲ့ အသံပါလားလို့တွေးမိပြီး နာကျည်းခံပြင်းစိတ်တွေ တဖွားဖွားပေါ်လာပါတယ်။ ခံပြင်းစိတ်တွေနဲ့ ကြွေးကြော်သံတွေကို ထပ်ပြီးအော်ဟစ်ကြပါတယ်။

ကြွေးကြော်သံတွေအော်နေရင်းက ကျနော့်ရဲ့စိတ်တွေဟာ အတိတ်ကာလသို့ ပြန့်လွင့်သွားပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးကာလမှာ ကျောင်းသားသမဂ္ဂမှ မွေးထုတ်ပေးလိုက်တဲ့ ကျောင်းသားခေါင်းဆောင်များဟာ ပြည်သူတွေနဲ့အတူ ရပ်တည်လက်တွဲပြီး ရဲရဲရင့်ရင့် တိုက်ပွဲဝင်ခဲ့ကြတယ် မဟုတ်ပါလား။ 'မြင်းခွာတချက်ပေါက်ရင် မီးဟုန်းဟုန်းတောက်စေရမယ်' ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းရဲ့ နယ်ချဲ့အပေါ် ရဲရင့်ပြတ်သားစွာ စိန်ခေါ်ကြုံးဝါးလိုက်သံ။ သမဂ္ဂစိတ်ဓာတ်၊ ခွပ်ဒေါင်းစိတ်ဓာတ်ပင် မဟုတ်ပါလား။ ထိုစိတ်ဓာတ်ကား ယခု ကျနော်တို့ကျောင်းသားတွေ ကိုယ်ထဲသို့လည်း စီးဆင်းစိမ့်ဝင်နေခဲ့ပြီဖြစ်သည်။ ဒါတင်မက ယခု ကျနော်တို့ ကြွေးကြော်နေကြတာတွေလည်း ထိုစဉ်ကကြွေးကြော်သံများ တပတ်လည်လာခြင်းပင် မဟုတ်ပါလား။ အဲဒီလိုတွေးမိတဲ့အခါမှာ ကျနော့်တကိုယ်လုံး ကြက်သီးမွေးညှင်းများ ထသွားပါတော့တယ်။

အတိတ်သို့ပျံ့လွင့်သွားတဲ့ ကျနော့်စိတ်တွေကို ပြန်လည်စုစည်းလိုက်တယ်။ ဒီနောက် ကြွေးကြော်သံများကို အားမာန်သစ်တွေနဲ့ ကြွေးကြော်လိုက်ပါတယ်။ ထောင်ကိုတပတ်ပတ်ပြီးတဲ့အခါ အင်းစိန်လမ်းအတိုင်း ပြန်လှည့်လာကြပါတယ်။ ကျနော်တို့ကတော့ ဘွဲ့နှင်းသဘင်အထိ ပြန်မလိုက်တော့ဘဲ ကျောင်းမှာပဲ နေရစ်ခဲ့ပါတယ်။ ကျောင်းတွေကို ရက်အကန့်အသတ်မရှိ ပိတ်လိုက်ပြီဆိုတာကို ကြားသိလိုက်ရပါတယ်။ ကျောင်းသားထုရဲ့တိုက်ပွဲကို ဖြိုခွဲဖို့အတွက် စစ်အစိုးရဟာ ထုံးစံအတိုင်း ကျောင်းတွေကို ပိတ်လိုက်တာ ဖြစ်ပါတယ်။

## နိဂုံး

အဲဒီနေ့မှာပဲ သပိတ်စခန်းကို ရွှေတိဂုံစေတီသို့ ပြောင်းရွှေ့သွားပါတယ်။ ကျနော်တို့လည်း နောက်နေ့မနက်ကျမှပဲ လိုက်သွားတော့မယ်ဆိုပြီး အဆောင်မှာပဲ နားနေလိုက်ကြပါတယ်။ ဒါပေမဲ့ မနက်လင်းအားကြီးမှာ စစ်အစိုးရလုံထိန်းတွေက ရွှေတိဂုံဘုရား ပေါ်တက်ပြီး ကျောင်းသားတွေကို ဖမ်းသွားပါတယ်။

စစ်အစိုးရဟာ ကျောင်းသားတွေက တရားတဲ့အခွင့်အရေးတွေ ငြိမ်းချမ်းစွာနဲ့ တောင်းဆိုဆန္ဒပြတာကို နည်းလမ်းတကျ မဖြေရှင်းဘဲ အကြမ်းဖက်ဖြိုခွဲခဲ့ပြန်ပါပြီ။ ဒီလိုအကြမ်းဖက်ဖိနှိပ်လိုက်ရင် ငြိမ်ဝပ်သွားမယ်လို့ တလွဲထင်နေပါတယ်။ ကျောင်းသားတိုက်ပွဲတွေရှိနေတာ ကျောင်းသားသမဂ္ဂရှိနေလို့ပဲဆိုပြီး သမိုင်းဝင်ကျောင်းသားသမဂ္ဂ အဆောက်အဦကို ဗုံးခွဲဖျက်ဆီးခဲ့တယ်။ ဒါပေမဲ့ ကျောင်းသားတိုက်ပွဲတွေ ပျောက်ကွယ်သွားပါသလား။ ကျောင်းသားထုရှိနေသမျှ သမဂ္ဂစိတ်ဓာတ်၊ ခွပ်ဒေါင်းစိတ်ဓာတ်ဟာ ရှိနေမှာဖြစ်ပါတယ်။ မတရားဖိနှိပ်မှုတွေရှိနေသမျှ၊ တရားတဲ့အခွင့်အရေးတွေ ဆုံးရှုံးနေသမျှ ခွပ်ဒေါင်းစိတ်ဓာတ်က ငုံ့ခံနေမှာမဟုတ်ပါ။ အခွင့်သာတိုင်း တုံ့ပြန်တိုက်ပွဲဝင်နေမှာ ဖြစ်ပါတယ်။ ဒါကို သမိုင်းက သက်သေပြခဲ့ပြီဖြစ်တဲ့အပြင် ဆက်ပြီးတော့လည်း ပြဦးမှာဖြစ်ပါတယ်။

သမဂ္ဂစိတ်ဓာတ်၊ ခွပ်ဒေါင်းစိတ်ဓာတ် အဓွန့်ရှည်ပါစေ။

ကျော်မြင့် (စက်မှု)

# တိမ်မြုပ်ပျောက်ကွယ်နေသော
# မှတ်တိုင်တခု

(တိုက်ပွဲဝင်အလုပ်သမားဟောင်းတဦး)

ကျနော်တို့မြန်မာနိုင်ငံဆေးဝါးစက်ရုံသည် အင်းစိန်မြို့နယ်အနောက်ကြို့ကုန်းရှိ ကြို့ကုန်းဘူတာနှင့် ကပ်လျက်တည်ရှိသည်။ စက်ရုံ၏အရှေ့ဘက် ကိုက် (၅၀၀) ကျော်လောက်တွင် ရှစ်လေးလုံးအရေးတော်ပုံကို စတင်ပေါက်ဖွား ဖန်တီးလိုက်သော ရန်ကုန်စက်မှုတက္ကသိုလ် **(RIT)** တည်ရှိပြီး၊ စက်ရုံ၏မြောက်ဘက် ကိုက် (၂၀၀) လောက်တွင် အင်းစိန်မီးရထားစက်ခေါင်းပြင်စက်ရုံ တည်ရှိသည်။

၁၉၇၄ ခု၊ ဇွန်လ (၆) ရက်နေ့ သပိတ်မမှောက်ခင် ဇွန် ၁ ရက်နှင့် ဇွန် ၂ ရက်နေ့၌ စက်ရုံအသီးသီးမှဝန်ထမ်းများသည် စက်ရုံအရာရှိများ၏ မမျှတသောအုပ်ချုပ်ရေး၊ ဝန်ထမ်းများအပေါ် ဖိနှိပ်ချုပ်ချယ်မှု၊ ရာထူးနှင့်အခွင့်အရေး ပိတ်ဆို့မှုများနှင့်ပတ်သက်ပြီး မကျေနပ်မှုများ တအုံ့နွေးနွေးဖြစ်နေကြသည်။ ဌာနအသီးသီးရှိကိုယ်စားလှယ်များသည် တိတ်တဆိတ်ပြောဆိုညှိနှိုင်းပြီး ဆန္ဒပြသပိတ်မှောက်ကြရန် ဆုံးဖြတ်ချက်ချကြသည်။ ကျနော်တို့ မြန်မာနိုင်ငံဆေးဝါးစက်ရုံနည်းတူ အင်းစိန်မီးရထားစက်ရုံလည်း သပိတ်မှောက်တောင်းဆိုရန် ပြင်ဆင်နေကြသည်။ ဇွန်လ (၆) ရက်နေ့တွင် တပြိုင်တည်းဆန္ဒပြကြရန် စက်ရုံနှစ်ရုံသည် တိတ်ဆိတ်စွာဆက်သွယ်ထားကြသည်။

၁၉၇၄ ခုနှစ်၊ ဇွန်လ (၄) ရက်နေ့တွင် ၎င်းစက်ရုံနှစ်ရုံမှ ခေါင်းဆောင်အလုပ်သမားတချို့ကိုဖမ်းဆီး၍ ထောင်ထဲထည့်လိုက်သည်။ ၎င်းခေါင်းဆောင်များသည် အထက်အရာရှိနှင့်အဆင်မပြေသူများ၊ မဆလပါတီကိုဆန့်ကျင်သူများ၊ ဆန္ဒပြရန် စည်းရုံးခေါင်းဆောင်သည်ဟု အထင်ခံရသူများဖြစ်သည်။

မီးရထားစက်ခေါင်းပြင်စက်ရုံမှ အလုပ်သမားများသည် ဆန္ဒပြရန်သတ်မှတ်ထားသော ဇွန်(၆)ရက်နေ့အစား ဇွန် (၅) ရက်နေ့ညနေမှစပြီး စက်ရုံအပြင်သို့ မထွက်ကြတော့ဘဲ ဖမ်းဆီးထားသော အလုပ်သမားများကို ပြန်လွှတ်ပေးရေးနှင့် ၎င်းတို့နှင့်သက်ဆိုင်သောတောင်းဆိုချက်များ တောင်းဆိုပြီး စတင်၍သပိတ်မှောက်ကြသည်။

ကျနော်တို့ဘီပီအိုင်စက်ရုံတွင်လည်း ၁၉၇၄ ဇွန်လ (၆) ရက်နေ့တွင် ကျနော်တို့ဆေးဝါးစက်ရုံမှ ကိုယ်စားလှယ်များသည် ပုံမှန်အလုပ်စချိန်ထက် စောစီးစွာရောက်လာကြပြီး ညှိနှိုင်းထားသည့်အတိုင်း သပိတ်မှောက်ရန် ပြင်ဆင်ကြသည်။ စက်ရုံမှ ဉသြရှည်ဆွဲပြီး အချက်ပေးလိုက်သည်နှင့် တပြိုင်နက် ဌာနအသီးသီးရှိ ဝန်ထမ်းအားလုံးသည် 'သပိတ်သပိတ်မှောက်မှောက်' ဟူသော ကြွေးကြော်သံများ ကြွေးကြော်ပြီး စက်ရုံပင်မတံခါးပေါက်တွင် စုရုံးကြရန်ဖြစ်သည်။

ကျနော်တို့သပိတ်မှောက်ရန် အချိန်သတ်မှတ်ချက်မှာ နံနက် ၉း၃၀ ဖြစ်သောကြောင့် သပိတ်မှောက်ချိန်ကို တက်ကြွစွာ စောင့်စားရင်း အလုပ်သမားများမှာ မိမိတာဝန်ကို ကျေပွန်စွာထမ်းဆောင်နေကြသည်။

၉း၃၀ မိနစ် စက်ရုံမှဉသြရှည် ဆွဲလိုက်သည်နှင့်တပြိုင်နက် ကျနော်တို့သည် စက်ရုံပင်မတံခါးကြီးကို ပြေးပိတ်ပြီး သော့ခတ်လိုက်ပါသည်။ မည်သူမျှ အဝင်အထွက်မပြုလုပ်ရန် အမိန့်ထုတ်ပြီး ပင်မတံခါးသော့ကိုလည်း သိမ်းထားလိုက်ပါသည်။

စက်ရုံကိုထိန်းချုပ်ထားပြီးနောက် ကျနော်တို့သည် အစုလိုက်အဖွဲ့လိုက် တာဝန်များကို ခွဲဝေချမှတ်ကြသည်။ အဆင့်ဆင့်တာဝန်ခွဲဝေမှုအဖွဲ့များမှာ (၁) စက်ရုံအတွင်းအပြင်လုံခြုံရေးအဖွဲ့၊ (၂) သတင်းနှင့်ပြန်ကြားရေးအဖွဲ့၊ (၃) ကျန်းမာရေးကူညီမှုအဖွဲ့၊ (၄) စည်းရုံးလှုံ့ဆော်ရေးအဖွဲ့၊ (၅) ရိက္ခာသယ်ယူစုဆောင်းရေးအဖွဲ့တို့ဖြစ်သည်။ ကျနော်တို့စက်ရုံ၏ တောင်းဆိုချက်များမှာ–

၁။ ဖမ်းဆီးထားသော မီးရထားစက်ခေါင်းပြင်စက်ရုံမှလုပ်သားများ ပြန်လွှတ်ပေးရေး

၂။ ဝန်ထမ်းလစာတိုးမြှင့်ရေး

၃။ ကုန်ဈေးနှုန်းကျဆင်းရေး

၄။ နေ့စားလုပ်သားများ အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်ရေး

၅။ အလုပ်သမားများအား ဆန်ဆီနှင့်မီးဖိုချောင်သုံးပစ္စည်းများ အခမဲ့ပေးဝေရေး

၆။ အလုပ်သမားများ ဖွဲ့စည်းပုံအရ အခွင့်အရေးရာ အားလုံးခန့်အပ်ရေး

၇။ သက်သာချောင်ချိရေး ချက်ချင်းပေး

၈။ အဆွေရာယ်ကြေး ချက်ချင်းပေး

၉။ မြန်မာ့ဆိုရှယ်လစ်လမ်းပါတီ အလိုမရှိ၊ စစ်အာဏာရှင် ကျဆုံးပါစေ စသည်တို့ဖြစ်သည်။

✡(မီးရထားစက်ခေါင်းပြင်စက်ရုံမှ ဖမ်းဆီးထားသော အလုပ်သမားအားလုံးကို ၇၊၆၊၇၄ နေ့ညနေ ၆ နာရီတွင် ပြန်လွှတ်ပေးလိုက်သည်။)

၇၊၆၊၇၄ နေ့နံနက် ၁၁ နာရီ ၄၅ မိနစ်လောက်တွင် စက်ရုံမှူးဗိုလ်မှူးကြီးသိမ်းမောင် ဒုစက်ရုံမှူး၊ အုပ်ချုပ်ရေးမှူးနှင့် ဌာနမန်နေဂျာများသည် ကျနော်တို့အလုပ်သမားခေါင်းဆောင်များနှင့် လာရောက်တွေ့ဆုံပြီး 'အလုပ်သမားတရပ်လုံး၏ တောင်းဆိုချက်နှင့်ပတ်သက်ပြီး သူတို့အနေဖြင့် အလုပ်သမားဝန်ကြီးကို တင်ပြမယ်၊ ခင်ဗျားတို့အလုပ်သမားထုအားလုံး သပိတ်လှန်ပြီး အိမ်ပြန်ကြပါ။ နောက်နေ့တွေမှာလည်း ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကိုယ်ကျရာဌာနအသီးသီးတွေမှာ အလုပ်ခွင်ပြန်ဝင်ကြပါလို့၊ မေတ္တာရပ်ခံပါတယ်လို့ ပြောပါတယ်။ အဲဒီအချိန်မှာ ကျနော်တို့ အလုပ်သမားကိုယ်စားလှယ်တဦးကထပြီး 'ဒီတောင်းဆိုချက်တွေဟာ ကိုယ်စားလှယ်ခေါင်းဆောင်တွေရဲ့ ဆုံးဖြတ်ချက်ဖြစ်တယ်၊ လွယ်လွယ်နဲ့ ဆုံးဖြတ်ချက်ကို အဖြေပေးလို့မရဘူး၊ အလုပ်သမားထုတရပ်လုံးကို မေးမြန်းပြီးတော့မှ အဖြေပေးနိုင်မှာ ဖြစ်တဲ့အတွက် ၈၊၆၊၇၄ နေ့နံနက် ၉ နာရီမှာ အဖြေပေးပါမယ်' လို့ပြန်ပြောလိုက်သည်။

ထို့နောက် ကိုယ်စားလှယ်များသည် အလုပ်သမားထုတရပ်လုံးအား အထက်အရာရှိများနှင့် ညှိနှိုင်းဆွေးနွေးချက်များကို ပြန်ပြောပြသည်။ ကျနော်တို့အတွက် အရေးအကြီးဆုံးတောင်းဆိုချက်တခုမှာ သပိတ်လှန်ပြီးနောက် အလုပ်သမားများကို မဖမ်းဆီးပါဘူးဟူသော အာမခံကတိစကားပင်ဖြစ်သည်။ ထို့ကြောင့် အလုပ်သမားကိုယ်စားလှယ်များနှင့်တကွ အလုပ်သမားထုတရပ်လုံး၏ဆန္ဒအရ ၎င်းတို့ကို ခံဝန်ကတိလက်မှတ်ထိုးခိုင်းရန် ဆုံးဖြတ်ချက်ချမှတ်လိုက်ကြသည်။

၈၆၇၄ နေ့နံနက် (၆) နာရီတိတိတွင် စက်ရုံမှူးများနှင့် အလုပ်သမားကိုယ်စားလှယ်များ ဒုတိယအကြိမ်တွေ့ဆုံကြသောအခါ ကိုယ်စားလှယ်များက သပိတ်လှန်ပြီးပါက အလုပ်သမားတွေကို မဖမ်းဆီးပါဘူးဆိုတာကို အာမခံလက်မှတ်ရေးထိုးပေးရန် တောင်းဆိုသည်။

စက်ရုံမှူးများက ကျနော်တို့တောင်းဆိုချက်တွေအားလုံး ရအောင်ဆောင်ရွက်ပေးမည်၊ ကျနော်တို့ကိုလည်း မဖမ်းဆီးဖို့ အာမခံပါတယ်၊ ကတိလည်းပေးပါတယ်ဆိုပြီး အလုပ်သမားများ၏ရှေ့မှာပင် အာမခံကတိလက်မှတ်ရေးထိုးပြီး ကိုယ်စားလှယ်များလက်သို့ပေးအပ်ခဲ့သည်။

၉၆၇၄ ညနေ (၄) နာရီတိတိအချိန်တွင် ကျနော်တို့ အလုပ်သမားကိုယ်စားလှယ်များနှင့် အလုပ်သမားထုအားလုံး သဘောဆန္ဒအရ သပိတ်လှန်လိုက်ကြပါသည်။ ၉၆၇၄နေ့ တွင် အလုပ်သမားအားလုံးသည် အေးချမ်းစွာဖြင့် အလုပ်ခွင်သို့ ပြန်ဆင်းကြပါသည်။

၎င်းတို့သည် သူတို့ကတိအတိုင်း ဖမ်းဆီးခြင်းမပြုသော်လည်း ကျနော်တို့၏တောင်းဆိုချက်တွေကို အလုပ်သမားထုအားလုံးက ပေးလိမ့်နိုး ပေးလိမ့်နိုးနဲ့ စောင့်မျှော်လာရာ ရက်မှလ၊ လမှနှစ်သို့သာ ပြောင်းလဲလာခဲ့သော်လည်း ဘာတခုမှရလာခြင်း၊ ပေးလာခြင်း မရှိချေ။ လိမ်လည်လှည့်ဖြားသည်ကို သိလာသောအခါ ဌာနအသီးသီးမှာရှိကြသော ကိုယ်စားလှယ်များနှင့် အလုပ်သမားထုအားလုံးတို့သည် မကျေမနပ်နှင့် မခံမရပ်နိုင်ဖြစ်ပြီး နှစ်ပတ်လည်နေ့ဖြစ်သော ၆၆၇၅ နေ့နံနက် ၉ နာရီ ၃၀ မိနစ်တွင် သပိတ်မှောက်ဆန္ဒပြကြပါတော့သည်။

ကျနော်တို့ဆေးဝါးစက်ရုံအပြင် အင်းစိန်မီးရထားစက်ခေါင်းပြင်စက်ရုံ၊ သမိုင်းနှင့်ချည်မျှင်အထည်စက်ရုံ၊ ဂုံနီစက်ရုံ၊ ဆင်မလိုက်သဘောကျင်း၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် အခြားစက်ရုံငယ် မြောက်မြားစွာသည်လည်း သပိတ်မှောက်ကြပြီး တောင်းဆိုချက်များ တောင်းဆိုကြသည်။

ကျနော်တို့ ဆေးဝါးစက်ရုံအတွင်းမှ ဆန္ဒပြတောင်းဆိုချက်များ တောင်းဆိုနေစဉ် ၈၆၇၅ ညနေ ၄း၃၀ တွင် လက်နက်အပြည့်အစုံဖြင့် မြန်မာစကားနားမလည်သော တိုင်းရင်းသားစစ်သား (၇၀) ခန့်က စက်ရုံကိုဝိုင်းထားပြီး စစ်သားအချို့သည် ပင်မတံခါးပေါက်ကို ကျော်တက်ဝင်ရောက်လာကြကာ ကျနော်တို့အလုပ်သမားအားလုံးကို သေနတ်နှင့်ချိန်ပြီး ဝိုင်းထားလိုက်ပါသည်။ ထို့နောက် ဗိုလ်မှူးတယောက်ရောက်လာပြီး ‘ခင်ဗျားတို့အားလုံး စက်ရုံအပြင်ကိုထွက်ပြီး ကိုယ့်အိမ်ကိုယ် အေးအေးဆေးဆေး ပြန်ကြပါ။ စက်ရုံကို ကျနော်တို့သိမ်းလိုက်ပြီ။ ကျနော်တို့အမိန့်ပေးတာကို မလိုက်နာရင် ပစ်ရပါလိမ့်မယ်။ ခင်ဗျားတို့ကို မိနစ် ၃၀ အချိန်ပေးမယ်။ စက်ရုံထဲမှာ တယောက်မှမပစ်ချင်ဘူး’ လို့ပြောပြီး မျက်ထောင့်နီကြီးနဲ့ ကြည့်နေပါသည်။

ကိုယ်စားလှယ်နှင့် အလုပ်သမားများသည် မကျေမနပ်ဖြင့် အံကြိတ်ပြီး လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ရင်း ဒေါသတွေကို မျိုသိပ်ကာ စက်ရုံအတွင်းမှ အသီးသီးထွက်ခွာပေးရတော့သည်။

၎င်း ၈၆၇၅ နေ့ညမှာပင် ကျနော်တို့မြန်မာနိုင်ငံဆေးဝါးစက်ရုံမှ ဌာနကိုယ်စားလှယ်ခေါင်းဆောင် အမျိုးသမီးသုံးယောက် အပါအဝင်လူ (၃၃) ယောက်ကို ညတွင်းချင်းလိုက်လံဖမ်းဆီးပြီး နာမည်ဆိုးဖြင့်ကျော်ကြားသော အင်းစိန်အကျဉ်းထောင်သို့ ပို့လိုက်ပါသည်။

၁၂၇၇၅ နေ့တွင် စစ်ခုံရုံးဖွင့်ပြီး ၁၀ နှစ်၊ ၁၃ နှစ်၊ ၁၆ နှစ် အသီးသီးပြစ်ဒဏ်ချမှတ်လိုက်ပါသည်။ အခြားစက်ရုံအသီးသီးမှ ခေါင်းဆောင်များကိုလည်း ကျနော်တို့နှင့်အတူ အင်းစိန်အကျဉ်းထောင် ကြိုးတိုက်သို့ ပို့ဆောင်လိုက်ပါတော့သည်။

တိုက်ပွဲဝင်အလုပ်သမားဟောင်းတဦး

ဘီပီအိုင် (၁၉၇၄–၇၅)

**(မြန်မာနိုင်ငံအလုပ်သမားသွေးစည်းညီညွတ်ရေးအဖွဲ့မှကျေးဇူးပြုသည်။)**

# ၇၄–၇၅ ကျောင်းသားအရေးအခင်းများကို ပြန်လည်သတိရခြင်း

ဒေါက်တာသိန်းလွင်

စောလှငွေ မဲဆောက်ကနေ ကျနော့်ကိုဖုန်းဆက်ပါတယ်။ ဦးသန့်အရေးအခင်း နှစ်ပတ်လည်မှာ စာစောင်တခုထုတ်ချင်တယ်တဲ့။ ကျနော့်ကို ရေးဖို့ ပြောပါတယ်။ ကျနော်က ချင်းမိုင်မှာနေပြီး ကျောင်းဆရာ၊ ဆရာမတွေနဲ့ မြန်မာပြည်က အလုပ်လာလုပ်ကြသူတွေကို သင်တန်းပေးနေပါတယ်။ စောလှငွေကို ကျနော်တို့ ကျောင်းသားဘဝ ကျောင်းသားအရေးအခင်းကာလမှာ ရင်းနှီးခဲ့ပါတယ်။ သူငယ်ချင်းတွေအဖမ်းခံရပြီး ကျနော်ဝရမ်းပြေးဖြစ်တော့ စောလှငွေက သူ့ဇာတိမြို့ကလေးကိုပို့ပြီး ကျနော့်ကို စောင့်ရှောက်

ပါတယ်။ အနှစ် (၂၀) ကျော်အကြာမှာ စောလှငွေရဲ့အသံကို ပထမဆုံးပြန်ကြားရတော့ ကျောင်းသားဘဝကဖြစ်ရပ်တွေနဲ့ ပြေးလွှား ပုန်းအောင်းရင်း မာနယ်ပလောစခန်းကို လာခဲ့ရတဲ့ခရီးစဉ်တွေကို ပြန်လည်သတိရမိပါတယ်။

ကျနော်က စက်မှုတက္ကသိုလ်ကျောင်းသားဖြစ်ပါတယ်။ သမိုင်းဝင်းထဲက ကျောင်းဆောင်တွေမှာ နေရပါတယ်။ ကျနော် တက္ကသိုလ်ဒုတိယနှစ် (၁၉၇၄) ဇွန်လမှာ ဂုန်နီစက်ရုံနဲ့ ချည်စက်ကအလုပ်သမားတွေ ဆန္ဒပြပါတယ်။ ကျနော်တို့ ကျောင်းဆောင်နဲ့ နီးတော့ သွားကြည့်ပါတယ်။ “ဆန်ရရှိရေး၊ လစာတိုးမြှင့်ရေး၊ လုပ်ငန်းခွင်သာယာရေး” စတာတွေကို တောင်းဆိုကြပါတယ်။ ဆန္ဒပြတဲ့ လူအုပ်ကြီးကို စစ်တပ်ကပစ်ခတ်တာ ကိုယ်တိုင်တွေ့မြင်ရပါတယ်။ ဒီဇင်ဘာလကျတော့ ဦးသန့်အရေးအခင်းဖြစ်ပါတယ်။ ဦးသန့် ဈာပနကို ကျနော်တို့ကျောင်းသားတွေ သွားကြပါတယ်။ ဈာပနကို ကျိုက္ကဆံကွင်းကနေ တက္ကသိုလ်ဝင်းထဲ သယ်ယူလာတော့ ကျနော်လည်း လိုက်ပါလာခဲ့ပါတယ်။ နောက်တနေ့မှာ ကျနော်တို့ ပဲခူးမြို့ကကျောင်းသားတွေ အိမ်ပြန်ကြတော့ ကျနော်လည်း ပဲခူးကိုပြန်ခဲ့ပါတယ်။ ကြုံတွေ့ခဲ့ရတဲ့ဖြစ်ရပ်တွေ ရင်မှာစွဲကျန်ခဲ့ပါတယ်။ အလုပ်သမားတွေ ပစ်သတ်ခံရတာ၊ ကျောင်းသားတွေ အဖမ်းခံ ကြရတာ မမေ့နိုင်စရာဖြစ်ခဲ့ပါတယ်။

၁၉၇၅ မှာ ကျောင်းပြန်ဖွင့်တော့ တက္ကသိုလ်ကို ပြန်လာခဲ့ပါတယ်။ ဇွန်လမှာ ပညာရေးဝန်ကြီးနဲ့ အစိုးရတာဝန်ရှိသူတွေဟာ စက်မှုတက္ကသိုလ်ကိုလာပြီး ကျောင်းသားတွေကို ဟောပြောပါတယ်။ သူတို့ရဲ့ဟောပြောချက်မှာ “တိုင်းပြည်စီးပွားရေး ကျဆင်းရတာ အလုပ်သမားတွေ အလုပ်မလုပ်ဘဲ ဆူဆူပူပူလုပ်လို့ဖြစ်တယ်။ လယ်သမားတွေ စပါးအပြည့်အဝ မရောင်းလို့ဖြစ်တယ်” လို့ပြောပါ တယ်။ ကျနော်ဟာ လယ်သမားသားတဦးဖြစ်ပါတယ်။ ကျနော်မိဘနဲ့ဆွေမျိုးတွေ ရွာမှာ ဘယ်လိုခက်ခဲကြတယ်ဆိုတာ ကျနော် သိတယ်။ မနှစ်က အလုပ်သမားတွေ ကျနော့်မျက်စေ့ရှေ့မှာ သတ်ဖြတ်ခံရတယ်။ ကျနော့်စိတ်တွေ နိုးကြားလာပြီး ပြန်ပြောခဲ့ပါတယ်။ “အလုပ်သမားတွေ ထမင်းမဝလို့ ဆန်တောင်းတာ ခင်ဗျားတို့က ကျည်ဆံတွေပဲပေးခဲ့တယ်။ လယ်သမားတွေ ဝမ်းစာပါမကျန်အောင် အစိုးရကိုသွင်းရတာ ကျနော်သိတယ်။ မတရားတာ ခင်ဗျားတို့ပဲဖြစ်တယ်။” ဒီစကားဟာ ကျနော့်ကို ကျောင်းထွက်ဖို့ဖြစ်လာပါတယ်။ ၁၉၇၆ ခုနှစ်မတ်လမှာ သခင်ကိုယ်တော်မှိုင်းရာပြည့်ပွဲကို ကျောင်းသားတွေဦးဆောင်ပြီး ကျင်းပပါတယ်။ ရွှေတိဂုံဘုရား တောင်ဘက် မုခ်အနီးက သခင်ကိုယ်တော်မှိုင်းရဲ့ ဂူဗိမာန်ရှေ့မှာ ကျင်းပကြပါတယ်။ ကျနော်က ပရိသတ်အဖြစ် ပါဝင်တက်ရောက်ခဲ့ပါတယ်။ မှိုင်းရာ ပြည့်ပွဲအပြီးမှာ တက္ကသိုလ်တွေ ပိတ်လိုက်ပြီး အစိုးရက “ကျောင်းသားဆိုးများ” ကို တက္ကသိုလ်မှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း ကြေညာပါတယ်။ ပဲခူးမြို့နယ်ကောင်စီက ကျနော့်ကိုခေါ်ပြီး ကျောင်းထုတ်တဲ့စာ ပေးပါတယ်။ ကျနော်အမေက “ငါ့သားမိုက်တယ်” လို့ ပြောပါတယ်။ ကျနော်မိုက်တာ မဟုတ်ပါ။ ကျောင်းသားတယောက်ဟာ စာသင်ခန်းပြင်ပမှာ ဖြစ်ပျက်နေတဲ့ အရာကိစ္စတွေနဲ့ ဆက်စပ်နေပါတယ်။ ပတ်ဝန်းကျင်သာယာရင် စာသင်ခန်းလည်း သာယာပါတယ်။ ပတ်ဝန်းကျင်ကို သာယာအောင်လုပ်ဖို့ ကျနော်တို့ လည်း တာဝန်ရှိပါတယ်။

ကျောင်းထုတ်ခံရပြီးတဲ့အခါ နိုင်ငံရေးလှုပ်ရှားမှုတွေနဲ့ ကျနော်ပိုပြီး နီးကပ်လာပါတယ်။ (၁၉၇၇) ခုနှစ် ဇူလိုင်လ ၇ ရက်နေ့မှာ ကျနော်တို့သူငယ်ချင်းတွေ “ဇူလိုင်ဆဲဗင်း” အထိမ်းအမှတ်အခမ်းအနားကို ကျောင်းသားသမဂ္ဂအဆောက်အဦးရှိတဲ့နေရာမှာ လုပ်ဖို့ စိုင်းပြင်းခဲ့ကြပါတယ်။ ၆၂ ခုနှစ်က ကျောင်းသားသမဂ္ဂ ကျောင်းသားဟောင်းကြီးတွေက ကျောင်းဆောင်တွေမှာ ဖြန့်ဝေပါတယ်။ အကြောင်းကြောင်းကြောင့် (၇၇၇၇) အခမ်းအနားမဖြစ်ခဲ့ပါ။ ဇူလိုင် (၇) ရက်မနက်မှာ မိုးအကြီးအကျယ်ရွာနေတာ၊ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်က ကျောင်းသားတွေကို ဆရာတွေက အတန်းမရှိဘူးလို့ ပြောလိုက်တဲ့အတွက် မြို့ထဲကကျောင်းသားတွေ ကျောင်း မလာတာ၊ အဆောင်နေကျောင်းသားအချို့ အရေးအခင်းဖြစ်တယ်ထင်ပြီး အိမ်ပြန်သွားကြတာတွေကြောင့် ကျနော်တို့အခမ်းအနား မကျင်းပဖြစ်ခဲ့တာပါ။ (၁၉၇၈) မှာတော့ ကြိုတင်လှုံ့ဆော်ခြင်းမပြုဘဲ ဇူလိုင် (၃) ရက်နေ့ စက်မှုတက္ကသိုလ်မှာ အရေးအခင်းကို စတင်ပါတယ်။ ရည်ရွယ်ချက်က ကျောင်းသားအရေးအခင်း အရှိန်ရလာရင် ဇူလိုင် (၇) ရက်နေ့မှာ အထိမ်းအမှတ်အခမ်းအနား ကျင်းပမှာဖြစ်ပါတယ်။ မမျှော်လင့်ဘဲ အရေးအခင်းကိုစတင်ခဲ့တဲ့ ကျောင်းသားတစု ဖမ်းဆီးခံရပါတယ်။ ကျနော်တိမ်းရှောင်ခဲ့ပြီး ဝရမ်းပြေးဖြစ်ခဲ့ပါတယ်။

စောလှငွေတို့ညီအစ်ကိုတွေက ကျနော့်ကို ညောင်တုန်းမြို့မှာရှိတဲ့ သူတို့ရဲ့မိဘအိမ်ကို ပို့ထားပါတယ်။ ညောင်တုန်းနဲ့ ပန်းတနော်ကြား ရောဝတီမြစ်ကမ်းဘေးက ရွာသာအေးရွာကလေးက တွဲဖက်ကျောင်းမှာ ကျောင်းဆရာလိုတော့ ကျနော် ကျောင်းဆရာသွားလုပ်ပါတယ်။ ကျနော့်ရဲ့ကျောင်းဆရာဘဝဟာ ရွာသာအေးရွာမှာ စတင်ခဲ့ပါတယ်။ ကျောင်းဆရာဘဝမှာ ပျော်ပေ မဲ့ ကျနော့်ရဲ့ရည်ရွယ်ချက်က စာသင်ဖို့လာခဲ့တာမဟုတ်ဘဲ နိုင်ငံရေးအရ ခေတ္တတိမ်းရှောင်နေခြင်းသာ ဖြစ်ပါတယ်။ စောလှငွေရဲ့ စီစဉ် ပေးချက်အရ ဒုတိယနှစ် စာသင်နှစ်မှာ မာနယ်ပလောစခန်းကို ထွက်ခွာခဲ့ရပါတယ်။ ကျိုက်ထီးရိုးဘုရားတောင်ခြေကနေ သောင်းရင်းမြစ်ကမ်းရောက်တဲ့အထိ (၁၂) ရက်တိတိ တောင်တွေ၊ တောတွေဖြတ်ပြီး ခြေလျင်လျှောက်ခဲ့ရပါတယ်။ မာနယ် ပလောစခန်းရောက်တော့ ဗိုလ်ချုပ်မြ၊ စောသန်းအောင်၊ ဖုးစကောလယ်တော၊ ဗိုလ်ချုပ်မြမောင်၊ စောတာအယ်၊ စောစံလင်း၊ ဦးစိုးအောင်တို့နဲ့ တွေ့ဆုံစကားပြောခွင့်ရပါတယ်။ သန္နုးထူးစာစောင်မှာလည်း မြန်မာပြည်ပညာရေးစနစ်နဲ့ ကျောင်းသားအရေးအခင်း ဆောင်းပါးတွေ ရေးခဲ့ပါတယ်။ ကျနော့်ရည်ရွယ်ချက်က လက်နက်ကိုင်တိုက်ပွဲမှာ ပါဝင်ဖို့မဟုတ်ဘဲ လူထုလှုပ်ရှားမှုကို ဦးတည်တဲ့ အတွက် ပြည်တွင်းကိုပြန်ခဲ့ပါတယ်။ ကျောင်းဆရာလုပ်ရင်း လူထုလှုပ်ရှားမှု၊ ကျောင်းသားလှုပ်ရှားမှုတွေမှာပါဝင်ဖို့ အခွင့်အခါစောင့်နေ ခဲ့ပါတယ်။

၁၉၈၀ မှာ အစိုးရက အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့်ကြေညာတော့ ကျနော် ရန်ကုန်ပြန်လာခဲ့ပါတယ်။ ရန်ကုန်မှာ ကျူရှင်ပြရင်း စာပေးစာယူတက္ကသိုလ် တက်ရောက်ခဲ့ပါတယ်။ ၁၉၈၂ မှာ မမျှော်လင့်ဘဲ ကျနော်အဖမ်းခံရပါတယ်။ သူငယ်ချင်းတွေ လွှတ်ငြိမ်းချမ်းသာခွင့်နဲ့လွှတ်ကြပြီးမှ ကျနော်က ထောင်ထဲပြန်ဝင်ရပါတယ်။ နှစ်နှစ်အကြာ ထောင်ကလွှတ်ပြီး စာပေးစာယူတက္ကသိုလ် စဖြေပါတယ်။ မဟာသိပ္ပံစတက်တဲ့နှစ် ၁၉၈၈ မှာ အရေးအခင်းတွေဖြစ်တော့ ကျနော်ပါဝင်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထူထောင်တော့ ကျနော် ပဲခူးတိုင်းစည်းရုံးရေးလုပ်ငန်းမှာ ပါဝင်ခဲ့ပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲအပြီးမှာ ထပ်မံဖမ်းဆီးခံရပါတယ်။ ထောင်ကပြန်လွှတ်လာပြီး ၁၉၉၃ မှာကျနော် မြန်မာပြည်က ထွက်ခွာလာခဲ့ပါတယ်။

ကျနော့်အတွေးများကို ပြန်လည်အဆုံးသတ်ရရင် “ကျောင်းသားဆိုး” တယောက်ဟာ ကျောင်းဆရာဖြစ်လာခဲ့ပါတယ်။ အခုအခါ ကျောင်းဆရာများကို လမ်းညွှန်တဲ့ဆရာ ဖြစ်နေပါပြီ။ ကျနော်တို့တတွေဟာ ပညာမလိုလားလို့ စာမသင်ချင်လို့ ဆူပူခဲ့ကြတာမဟုတ်ပါ။ ကျနော်တို့ပတ်ဝန်းကျင် ငြိမ်းချမ်းသာယာဖို့၊ တရားမျှတဖို့ ပါဝင်ဆောင်ရွက်ခဲ့ကြခြင်းသာ ဖြစ်ပါတယ်။ ဒီမိုကရေစီဝါဒ ထွန်းကားလာဖို့ တစိတ်တပိုင်း ပါဝင်ခဲ့ကြတာ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် ကျောင်းသားအရေးအခင်းတွေမှာ ပါဝင်ခဲ့ကြတဲ့ ကျောင်းသားကျောင်းသူများကိုဂုဏ်ပြုရင်း ကျနော့်အတွေးကို နိဂုံးချုပ်လိုက်ပါတယ်။

ဒေါက်တာသိန်းလွင် (ဒီဇင်ဘာ ၂၀၀၅)

# ရဲရင့်ကြယ် တင်မောင်ဦး
# ရုပ်ပုံလွှာ အပိုင်းအစများ

ကောင်းညို

**တိုက်ပွဲတွေက သူရဲကောင်းကို မွေးဖွားပေးတယ်၊ သူရဲကောင်းဆိုတာ သမိုင်းခေတ်တွေရဲ့ မှတ်ကျောက်၊ ရွှေအစစ်ဆိုတာ ငရဲမီးကိုမကြောက်ဘူး။**

စစ်အာဏာရှင်စနစ်နဲ့ ကျောင်းသားဆိုတာ သမိုင်းစဉ်တလျှောက်မှာ တိုက်ပွဲတွေနဲ့သာ အစီအရီပြည့်လျှမ်းနေခဲ့တယ်။ ကျောင်းသားစိတ်ဓါတ်၊ ကျောင်းသားသမိုင်းဆိုတာ ဗမာပြည်ရဲ့ မတရားမှုဆန့်ကျင်တော်လှန်တဲ့လမ်းကြောင်းမှာ ထင်ရှားခဲ့တယ်။ ကျနော်တို့လက်ထဲက တိုက်ပွဲဝင်ခွပ်ဒေါင်းအလံက အစဉ်အလာအရ လက်ဆင့်ကမ်းသယ်လာခဲ့တဲ့အလံဖြစ်ပါတယ်။

စစ်အာဏာရှင်စနစ်နဲ့ ကျောင်းသားတို့ရဲ့ တိုက်ပွဲစဉ်တွေထဲက (၁၉၇၄) မှာဖြစ်ပွားခဲ့တဲ့ ဦးသန့်အရေးအခင်းဟာ ကမ္ဘာ့အလယ်မှာ ဗမာပြည်မျက်နှာမငယ်ရေးအတွက်ဆင်နွှဲခဲ့တဲ့ ကျောင်းသားတိုက်ပွဲပါ။ ဦးသန့်ဆိုတာက ကျနော်တို့ မြန်မာအယူအဆအရ ပြောရရင် စကြဝဠာတေးမင်းပေါ့။ ခေတ်ပေါ်နိုင်ငံရေးအသုံးအနှုန်းအရပြောရင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဖြစ်တယ်။ ဦးသန့်ဟာ တကမ္ဘာလုံးကလေးစားရတဲ့ ကမ္ဘာ့ခေါင်းဆောင်ကြီးလည်းဖြစ်တယ်။ ဖြစ်ပွားလုဆဲဆဲ ကမ္ဘာစစ်ပွဲကြီးကို ဖယ်ရှားနိုင်ခဲ့တဲ့ ငြိမ်းချမ်းရေးသမားကြီးလဲဖြစ်တယ်။ ဦးသန့်ကွယ်လွန်တော့ သူရဲ့ ရုပ်ကလာပ်ကို ဗမာပြည်မှာ မြှုပ်နှံပေးဖို့ ဆန္ဒရှိခဲ့တယ်။ သူ့ရဲ့ ရုပ်ကလာပ်ကို လေယာဉ်နဲ့အမိနိုင်ငံဆီ သယ်လာတဲ့အချိန်မှာ ဒီဗျာပနလေယာဉ်ဖြတ်သန်းရာလမ်းတလျှောက် နိုင်ငံတွေက အမြောက်ပစ်ဖေါက်ဂုဏ်ပြုကြရတယ်။

ဒါပေမဲ့ ဦးသန့်ရဲ့ရုပ်ကလာပ် ဗမာပြည်ကိုရောက်လာတော့ မဆလအစိုးရက ဒီလိုတကမ္ဘာလုံးက လေးစားရတဲ့၊ တန်ဖိုးထားတဲ့ ခေါင်းဆောင်ကြီးကို သာမန်သူလိုငါလိုလူတွေလိုသဘောထားပြီး အကြံပက်စက်စွာ ကြံတောသင်္ချိုင်းမှာ မြှုပ်နှံဖို့ စီစဉ်ခဲ့တယ်။ ဒါဟာ မဆလအစိုးရရဲ့ခေါင်းဆောင်ကြီး ဦးနေဝင်းရဲ့ သဘောထားသေးသိမ်မှုဖြစ်တယ်။ ဒါဟာ ဗမာပြည် လူထုတရပ်လုံးကို စော်ကားရာလည်းရောက်ခဲ့တဲ့အတွက် အစဉ်အလာအရ မတရားမှုကို ခေါင်းငုံ့မခံတတ်တဲ့၊ ရိုးသားပြီးတက်ကြွတဲ့ ကျောင်းသားတွေက ဆန့်ကျင်ကန့်ကွက်ခဲ့ကြတယ်။ ဦးသန့်ရဲ့ရုပ်ကလာပ်ကို ကုလသမဂ္ဂထွေထွေအတွင်းရေးမှူးရာထူးနဲ့ ထိုက်တန်စွာ မြှုပ်နှံသင်္ဂြိုလ်ဖို့ ကျောင်းသားတွေက ကြိုးစားကြတယ်။ ဒီမှာတင် အစိုးရနဲ့ ကျောင်းသားတွေဟာ ထိပ်တိုက်တွေ့ခဲ့ကြတယ်။ အစိုးရက လက်နက်မဲ့ကျောင်းသားတွေကို လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြတယ်။

ဒီလိုအကြမ်းဖက်သတ်ဖြတ်မှုကို တဖက်သတ်ခံခဲ့ရတဲ့ ကျောင်းသားတွေဟာ လက်နက်ကိုင်တော်လှန်ရေးလမ်းကြောင်းကို ရောက်ခဲ့ကြတာဟာ အင်မတန်မှ သဘာဝကျတဲ့ ဖြစ်စဉ်တခုပါဘဲ။

အခုဆိုရင် (၂၆) နှစ်ရှိခဲ့ပါပြီ။ ကျနော်တို့ကျောင်းသားတွေရဲ့ ရင်ထဲမှာတော့ မနေ့တနေ့ကလိုပဲ ခံစားနေရဆဲပါဘဲ။ ဦးသန့်အရေးတော်ပုံကနေပြီး ထွက်ပေါ်လာခဲ့တဲ့ သူရဲကောင်းတဦးကိုလည်း အမှတ်တရ ရှိနေဆဲပါဘဲ။ ဒီသူရဲကောင်းကတော့ ကိုတင်မောင်ဦး ဖြစ်ပါတယ်။ ဒါပေမဲ့ သူနဲ့ပတ်သက်တဲ့ အချက်အလက်တွေဟာ ရှားပါးခဲ့ပါတယ်။ ကျနော်က ကျောင်းသားစိတ်ဓာတ်ကိုကိုင်စွဲပြီး စစ်အာဏာရှင်စနစ်ကို တိုက်ပွဲဝင်နေတဲ့ ကျောင်းသားတပ်မတော်ဝင်တယောက်အနေနဲ့ ဦးတင်မောင်ဦးအကြောင်းကို ပီပီပြင်ပြင်သိချင်နေခဲ့တာကြာပါပြီ။ ဒါပေမဲ့ အခြေအနေကမပေးဘူး။ ကျနော်ကလည်း သမိုင်းသုတေသီတယောက် မဟုတ်တော့ စနစ်တကျသုတေသန မလုပ်နိုင်ဘူး။ ကျနော်က ကျောင်းသားတပ်မတော်က ရွက်ကြမ်းရေကျို ရဲဘော်တယောက်မျှသာ။

တခါတရံမှာ အမှတ်မထင် အဖြစ်အပျက်တွေဟာ အမှတ်ထင်ထင် အကြောင်းအရာတွေကို ထုဆစ်တတ်တယ်။ အကြောင်းအရာ ခိုင်ခိုင်မာမာ သိပ်မရှိလှဘဲ ကျနော်ဟာ ပါလီမန်ဒီမိုကရေစီရဲ့ အတွင်းရေးမှူးဖြစ်သူ ဦးချစ်ဆွေနဲ့ သိကျွမ်းခဲ့ရတယ်။ သူက ကျနော့်ကို တစုံတခုခေါင်းစဉ် သတ်မှတ်မှုမရှိဘဲ အကြောင်းအရာပေါင်းများစွာ ပြောပြတယ်။ ဒီလိုပြောကြ ဆိုကြရင်း ကိုတင်မောင်ဦးအကြောင်းကို ရောက်သွားကြပါတယ်။

ကိုတင်မောင်ဦးရဲ့ ရုပ်ပုံလွှာကို အန်ကယ်ဦးချစ်ဆွေက သူမှတ်မိသလောက်ရေးချယ်ပြတာက...

ကိုတင်မောင်ဦးက အရပ်အမောင်းကောင်းပြီး လူချောတယောက်ဖြစ်တယ်၊ သပ်သပ်ရပ်ရပ်နေတတ်ပြီး အမြဲတမ်း ဆံပင်တိုတိုပဲထားတတ်တယ်။ စကားနည်းတယ်။ပြောရင်လည်း တန်ဖိုးရှိတဲ့စကားကိုသာ ပြောလေ့ရှိတယ်။ တခုခုကိုလုပ်ရင် စိုက်လိုက်မတ်တပ်လုပ်လေ့ရှိတယ်။ အားသွန်ခွန်စိုက်လုပ်တတ်တယ်။ အမြဲတမ်းလန်းဆန်းတက်ကြွ နေတတ်ပြီး ယုံကြည်ချက်ပြင်းထန်တယ်။

ကိုတင်မောင်ဦး၊ ရစ်ချတ်တင်မောင်ဦး၊ ကိုမြင့်ရွှေဆိုပြီး အမည်သုံးမျိုးရှိတယ်လို့ ဦးချစ်ဆွေက ပြောပြပါတယ်။ ကိုတင်မောင်ဦးနဲ့ စတင်သိကြွမ်းရပုံကို သိရပါစေ ဆိုတော့ အန်ကယ်ဦးချစ်ဆွေက...

– ခင်ဗျားတို့လည်း သိတဲ့အတိုင်း (၁၉၇၄) မှာ ဦးသန့်ဈာပနနဲ့ပတ်သက်ပြီး အစိုးရက ကျောင်းသားတွေကို ရက်ရက်စက်စက် ဖြိုခွင်းနှိမ်နင်းတယ်။ အဲဒီအချိန်မှာ ကျနော်တို့က တောထဲရောက်နေတာ ၄–၅ နှစ်လောက်ရှိပြီ။

– မြို့ပြတိုက်ပွဲအကြောင်းတော့ ကျနော်မသိတာများတယ်။ အဲဒီမှာ ကျောင်းသားတွေက တောခိုလာကြတယ်။ တောခိုတယ်ဆိုတော့လည်း ဒီကျောင်းသားတွေဟာ သန်ရာသန်ရာ လက်ဝဲ လက်ယာတော်လှန်ရေးအဖွဲ့အစည်းတွေဆီကို သွားကြတယ်။ ဘယ်သူဘယ်သူတွေဆိုတာကိုတော့ အဲဒီအချိန်က ကျနော်လည်းမသိဘူး။ ကျောင်းသားခေါင်းဆောင်တွေဖြစ်တဲ့ ကိုတင်မောင်ဦးက ပြည်ပြေးတွေနဲ့ပေါင်းသွားပြီး ကိုမြင့်စိုးကတော့ ဗကပတွေဆီ ရောက်သွားပြီလို့ ကြေညာကြတာတွေကိုတော့ ကြားနေရတယ်။ အဲဒီလို ကျောင်းသားတွေ တဖွဲဖွဲရောက်လာနေတဲ့အချိန်မှာ ကျနော်က နောက်တန်းရုံးမှာ တပ်နားပြီး ရုံးလုပ်ငန်းတွေကို ကူညီနေတဲ့အချိန်၊ အဲဒီမှာ ကျနော်တို့ဆီက ဒုဗိုလ်မှူးကြီးက အရင်က တပ်မတော်ရဲ့ ဗြိတိသျှသံချပ်ကာယန္တယားတပ်မှာ တပ်ကြပ်ကြီး၊ သူက ကျနော့်ကိုခေါ်တယ်၊ စာတစောင်ပေးတယ်။ (PDP) စာက ကျနော်တို့ရဲ့ အတွင်းရေးမှူးချုပ်ပါ၊ (လပတ) စစ်ဦးစီးချုပ်လည်းဖြစ်တဲ့ ဗိုလ်ချုပ်သွင်ရဲ့စာ၊ စာထဲမှာရေးထားတာက အခုလွှတ်လိုက်တဲ့သူကို မေးမြန်းစုံစမ်းခြင်းမလုပ်ပါနဲ့၊ သူ့အကြောင်း သိစရာမလိုဘူး။ သူ့ကို အခြေခံစစ်ပညာ စစ်ကွပ်ကဲမှုပညာနဲ့ လက်နက်ကျွမ်းကျင်မှုတွေကို သင်ကြားပေးလိုက်ပါ ဆိုပြီးပါတယ်။ သင်တန်းဆရာတွေအဖြစ်နဲ့ ကျနော်ရယ်၊ ဆရာပေါ်ကြွယ်၊ ဆရာဝင်းကြည်ရယ်ကို တာဝန်ပေးတယ်။ ဖေါက်ခွဲရေးသင်တန်းကိုတော့ အဲဒီအချိန်က (PDP) ရဲ့ဖောက်ခွဲရေးတာဝန်ခံဖြစ်တဲ့ ဒု–ဗိုလ်မှူးကြီးတင်ထွန်းက သင်တန်းပေးတယ်လို့ သိရတယ်။ အဲဒီလူက ခင်ဗျားမေးတဲ့ ကိုတင်မောင်ဦးပါပဲ။

သင်တန်းက (One Man Army) ဖြစ်ပေမဲ့ တပ်ဖွဲ့ကြီးတဖွဲ့ကို သင်တန်းပေးသလိုမျိုး အတော်ပြင်းပြင်းထန်ထန်ပေးတာ ဒီလိုပြင်းထန်ပင်ပန်းတဲ့သင်တန်းကို ကိုတင်မောင်ဦးဟာ မညည်းမညူဘဲ ကြိုးစားခဲ့တယ်။ ဒီ (One Man Army) သင်တန်းဟာ (၁၅) ရက်လောက်ပဲကြာခဲ့တယ်။ (One Man Army) သင်တန်းတွေပြီးလို့ ကျောင်းသားခေါင်းဆောင်တွေဟာ သူတို့ချင်းဆုံတဲ့အခါ လွတ်လပ်တဲ့ကျောင်းသားအဖွဲ့အစည်းတခု ထူထောင်ကြဖို့ ဆွေးနွေးကြတယ်။ စစ်အာဏာရှင်ဆန့်ကျင်ရေး လက်နက်ကိုင်ကျောင်းသားသမဂ္ဂဆိုပြီး ဖွဲ့စည်းကြတယ်။ ဒီစစ်အာဏာရှင်ဆန့်ကျင်ရေး လက်နက်ကိုင်ကျောင်းသားသမဂ္ဂကို ကျနော်တို့ရဲ့ (PDP) ပါတီက ထောက်ပံ့တယ်။ အကြံပေးတယ်၊ ကူညီတယ်၊ လွတ်လပ်တဲ့အဖွဲ့အစည်းတခုအနေနဲ့ အသိအမှတ်ပြုခဲ့တယ်၊ ကျနော်တို့ပါတီလိုပဲ (KNU) ကလည်း အသိအမှတ်ပြုခဲ့တယ်။ (PDP) နဲ့ (KNU) ဆွေးနွေးတိုင်ပင်ပြီး တပ်မဟာ (၆) နယ်မြေထဲမှာရှိတဲ့ ဖလူးရေိယာထဲမှာတနေရာ၊ အဲဒီဖလူးရဲ့ တဖက်ကမ်းမှာ တနေရာ၊ အဲဒီ (၂) နေရာမှာ ဒီလက်နက်ကိုင်ကျောင်းသားသမဂ္ဂရဲ့ရုံးတွေ ဖွင့်ခွင့်ပေးခဲ့တယ်။ ဒါတင်မဟုတ်သေးဘူး။ ရံပုံငွေရရှိရေးအတွက် ဖလူးဈေးတန်းမှာ ဆိုင်တဆိုင်တည်ပေးတယ်။ မတည်ငွေအဖြစ် (PDP) က ငွေသုံးသောင်း ထုတ်ပေးခဲ့တယ်။ အဲဒီဆိုင်ကို ကျောင်းသားခေါင်းဆောင်တယောက်ဖြစ်တဲ့ ကိုမောင်ဆန်းက တာဝန်ခံအဖြစ် တာဝန်ယူရတယ်။

ဒီစစ်အာဏာရှင်ဆန့်ကျင်ရေး လက်နက်ကိုင်ကျောင်းသားသမဂ္ဂကိုဖွဲ့တော့ ကျနော်တို့ပါတီမှာ အရင်ရှိနေကြတဲ့ အစဉ်အလာကျောင်းသားတွေကလည်း ဒီသမဂ္ဂထဲကို ကူးပြောင်းသွားကြတယ်။ ဒါကို ပါတီကလည်း ခွင့်ပြုတယ်။ သမဂ္ဂဖွဲ့စည်းကြတော့ ဥက္ကဋ္ဌက အာဇာနည်သူရဲကောင်းကြီးဖြစ်တဲ့ ကိုတင်မောင်ဦးပါဘဲ။ ဒု–ဥက္ကဋ္ဌက မုဒုံကျောင်းသားခေါင်းဆောင်ဖြစ်တဲ့ ကိုသန့်ဇင်၊ အတွင်းရေးမှူးက ကိုရဲမြင့်စိုး၊ ဒီ ကိုရဲမြင့်စိုးဆိုတာက ဗကပတွေနဲ့ ပူးပေါင်းသွားတယ်လို့ အစိုးရက ကြေညာထားတဲ့ ကိုရဲမြင့်စိုးပါပဲ။ အမှန်က ကိုမြင့်စိုးဟာ ဗကပတွေနဲ့ပူးပေါင်းသွားတာ မဟုတ်ပါဘူး၊ ကျနော်တို့ (PDP) ကိုရောက်လာတာပါ။ ယခုထက်တိုင် သက်ရှိထင်ရှားရှိနေပြီး တော်လှန်ရေးတာဝန်တွေကို သူ့နည်းသူ့ဟန်နဲ့ ဆက်လက်ထမ်းဆောင်နေဆဲပါ၊ တွဲဘက်အတွင်းရေးမှူးအဖြစ်နဲ့ ကိုစိန်မြင့်၊ သူကတော့ (၁၉၇၀) တက္ကသိုလ်ရွှေရတုအထိမ်းအမှတ်ဆန္ဒပြပွဲမှာ မော်လမြိုင်တက္ကသိုလ်ကနေ ရာသက်ပန်ကျောင်းထုတ်ခံထားရတဲ့ သူဖြစ်တယ်။

ဒီလိုသမဂ္ဂဖွဲ့ပြီးတော့ အပိုင်း (၂) ပိုင်း ခွဲလိုက်တယ်။ ကိုတင်မောင်ဦးနဲ့ တချို့ခေါင်းဆောင်တွေက မြို့ပြလုပ်ငန်းတွေကို လုပ်ကြတယ်။ ကျန်တဲ့ခေါင်းဆောင်တွေက တောတွင်းလက်နက်ကိုင်တော်လှန်ရေးကို လုပ်ကြတယ်။

မြို့ပြလုပ်ငန်းတွေအဖြစ်နဲ့ ကိုတင်မောင်ဦးအပါအဝင် ကျနော်တို့ပါတီက **(One Man Army)** သင်တန်းပေးထားတဲ့ ကျောင်းသားတွေဟာ မြို့ပြကကျောင်းသားတွေ၊ သူတို့ကိုထောက်ခံသူတွေနဲ့ ဆက်သွယ်ပြီး မြို့ပြတိုက်ပွဲတွေ ဆင်နွှဲဖို့ကြိုးစားကြတယ်။ အစိုးရရဲ့ အချက်အချာကျတဲ့ နေရာတွေကို မိုင်းခွဲဖျက်ဆီးဖို့ လုပ်ဆောင်ကြရတယ်။

ဒီမြို့ပြလုပ်ငန်းတွေလုပ်ကိုင်ကြတဲ့ အုပ်စုထဲမှာ ကျနော့်အနေနဲ့ မှတ်မှတ်ရရရှိနေတဲ့ ကျောင်းသားနှစ်ယောက်ရှိတယ်၊ တယောက်ကတော့ မဆလအစိုးရက ကြိုးမိန့်ပေးကွပ်မျက်တာခံခဲ့ရတဲ့၊ ကျနော်ကိုယ်တိုင် သင်တန်းပေးလိုက်ရတဲ့ ကိုတင်မောင်ဦး၊ နောက်တယောက်ကတော့ …အင်း …နှစ်တွေကြာတော့ နာမည်တွေမေ့ကုန်ပြီ၊ ဆရာတပ်မတော်မင်းရဲထွန်းရဲ့သားလို့ ပြောတယ်။ သူကတော့ မြို့ပြလုပ်ငန်းတွေလုပ်ရင်းနဲ့ ကျုံ့ဒိုးချောင်းမှာ ရေနစ်တယ်၊ ရေနစ်တော့ အစိုးရစစ်တပ်က လူအုပ်နဲ့ကယ်ဖို့ ကြိုးစားတယ်၊ တော်လှန်ရေးသမားမှန်း သိဟန်မတူပါဘူး။

ဒါပေမဲ့ ဒီကျောင်းသားက မင်းတို့ရဲ့ သွေးပေနေတဲ့လက်ကို ငါမကိုင်ဘူး လို့ပြောပြီး အသေခံတယ်လို့ ကျနော်တို့ရဲ့ **(PDP)** လျှို့ဝှက်ရဲဘော်တွေနဲ့ ကုန်သည်တွေကပြန်ပြောကြတယ်။ အင်မတန်လေးစားစရာကောင်းတဲ့ ကျောင်းသားတွေပါ။

ဒီလိုပဲ တောတွင်းလက်နက်ကိုင်တော်လှန်ရေးတိုက်ပွဲတွေမှာလည်း ကျဆုံးခဲ့ရတဲ့ ကျောင်းသားတွေရှိခဲ့တယ်။ ဒီစစ်အာဏာရှင်ဆန့်ကျင်ရေး လက်နက်ကိုင်ကျောင်းသားသမဂ္ဂက ကျနော်တို့ပါတီရဲ့ အကောင်းဆုံးကွန်မန်ဒိုတပ်ဖြစ်တဲ့ ပေါက်ကျိုင်းတပ်ဖွဲ့နဲ့ တွဲပြီးလှုပ်ရှားတယ်။ ဒီပေါက်ကျိုင်းကွန်မန်ဒိုတပ်ဖွဲ့ရဲ့တပ်မှူးက စစ်အာဏာရှင်ဆန့်ကျင်ရေး လက်နက်ကိုင်ကျောင်းသားသမဂ္ဂဖွဲ့တော့ ကျနော်တို့ပါတီကနေ ကူးပြောင်းသွားပြီး ဒီသမဂ္ဂရဲ့ တွဲဘက်အတွင်းရေးမှူးတာဝန်ကိုယူနေတဲ့ ကိုစိန်မြင့်ပါပဲ။

တောတွင်းတိုက်ပွဲတွေမှာလည်း ကျောင်းသားတွေဟာ ရှုပ်ရှုပ်ချုံချုံတိုက်ပွဲ ဝင်ခဲ့ကြပါတယ်။ ယာယီမြို့သိမ်းတိုက်ပွဲတွေ ဖေါ်နိုင်ခဲ့တယ်။ ရန်ကုန်–မန္တလေးရထားလမ်းမှာ တိုက်ပွဲတွေ ဖော်နိုင်ခဲ့တယ်။ ဒီတိုက်ပွဲတွေထဲမှာ ကျောင်းသားခေါင်းဆောင်တယောက်ဖြစ်တဲ့ ကိုအောင်နိုင် (ဝန်ကြီးဦးကျော်ငြိမ်းရဲ့တူ) ဟာ ကျဆုံးခဲ့ရတယ်။ ကိုအောင်နိုင်ဆိုတာ မြို့ပြလုပ်ငန်းတွေလုပ်ရင်း ကိုတင်မောင်ဦးကို မဆလကဖမ်းမိသွားတဲ့အချိန်မှာ ဒီလက်နက်ကိုင်ကျောင်းသားသမဂ္ဂရဲ့ ဥက္ကဋ္ဌတာဝန်ကို ဆက်လက်ယူခဲ့တဲ့သူ ဖြစ်တယ်၊ ကိုအောင်နိုင်ကျဆုံးတော့ သမဂ္ဂရဲ့ဥက္ကဋ္ဌတာဝန်ကို ကိုရဲမြင့်စိုးက ဆက်လက်တာဝန်ယူရတယ်၊ ကိုရဲမြင့်စိုးကတော့ ယခုတိုင် အသက်ရှင်လျက်ရှိနေပါတယ်။

ဒါတွေက ကိုတင်မောင်ဦး အကြောင်းပြောရင် ဆက်စပ်လာတဲ့ကိစ္စတွေ၊ ဒီမှာပြောဖို့ရှိတာက အခုကျနော်တို့ပြောနေတဲ့ ကိုတင်မောင်ဦးဆိုတာကို ကျနော်သူ့ကို သင်တန်းပေးတဲ့ ကာလမှာရော၊ သင်တန်းပြီးသွားတဲ့ ကာလတခုအထိ ကိုတင်မောင်ဦးမှန်း မသိခဲ့ဘူး။ ကျနော်တို့ရဲ့အားသစ်စာစောင်က သူရဲကောင်းပွဲတွေကို သတင်းထုတ်ပြန်တော့မှ သိရတာ၊ သတင်းထုတ်ပြန်တဲ့အချိန်မှာ သူဟာ ဗမာပြည်တွင်းလုပ်ငန်းတွေကို မလုပ်ဖို့ **(PDP)** ရဲ့လူကြီးတွေက ဆွေးနွေးတယ်၊ နောက်ထပ်မသွားနိုင်အောင် သတင်းထုတ်ပြန်ချက်တွေ လုပ်လိုက်တဲ့သဘောလည်း ပါမယ်ထင်ပါတယ်။

ဒါပေမဲ့ သူတို့က အရမ်းစိတ်အားထက်သန်နေတယ်။ မြို့ပြလုပ်ငန်းတွေကို ကိုယ်တိုင်ကိုယ်ကျ လုံးဝလုပ်လို့မရတော့မှ တောတွင်းတိုက်ပွဲတွေ ဝင်ချင်တဲ့ဆန္ဒရှိတယ်၊ နောက်တခေါက်ထပ်သွားမယ်ဆိုပြီး ထွက်သွားတယ်၊ ဘာမှတော့မဖြစ်သေးဘူး၊ ဒီမှာအတင့်ရဲပြီး လေးကြိမ်မြောက်ဖြစ်တဲ့ (၁၉၇၆) မိုင်းရာပြည့်မှာ မဆလအစိုးရက သူ့ကိုဖမ်းသွားခဲ့တယ်။ ကိုတင်မောင်ဦးနဲ့ပတ်သက်ပြီး မှတ်မှတ်ရရဖြစ်စေတဲ့ ဖြစ်ရပ်ရှိသလား ဆိုရင်တော့ အထက်မှာ ကျနော်ပြောခဲ့သလို အားသစ်စာစောင်က သူရဲ့ (၂) ကြိမ်မြောက်လုပ်ငန်းအောင်မြင်တော့ သတင်းထုတ်ပြန်မှုတွေလုပ်တယ်။ နောက်ပြီး ကျနော်တို့ပါတီနဲ့ သူတို့သမဂ္ဂပေါင်းပြီး ရဲသီဟစခန်းမှာ ကိုတင်မောင်ဦးကို ဂုဏ်ပြုပွဲတခုလုပ်ပေးတယ်၊ ဒီတော့မှ ကျနော်တို့ဟာ ပြန်တွေ့ရတာ၊ ဒီဂုဏ်ပြုပွဲမှာ ကျနော်တို့က သူ့ရဲ့လှုပ်ရှားမှုအတွေ့အကြုံတွေနဲ့ သူရဲ့ တော်လှန်ရေးအပေါ် သဘောထားကို မေးမြန်းကြတယ်။

ဒီပွဲမှာ ကိုတင်မောင်ဦး ပြောသွားတာကို မှတ်မိသလောက်ပြောရရင် အဓိကအချက်ကတော့ (၃) ချက်ပဲဗျ။ ဘာလဲဆိုတော့ တော်လှန်ရေးဆိုတာ ဆင်းရဲပင်ပန်းမယ်၊ တော်လှန်ရေးသမားကတော့ ဒီဆင်းရဲပင်ပန်းမှုဒဏ်ကို ခံနိုင်ရည်ရှိရမယ် ဆိုတာရယ်၊ လူတရာလောက်ဘဲရှိနေပါစေ ဒါမှမဟုတ် ဒီထက်နည်းချင်နည်းပါစေ တော်လှန်ရေးအဖွဲ့အစည်းဆိုတာ မတရားမှုတွေရှိနေသမျှကတော့ ရှိနေမှာပဲ။ ဘယ်တော့မှ ပျက်စီးသွားမှာမဟုတ်ဘူး။ အချိန်အခါအရ တိမ်မြုပ်ကောင်း တိမ်မြုပ်နိုင်တယ်။ ဒါပေမဲ့ ရှိနေမှာပဲ၊ ပြန်ပေါ်လာရမှာပဲ ဆိုတဲ့သဘောရယ် နောက်ဆုံးအချက်အနေနဲ့ ကျောင်းသားတွေ လက်နက်ကိုင်တယ်၊ အကြမ်းဖက်ကြတယ် ဆိုတာလည်း သွေးကြွနေကြလို့မဟုတ်ဘူး။ စစ်အာဏာရှင်တွေက ကျောင်းသားအပါအဝင် လက်နက်မဲ့လူထုကို ရက်စက်စွာ ခေးမိုးအုပ်ချုပ်နေတယ်၊ ကျနော်တို့ဟာ အဆင့်တခုမှာ မြို့ပြတိုက်ပွဲတွေအဖြစ်နဲ့ သပိတ်တိုက်ပွဲတွေကို ဆင်နွှဲခဲ့ကြပြီး လက်ရှိအနေအထားမှာ ကျောင်းသားတွေရဲ့ နိုင်ငံရေးလှုပ်ရှားမှုကို အဆင့်တခုဆီကို မြှင့်တင်ဖို့လိုလာတယ်။ ဒါ့ကြောင့် လက်နက်ကိုင်ရတာဖြစ်တယ်၊ မြို့ပြလုပ်ငန်းတွေကို အားရအောင်လုပ်ပြီးရင် တောတွင်းလက်နက်ကိုင်တော်လှန်ရေးကို ထိထိရောက်ရောက် ဦးဆောင်လှုပ်ရှားမယ်၊ ပီပြင်တဲ့ ကျောင်းသားတပ်မတော်တရပ် ပေါ်လာအောင်ကြိုးစားမယ်။ **(PDP)** ကလည်း ဝိုင်းဝန်းကူညီကြဖို့ ဆိုပြီးပြောသွားတယ်။

ဒါပေမဲ့ ကျောင်းသားတပ်မတော်ကို သူဖွဲ့စည်းခွင့် မသာခဲ့ဘူး။ သူကိုယ်တိုင် ဦးဆောင်တည်ထောင်ထားတဲ့ စစ်အာဏာရှင်ဆန့်ကျင်ရေး လက်နက်ကိုင်ကျောင်းသားသမဂ္ဂဟာလည်း (၁၉၇၈) ခုနှစ်မှာ ကျနော်တို့ **(PDP)** နဲ့အတူ အားနည်း ပျက်ပြယ်သွားခဲ့ရတယ်၊ သူကိုယ်တိုင်ကတော့ မဆလရဲ့ကြိုးစင်မှာ သူရဲကောင်းပီသစွာ တိုင်းပြည်နဲ့လူမျိုးအတွက် အသက်စွန့်သွားခဲ့တယ်။

မှတ်မှတ်ရရပေါ့ဗျာ၊ ကျနော်တို့ပါတီရယ် **(KNU)** ရယ် သူတို့သမဂ္ဂရယ် ပေါင်းပြီး၊ ဖလူးတို့ ဝမ်းခါတို့မှာ 7th July အခမ်းအနားတွေ ကျင်းပခဲ့ကြတယ်။ သူတို့သမဂ္ဂကပဲ ဦးဆောင်ကျင်းပခဲ့ကြတာပါ။ အခါအားလျော်စွာ ပြုလုပ်တတ်တဲ့ ကျနော်တို့ပါတီရဲ့ နိုင်ငံရေးအခမ်းအနားတွေကိုလည်း သူတို့သမဂ္ဂက သီးခြားလွတ်လပ်တဲ့ အဖွဲ့အစည်းတရပ်အနေနဲ့ သဝဏ်လွှာပို့တာတို့ ဘာတို့ လုပ်ကြပါတယ်။ တကြိမ်မှာ ...အင်း ...အားသစ်စာစောင် (၆) နှစ်ပြည့်အခမ်းအနားမှာ သူတို့သမဂ္ဂကပေးပို့တဲ့ သဝဏ်လွှာကို အခမ်းအနားမှူးလုပ်တဲ့ ဗိုလ်အောင်မျိုးက ဖတ်ခိုင်းလို့ ကျနော်ကိုယ်တိုင် ဖတ်ပေးခဲ့ရဘူးပါတယ်။

အင်း သူတို့သမဂ္ဂရဲ့အလံက အခု ခင်ဗျားတို့ရဲ့အလံလိုပဲ ခွပ်ဒေါင်းအလံပဲဗျ၊ မှတ်မိသလောက် ဒီသမဂ္ဂမှာ ဦးဆောင်ပါဝင်ကြတဲ့ ကျောင်းသားတွေက ကိုတင်မောင်ဦး၊ ကိုစိန်မြင့်၊ ကိုအောင်နိုင်၊ ကိုရဲမြင့်စိုး၊ ကိုမောင်ဆန်း၊ ကိုအောင်မြင့်၊ ဒေါက်ကလပ် ခေါ် ကိုသိမ်းဦး နောက် ခင်ဗျားတို့ **(ABSDF)** ရဲ့ဥက္ကဋ္ဌဟောင်းဖြစ်တဲ့ ထွန်းအောင်ကျော်လည်း ဒီသမဂ္ဂအဖွဲ့ဝင်ဟောင်းဖြစ်ခဲ့တယ်။

ကျနော်တို့ **(PDP)** ကထုတ်ဝေတဲ့ အားသစ်စာစောင်မှာ သူတို့နဲ့ပါတ်သက်တဲ့ သတင်းအချက်အလက်တွေ ရှိတယ်။ တချို့လူတွေဆီမှာတော့ ကျန်နိုင်ပါသေးတယ်။

ဒါတွေကတော့ ပါလီမန်ဒီမိုကရေစီပါတီရဲ့ အတွင်းရေးမှူးဖြစ်သူ ဦးချစ်ဆွေ ပြောပြတဲ့ ကိုတင်မောင်ဦးနဲ့ သူရဲ့ပတ်ဝန်းကျင်အနေအထားတွေပါပဲ၊ ဒီရုပ်ပုံလွှာကားချပ်ထဲက ထွက်ပေါ်လာတဲ့ အတွေးတွေကတော့ (၁၉၇၄) ဦးသန့်အရေးတော်ပုံက မွေးဖွားပေးလိုက်တဲ့ စစ်အာဏာရှင်ဆန့်ကျင်ရေး လက်နက်ကိုင်ကျောင်းသားသမဂ္ဂရဲ့ ဥက္ကဋ္ဌတွေဟာ လက်နက်ကိုင်တိုက်ပွဲပဲဖြစ်ဖြစ် မြို့ပြတိုက်ပွဲတွေကိုပဲဖြစ်ဖြစ် ထိထိရောက်ရောက်နဲ့ အသက်ပေးတိုက်ပွဲဝင်ခဲ့တယ်ဆိုတာကို သိခဲ့ရတယ်။ ကိုတင်မောင်ဦးဟာ ကျနော်တို့ရဲ့ ထာဝရခေါင်းဆောင်ဖြစ်နေမယ့်သူပါပဲ၊ မည်သို့ပင်ဖြစ်စေ အောင်ပွဲသည် တိုက်ရဲသူတို့၏ လက်ထဲတွင်ရှိသည် ဟု နားလည်ရတော့မှာပါဘဲ။

ကောင်းညို

(ဤမှတ်တမ်းအတွက် ပါလီမန်ဒီမိုကရေစီပါတီ၏ အတွင်းရေးမှူး
ဖြစ်သူ ဦးချစ်ဆွေအား ကျေးဇူးအထူးတင်ရှိပါသည်။ )

## အဆုံးမရှိ

ဂါမဏိ

၁၉၇၄ ဒီဇင်ဘာ ၁၀ ရက်ဟာ ဦးသန့်စျာပနကိုအကြောင်းပြုပြီး ကျောင်းသားများ၊ သံဃာများနဲ့ပြည်သူများ မဆလစစ်အစိုးရကို အံတုဖီဆန်နေခဲ့တဲ့ နောက်ဆုံးရက်ဖြစ်ပါတယ်။ စစ်အစိုးရဟာ လွန်ခဲ့တဲ့ ၃–၄ ရက်ကတည်းက ထောက်ကြံ့ရာဘာတောထဲမှာ စစ်တပ်တွေ၊ တင့်ကားတွေ အသင့်ပြင်ထားခဲ့တယ်။ ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းထဲမှာ ဗကပနဲ့ကေအင်ယူအမာခံတွေ လက်နက်တွေနဲ့ရောက်နေတယ်ဆိုပြီး သူ့တပ်တွေကို စစ်ဝါဒမှိုင်းသွင်းထားတယ်။ (ယ) ရက် (န) နာရီကိုတော့ ဒီဇင်ဘာ (၁၁) ရက်မနက် (၃) နာရီသတ်မှတ်ထားတယ်။ (၁၀) ရက်နေ့ညသန်းခေါင်မှာ စစ်တပ်တွေနဲ့ပုလိပ်တွေက တက္ကသိုလ်ကျောင်းဝင်းတခုလုံးကို ဝိုင်းပိတ်ထားလိုက်တယ်။

သတ်မှတ်ချိန်ရောက်တဲ့အခါ ကျောင်းသားတွေကပိတ်ဆို့ထားတဲ့ အဓိပတိလမ်းမဂိတ်တံခါးကို ကရိန်းကားနဲ့ဆွဲဖွင့်ပစ်ပြီး ပုလိပ်တွေ ရှေ့ဆုံးကဝင်လာတယ်။ ကျောင်းသားတွေဟာ ညသန်းခေါင်ယံ စစ်တပ်တွေနေရာစယူကတည်းက သမဂ္ဂအဆောက်အဦနေရာမှာရှိတဲ့ ဦးသန့်ဂူဗိမာန်ကို ဝိုင်းပတ်ကာရံ နေရာယူထားပြီးဖြစ်ပါတယ်။ ပုလိပ်တွေဝင်လာတဲ့အခါမှာတော့ အားလုံးဟာ တယောက်ကိုတယောက် လက်ချင်းချိတ်ပြီး ငြိမ်းချမ်းစွာနဲ့ ကြွေးကြော်သံတွေအော်ကြပါတယ်။ အထပ်ထပ်ဝိုင်းထားတဲ့ ကျောင်းသားတွေကိုရှင်းဖို့ ပုလိပ်တွေက မျက်ရည်ယိုဗုံးတွေစပစ်ပါတယ်။ နောက်တနေ့ စစ်အစိုးရမီဒီယာမှာ မျက်ရည်ယိုဗုံးတလုံးပစ်ပြီး ရှင်းလင်းခဲ့တယ်လို့ဆိုပါတယ်။ တကယ်တော့ ကျောင်းသားတယောက်ကို မျက်ရည်ယိုဗုံးတလုံးနှုန်း ပစ်တာပါ။ မန္တလေးဆောင်ရှေ့မှာပစ်တဲ့ မျက်ရည်ယိုဗုံးကြောင့် အင်းဝဆောင်မှာရှိတဲ့ ကျောင်းသားတွေတောင် အသက်မရှူနိုင်အောင် ဖြစ်ရတယ်ဆိုတော့ မျက်ရည်ယိုဗုံး ဘယ်နှစ်လုံးပစ်တယ်ဆိုတာ စဉ်းစားသာကြည့်ပါတော့။ ဒီလောက် မျက်ရည်ယိုဗုံးတွေပစ်နေပေမဲ့ ကျောင်းသားတွေဟာ ဦးသန့်ဂူကို လက်ချင်းချိတ်ဝိုင်းထားတာ အပျက်မခံပါဘူး။ လက်ချင်းချိတ်ရက်နဲ့ပဲ ကြွေးကြော်သံတွေအော်၊ ‘ကမ္ဘာမကြေ’ သီချင်းဆိုကြပါတယ်။ မျက်ရည်ယိုဗုံးငွေ့တွေကြောင့် မူးမေ့လဲကျသွားသူတွေကိုရော မလဲကျသူတွေကိုပါ ပုလိပ်တွေက နံပတ်ဒုတ်တွေနဲ့ ဝင်ရိုက်ကြတယ်။ တနေရာမှာတော့ ဝင်လာတဲ့ရဲတွေ စစ်သားတွေကို ကျောက်ခဲတွေနဲ့ထုကြလို့ ရဲတွေ စစ်သားတွေ ပြန်ဆုတ်သွားကြတယ်။ ဒီလိုမျိုး တက်လာလိုက် ခဲနဲ့ထုလို့ပြန်ဆုတ်သွားလိုက် သုံးခါလောက်ဖြစ်ပြီးမှ (ထုစရာခဲလည်းကုန်သွားတော့မှ) ဦးသန့်ဂူကို မဆလလူတွေ လုံးလုံးစီးမိသွားတယ်။ ဦးသန့်ရုပ်ကလာပ်မြှုပ်ထားရာအုတ်ဂူကို ဘူဒိုဇာနဲ့တွန်းဖျက်ထိုးကော်ပြီး အခေါင်းကို မ,ယူသွားပါတော့တယ်။ မေ့မျောလဲကျသွားသူတွေကိုတော့ ပုလိပ်တွေစစ်သားတွေက ရိုက်နှက်ထုထောင်းပြီး ဆွဲထုတ်သွားကြတယ်။ အသာတကြည်တော့ ဘယ်သူမှမလိုက်။ ဒီလိုရှေ့တိုးနောက်ငင်ဖြစ်နေစဉ်မှာ စစ်တပ်က ဂျီသရီးဂျီဖိုးတွေနဲ့လည်း မပြိုသေးတဲ့လူအုပ်တွေဘက် ပစ်သေး

တယ်။ တချက်ချင်းရော အတွဲလိုက်ပါ ပစ်သံတွေ ပြတ်တောင်းပြတ်တောင်း ကြားနေရတယ်။ သမဂ္ဂရင်ပြင်ဟာ ဒုတိယအကြိမ် သွေးစွန်းခဲ့ရပါပြီ။

(၁၁) ရက်နေ့မနက်လင်းအားကြီးအချိန် ရန်ကုန်တက္ကသိုလ်ကိုစီးနင်းမှုမှာ ကျောင်းသူကျောင်းသား၊ ရဟန်းသံဃာ၊ သီလရှင်၊ ပြည်သူလူထုနဲ့ ဈေးသည်မကျန် လူပေါင်း (၇၀၀၀) လောက် တပြိုင်နက်အဖမ်းခံရတယ်။ အင်းစိန်ထောင်ကတိုက်တွေမှာ တခန်းကို လူ (၃၀) လောက်အထိ ထည့်ထားရတဲ့အခြေ ဆိုက်သွားတယ်။

ဒါပေမဲ့ ဒါဟာ ဦးသန့်အရေးတော်ပုံရဲ့ နောက်ဆုံး နိဂုံး မဟုတ်သေးပါဘူး။ အရေးတော်ပုံရဲ့ အဓိကအင်အားတွေ၊ အဓိကခေါင်းဆောင်တွေ ပါသွားတာ အမှန်ပါပဲ။ ဒါပေမဲ့ စစ်အာဏာရှင်ဆန့်ကျင်ရေးအင်အားတွေဟာ ကုန်ခမ်းသွားတတ်တာမျိုး မဟုတ်ပါဘူး၊ လွယ်လွယ်နဲ့ ဦးကျိုးမသွားတတ်ပါဘူး။ ဖိနှိပ်မှုရှိသရွေ့ တော်လှန်ပုန်ကန်မှုရှိနေမှာ မြေကြီးလက်ခတ်မလွဲတဲ့ နိယာမဖြစ်ပါတယ်။

ဦးသန့်အရေးတော်ပုံကာလ ရန်ကုန်တက္ကသိုလ်သပိတ်စခန်းမှာ ကျောင်းသားတွေဟာ (၂၄) နာရီရှိနေပေမဲ့ ဒီ (၂၄) နာရီစလုံး ဒီကျောင်းသား ဒီကျောင်းသားပဲ တသမတ်တည်းရှိနေတာ မဟုတ်ပါဘူး။ တချို့ကအိမ်ပြန်အိပ်၊ တချို့က ကိုယ့်အကြောင်းနဲ့ကိုယ် တနေရာသွားကြနဲ့ မိုးလင်းတဲ့အခါ သပိတ်စခန်းပြန်လာတာမျိုးရှိသလို ညကျမှသပိတ်စခန်းလာပြီး နေ့ဘက်မှာကိစ္စအမျိုးမျိုးနဲ့ အပြင်သွားနေတဲ့ ကျောင်းသားတွေလည်းရှိပါတယ်။ နေ့ဘက်လုံခြုံရေးတာဝန်ကျကျောင်းသားတွေက ညဘက်အိမ်ပြန်အိပ်တာလည်း ရှိတယ်။ ဒါကြောင့် (၁၁) ရက်နေ့မနက်ကျမှ သပိတ်စခန်းကိုရောက်လာတဲ့ ကျောင်းသားတွေနဲ့ပြည်သူလူထုတွေဟာ ညတုံးက သပိတ်စခန်းကို စစ်တပ်ကဝင်စီးပြီး ကျောင်းသားတွေနဲ့ ပြည်သူလူထုတွေကိုဖမ်း၊ ဦးသန့်ဂူကို ဘူဒိုဇာနဲ့တွန်းဖြိုပြီး ရုပ်ကလာပ်ကို သယ်သွားတဲ့အကြောင်း သိရတဲ့အခါ ဒေါသတွေပေါက်ကွဲပါတော့တယ်။

အဲဒါနဲ့ စုဝေးမိတဲ့ ကျောင်းသူကျောင်းသားတွေနဲ့ ပြည်သူလူထုဟာ လှည်းတန်းကနေ ရန်ကုန်မြို့ထဲကို ချီတက်ကြပါတယ်။ လှည်းတန်းမီးပွိုင့်တွေကို စကျွေးကြပြီး လမ်းတလျှောက်မှာတွေ့သမျှ အစိုးရပိုင်ဌာနဆိုင်ရာမော်တော်ကား၊ ဘတ်စ်ကားတွေကို ဖျက်ဆီးရိုက်ခွဲမီးရှို့ပစ်ကြတယ်။ ညဘက်ဝင်ဖမ်းတာမှာ ပါမသွားတဲ့ နေ့ဘက်လုံခြုံရေးတာဝန်ကျကျောင်းသားတွေဟာ အခုတော့ လုံခြုံရေးလုပ်စရာမလိုတော့တဲ့အတွက် ဖျက်ဆီးရေးကိုပဲ အင်တိုက်အားတိုက်လုပ်ပါတော့တယ်။ လမ်းခတ်မီးတိုင်၊ မီးပွိုင့်၊ ပြည်သူ့ဆိုင်၊ သမဆိုင် စတဲ့ မဆလပိုင်အဆောက်အဦး ပစ္စည်းပစ္စယအားလုံး တွေ့သမျှကို သမပစ်ကြတယ်။ ပထမတော့ စစ်တပ်နဲ့ပုလိပ်က မျက်ရည်ယိုဗုံးနဲ့လိုက်ပစ်သေးတယ်။ လမ်းဆုံတွေက ပိတ်တယ်။ အဲဒီအခါ တခြားကကွေ့ပတ်ပြီး ဖောက်ထွက်တယ်။ စစ်အစိုးရထင်ထားတာက တက္ကသိုလ်ဝင်းထဲကကျောင်းသားတွေကို အကုန်ပိတ်ဖမ်းလိုက်ရင် ပွဲသိမ်းပြီလို့ထင်ခဲ့တယ်။ ဒါပေမဲ့ တကယ်တော့ အခုမှ ပွဲကစတာပါ။ ၁၉၆၂ ခုနှစ်ကစပြီး အောင်းထားခဲ့တဲ့ လူထုဒေါသ အခုမှပေါက်ကွဲတာဖြစ်တယ်။ ဦးသန့်အရေးတော်ပုံမတိုင်ခင် လွန်ခဲ့တဲ့ (၆) လက နောင်တော်အလုပ်သမားကြီးတွေကို စစ်အစိုးရက ရက်ရက်စက်စက် လူသတ်ပွဲခင်းခဲ့တာကို နာကျည်းထားတဲ့ ကျောင်းသားတွေ ကျောင်းသူတွေနဲ့ သာမန်ပြည်သူတွေဟာ အခုအခါ မိမိတို့ဒေါသတွေကို စိတ်ရှိလက်ရှိ ရဲရဲဝံ့ဝံ့ဖွင့်အန်ပစ်နေတယ်။

အထက အလကကျောင်းသားလေးတွေဟာ လုံခြုံရေးတာဝန်ယူရာမှာ လေးဂွတွေပါပါကြပြီး လက်လည်းဖြောင့်တဲ့အတွက် ခတ်တိုင်ထိပ်ကမီးလုံးတွေကို တချက်တလုံးကျွေးကြတဲ့အခါ ဘေးကကြည့်နေတဲ့လူထုတွေက လက်ခုပ်တီးသြဘာပေးကြတယ်။ ပုလင်းထဲခတ်ဆီထည့်ပစ်လို့ ဗိုလ်ချုပ်လမ်းပေါ်က ယုဇန နဲ့ တော်ဝင် ဆိုတဲ့ စစ်အစိုးရပိုင်ရုပ်ရှင်ရုံနှစ်ရုံ လုံးဝပြာကျသွားတယ်။ (အဲဒီနေရာကို မဆလခေတ်တလျှောက်လုံး ကွက်လပ်အတိုင်းပဲထားခဲ့ပြီး အခု (၈၈) နောက်ပိုင်းကျမှ စင်ထရယ်ဟော်တယ်ဆိုတာ ပြန်ဆောက်ထားတယ်။) ပြည်သူ့မုန့်တိုက် (အခု ထရေးဒါးဟော်တယ် ပြန်ဆောက်ထားတယ်) နဲ့အိုးအိမ်ဦးစီးဌာနလည်း အကြီးအကျယ်ပျက်စီးသွားတယ်။ ဟီးနိုးကားတွေ၊ လေးဘီးတက္ကဆီကားတွေ မနည်းမနော ပျက်စီးမီးလောင်ကုန်တယ်။ စစ်အစိုးရက ဒါဟာ ကုလားဒိန်တွေ ဂျလေဘီတွေရဲ့လက်ချက်ဆိုပြီး သိက္ခာချတယ်။ ဒါပေမဲ့ အခုလိုအုံကြွပေါက်ကွဲမှုအတွင်းမှာ ပုဂ္ဂလိကပိုင်ပစ္စည်းတွေကို ဖျက်ဆီးတာ၊ လုတာမရှိခဲ့ပါဘူး။ ပုဂ္ဂလိကဆိုင်ခန်းတွေ အဖောက်မခံရပါဘူး။ ဗိုလ်ချုပ်ဈေးဘေးက ဖြတ်သွားပေမဲ့ လက်ဖျားနဲ့တောင် မတို့ခဲ့ပါဘူး။ စစ်အစိုးရပိုင်ပစ္စည်းတွေ အဆောက်အဦးတွေကိုသာ သေသေချာချာပစ်မှတ်ထားပြီး ကျွေးတာဖြစ်ပါတယ်။ (၁၁) ရက်နေ့ တနေ့လုံး ရန်ကုန်မြို့အနှံ့ အဲသလိုတိုက်ပွဲဝင်ကြတယ်။ မဆလတပ်ကလည်း လူအုပ်တွေရှိရာတွေကို လိုက်ပိတ်ပြီးပစ်တယ်။ ဒီအခါမှာ ကျောင်းသားတွေနဲ့လူထုတွေက တခြားဘက်ကို ကွေ့ပတ်ထွက်ပြီး ထပ်ကျွေးကြပြန်တယ်။ စစ်တပ်က ထပ်လိုက်လာပြီး ပစ်ပြန်တဲ့အခါ နောက်တနေရာကို ဖောက်ထွက်ပြီး ဆော်ပြန်တယ်။

သဃ်ႋန်းစတွေကို ခေါင်းမှာစည်းထားတဲ့ ကျောင်းသားတွေ ကျောင်းသူတွေနဲ့ သံဃာတွေ၊ ပြည်သူလူထုတွေဟာ အတွင်းဝန်ရုံးကိုသွားသိမ်းဖို့ ဒါမှမဟုတ် ဖျက်ဆီးမီးရှို့ပစ်ဖို့ ကြိုးစားပေမဲ့ ပိတ်ဆို့ပစ်ခတ်နေတဲ့ စစ်တပ်အင်အားက များလွန်းတာကြောင့် ကပ်လို့မရဘဲ ဆုတ်ရတယ်။ စစ်တပ်ဟာ နောက်ဆုံးမှာ တင့်ကားနဲ့ ဘရင်းကယ်ရီယာပေါ်က စက်လတ်တွေနဲ့ပါ လိုက်ပစ်လို့ တဖြည်းဖြည်းနဲ့ လူစုကွဲသွားရတော့တယ်။ အဲဒီနေ့က ရန်ကုန်တမြို့လုံးအနှံ့ သေနတ်သံတွေကြားနေရပြီး မီးခိုးလုံးတွေ အလိပ်လိပ်တက်နေတာ တွေ့နေရပါတယ်။ မနက်ကစကြားရတဲ့ သေနတ်သံဟာ ညနေစောင်းကျမှ တိတ်ပါတယ်။ (၁၁) ရက်နေ့မှာပဲ မဆလက စစ်အုပ်ချုပ်ရေး ကြေညာလိုက်တယ်။

ဒါပေမဲ့ အဲဒါ နောက်ဆုံးမဟုတ်သေးပါဘူး။ (၁၂) ရက်နေ့မှာ ကျောင်းသားတွေနဲ့လူထုတွေဟာ ဆူးလေဘုရားနားမှာ ထပ်စုကြပြန်တယ်။ နောက်တချီ ထပ်ချကြတယ်။ ဒီတခါတော့ ရန်ကုန်မြို့ထဲမှာ စစ်သားတွေ စိနေအောင်ချထားပြီးဖြစ်လို့ (၁၁) ရက်နေ့

လောက် ကြာကြာတိုက်ပွဲဝင်လို့မရဘဲ ပစ်ခတ်သတ်ဖြတ်ခံရပြီး ငြိမ်သွားရတယ်။ ဒီအုံကြွမှုနှစ်ရက်အတွင်း စစ်အစိုးရရဲ့ထုတ်ပြန်ချက်အရ (၃၁) ယောက်သေတယ်လို့ဆိုတယ်။ ဒီတော့ တကယ့်အရေအတွက်သိချင်ရင် အနည်းဆုံး (၁၀) နဲ့မြှောက် ဘယ်လိုမှမမှားနိုင်ပါဘူး။

ဒီတိုက်ပွဲကို မင်းမဲ့စရိုက် ဒါမှမဟုတ် အကြမ်းဖက်ဝါဒလို့ ပြောချင်လည်းပြောပါ။ ရပါတယ်။ ကျောင်းသားတွေဟာ လုံးဝကို ငြိမ်းချမ်းစွာနဲ့ ဆန္ဒပြတောင်းဆိုခဲ့တာကို စစ်အာဏာရှင်တွေကစပြီး အကြမ်းဖက်ဖြိုခွဲတာဖြစ်တယ်။ အဓိကခေါင်းဆောင်တွေ အားလုံးလိုလို ထောင်ထဲရောက်သွားတဲ့အခါ ကျန်တဲ့ကျောင်းသားတွေကို ထိန်းနိုင်တဲ့သူမရှိတော့လို့ အခုလိုပေါက်ကွဲပွင့်ထွက်သွားတာ တကယ်တော့ ဘာမှမဆန်းပါဘူး။ ကျောင်းသားဆိုတာကလည်း ဘယ်ခေတ်မှာမှ သီပေါမင်းစိတ်ဓာတ်၊ ကင်းဝန်မင်းကြီးစိတ်ဓာတ်မျိုး မရှိခဲ့ပါဘူး။

အဲဒီတော့ ဒီဇင်ဘာ (၁၂) ရက်နေ့ကပဲ ဦးသန့်အရေးတော်ပုံရဲ့ နောက်ဆုံးဖြစ်သွားပြီလား။ အဲသလိုပြောမယ်ဆို ပြောလို့ရနိုင်ပေမဲ့ ကျောင်းသားတွေရဲ့နောက်ဆုံးတော့ လုံးဝမဟုတ်ပါဘူး။ တကယ်တော့ ကျောင်းသားတွေရဲ့နောက်ဆုံးဆိုတာ ရှိကိုမရှိပါဘူး။ ဘာလို့လဲဆိုတော့ နောက်ထပ် (၆) လအကြာဖြစ်တဲ့ ၁၉၇၅ ဇွန်လမှာ ကျောင်းသားတွေဟာ စစ်အာဏာရှင်တွေကို ထပ်မံအံတုခဲ့ပြန်ပါတယ်။ ဒါကို စစ်အစိုးရကဖြိုခွဲပြီး ကျောင်းသားတွေကို ရာနဲ့ချီ ထောင်ချခဲ့ပြန်တယ်။ ဒါပေမဲ့ ကျောင်းသားတွေဟာ နောက်ထပ် (၉) လအကြာဖြစ်တဲ့ ၁၉၇၆ မတ်လမှာ မှိုင်းရာပြည့်အရေးတော်ပုံကို ဆင်နွှဲတိုက်ပွဲဝင်ပြန်ပါတယ်။ ရာချီအဖမ်းခံရပြန်တယ်။ ထောင်ထဲရောက်တဲ့ကျောင်းသားတွေကလည်း အလံမလှဲဘဲ တိုက်ပွဲတွေတခြိမ်းခြိမ်း ဆက်တိုက်ကြတာပါပဲ။

၁၉၇၇ ခုမှာ (၇) လေးလုံးလုပ်ဖို့ကြိုးပမ်းချက်၊ ၁၉၇၈ မှာ အုံကြွဖို့ကြိုးပမ်းချက်တွေကတော့ စဖို့ကြံတုန်းမှာပဲ အဖြိုခံလိုက်ရတယ်။ ဒါတွေအားလုံးဟာ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့တို့၊ နိုင်ငံတကာကြက်ခြေနီတို့၊ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့တို့က မြန်မာပြည်ကို စာရင်းထဲထည့်မထားတဲ့အချိန်မှာ လုပ်ခဲ့ကြတာပါ။ အဲဒီနောက် ၁၉၈၀ မှာ မဆလစစ်အစိုးရက (၂/၈၀) နဲ့လွတ်ငြိမ်းချမ်းသာခွင့်ပေးတော့ ကျောင်းသားတွေရဲ့ စွန့်လွှတ်တိုက်ပွဲဝင်မှုတွေကို နိုင်ငံရေးသမားဟောင်းကြီးတွေက သစ္စာဖောက်လိုက်ကြပါတယ်။ ဒါနဲ့ပဲ ၁၉၈၈ အထိ ရေစုန်မျောသွားတာဖြစ်တယ်။ ၁၉၇၄ ခုနှစ် အလုပ်သမားအရေးတော်ပုံနဲ့ ဦးသန့်အရေးတော်ပုံ လူသတ်ပွဲတွေဖြစ်ပြီး နောက် (၁၃) နှစ်အကြာမှာမှ ဗမာပြည်ကို ကမ္ဘာက "တွေ့ရှိ" သွားကြပါတော့တယ်။

ဘယ်လိုပဲဖြစ်ဖြစ် မျိုးဆက်တွေဟာ တဆက်ပြီးတဆက် ကိုယ်လုပ်နိုင်သလောက် အခြေအနေပေးသလောက် အတတ်နိုင်ဆုံး တာဝန်ကျေအောင် လုပ်သွားကြတာချည်းပါပဲ။ အခြေအနေပေးသလောက်ထက်တော့ ဘယ်သူမှကျော်လွန်ပြီး လုပ်လို့မရခဲ့ကြပါဘူး။ ဘယ်ခေတ်ပဲရောက်ရောက် ကျောင်းသားတွေကတော့ မတရားတာကို ဘယ်တော့မှ ခေါင်းငုံ့ငြိမ်ခံနေမှာမဟုတ်ပါဘူး။

**(ဤဆောင်းပါးရေးဖြစ်ရန် လှုံ့ဆော်မှုဖြစ်ခဲ့သော ဆရာမမြကြေးမုံအား အထူးကျေးဇူးတင်ရှိပါသည်။)**

ဂါမဏိ